

PDF and Design - Wannar
Typed By - Jalayb™

ဘိုးလှိုင်
နာမည်ကျော်ကြား ဂျွန်ဝင်စကား

Classic Speeches in English

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၀၃၃၁၀၁၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၀၇၅၁၁၂၀၇

ပုံနှိပ်ခြင်း - ပထမအကြိမ်

အုပ်ရေ - ၅၀၀

ထုတ်ဝေခြင်း - ဇန်နဝါရီလ ၂၀၀၈

မျက်နှာဖုံးဒီဇိုင်း - မျိုးဇော်

ကွန်ပျူတာစာစီ - မုံရွေး

စာအုပ်ချုပ် - ကိုတင်အေး

ထုတ်ဝေသူ

ဦးဝင်းကျော်ထွန်း၊ မုံရွေးစာပေ

၈၀ (ခ)၊ သံလွင်လမ်း

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်

အမှတ် ၁၄၀၊ ၄၅ လမ်း (အထက်)

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၅၀၀ ကျပ်

မာတိကာ

မိတ်ဆက်စကား

၁။ ဂျဝါဟာလားနေရရှူး၏ "ကံကောင်းချိန်နှင့် အချိန်းအချက်" မိန့်ခွန်း

၂။ အေဇရာဟင်လင်ကွန်း၏ ဂက်တက်(စ)ဘာ့(ခ)မိန့်ခွန်း

၃။ အေဇရာဟင်လင်ကွန်း၏ ဒုတိယသမ္မတသက်တမ်းရာထူးလက်ခံမိန့်ခွန်း

၄။ ဂျွန်အက်(ဖ)ကနက်ဒီ၏ "မမေးနှင့်" မိန့်ခွန်း

၅။ ဝန်စတန်ချာချီ၏ သွေး၊ချွေး၊ အလုပ်နဲ့မျက်ရည်

၆။ ဝန်စတန်ချာချီ "ပွဲမပြီးသေးဘူး" မိန့်ခွန်း

၇။ ဒေါက်တာဘာမော်၏ စစ်နှင့်မြန်မာပြည်မိန့်ခွန်း (ပထမပိုင်း)

၈။ ဒေါက်တာဘာမော်၏ စစ်နှင့်မြန်မာပြည်မိန့်ခွန်း (ဒုတိယပိုင်း)

၉။ တပ်တော်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ် မက်အာသာ၏ မိန့်ခွန်း

၁၀။ သမ္မတရုစဗဲ့၏ လွတ်လပ်ရေးလေးခု မိန့်ခွန်း

၁၁။ သမ္မတဖရင်ကလင် ဒီ ရုစဗဲ့၏ ပထမအကြိမ် ရာထူးလက်ခံပွဲမိန့်ခွန်း

၁၂။ မာတင်လူသာကင်း၏ "ကျုပ် အိပ်မက်မက်တယ်" မိန့်ခွန်း

၁၃။ ပက်ထရစ်ဟင်နရီ၏ လွတ်လပ်ရေးပေးချင်ပေး၊ မပေးရင်အသေခံမယ်

၁၄။ အင်နီဘေးဆန့်၏ သက်သတ်လွတ်တရား

၁၅။ မာဂရက်ဆန်းဂါး၏ ကလေးတို့ခေတ်

မိတ်ဆက်စကား

ဤစာအုပ်၏ မိတ်ဆက်နိဒါန်းအဖြစ် အကြောင်းအရာ နှစ်ခု ဖော်ပြလိုပါသည်။

(၁) ပရိတ်သတ်ရှေ့၌ အင်္ဂလိပ်လို မိန့်ခွန်းပြောတတ်ရန်အရေးကြီးပုံ (The importance of public speaking in English)

(၂) ဤစာအုပ်ဖြစ်မြောက်လာရပုံ

မိန့်ခွန်းပြောသောအလုပ်သည် လူတိုင်း နိစ္စဓူဝ လုပ်ရသောအလုပ် မဟုတ်သော်လည်း လူတိုင်း အနည်းဆုံး တစ်သက်လျှင် တစ်ကြိမ်နှစ်ကြိမ် လူရှေ့သူရှေ့ စကားပြောဖို့ ကြုံတတ်ပါသည်။ လူတစ်လုံး သူတစ်လုံးအဖြစ် ရှေ့ဆောင်ရှေ့ရွက် အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေရသူများသည် အကြိမ်များစွာ စကားပြောရပါလိမ့်မည်။

မိန့်ခွန်းပြောရာတွင် မိမိဘာသာစကား(မြန်မာလို)အပြင် အင်္ဂလိပ်လို ပြောဟောရန်လည်း ယခုခေတ်တွင် နိုင်ငံအချင်းချင်း ဆက်ဆံရေး၊ ပြည်သူအချင်းချင်း ဆက်ဆံရေးသည် ရှေးဘယ်တုန်းကနှင့်မှ မတူအောင် ကျယ်ပြန့်လာသည်။ အင်္ဂလိပ်ဘာသာစကားသည်လည်း ပိုပြီးအရေးပါလာသည်။

ကမ္ဘာတွင် အများပြည်သူ အပြောများသော ဘာသာစကားကြီးတွေရှိပါ၏။ သို့သော် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများက တရားဝင်သုံးစွဲရန် သတ်မှတ်ထားသော ဘာသာစကား ၆ မျိုးသာ ရှိ၏။

(၁) အင်္ဂလိပ်ဘာသာ

(၂) ရုရှားဘာသာ

(၃) ပြင်သစ်ဘာသာ

(၄) တရုတ်ဘာသာ

(၅) စပိန်ဘာသာ

(၆) အာရပ်ဘာသာ

တကယ်တမ်းတွင် ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် အများဆုံးပြောဆိုသော ဘာသာစကားသည် အင်္ဂလိပ်ဘာသာ ဖြစ်၏။ ယခုခေတ်တွင် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးဘာသာရပ် အမျိုးမျိုးအတွက် နိုင်ငံစုံ လူမျိုးစုံပါဝင်သော အစည်းအဝေးများလည်း ပေါများလာသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်ဘာသာစကား တွင်ကျယ်နေသည်။

ခေတ်လိုအပ်ချက်

ထို့ကြောင့် အင်္ဂလိပ်လို မိန့်ခွန်းပြောနိုင်သော ကျွမ်းကျင်မှုသည် မြန်မာနိုင်ငံသားများအတွက် အထူးလိုအပ်လာပေပြီ။ ပြည်ပသာသနာပြု မြန်မာဗုဒ္ဓဘာသာ ရဟန်းတော်များက အင်္ဂလိပ်လို ဗုဒ္ဓဓမ္မကို ဟောကြားတော်မူကြပြီ။ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်ကြီးများ ပြည်ပထွက်ပြီး မိမိတို့လုပ်ငန်းဆိုင်ရာကို အင်္ဂလိပ်လို ပြောဟောတင်ပြရလိမ့်မည်။ မြန်မာသံကြီးတမန်ကြီးများ နိုင်ငံတကာတွင် အစည်းအဝေးတက်ပြီး မြန်မာ့အရေးကို အင်္ဂလိပ်လို ပြောကြဆွေးနွေးကြရသည်။ မြန်မာပညာရှင်များ ပြည်တွင်းပြည်ပ မိမိတို့ပညာရပ်နှင့် ပတ်သက်ပြီး အင်္ဂလိပ်လို ပြောဆိုဆွေးနွေးကြရသည်။ ဌာနဆိုင်ရာ အရာရှိများလည်း အင်္ဂလိပ်လို ပြောဆိုဆွေးနွေးရမည့် အစည်းအဝေးကြီးတွေ ပို၍ပို၍ ကြုံကြိုက်လာမည်။

မိမိပြောလိုတင်ပြလိုသော အကြောင်းအရာကို အင်္ဂလိပ်လို ကောင်းကောင်းပြောဆိုတတ်ရန် ရှေးကထက် လိုအပ်လာကြောင်း အထူးပြောဖို့ မလိုပါပြီ။

ရှေးက အင်္ဂလိပ်လို အပြောကောင်းသော မြန်မာများ

ကိုယ့်မင်းကိုယ့်ချင်းနှင့် ရှေးမြန်မာနိုင်ငံတွင် အင်္ဂလိပ်လို ပြောတတ်ဖို့မလိုပါ။ နိုင်ငံခြားနှင့်ဆက်ဆံစရာ အကြောင်းကိစ္စ အလွန်နည်းပါးခဲ့သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းရောက်မှ နိုင်ငံခြားဆက်သွယ်မှု တိုးတက်လာသည်။ သို့သော် နိုင်ငံခြားဘာသာစကားနှင့် ဟောပြောရမည့် ပရိသတ်အများစုနှင့် အစည်းအဝေးကြီးတွေ မရှိသေးပါ။ သံတမန်ကိစ္စ၊ ကုန်သွယ်ရေးကိစ္စ လူနည်းစု ဆွေးနွေးရုံလောက်သာ ရှိသည်။

အင်္ဂလိပ်လက်အောက်ခံဖြစ်ရသော မြန်မာနိုင်ငံတွင်မှ အင်္ဂလိပ်လို အဟောအပြောသည် အရေးကြီးလာသည်။ သို့သော် လူများစုအတွက်မဟုတ် လူနည်းစု ပညာတတ်များအတွက်ဖြစ်သည်။ တရားရုံးတွင် ဝတ်လုံတော်ရရှေ့နေကြီးများ အင်္ဂလိပ်လို လျှောက်လဲငြင်းခုံကြရသည်။ လူထုရှေ့ အဟောအပြောတစ်မျိုးဖြစ်၏။

အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံဘုရင်ခံ၏ အတိုင်ပင်ခံကောင်စီ၊ နောင်အခါ၌ မြန်မာနိုင်ငံဥပဒေပြုလွှတ်တော်ကို ဖွဲ့စည်းပေးသောအခါ အဖွဲ့ဝင်(အမတ်မင်း) များသည် အင်္ဂလိပ်လိုအခြေအတင် ပြောဆိုကြရသည်။ အခါအားလျော်စွာလည်း အင်္ဂလိပ်လို ပြောဟောကြသော လူထုအစည်းအဝေးကြီးတွေ ရှိခဲ့သည်။ ဥပမာပြစရာအဖြစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက ဖိတ်ကြားသဖြင့် နန်းရင်းဝန်ကြီး ဒေါက်တာဘမော်နှင့် ဂဠုန်ဦးစောတို့ ကျောင်းသားပရိသတ်၊ လူကြီးပရိသတ်ရှေ့၌ အင်္ဂလိပ်လို အခြေအတင် (debate) ပြောဆိုကြကြောင်း ရေးသားထားသော ဆောင်းပါးမှတ်တမ်းများ ရှိပါသည်။

မြန်မာလူမျိုးထဲမှ မည်သူတွေ အင်္ဂလိပ်လို အပြောအဟောကောင်းသနည်း။ ကျွန်တော် မမီလိုက်သောခေတ်အတွက် ကောင်းကောင်းမသိပါ။ သို့သော် ဒေါက်တာဘမော်ကတော့ ပြောစမှတ်ပြုလောက်အောင် အင်္ဂလိပ်လို အပြောအဟောကောင်းသူဖြစ်ကြောင်း မှတ်သားဖူးပါ၏။ ကျောင်းသားကိုအောင်ဆန်းသည် ဒေါက်တာဘမော်ကို တုပပြီး အသံထွက် အင်္ဂလိပ်လို အပြောလေ့ကျင့်လေ့ရှိကြောင်း သူ၏သူငယ်ချင်း (ဦး)သိန်းဖေမြင့် ရေးသားထားသည်ကို ဖတ်ရှုဖူးပါသည်။

ဒေါက်တာဘမော်မတိုင်မီက (ဝတ်လုံတော်ရ) ဦးမေအောင်သည် အင်္ဂလိပ်လို အပြောအဟောကောင်းသူအဖြစ် နာမည်ရသည်ဆို၏။ မြန်မာလူမျိုးထဲမှ ကမ္ဘာတွင် ထင်ရှားအောင် အင်္ဂလိပ်လို အပြောအဟောကောင်းသူဆို၍ ဒေါက်တာဘမော်ကလွဲပြီး မကြားဖူးပါ။ ဒေါက်တာဘမော်ကတော့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အစိုးရက ကြီးမူးကျင်းပသော "မဟာအရှေ့အာရှ ကွန်ဖရင့်"(Greater East Asia Conference) တွင် အပြောကောင်းသူအဖြစ် ထင်ရှားခဲ့၏။ ထို့ပြင် စစ်ပြီးခါနီးတွင် ဂျပန်ဘုရင်၏ဧည့်သည်တော်အဖြစ် "ခါမိခါဇေတပ်ဖွဲ့ဝင်" စည်းရုံးရေးအတွက် ဂျပန်ပြည်တွင် အင်္ဂလိပ်လို ဟောပြောသေး၏။ (ဂျပန်ဘာသာပြန်နှင့် ဖြစ်မည်ထင်ပါသည်)

ဦးမေအောင်၏သမီး ဒေါ်မြစိန်လည်း အင်္ဂလိပ်လို အပြောအဟော အတန်အသင့်အဆင့်ရှိသည်ထင်ပါ၏။ မြန်မာနိုင်ငံကို အုပ်ချုပ်ရေးအဆင့် တိုးပေးရန် ဒေါ်မြစိန်က အင်္ဂလန်တွင် တောင်းဆိုဟောပြောခဲ့ကြောင်း မောရစ်ကောလစ်၏ Trials in Burma စာအုပ်တွင် အနည်းအကျဉ်း ဖော်ပြထားပါသည်။

ခေတ်ဟောင်းက အင်္ဂလိပ်လို အပြောအဟောကောင်းသော မြန်မာလူမျိုး အလွန်ရှားပါးပါသည်။ သူတို့ဘာတွေပြောခဲ့သည်ကို ရှာဖွေဖို့ မှတ်တမ်းမှတ်ရာက ပိုပြီးရှားပါးပါသည်။

မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော်တွင် ၁၉၄၁ ခုနှစ်က ဒုတိယကမ္ဘာစစ်နှင့် မြန်မာ့အရေးနှင့်ပတ်သက်ပြီး အခြေအတင်ပြောဆိုကြစဉ်က ဟောခဲ့သော ဒေါက်တာဘမော်၏ မိန့်ခွန်းကို ရှာဖွေ၍ ရရှိပါသည်။ ဒေါက်တာဘမော်ရေးသော "Breakthrough in Burma(Myanmar)" စာအုပ်တွင် ဖော်ပြထားပါသည်။ လွှတ်တော်မှတ်တမ်းတွင်လည်း ရှိပါလိမ့်မည်ဟု ဒေါက်တာဘမော်က ဆိုပါသည်။

၁၉၆၀ပြည့်ဝန်းကျင်က ဒေါက်တာဘမော်ပြောခဲ့သော မိန့်ခွန်းအပိုင်းအစကလေးကို ဤစာအုပ်စီစဉ်သူ(ဘိုးလှိုင်) သတိရနေသေးသည်။ စိန်ပေါလ် (ယခု ဗိုလ်တစ်ထောင် အထက- ၆)ကျောင်းသားဟောင်းကြီးများ ညစာစားပွဲတွင် ဒေါက်တာဘမော်၏ မိန့်ခွန်းကို ထိုခေတ်က Nation သတင်းစာကြီးက အပြည့်အစုံဖော်ပြပြီး ချီးကျူးထောပနာခဲ့သည်။ "Gretrude Stein's definition of a rose is A rose is a rose, is a rose, is a rose. I now say, St.Johns is St.Johns, is St.Johns, is St.Johns". (ဂါးထရူစတိုင်းက "နှင်းဆီဆိုတာ နှင်းဆီပါပဲ၊ နှင်းဆီပါပဲ၊ နှင်းဆီပါပဲ" လို့ အနက်ပေးတယ်ခင်ဗျ။ ဒီမှာတော့ "စိန်ဂျွန်းဆိုတာ စိန်ဂျွန်းပါပဲ၊ စိန်ဂျွန်းပါပဲ၊ စိန်ဂျွန်းပါပဲ" လို့ ကျွန်တော်ပြောပါတယ်) ဟု ဒေါက်တာဘမော်က ဆိုသည်။

လွတ်လပ်ရေးခေတ်

လွတ်လပ်ရေးခေတ်တွင်တော့ မြန်မာတို့ အင်္ဂလိပ်လို အပြောအဟော အလွန်နည်းပါးသွားသည်။ တက္ကသိုလ်ဆရာတချို့ အင်္ဂလိပ်လို အပြောအဟော နာမည်ရသည်များရှိ၏။ သို့သော် တက္ကသိုလ်လောကဏ္ဍပြင်ပထိ ဂုဏ်သတင်း မနှံ့ခဲ့ပါ။ တက္ကသိုလ်ပြင်ပတွင်လည်း အင်္ဂလိပ်လို အပြောအဟော ကောင်းပါပေသည်ဟု တိုင်းသိပြည်သိပုဂ္ဂိုလ် ရှိပုံမရ။ ကျွန်တော်တော့ မကြားဖူးပါ။

၂၁ ရာစုအတွက် လိုလာပြီ

၂၁ ရာစုသည် ၂၀ ရာစုနှင့် အကြီးအကျယ်ကွာခြားပါသည်။ လာမည့်နှစ်များတွင် ပို၍ပင် ကွာခြားလာဦးမည်။ မြန်မာတို့ အင်္ဂလိပ်လို ပြောကြဟောကြဖို့က ပို၍ လိုအပ်လာမည်။ အပြောအဟောကောင်း မြန်မာလူမျိုးများ အင်္ဂလိပ်လို အာဝဇ္ဇန်းကောင်းသူများ လိုလာပါပြီ။

(၂) ဤစာအုပ် ဖြစ်မြောက်လာပုံ

ဤစာအုပ်ကို စီစဉ်ဖြစ်သည့် အကြောင်းရင်းမှာ ၂၀၀၅ ခုနှစ် နိဝင်ဘာလတွင် စစ်ကိုင်းမြို့သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျွန်တော်ဧည့်ပါမောက္ခအဖြစ် ရက်သတ္တနှစ်ပတ် သင်ကြားပို့ချရသောကြောင့် ဖြစ်ပါသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် ဒေါက်တာညာဏိဿရက "တကာကြီး သီတဂူကိုလာပြီး ဟောပြောသင်ကြားပေးပါ" ဟု နှုတ်နှင့် ဖိတ်ခေါ်ပြီးနောက် ဖိတ်ခေါ်စာ ချီးမြှင့်ပါသည်။ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတအတွက် ဟောပြောရန် ဆရာတော် ဆန္ဒရှိသည်ဟု ကျွန်တော်သဘောပေါက်၏။ ဆရာတော်က ဘာသင်ပေးပါဟု မမိန့်ပါ။

ကျွန်တော့်အတွက် အခက်အခဲရှိပါသည်။ ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခုတွင် ဟောပြောလောက်အောင် ဗုဒ္ဓဘာသာဆိုင်ရာ အသိပညာ ကျွန်တော့်မှာမရှိပါ။ အင်္ဂလိပ်စာသင်ဖို့ဆိုတော့လည်း ကျွန်တော်က သင်ပြနိုင်သော ကျွမ်းကျင်မှု မရှိပါ။ ကျွန်တော် အင်္ဂလိပ်စာ တစ်ခါမှ မသင်ပြဖူးပါ။ ထို့ကြောင့် ကျွန်တော်ဘာလုပ်ရမည်နည်း စဉ်းစားရပါသည်။

ငယ်စဉ်ကစပြီး ချာချီ၊ လင်ကွန်း၊ ကက်နက်ဒီ အစရှိသော အင်္ဂလိပ်လို အပြောအဟောနာမည်ကျော်ပုဂ္ဂိုလ်များ၏ မိန့်ခွန်းများကို ဖတ်ရှုခဲ့ဖူးပါသည်။ အင်္ဂလိပ်လိုအပြောကောင်းသူများ၏ မိန့်ခွန်းကို တီဗွီမှ ပြောဆဲ နားထောင်ခွင့်များလည်း ကျွန်တော်ရရှိခဲ့ပါသည်။ Enoch Powell, Michael Foot, Mrs Thatcher တို့၏ မိန့်ခွန်းများကို ကြားဖူးပါသည်။ ဂျာမန်ဝန်ကြီးချုပ် Helmut Schmidt အင်္ဂလန် လေဘာပါတီ ညီလာခံ၌ပြောသော မိန့်ခွန်း (၁၉၇၅ ခန့်က)သည် အလွန်နာမည်ကြီး၏။ ဂျာမန်လူမျိုးက အင်္ဂလန်မှာ အင်္ဂလိပ်လို အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောသည်ကို ကျွန်တော် ကြားခဲ့ဖူးသည်။ အင်္ဂလိပ်သတင်းစာကြီးများ ချီးကျူးသည်ကို ဖတ်ရှုခဲ့ရသည်။ ထိုမိန့်ခွန်းဟောင်းများကို ကျွန်တော်သတိရပါသည်။

ကျွန်တော်ဟောပြောပို့ချမည့် ပရိသတ်သည် သာသနာပြုပုဂ္ဂိုလ်အလောင်းအလျာ စာပေချွန်သော ရဟန်းသာမဏေနှင့် သီလရှင်များဖြစ်သည်။ ဤပုဂ္ဂိုလ်တို့သည် တစ်ချိန်မဟုတ်တစ်ချိန် ပြည်ပထွက်ပြီး သာသနာပြုကြမည်။ ဗုဒ္ဓတရားတော်ကို အင်္ဂလိပ်လို ဟောကြလိမ့်မည်။ ဤသာသနာပြု အလောင်းအလျာများအတွက် အင်္ဂလိပ်ဘာသာစကားနှင့် ပြောဟောသည့်အတတ်ပညာ လိုပါသည်။

အင်္ဂလိပ်လို အပြောအဟောကောင်းသည်ဆိုတာ ဘာကိုဆိုလိုပါသနည်း။ လင်ကွန်း၏ မိန့်ခွန်းက ဘာတွေကောင်းသလဲ။ ချာချီ၊ ရူစဗဲ့၊ နေရူး..တို့ကော ဘာကြောင့် သူတို့မိန့်ခွန်းတွေ နာမည်ကျော်ရသလဲ။ ထိုအကြောင်းအရာများကို သီတဂူတက္ကသိုလ်စာသင်သားများအား မိတ်ဆက်ပေးရလျှင် ကောင်းလိမ့်မည်။ အကျိုးရှိတန်ရာသည်ဟု ကျွန်တော်တွေးမိပါသည်။

ကျွန်တော်သည် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပညာရေးအကြံပေးပုဂ္ဂိုလ်(Academic Advisor) အဖြစ်လည်း (အချိန်ပိုင်း) တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထိုတက္ကသိုလ်၏ အိုင်တီဌာနတွင် အင်တာနက်ကြိုက်သလောက်သုံးနိုင်သည်။ ထို့ကြောင့် ကျွန်တော်လိုချင်သော နာမည်ကျော်မိန့်ခွန်းများကို အင်တာနက်မှ ရှာ၍ရပါသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ကျွန်တော် ဟောပြောပို့ချသောအခါ နာမည်ကျော် အင်္ဂလိပ်ဘာသာနှင့်မိန့်ခွန်းများကို မဖတ်မီ ဟောပြောသူ၏ အတ္ထုပတ္တိနှင့် မိန့်ခွန်းအတွက် သမိုင်းနောက်ခံကို ပြောပြပါသည်။ ပြီးတော့ မိန့်ခွန်းကို တစ်ပိုဒ်ချင်းဖတ်ပြပြီး အသေးစိတ် ဝေဖန်သုံးသပ်ပြပါသည်။ စကားလုံး အသုံးအနှုန်း၊ ဝေါဟာရရွေးချယ်မှု၊ ပြောဆိုပုံ ဘာကကောင်းသနည်း ဝေဖန်ပိုင်းခြားပြပါသည်။

ဥပမာ ဝင်စတန်ချာချီ၏ "Now this is not the end. It is not even the beginning of the end, but it is perhaps the end of the

beginning.” ကို လှလှပပ တွဲဖက်သုံးစွဲပုံ၊ ဝေါဟာရလွယ်ကူပုံ၊ ဝါကျတိုရှင်းပုံကို ရှင်းပြပါသည်။

သီတဂု ကမ္ဘာဗုဒ္ဓတက္ကသိုလ်တွင် နာမည်ကျော် အင်္ဂလိပ်ဘာသာနှင့် မိန့်ခွန်းများကို ပို့ချခဲ့ပြီးနောက် ၂၀၀၆ အကုန် ၂၀၀၇ နှစ်ဦးတွင် ရန်ကုန်၌ ထပ်မံပို့ချရန် အခွင့်ကြုံပြန်ပါသည်။ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခုမှ နိုင်ငံခြားပညာတော်သင်စေလွှတ်ရန် ရွေးချယ်ထားသော ရဟန်းတော်များကို ကျွန်တော်ပါဝင်သော ဆရာအဖွဲ့က အင်္ဂလိပ်စာ(အဆင့်မြင့်) သင်ပေးရသည်။ ဆရာငါးယောက် ခြောက်ယောက်ပါဝင်သဖြင့် အင်္ဂလိပ်လို အပြော၊ နားထောင်၊ အရေး၊ အဖတ် တိုးတက်အောင် သင်ကြပါသည်။ ကျွန်တော်ကတော့ အတွေ့အကြုံရှိပြီးဖြစ်သော”အင်္ဂလိပ်လို အပြောအဟော” ကို သီတဂု၌ ပို့ချသည့်အတိုင်း သင်ကြားပါသည်။

ထိုသို့သင်ကြားရင်း နာမည်ကျော်မိန့်ခွန်းများနှင့် ကျွန်တော်၏ ဝေဖန်သုံးသပ်ချက်ကို ပိုပိုကျယ်ပြန့်သော ပရိသတ်ထံ ရောက်ရှိစေလိုသောဆန္ဒ ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် စာတစ်အုပ်ဖြစ်အောင် ကြိုးစားလိုက်သဖြင့် ဤစာအုပ် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

မိန့်ခွန်းများရွေးချယ်ခြင်းနှင့် ထားသိုစီစဉ်ပုံ

သီတဂုနှင့် ရန်ကုန်ဗုဒ္ဓတက္ကသိုလ်များတွင ကျွန်တော်ပို့ချခဲ့သော မိန့်ခွန်းများအနက်မှ ဤစာအုပ်အတွက် ရွေးချယ်ပုံကို တင်ပြလိုပါသည်။ ချာချီ၊ ရုစဗဲ့၊ မာတင်လူသာကင်း၊ နေရူး စသော ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ နာမည်ကျော်မိန့်ခွန်းတွေ အများအပြားရှိပါသည်။ သို့သော် အဖြတ်အတောက် သိပ်မလုပ်ရပဲနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်လောက်အောင် မရှည်လွန်းသော မိန့်ခွန်းကို ရွေးပါသည်။ တစ်ဦးအတွက် မိန့်ခွန်းနှစ်ခုထက်မပိုအောင် ကန့်သတ်ပါသည်။ နှစ်ပေါင်း ၄၀ ကျော် ဟိုဖက်က မိန့်ခွန်းများကိုသာ ရွေးချယ်ပါသည်။(ထို့ကြောင့် နာမည်ကျော် အပြောအဟောကောင်း Jesse Jackson, Michael Foot, Margaret Thatcher, Tony Blair အစရှိသော ပုဂ္ဂိုလ်များကို ချန်လှပ်ခဲ့ပါသည်)

သို့သော် ဘာသာပြန်နှင့် ဝေဖန်သုံးသပ်ချက်များအားလုံး လက်ရေးမူ ရေးသားပြီးစီး၍ ကွန်ပျူတာစာစီခါနီးမှ အောက်ပါအချက်များကို သတိပြုမိပါသည်။

** နိုင်ငံရေးခေါင်းဆောင် (သမ္မတ၊ ဝန်ကြီးချုပ်) များပြားနေခြင်း။

** အပြောကောင်း အမျိုးသမီး နည်းပါးနေခြင်း။

** သိပ္ပံပညာရှင်များ မပါဝင်ခြင်း။

** အမေရိကန်နိုင်ငံသား များနေခြင်း။

** အာရှတိုက်သား(နေရူးနှင့် ဒေါက်တာဘမော်) နှစ်ဦးသာ ပါဝင်ခြင်း။

ကျွန်တော်ကိုယ်တိုင်က သိပ္ပံသမားဖြစ်သောကြောင့် သိပ္ပံပညာတရားပွဲများကို ထည့်သွင်းချင်ပါသည်။ သို့သော် မိန့်ခွန်းရှာဖွေ၍ရသော အပြောအဟောကောင်း သိပ္ပံပညာရှင်က အလွန်ရှားပါးသည်။ Richard Feynman သည် အပြောအဟောကောင်းသူအဖြစ် ကျော်ပါ၏။ သူ၏ “There’s plenty of room at the bottom” သည် နာမည်ကျော် ဟောပြောချက်ဖြစ်၏။ ယနေ့ခေတ်ဆန်းနေသော နန်နိုသိပ္ပံ(Nano-Science) ကို နမိတ်ဖတ်သော မိန့်ခွန်းဖြစ်သည်။ သို့သော် ဤစာအုပ်အတွက် ထိုဟောပြောချက်သည် ရှည်လွန်းနေ၏။ ဖြတ်တောက်ပြီးထည့်ရန်လည်း မသင့်လျော်ပါ။ သိပ္ပံအကြောင်းအရာတွေ အဆက်ပြတ်ကုန်မည်။ ဟောပြောချက် ပုံပျက်သွားမည်။ ထို့ကြောင့် သိပ္ပံအပြောအဟော ဤစာအုပ်၌ မထည့်နိုင်ပါ။

ထို့ပြင် ဘာသာရေးတရားဟော(ဓမ္မကထိက) အများအပြား ရှိပါသည်။ ဤစာအုပ်တွင် ဘာသာရေးမပါဝင်စေချင်သောကြောင့် ဓမ္မကထိကများကို ချန်လှပ်ပါသည်။ အမျိုးသမီးနည်းပါးသည့်ကိစ္စကိုတော့ Annie Besant နှင့် Margaret Sanger တို့၏

မိန့်ခွန်းတိုနှစ်ခုဖြည့်ပြီး ကျေနပ်ဖွယ်ဖြစ်အောင် စီစဉ်လိုက်ပါသည်။

မိန့်ခွန်းများကို ခုနှစ်သက္ကရာဇ်အလိုက် သို့မဟုတ် ပြောသူများ၏ နာမည်အက္ခရာစဉ်အလိုက် ထားသိုရန် စဉ်းစားပါသည်။ သို့သော် ကျွန်တော်အရင်ရေးသားဖြစ်သော မိန့်ခွန်းဝေဖန်ချက်များတွင် မိန့်ခွန်းကောင်း၏ အင်္ဂါများကို ပိုမိုပြည့်စုံစွာ ဖော်ပြပြီးဖြစ်နေသဖြင့် ယခုတွေ့သော အစီအစဉ်အတိုင်း ထားသိုဖြစ်ပါသည်။

ကျေးဇူးတင်စကား

ဤစာအုပ်ဖြစ်မြောက်ရန် စေ့ဆော်မှု အကြောင်းရင်းဖြစ်သော သီတဂုကမ္မာဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ ညာဏိဿရနှင့် ပါမောက္ခ ကထိကဆရာတော်များ၊ သင်တန်းသား ရဟန်း၊ သီလရှင်၊ ကိုရင်၊ လူဝတ်ကျောင်းသားကျောင်းသူ ပရိသတ်ကို သတိရကျေးဇူးတင်ပါသည်။

မိန့်ခွန်းများကို ဦးမြသိန်း(အငြိမ်းစား ပါမောက္ခ)က ကူညီရှာဖွေပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အိုင်တီဌာနကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ဤစာအုပ်ထုတ်ဝေရန် တာဝန်ယူသော မုံရွေးစာအုပ်တိုက်မှ ဆရာကိုတာနှင့် တာဝန်ခံ ဦးဝင်းကျော်ထွန်းတို့ကိုလည်း ကျေးဇူးတင်ပါသည်။

စာမူကိုစီစဉ်နေဆဲ၌ ဖတ်ရှုဝေဖန်ပေးသည့်အပြင် လိုအပ်သမျှဖြည့်ဆည်းပေးသော ဇနီးဒေါ်မြမြဆွေကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ဘိုးလှိုင်

၂၀၁၇၊ မေလ၊ ၁၉ ရက်။

*****

အခန်း(၁)

ဂျဝါဟာလားနေရူး၏ "ကံကောင်းချိန်နှင့် အချိန်းအချက်" မိန့်ခွန်း

"Tryst with destiny" : by Jawaharlal Nehru

"Tryst with destiny" သည် ဂျဝါဟာလားနေရူး အင်္ဂလိပ်ဘာသာနှင့်ပြောသော ကမ္ဘာကျော်မိန့်ခွန်းဖြစ်သည်။ အဘယ်ကြောင့် ကမ္ဘာကျော် သမိုင်းဝင်မိန့်ခွန်းဖြစ်သည်ဟု အများ လက်ခံသနည်း။ ထိုမိန့်ခွန်းကို ဝေဖန်ဆွေးနွေးခြင်းမပြုမီ (လူငယ်များအတွက်) နေရူးအကြောင်းပြောရန် လိုမည်။

ဤမိန့်ခွန်းကို အိန္ဒိယသမ္မတနိုင်ငံ၏ လွတ်လပ်ရေးကြေညာချက်အဖြစ် ပြောကြားခဲ့ခြင်းဖြစ်သည်။ သူသည် ခေတ်သစ် အိန္ဒိယ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်၏။ နေရူးကို ၁၈၈၉ ခုနှစ်တွင် အာလာဟာဘတ်မြို့၌ မွေးဖွားသည်။ သူဖခင် မိုတီလားနေရူးသည် နာမည်ကျော် ရှေ့နေကြီးဖြစ်၏။ အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲ၏ တပ်ဦးဖြစ်သော အိန္ဒိယကွန်ဂရက်၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီနှင့် လက်တွဲခဲ့သော ရဲဘော်ကြီးဖြစ်၏။ မိုတီလားနေရူးသည် စီးပွားဥစ္စာ ပြည့်စုံကြွယ်ဝသော အာလာဟာဘတ်မြို့ မျက်နှာဖုံးလည်းဖြစ်၏။

ဂျဝါဟာလားနေရူးငယ်စဉ်က မိသားစုကျူတာများနှင့် အိမ်တွင်စာပေသင်ကြားရသည်။ အင်္ဂလိပ်လူမျိုး ဆရာများက အနီးကပ်သင်ပေးသည်။ ထို့နောက် ဆယ်ကျော်သက်အရွယ်၌ အင်္ဂလန်သွားပြီး နာမည်ကျော် ဟာရိုးကျောင်း(Harrow School)တွင် ကျောင်းအိပ်ကျောင်းစား ပညာသင်သည်။ (စစ်တွင်းကာလ ဗြိတိသျှခေါင်းဆောင်ကြီး ဝင်စတန်ချာချီသည်လည်း ဟာရိုးကျောင်းထွက်ဖြစ်၏။ ချာချီက နေရူးထက်အသက်ကြီးသည်။ အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲတွင် ချာချီက ဖိနှိပ်သူ၊ နေရူးက တိုက်ပွဲဝင်သူဖြစ်၏။)

ဟာရိုးမှကျောင်းပြီးသောအခါ နေရူးသည် ကိန်းဗရစ်တက္ကသိုလ်၌ ဆက်လက်ပညာသင်သည်။ ဓာတုဗေဒနှင့်စီးပွားရေးပညာယူပြီး သိပ္ပံဘွဲ့ရသည်။ ထို့နောက် လန်ဒန်မြို့တွင် ဝတ်လုံဘွဲ့အတွက် ဥပဒေပညာသင်ယူပြီး ဝတ်လုံဖြစ်လာသည်။ လူငယ်ဘဝတွင် နေရူးသည် အာလာဟာဘတ်၌ အခြေစိုက်ပြီး ရှေ့နေလိုက်ရင်း လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်လာသည်။ အသက်ငယ်ငယ်နှင့် အိန္ဒိယကွန်ဂရက်(ပါတီ)၏ ခေါင်းဆောင်ပိုင်းတွင် ပါဝင်ပြီး မဟတ္တမဂန္ဒီ၏ ဦးဆောင်မှု ခံယူလုပ်ကိုင်သည်။

လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရကို ဆန့်ကျင်သဖြင့် နေရူး ထောင်ကိုးကြိမ်ကျသည်။ နယ်ချဲ့အကျဉ်းထောင်တွင်းတွင် စာအုပ်များရေးသားရာ ကမ္ဘာကျော်စာအုပ်များ ထွက်လာ၏။ သမီးအင်ဒီရာအတွက် ပေးစာများအခန်းဆက်သည် Glimpses of World History (ကမ္ဘာ့သမိုင်း တစ်စေ့တစ်စောင်း) အမည်ဖြင့် နာမည်ကျော်သော စာအုပ်ထူကြီးဖြစ်လာ၏။ ထောင်တွင်းတွင်ရေးသော Autobiography (ကိုယ်တိုင်ရေးအထုပ္ပတ္တိ) နှင့် Discovery of India (အိန္ဒိယကို တွေ့ရှိခြင်း) စာအုပ်များလည်း နာမည်ကျော်သည်။

နေရူးသည် အင်္ဂလိပ်စာဖြင့် ရေးသားရာ၌ နာမည်ကြီးအင်္ဂလိပ်လူမျိုး စာရေးဆရာများနှင့် ယှဉ်နိုင်သူဖြစ်သည်။ အင်္ဂလိပ်စကားကိုလည်း မိခင်စကား (Mother Tongue)လို မွှတ်နေအောင် ပြောတတ်သည်။ အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအဆင့်တွင် ဗြိတိသျှဘုရင်ခံချုပ် လော့(ဒ)လူဝီ မောင့်ဘက်တန် (Lord Louis Mountbatten)နှင့် ရင်းရင်းနှီးနှီး ညှိနှိုင်းပြီး ခက်ခဲသော နိုင်ငံရေးပြဿနာများကို ရှင်းရသည်။ မောင့်ဘက်တန်သည် ဒုတိယကမ္ဘာစစ်အတွင်း အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ်အဖြစ် တာဝန်ထမ်းခဲ့သူ တော်ဝင်မိသားစုဝင်ဖြစ်၏။ အဲလီဇာဘက်ဘုရင်မကြီး၏ ဝမ်းကွဲဘထွေး တော်စပ်သူဖြစ်၏။

နေရူး၏ မျိုးချစ်စိတ်နှင့် သီလ၊ သမာဓိ၊ ပညာကို မောင့်ဘက်တန်က လေးစားသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးကြေညာသောအခါမောင့်ဘက်တန်ကအချုပ်အခြာအာဏာကိုစွန့်သော နယ်ချဲ့အစိုးရ၏ကိုယ်စားလှယ်တော်(ဘုရင်ခံချုပ်) ဖြစ်ပြီး နေရူးက လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်ခံသော ပြည်သူ့ကိုယ်စားလှယ်တော်(ဝန်ကြီးချုပ်အသစ်) ဖြစ်လေသည်။ အိန္ဒိယဝန်ကြီးချုပ်ဘဝတွင် "ဘက်မလိုက်နိုင်ငံများ လှုပ်ရှားမှု" ကို စည်းရုံးလှုပ်ဆောင်ရာ၌ ဦးစီးဦးဆောင်ဖြစ်သည်။ ထိုလှုပ်ရှားမှု၏ ပထမခြေလှမ်းဖြစ်သော ၁၉၅၅ ခု အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းညီလာခံသို့အသွား ရန်ကုန်မြို့တွင် အိမ်ရှင်ဦးနု၊ တရုတ်ဝန်ကြီးချုပ် ချောင်အင်လိုင်းနှင့် အီဂျစ်သမ္မတ နတ်ဆာတို့နှင့် ရေသဘင် အတူနွဲ့သည်။ တတိယကမ္ဘာ၏ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးအဖြစ် နေရူးကို ကမ္ဘာက လေးစားသည်။

Tryst with Destiny

Jawaharlal Nehru

" Long Years ago, we made a tryst with destiny, and now the time comes when we shall redeem our pledge, not wholly or in full measure, but very substantially. At the stroke of the midnight hour, when the world sleeps, India will awake to life and freedom.

A moment comes, which comes but rarely in history, when we step out from the old to the new, when an age ends, and when the soul of a nation, long suppressed, finds utterance. It is fitting that at this solemn moment we take the pledge of dedication to the service of India and her people and to the still larger cause of humanity. At the dawn of history India started on her unending quest, and trackless centuries are filled with her striving and the grandeur of her successes, and her failures. Through good and ill fortune alike she has never lost sight of that quest or forgotten the ideals which gave her strength. We end today a period of ill fortune and India discovers herself again.

The achievement we celebrate today is but a step, an opening of opportunity , to the greater triumphs and achievements that await us. Are we brave enough and wise enough to grasp this opportunity and accept the challenge of the future? Freedom and power bring responsibility. The responsibility rests upon this Assembly, a sovereign body representing the sovereign people of India. Before the birth of freedom, we have endured all the pains of labour and our hearts are heavy with the memory of this sorrow. Some of those pains continue even now.

Nevertheless, the past is over and it is the future that beckons to us now. That future is not one of ease or resting but of incessant striving so that we might fulfil the pledges we have so often taken and the One we shall take today. The service of India means the service of the millions who suffer. It means the ending of poverty and ignorance and disease and inequality of opportunity. The ambition of the greatest man of our generation has been to wipe every tear from every eye. That may be beyond us but as long as there are tears and suffering, so long our work will not be over. And so we have to labour and to work and work hard to give reality to our dreams. Those dreams are for India, but they are also for the world, for all the nations and peoples are too closely knit together today for anyone of them to imagine that it can live apart.

Peace has been said to be indivisible, so is freedom, so is prosperity now, and so also is disaster in this one world that can no longer be split into isolated fragments. To the people of India, whose representatives we are, we appeal to join us with faith and confidence in this great adventure. This is no time for petty and destructive criticism, no time for ill-will or blaming others. We have to build the noble mansion of free India where all her children may dwell."

ချိန်းတွဲ့ည

ကျွန်တော်တို့ ကုသိုလ်ကံ အကျိုးပေးချိန်နဲ့ တိတ်တခိုးတွေ့ဖို့ ချိန်းထားတာ နှစ်တွေ ကြာညောင်းလှပါပြီ။ တစ်နှစ် တစ်နှစ်ကလည်း ကုန်နိုင်ခဲတယ်ဗျာ။ ခုတော့ ချိန်းတဲ့ည ရောက်ပြီ။ အိန္ဒိယပြည်သူတွေ ကံထလာပါပြီ။ အဓိဌာန်ပြုခဲ့သမျှ အကုန်မဟုတ်တောင် မည်မည်ရရ လုပ်ကိုင်နိုင်မယ့် အချိန်ဆိုက်ပါပြီ။ (မကြာခင်) သန်းခေါင်နာရီမောင်း ဆော်တာနှင့်တစ်ပြိုင်နက် ကမ္ဘာကြီးအိပ်နေချိန်မှာ အိန္ဒိယပြည် နိုးထတော့မယ်။ လွတ်လပ်တော့မယ်။

ကြုံတောင့်ကြုံခဲ့ သမိုင်းတွင်မယ့် အခါသမယကို ကျွန်တော်တို့ကြုံရပါပြီ။ ကျွန်တော်တို့ ခေတ်ဟောင်းကိုစွန့်ပြီး ခေတ်သစ်ထဲဝင်မယ်။ ခေတ်တစ်ခေတ်ကုန်ဆုံးသွားပြီ။ အကြာကြီး နှိပ်ကွပ်ခံထားရတဲ့ နိုင်ငံကြီး အသက်ဝင်လာပြီ။ လေသံသဲ့သဲ့ စကားပြောနိုင်လာပြီ။ အလေးအမြတ်ပြုအပ်တဲ့ ဒီအချိန်မှာ အိန္ဒိယပြည်သူများနှင့်အတူ ကမ္ဘာသူကမ္ဘာသားများ၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပါ၏လို့ ကျွန်တော်တို့အဓိဌာန်ပြုရန် သင့်မြတ်တဲ့ အခါသမယ ဖြစ်ပါတယ်။ သမိုင်းခေတ်ဦးကစပြီး အိန္ဒိယက မဆုံးနိုင်သော ခရီးကို

လျှောက်လှမ်းခဲ့တယ်။ ဂုဏ်ယူစရာ အောင်မြင်မှုတွေရော ဆုံးရှုံးမှုတွေရော ကြုံခဲ့ပါပြီ။ ရာစုနှစ်တွေတောင် လမ်းစပျောက်ကုန်ပါပြီ။ ကံကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ခွန်အားကို ဖြစ်စေတဲ့ ဓမ္မလမ်းကို ဘယ်တုန်းကမှ အိန္ဒိယက မမေ့လျော့ခဲ့ပါဘူး။ ဒီနေ့ ကျွန်တော်တို့ ကံနိမ့်ချိန် အဆုံးသတ်ပါပြီ။ အိန္ဒိယပြည် နိုးထပါပြီ။

ဒီနေ့ကျင်းပတဲ့ အခမ်းအနားက ခြေတစ်လှမ်းပဲရှိပါသေးတယ်။ အခွင့်အလမ်းပွင့်အောင် လမ်းစဖော်တဲ့ ခြေလှမ်းပါ။ ကျွန်တော်တို့ အောင်ပွဲကြီးတွေ ရတော့မယ်။ အစွမ်းပြတော့မယ်။ ဒီအခွင့်ကောင်းကို အမိဖမ်းဖို့ ကျွန်တော်တို့မှာ ထိုက်တန်တဲ့ သတ္တိရှိရဲ့လား။ ဉာဏ်အမြော်အမြင်ရှိရဲ့လား။ လွတ်လက်ရေးနဲ့ အာဏာရလာရင် တာဝန်ရှိလာပြီ။ အဲဒီတာဝန် ဒီလွှတ်တော်အပေါ်မှာ ကျရောက်နေပါပြီ။ ဒီလွှတ်တော်က အိန္ဒိယပြည်သူတွေကို ကိုယ်စားပြုပြီး အချုပ်အခြာအာဏာကို ကျင့်သုံးပါမယ်။ လွတ်လပ်ရေးမရခင်တုန်းကတော့ ရုန်းကန်ရလွန်းလို့ နာကျင်ပင်ပန်းလှပါတယ်။ ဝမ်းနည်းစရာတွေအတွက် အသည်းနင့်အောင် ခံစားရပါတယ်။ ဒဏ်ရာဒဏ်ချက်တစ်ချို့က ခုထိ နာကျင်နေဆဲပါ။

သို့သော်လည်း အတိတ်ကတော့ ကျန်ရစ်ခဲ့ပါပြီ။ အခုတော့ အနာဂတ်က ကျွန်တော်တို့ကို လက်ယပ်ခေါ်နေပြီ။ သက်သောင့်သက်သာ ဇိမ်နှင့်နေရမယ့် အနာဂတ်တော့မဟုတ်ဘူး။ မနေမနား အားကြိုးမာန်တက် လုပ်ကြရလိမ့်မယ်။ ဒါမှသာ အကြိမ်ကြိမ်ပြုခဲ့တဲ့ အဓိဋ္ဌာန်ကိုရော၊ ယနေ့ပြုမယ့် အဓိဋ္ဌာန်ကိုပါ ဖြည့်ဆည်းဆောင်ရွက်နိုင်ပါလိမ့်မယ်။ အိန္ဒိယပြည်ရဲ့ တာဝန်ကို သယ်ပိုးတယ်ဆိုတာ ဒုက္ခတွင်းနက်နေတဲ့ ပြည်သူ သန်းပေါင်းများစွာကို အလုပ်အကျွေးပြုဖို့ပါပဲ။ ဆင်းရဲမွဲတေမှု၊ အသိဉာဏ်ခေါင်းပါးမှု၊ ရောဂါဘယထူပြောမှုနဲ့ အခွင့်အလမ်းမတူမှုကို အမြစ်ဖြတ်ကြရမယ်။ ကျွန်တော်တို့ခေတ်မှာ အမြတ်ဆုံး ပုဂ္ဂိုလ်ကြီး(ဂန္ဒီ)ရဲ့ ဆန္ဒက လူတိုင်းကို မျက်ရည်သုတ်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် မနိုင်ဝန် ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ မျက်ရည်တွေ ရှိနေသေးသမျှ၊ လူမှုဒုက္ခတွေ ရှိနေသေးသမျှ ကျွန်တော်တို့တာဝန် မပြီးသေးဘူး။ ကျွန်တော်တို့ ကျုံးလုပ်ကြ၊ ကုန်းလုပ်ကြကျမှ တော်ကာကျမယ်။ ဒါမှသာ ကျွန်တော်တို့ဖြစ်ချင်တာတွေ ဖြစ်မလာမယ်။ ဒီနေ့ ကမ္ဘာမှာ ဘယ်သူမှ ထီးတည်းမနေရပါဘူး။ ကမ္ဘာ့ပြည်သူတွေ အချင်းချင်း ကူးလူးဆက်ဆံနေရတယ်။ ဒါကြောင့် ကျွန်တော်တို့ထားတဲ့ မျှော်မှန်းချက်တွေ မက်တဲ့အိပ်မက်တွေဟာ အိန္ဒိယအတွက်ဖြစ်သလို ကမ္ဘာအတွက်ပါ အကျုံးဝင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အပြည့်အဝငြိမ်းချမ်းရေးပဲ ရှိတယ်။ တစ်စိတ်တစ်ပိုင်း ငြိမ်းချမ်းရေးရယ်လို့ မရှိပါဘူး။ လွတ်လပ်ရေးလည်း ဒီအတိုင်းပဲ။ ချမ်းသာကြွယ်ဝမှုလည်း အတူတူပဲ။ ပျက်ဆီးဆုံးရှုံးမှုလည်း အလားတူပဲ။ အားလုံးပြည့်ပြည့်ဝဝဖြစ်ရမယ်။ တစ်ကမ္ဘာလုံးအတွက် ဖြစ်ရမယ်။ ဒီတစ်ကမ္ဘာပဲ ရှိတာကိုး။ ပြည်သူ့ကိုယ်စားလှယ်များအနေနှင့် အိန္ဒိယပြည်သူများကို ကျွန်တော်တို့ ပန်ကြားပါတယ်။ ကျွန်တော်တို့နှင့် လက်တွဲကြပါ။ ကျွန်တော်တို့ကို ယုံပါ။ ပွဲကြီးပွဲကောင်း အတူနွဲ့ကြရအောင်။ ခုချိန်မှာ သိမ်ဖျင်းတဲ့ အကျိုးမဲ့တဲ့ ပုတ်ခတ်ဝေဖန်စကားတွေ ပြောရမယ့် အချိန်မဟုတ်ဘူး။ သူများအပေါ် အဘိဇ္ဈာပွားရမည့်အခါ မဟုတ်ဘူး။ သူများအပေါ် အပြစ်ပုံချရမယ့်အခါလည်း မဟုတ်ဘူး။ နိုင်ငံသားအားလုံး တည်ရာ မှီရာဖြစ်တဲ့ အိန္ဒိယဆိုတဲ့ လူတိုင်းပိုင်တဲ့ ဘုံဗိမာန်ကြီးကို ကျွန်တော်တို့အတူ ပိုင်းဝန်းတည်ဆောက်ကြပါစို့။

*****

သုံးသပ်ချက်

ပထမအနေနှင့် "Tryst with destiny" သည် အိန္ဒိယ၏ လွတ်လပ်ရေးကြေငြာသော မိန့်ခွန်းဖြစ်သဖြင့် သမိုင်းဝင်ခြင်းဖြစ်ခြင်းသည် အရေးကြီးသော အချက်ဖြစ်၏။ ဒုတိယအနေနှင့် မိန့်ခွန်းကို နေရှူးက အင်္ဂလိပ်ဘာသာနှင့်ပြောသည်။ ရေဒီယိုက အသံလွှင့်သည်။ ထို့ကြောင့် ကမ္ဘာတစ်လွှား လူသိများသည်။ တတိယအချက် အပြောအဆို၊ အင်္ဂလိပ်စကား အသုံးအနှုန်း ထူးခြားပြောင်မြောက်သည်။ အင်္ဂလိပ်များကပင် ချီးမွမ်းရ၏။

(၁) ရှေးဦးစွာ အဖွင့်ဝါကျကို ကြည့်ပါ။ သရုပ်ခွဲကြည့်လျှင် အဓိပ္ပာယ်ရှင်းနေသော စကားရပ်များကို အလိုက်သင့်စီစဉ်ထားသည်ကို တွေ့ရသည်။ စစချင်း Long years ago ကိုကြည့်ပါ။ အလွန်အဓိပ္ပာယ်ကြွယ်ဝသော ထူးခြားသော အသုံးအနှုန်းဖြစ်သည်။ အလွန်လေးနက်ပါသည်။ "ရှေးနှစ်ပေါင်းများစွာက" ဟု ပြန်ဆိုလျှင် ပေါ့သွားမည်။ ထိုမျှမကပါ။ Long years ago သည် ရှေးနှစ်ပေါင်းများစွာကို ဆိုလိုသည်လည်းမှန်၏။ သို့သော် "ပြီးနိုင်ကုန်နိုင်ခဲသော၊ ရှည်လျားလှစွာသော နှစ်များ" ဟု ဆိုရမည် ထင်ပါသည်။ အဘယ်ကြောင့်နည်း။ လွတ်လပ်ရေးခရီးသည် အလွန်ကြမ်းပါသည်။ တစ်နှစ်ဆိုသော အချိန်သည် ကုန်နိုင်ခဲပါဘိ။ ထိုသို့သော နှစ်ပေါင်းရာကျော်သည့် ကာလရှည်ကြီးဖြစ်၍ long years ago ဟု နေရှူးက သုံးခြင်းဖြစ်သည်။

We made a tryst with destiny ကို ကြည့်ပါဦး။ tryst က အချိန်းအချက်ဖြစ်သည်။ တိတ်တခိုးဆုံဖို့ ချိန်းသော အချိန်းအချက်ဖြစ်သည်။ ချစ်သူတို့ ဆုံဆည်းမှုကို tryst ဟုခေါ်သည်။ destiny ကို ကံ၊ ကံကောင်းချိန်ဟု ပြန်ဆိုလျှင်သင့်မည်။ we ကတော့ ကျွန်တော်တို့(အိန္ဒိယနိုင်ငံသားများ)။ အိန္ဒိယသားများ ကံတက်ချိန်နှင့် တိတ်တခိုးဆုံဖို့ ချိန်းထားသည်ဟု ဆိုလိုသည်။

ဘာကြောင့် တိတ်တခိုးတွေ့ဆုံသည်ဟု သုံးပါလိမ့်။ ပထမအနေနှင့် လွတ်လပ်ရေးရပြီး ကံတက်လာချိန်တွင် ဘာလုပ်မည်ကို သူတို့ အိန္ဒိယသားတွေသာ သိသည်။ သူတို့ကြမ္မာ သူတို့ဖန်တီးမည်။ သူတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သည်။ နောက်တစ်ချက် ပိုပြီးအရေးကြီးသည်က အခါသမယ။ ဤမိန့်ခွန်းကို ညဉ့်သန်းခေါင် ရောက်လုဆဲဆဲမှာ ပြောသည်။ ချစ်သူတို့ ချိန်းတွေ့သောအချိန် တိတ်တခိုးကိစ္စ။ ထိုအချိန်မှာ လွတ်လပ်ရေးကြေငြာမည်။ လွတ်လပ်ရေးရတာ နည်းတဲ့ ကုသိုလ်လား။ ဒီကုသိုလ်ရဖို့ နှစ်ပေါင်းရှည်ကြာစွာ ဒုက္ခသုက္ခခံပြီး ပါရမီဖြည့်လို့ ရသောကုသိုလ်ထူး။ ကဲ Long years ago, we made a tryst with destiny, ဆိုတဲ့စကားက ဘယ်လောက် အဓိပ္ပာယ်ကြွယ်ဝသလဲ။

ပြီးတော့ and now the time comes (အခုတော့ အချိန်အခါ ဆိုက်ရောက်လာပါပြီ) တဲ့။ ဘယ်လိုအချိန်အခါလဲ whe we shall redeem our pledge,(ကျုပ်တို့ နံခဲ့သောသစ္စာ၊ ထားခဲ့သောကတိကို ပြန်လည်ဖော်ထုတ်မည့် အချိန်အခါ) တဲ့။ ခြွင်းချက်ကလေးနဲ့ပါ။ not wholly or in full measure, (ပြည့်ပြည့်ဝဝ၊ အကုန်မဟုတ်တောင်)၊ but very substantially .(မည်မည်ရရ ဖြစ်နိုင်လောက်သည်)။ ကတိပြုခဲ့သစ္စာဆိုခဲ့သည့်အတိုင်း အပြည့်အဝ မဟုတ်သော်လည်း မည်မည်ရရ လုပ်ကြတော့မယ်လို့ ဆိုလိုပါသည်။

(၂) ဒုတိယ ဝါကျကြည့်စို့။ At the stroke of midnight hour,(သန်းခေါင်နာရီမောင်းခေါက်ချိန်။ မြန်မာပိုဆန်ဖို့ "သန်းခေါင်ကြက်တွန်ချိန်မှာ") when the world sleeps,(ကမ္ဘာကြီးအိပ်မောကျနေချိန်မှာ) India will awake to life and freedom (အိန္ဒိယသည် အိပ်ရာမှ နိုးထပြီး အသက်ဝင်လျက် လွတ်လပ်ရေး ရပေတော့မည်)။ At the stroke of midnight hour, when the world sleeps က အချိန်သမယကို ညွှန်းသည်။ At the stroke of midnight hour သည် အချိန်ပြ phrase ဖြစ်ပြီး၊ when the world sleeps သည် အချိန်ညွှန်း clause ဖြစ်၏။ India will awake to life and freedom က ထိုအခါသမယတွင် ဖြစ်ပေါ်မည့် ကိစ္စကို ဖော်ပြသော ဝါကျဖြစ်သည်။ Phrase နှင့် Clause နောက်မှ ပင်မဝါကျလိုက်၏။ ထိုအထဲတွင် မှတ်သားဖွယ် ပေါ်လွင်နေသည်က the world sleeps, India will awake ဆန့်ကျင်ဖက်နှစ်ခုကို ယှဉ်ပြလိုက်ခြင်းဖြစ်၏။

ဒုတိယအပိုဒ်က ကြုံတောင့်ကြုံခဲ့ အခါသမယအကြောင်း ပြောသည်။ A moment comes which comes but rarely in history တွင် comes နှစ်လုံး ထပ်ထားသည် - စကားအလှဖြစ်၏။ အခါသမယတစ်ခု "ရောက်လာ" သည်၊ သို့သော် သမိုင်းတွင် ကြုံတောင့်ကြုံခဲ့ "ရောက်လာ"ခြင်းဖြစ်၏။ ထိုအချိန်ရောက်တော့ ဖြစ်လာတာတွေ ဆက်ပြောသည်။ ထိုအချိန်မှာ we stop out from the old to the new,(ဒါက ဝါကျတစ်ခု)။ အဲဒီတော့ ဘာဆက်ဖြစ်သလဲ။ then an age ends,(ဒါကလည်း ဝါကျတစ်ခု)။ ပြီးတော့ကော။ the soul of a nation ...finds utterance, (ဒါကလည်း ဝါကျတစ်ခု)။ အဲဒီမှာ long suppressed က soul of a nation ကို ဝိသေသပြုချင်လို့ ကော်မာခံ နောက်ကထည့်ထားတာ။ ဒီတော့ ဒီဝါကျကြီးမှာ ဝါကျငယ်လေးခု ပါနေတယ်။ ဝါကျတွေပါပဲ။ သို့သော် အကြောင်းအရာက ဆက်စပ်နေလို့ ပြောချင်တာ မပြီးသေးဘူး။ တစ်ခုပြီးတိုင်း full-stop မချဘူး။ ကော်မာပဲ ခံတယ်။ နောက်က ပြောစရာဆက်တယ်။ လေးခုဆုံးမှ အကြောင်းအရာက စုံသွားတယ်။ ဝါကျကြီး ပြီး။ တကယ်ပြောတာက ဝါကျတိုတွေပါပဲ။ နောက်ဝါကျတွေကိုလည်း အလားတူ သရုပ်ခွဲနိုင်ပါတယ်။

(၃) တတိယအပိုဒ် the achievement we celebrate today is but a step.(ဒီမှာ but ပါလို့ step က လေးနက်သွားတယ်။ ခြေတစ်လှမ်းပဲ၊ ခြေတစ်လှမ်းမျှသာလို့ ဆိုလိုဏ်။) ဒီနေရာက but နဲ့ only အဓိပ္ပာယ်တူတယ်။ but က only ထက် အသံတိုတယ်။ သူ့ကိုသုံးတာ ပိုဆီလျော်တယ်။ တစ်ခါ အဲဒီ step အကြောင်း ဆက်ပြောတယ်။ (This step is) an opening of opportunity . ဝါကျချင်းဆက်တော့

(This step is) မလို ဖြုတ်ပစ်။ ဆယ်ဆီရောက်မယ့် step လည်း ဆက်ပြောချင်သေးတယ်။ to the greater triumphs and achievements (နောက်ထပ် ပိုကြီးမားတဲ့ အောင်ပွဲတွေ စွမ်းဆောင်မှုတွေဆီကို ဦးတည်မယ်)။ မပြီးသေးဘူး။ ဒီအောင်ပွဲတွေက ကျွပ်တို့ကို စောင့်နေတယ် ဒါကြောင့် နောက်က (These triumphs and achievements await us) လို့ ဆက်ပြောချင်တာ။ ဒါပေမဲ့ ကွင်းထဲက ဟာတွေ အကုန်ပြောရင် ရှည်နေမယ်။ သူတို့အတွက် that နာမ်စား ထည့်လိုက်တယ်။ ဒီလိုဝါကျတွေကို ဖြုတ်တန်တာဖြုတ် အစားထိုးတန်တာထိုးပြီး ဆက်စပ်လိုက်တော့ အဓိပ္ပာယ်ကြွယ်ဝတဲ့ ကျစ်လစ်တဲ့ဝါကျ ဖြစ်လာတယ်။

ပြီးတော့ ပရိသတ်ကို မေးခွန်းထုတ်တယ်။ Are we brave enough? Are we wise enough? မေးခွန်းနှစ်ခုကို ပေါင်းပြီး Are we brave enough and wise enough? ဘာအတွက်လဲ။ to grasp this opportunity (အခွင့်အရေးကို အရယူဖို့) and accept the challenge of the future (အနာဂတ်ရဲ့စိန်ခေါ်မှုကို ရင်ဆိုင်ဖို့) တကယ်တော့ grasp နဲ့ accept က အဓိပ္ပာယ်တူသလောက်နီးပါးပါပဲ။ ဒါပေမဲ့ အမယ်ကြွယ်စေဖို့ ခွဲခြားသုံးသပ်လိုက်တယ်။ နောက်ဝါကျတို့ Freedom and power bring responsibility က (Statement of fact) အချက်အလက်တစ်ခုကို ဖော်ပြတာ။ အရေးကြီးတဲ့ ကိစ္စ၊ သတိပေးစကားလည်းဖြစ်တယ်။ တိုတိုပဲ၊(လွတ်လပ်တယ် အာဏာရှိတယ်ဆိုရင် တာဝန်ရှိလာတယ်)

(၄) အပိုဒ်တိုင်း ဝါကျတိုင်းကို စာဖတ်သူက စေ့စေ့စပ်စပ် သရုပ်ခွဲကြည့်လျှင် အဖိုးတန်သင်ခန်းစာ ရမည်။ ဤနေရာတွင် ဤမျှသာ ဖော်ပြပါမည်။

တင်ပြပုံ/ဝေါဟာရ အသုံးအနှုန်း

long years ago ရှင်းပြခဲ့ပြီ

tryst with destiny ရှင်းပြခဲ့ပြီ

At the stroke of midnight hour ည၌ ၁၂ နာရီကို ဆိုလိုတာပါ။ ဒါပေမဲ့ at 12 o'clock at night လို့ သုံးတာထက် လှပတယ်။ မြန်မာလိုတော့ သန်းခေါင်ယံ ကြက်တွန်ချိန်ရောက်လျှင်/ သန်းခေါင် မောင်းခေါက်လျှင်နှင့် ခပ်ဆင်ဆင်ဖြစ်သည်။

comes which comes ရှင်းပြခဲ့ပြီ

trackless centuries ခြေရာပျောက်ကုန်သော ရာစုနှစ်များ (သမိုင်းရှည်လှပါပြီဟု ဆိုလို)

တူရာ သို့မဟုတ် ဆန့်ကျင်စကားလုံးအတွဲများများ သုံးစွဲခြင်း။

ဥပမာ..long years ago....., and now....

the world sleeps....,India will awake....

A moment comes.....,then an age ends....

...step out from the old to the new...

.....her successes and her failures....

...good and ill fortune alike....

...the past is over,....the future beckons to us....

The service of India...the service of the millions .....

not one of ease and resting, but one of incessant striving...

to wipe every tear from every eye...

pledges we have so often taken and the one we shall take today....

so long as there are tears, so long our work will not be over....

...we have to labour and to work, and to work hard,....

Those dreams are for India,.....one also for the world,....

Peace has been said to be indivisible, so is freedom,...so is prosperity , and so also is disaster....

This is no time for.....,no time for ill-will.....

ကောင်းခြင်းသုံးဖြာ

နေရူး၏မိန့်ခွန်းတွင် အစကောင်းသည် Long years ago,tryst with destiny ; stroke of midnight hour; the world sleeps, India will awake ထူးထူးခြားခြား လှပပြီး ကြံခဲ့သော သို့သော် ရိုးရှင်းသော အသုံးအနှုန်းများဖြင့် နိဒါန်းပျိုးသည်။ ခေတ်သစ်ထွန်းလာပုံကို လွှမ်းဖွယ် မျှော်လင့်ဖွယ်နှင့် အစဖော်သည်။

အလယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ ရှေးရှေးဘဝကို တိုတိုနှင့် အကောင်းအဆိုးဖော်ပြသည်။ လွတ်လပ်ရေးအတွက် ရုန်းကန်ရပုံ၊ မျှော်လင့်ထားပုံ၊ လွတ်လပ်ရေး အချုပ်အခြာအာဏာနှင့်အတူ တွဲလာသော တာဝန်ကို ဖော်ပြသည်။ အတိတ်မှ အနာဂတ်ကို လှမ်းမျှော်ဖို့ မက်လုံးနှင့်အတူ တာဝန်တွေကို ပြောပြသည်။ to labour, to work, and to work hard (အပင်ပန်းခံဖို့၊ အလုပ်လုပ်ဖို့၊ ကြိုးကြိုးစားစားလုပ်ဖို့ လုပ်၊ လုပ်၊ လုပ် ထပ်ခါထပ်ခါ ဆော်သြသည်။) အိန္ဒိယအတွက်သာမဟုတ်၊ ကမ္ဘာအတွက်ပါ ပါဝင်သည်။(ကြီးမြတ်သောခေါင်းဆောင်၏ တစ်ကိုယ်ကောင်းမဆန်သော လက္ခဏာဖြစ်ပေသည်)

အဆုံး၏ ကောင်းခြင်းအင်္ဂါ အများအပြားပါသည်။ peace, freedom, prosperity ကို အပြည့်အဝ (လူတိုင်းစေ့ရဖို့) ဆော်သြသည်။ disaster (ဘေးဒုက္ခ) တစ်ယောက်ကြံလျှင် အားလုံးကြံသည်နှင့်တူကြောင်းပြောသည်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော ကျွန်တော်တို့က ပြည်သူလူထုကို ကျွန်တော်တို့နှင့် ယုံယုံကြည်ကြည် စိတ်ချလက်ချ လက်တွဲကြရန် မေတ္တာရပ်ခံ ပန်ကြားပါတယ်။(..we make appeal to join us with faith and confidence...)ဆိုပြီး လူထုကိုပန်ကြားလိုက်သည်။ နောက်ဆုံး this is no time for petty and destructive criticism , no time for ill-will or blaming others. သိမ်ဖျင်းတဲ့ ဖျက်လိုဖျက်ဆီး ဝေဖန်ပုတ်ခတ်မှု လုပ်ရမည့်အခါ မဟုတ်ပါဘူး။ အဘိဇ္ဈာပွားရမည့်အခါ မဟုတ်ပါဘူး။ သူများအပေါ် အပြစ်ပုံချရမည့်အခါလည်း မဟုတ်ပါဘူး။ အိန္ဒိယပြည်ကြီးကို အများဆိုင် ဘုံဗိမာန်ကြီးနှင့် နှိုင်းပြီး နိုင်ငံသားအပေါင်းကိုတော့ her children(သားသမီးတွေ) အဖြစ် တင်စားလိုက်သည်။ ယဉ်သော အသုံးအနှုန်းနှင့် ပိတ်လိုက်သဖြင့် ကောင်းပါပေ့နိုဂုံးဟု ဆိုရပါသည်။

ချီးမွမ်းစရာ တစ်ချက်ကျန်သေး၏။ မိန့်ခွန်းအစအဆုံး A4 တစ်မျက်နှာစာ မရှိတရှိသာ ရှည်သည်။ စကားလုံး(၁၇၀၀) ခန့်သာပါ၏။ မိန့်ခွန်းပြောချိန် ငါးမိနစ်ခန့်သာကြာမည်။ လူတွေ နားစွင့်ကောင်းရုံမျှသာ ဖြစ်သည်။ မိန့်ခွန်းအရှည်အလျား၏ သင့်တင့်ခြင်းကလည်း ဂုဏ်ပုဒ်တစ်ခုဖြစ်ပေသည်။

*****

အခန်း(၂)

အေဗရာဟင်လင်ကွန်း၏ ဂကာ်တာ်(စ)ဘာ့(ခ)မိန့်ခွန်း

Abraham Lincoln's Gettysburg Speech

အေဗရာဟင်လင်ကွန်း(၁၈၀၉-၁၈၆၅)

အေဗရာဟင်လင်ကွန်းသည် အမေရိကန်ပြည်ထောင်စု၏ ၁၆ ယောက်မြောက် သမ္မတဖြစ်သည်။ လင်ကွန်းကို ၁၈၀၉ ခုနှစ်တွင် နွမ်းနွမ်းပါးပါး မိဘနှစ်ပါးမှ ဖွားမြင်သည်။ သူ့ကို တောရွာသစ်လုံးကာ တဲပုတ်ကလေးတွင် မွေးသည်။ လူငယ်ဘဝတွင် ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရသည်။ ကျောင်းကောင်းကောင်း မနေခဲ့ရ။ ကိုယ့်ဒူးကိုယ်ချွန် ပညာသင်ပြီး အလုပ်မျိုးစုံ လုပ်ခဲ့သည်။ စျေးဆိုင်အကူ၊ လယ်ယာလုပ်သား၊ လှေထိုးသား၊ စာပို့သမား၊ စာတိုက်စာရေး၊ မြေတိုင်းစာရေး၊ ရှေ့နေ၊ နိုင်ငံရေးသမား ဘဝမျိုးစုံသည်။ ကြိုးစားမှုနှင့် စာရိတ္တအရာတွင် စံပြဟုဆိုလောက်သော ပုဂ္ဂိုလ်ဖြစ်သည်။ အရပ် ၆ပေကျော် ရှည်၏။ ဇနီးမေရီကတော့ အလွန်ဆိုးသည်။ အာကြမ်း၊ လျှာကြမ်း၊ ကိုယ်ကြမ်းနှင့် သူ့အပေါ် အလွန်အနိုင်ကျင့်၏။ လင်ကွန်းက သည်းခံရှာသည်။ ရှေ့နေအဖြစ် စပရင်းဖီးမြို့(အီလီနွိုင်ပြည်နယ်)တွင် ကြာကြာအခြေစိုက် နေထိုင်ရင်း နိုင်ငံရေးထဲ ပါလာသည်။ ၁၈၃၄ ခုနှစ်တွင် ပြည်နယ်ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အရွေးခံရသည်။ ၄ နှစ် နှစ်ကြိမ် အမှုထမ်း၏။ ထို့နောက် ၁၈၃၇ ခုတွင် ပြည်ထောင်စု အောက်လွှတ်တော်အမတ်(ကွန်ဂရက်လူကြီး)အဖြစ် အရွေးခံရသည်။ ဆီးနိတ် အမတ်အဖြစ် အရွေးခံရာ နှစ်ကြိမ်ရှုံးနိမ့်၏။ သို့သော် သူပြိုင်ဖက် စတီဖင်ဒေါက်ဂလပ်နှင့် အကြိမ်ကြိမ် စကားစစ်ထိုးရာမှ တိုင်းသိပြည်သိ ပုဂ္ဂိုလ်ဖြစ်လာသည်။

လင်ကွန်း၏အဓိကမူဝါဒသည်ကျွန်စနစ်ပပျောက်ရေးဖြစ်သည်။၁၈၆၁ပြည့်တွင်သမ္မတအရွေးခံရသည်။သမ္မတကကျွန်စနစ်ပပျောက်ရေး လုပ်မည်ကို လက်ဦးမှုယူပြီး တောင်ပိုင်းနယ်များက ခွဲထွက်သည်။ လင်ကွန်းက ပြည်ထောင်စုကြီး မပြိုကွဲရေးမူကို လက်ကိုင်ထားသည်။ ပြည်တွင်းစစ်ဖြစ်၏။ ၁၈၆၂ ခုနှစ်တွင်"လူမဲ ကျွန်အားလုံး လွတ်မြောက်စေ"(Emancipation Proclamation) ကြေငြာချက်ကို ထုတ်ပြန်သည်။ ပထမသမ္မတ သက်တမ်းတစ်လျှောက်လုံး ပြည်တွင်းစစ်ကာလ ဖြစ်သည်။ ၁၈၆၄ ခုတွင် ဒုတိယသက်တမ်းသမ္မတ အရွေးခံရ၏။ သို့သော် ရာထူးလက်ခံမိန့်ခွန်းပြောပြီး မကြာမီ ပြည်တွင်းစစ် ပြီးဆုံးသည်။ တောင်ပိုင်းတပ် ဗိုလ်ချုပ်မှူး လက်နက်ချစစ်ပြေငြိမ်း၏။ ထို့နောက် ငါးရက်အကြာတွင် ဇနီးနှင့်အတူ ပြဇာတ်ကြည့်နေစဉ် ဂျွန်ဘု(သ)ဆိုသူက သေနတ်နှင့်ပစ်သဖြင့် ဒဏ်ရာဖြင့် သေဆုံးသည်။ ဂကာ်တာ်(စ)ဘာ့(ခ)မိန့်ခွန်းသည် လင်ကွန်း၏ နာမည်ကျော် မိန့်ခွန်းဖြစ်သည်။

မိန့်ခွန်း၏နောက်ခံသမိုင်း

အေဗရာဟင်လင်ကွန်းသမ္မတမဖြစ်မီနှစ်အတော်ကြာကပင်အမေရိကန်ပြည်ထောင်စုတွင်ကျွန်စနစ်ကိုဆက်လက်ခွင့်ပြုရန်သင့်မသင့်ကို အငြင်းပွားလျက်ရှိသည်။ မြောက်ပိုင်းပြည်နယ်များတွင် လူများစုက ကျွန်ခိုင်းစေမှုကို ဆန့်ကျင်သည်။ တောင်ပိုင်းပြည်နယ်များက ကျွန်စနစ်ကို လိုလားသည်။ အာဖရိကမှ လူမည်းများကို အတင်းဖမ်းဆီးခေါ်ဆောင်ပြီး အမေရိကန်တွင် ကျွန်အဖြစ်ခိုင်းစေကြသည်။ အများအားဖြင့် တောင်ပိုင်းပြည်နယ်များတွင် စိုက်ပျိုးရေးလုပ်ငန်း၌ ခိုင်းစေသည်။ ကျွန်ကို ကျွဲနွားလို ရောင်းချနိုင် လွှဲပြောင်းနိုင်သည်။ ကြာပွတ်နှင့်ရိုက်ပြီး ခိုင်းသည်။ ဆုံးမသည်။ လူမဆန်သောအလုပ်ဟု ကိုယ်ကျင့်သီလသန်သော သူများက သဘောရသည်။

အမေရိကန် လွတ်လပ်ရေးကြေငြာစာတမ်းကြီးကို ၁၇၇၆ ခုနှစ် တွင် ထုတ်ပြန်ကြေငြာစဉ်က ဤသို့ထည့်သွင်း ကြေငြာခဲ့သည်။

"We hold these truth to be self-evident , that all men are created equal, that they are endowed by their Creator with certain inalienable rights, that among these are life, liberty, and the pursuit of happiness."

"ဤအချက်များသည် အလိုလို ထင်ရှားပေါ်လွင်နေသော သစ္စာတရားများဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်။ လူသားအားလုံးကို တူညီစွာ ဖန်ဆင်းထားကြောင်း၊ ငြင်းပယ်၍မရသော အခွင့်အရေးအချို့ကို ဖန်ဆင်းရှင်က သူတို့အား ပေးအပ်ထားကြောင်း၊ ထိုအခွင့်အရေးများတွင် အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပျော်အောင်နေထိုင်ပိုင်ခွင့်တို့ ပါဝင်ကြောင်း"

ဤကြေငြာချက်သည် အမေရိကန်ပြည်ထောင်စု၏ အခြေခံမူကြီးဖြစ်သည်။ ကျွန်တွေကို လူလိုမဆက်ဆံသော ကိစ္စသည် ဤအခြေခံမူနှင့် ဆန့်ကျင်နေသည်။ ထို့ကြောင့် ကန့်ကွက်သူများ ပေါ်လာသည်။ နိုင်ငံရေး ပြဿနာကြီးဖြစ်လာသည်။

ကျွန်စနစ်ဖျက်သိမ်းရေးဘက်သားများကို abolitionists ဟုခေါ်သည်။(abolish= ဖျက်သိမ်းသည်) လင်ကွန်းသည် ဖျက်သိမ်းရေးသမားဖြစ်၏။ တောင်ပိုင်းနယ်များကမူ ကျွန်များကို လူသားအားလုံးထဲ ထည့်မတွက်ချေ။ လူသားအဆင့် မရောက်သေးသူများဟု ယူဆသည်။ ကျွန်တွေကို ခိုင်းစေသဖြင့် သူတို့လယ်ယာလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေသည်။ မခိုင်းရလျှင် သူတို့၏ စီးပွားရေးကို ထိခိုက်မည်။

ဖျက်သိမ်းရေးသမားများက အားကောင်းလာသည်။ လင်ကွန်းသမ္မတအဖြစ် အရွေးခံရ၏။ တောင်ပိုင်းနယ်သားများက လင်ကွန်းသည် ကျွန်စနစ်ကို ဖျက်လိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် လက်ဦးမှုယူပြီး ကျွန်စနစ်တော့ အဖျက်မခံနိုင်၊ ဒို့ခွဲထွက်ပြီး သီးခြားနိုင်ငံထောင်မည် ဟု ဆုံးဖြတ်ပြီး Confederation ခေါ် ပေါင်းစုပြည်ထောင်စု ကို တည်ထောင်ကြသည်။ လင်ကွန်းဦးဆောင်သော မြောက်ပိုင်းသားများက ပြည်ထောင်စုကြီး(Union) အပြိုကွဲမခံနိုင်၊ တောင်ပိုင်းက ခွဲထွက်သည်ကို လက်မခံနိုင်။ နောက်ဆုံး ပြည်တွင်းစစ်ကြီး သုံးနှစ်ကြာ ဖြစ်ပွားသည်။

ဂက်တက်(စ)ဘာ့(ခ)တိုက်ပွဲ

တောင်ပိုင်းနှင့်မြောက်ပိုင်းစစ်တပ်များ ဘတပြန် ကျားတပြန် အကြိတ်အနယ်တိုက်ကြသည်။ ၁၈၆၃ ခု နိုင်ဝင်ဘာလတွင် ပင်ဆီဗေးနီးယားပြည်နယ် ဂက်တက်(စ)ဘာ့ အရပ်၌ နှစ်ဖက်တပ်များ အကြီးအကျယ် တိုက်ပွဲကြီးဖြစ်သည်။ ထိုတိုက်ပွဲတွင် ပြည်ထောင်စုတပ်က ကွန်ဖက်ဒရိတ်တပ်အပေါ် အပြတ်အောင်ပွဲခံ၏။ အောင်ပွဲရသော်လည်း ပြည်ထောင်စုတပ်ဖက်မှ တပ်သား ၂၃,၀၀၀ ကျော် ကျဆုံး၏။ တောင်ပိုင်းဖက်မှလည်း ၂၀,၀၀၀ ကျော် ကျဆုံး၏။

ဤတိုက်ပွဲကြီး ဖြစ်ပွားရာမြေတွင် အမျိုးသားအထိမ်းအမှတ် စစ်သခြေင်းဖွင့်ပွဲ ကျင်းပသည်။ ထိုအခမ်းအနားတွင် သမ္မတကြီးလင်ကွန်းက မိန့်ခွန်းပြောကြားသည်။ ဂက်တက်(စ)ဘာ့(ခ)မိန့်ခွန်းဟု တွင်လေသည်။

*****

Lincoln's Gettysburg Speech

Four score and seven years ago our fathers brought forth on this continent , a new nation, conceived in liberty, and dedicated to the proposition that all men are created equal.

Now we are engaged in a great civil war, testing whether that nation, or any nation so conceived and so dedicated, can long endure. We are met on a great battlefield of that war. We have come to dedicated a portion of that field, as a final resting place for those who here gave their lives that that nation might live. It is altogether fitting and proper that we should do this.

But in a larger sense, we cannot dedicated, we cannot consecrate, we cannot hallow this ground. The brave men -living and dead- who struggled here, have consecrated it, far above our poor power to add or detract.

The world will little note, nor long remember , what we say here, but it can never forget what they did here. It is for us the living, rather, to be dedicated here to the unfinished work which they who fought here have thus so nobly advanced.

It is rather for us to be here dedicated to the great task remaining before us: that from these honored dead we take increased devotion to that cause for which they gave the last full measure of devotion ; that we here highly resolve that these dead shall not have died in vain; that this nation , under God, shall have a new birth of freedom ; and that

government of the people, by the people, for the people, shall not perish from the earth.

*****

လင်ကွန်း၏ ဂက်တက်(စ)ဘာ့(ခ)မိန့်ခွန်း (ဘာသာပြန်)

လွန်ခဲ့တဲ့ ၈၇ နှစ်က ကျွန်တော်တို့ ဘိုးဘေးများက ဤတိုက် ကုန်းမြေပေါ်မှာ နိုင်ငံသစ်ထူထောင်ခဲ့ပါတယ်။ ဒီနိုင်ငံသစ်က လွတ်လပ်ရေးမှာ သန္ဓေတည်ပြီး လူသားတိုင်းကို တန်းတူဖန်ဆင်းထားသည်ဆိုသော ယုံကြည်ချက်ကို သစ္စာအဓိဌာန်ပြုပြီး တည်ထောင်ခဲ့တာပါ။

အခုတော့ ကျွန်တော်တို့ ပြည်တွင်းစစ်ကြီးနှင့် ကြုံနေရပါပြီ။ အဲဒီနိုင်ငံကြီး သို့မဟုတ် အလားတူ သန္ဓေတည်ပြီး သစ္စာအဓိဌာန်ပြုထားတဲ့ နိုင်ငံတစ်ခု ကြာရှည် ရပ်တည်နိုင်ပါ့မလားဆိုတာ စမ်းသပ်နေပါပြီ။ အဲဒီ ပြည်တွင်းစစ်ကြီးရဲ့ တိုက်ပွဲကွင်းပေါ်မှာ ကျွန်တော်တို့ စုဝေးနေကြပါပြီ။ ဒီကွင်းရဲ့ တစ်စိတ်တစ်ဒေသမှာ ဒီနိုင်ငံ အွန့်ရှည်ဖို့ အသက်စွန့်ခဲ့ကြသူတွေ ထာဝစဉ်နားနေစရာ နေရာအဖြစ် သတ်မှတ်ပေးဖို့ ကျွန်တော်တို့ ရောက်လာကြတာပါ။ ဒီလိုလုပ်ရတာ အလွန်လုပ်သင့် လုပ်ထိုက်တဲ့အလုပ်ပါ။

သို့သော်လည်း တကယ်တမ်းမှာတော့ ဒီမြေကို မြတ်သောမြေအဖြစ် ကျွန်တော်တို့ အဓိဌာန်ပြုလို့မရပါဘူး။ ကျွန်တော်တို့က သိဒ္ဓိတင်လို့မရပါဘူး။ မြတ်သောနေရာဖြစ်စေလို့ ကျွန်တော်တို့လုပ်လို့ မဖြစ်ပါဘူး။ ဒီမြေမှာ တိုက်ပွဲဝင်ခဲ့တဲ့ ရဲရင့်သူတွေ ကျဆုံးသူရော၊ အသက်မသေ ကျန်ရစ်သူတွေကပါ ဒီမြေကို သိဒ္ဓိတင်ခဲ့ပြီးပါပြီ။ သိဒ္ဓိတိုးအောင် လျော့အောင် လုပ်နိုင်တဲ့ ကျွန်တော်တို့ အစွမ်းနည်းနည်းကလေးထက် သူတို့တင်ခဲ့တဲ့ သိဒ္ဓိက အများကြီးကဲပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ပြောဆိုတာကို ကမ္ဘာကြီးက သိပ်ဂရုစိုက်မှာ မဟုတ်ပါဘူး။ ကြာရှည်လည်း သတိရနေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ ဒီမှာ လုပ်ခဲ့တဲ့ လုပ်ရပ်ကိုတော့ မေ့ပျောက်နိုင်လိမ့်မည် မဟုတ်ပါဘူး။ တကယ်တော့ သူတို့တွေ ဒီနေရာမှာ တိုက်ပွဲဝင်ပြီး မွန်မြတ်သောစိတ်နှင့် မြှုပ်တင်ပေးခဲ့တဲ့ မပြီးမပြတ်သေးတဲ့ လုပ်ငန်းကြီးကို ပြီးအောင်လုပ်ဆောင်ကြဖို့ အသက်ရှင်ဆဲ ကျွန်တော်တို့တစ်တွေက အဓိဌာန်ပြုကြရမှာပါ။

ကျွန်တော်တို့ ရှေ့မှောက်မှာ မပြီးသေးတဲ့ လုပ်ငန်းကြီးကို ဆုံးခန်းတိုင်လုပ်ကိုင်ဖို့ သစ္စာပြုရမှာက ကျွန်တော်တို့ပါ။ မြတ်သောသေခြင်းနှင့် သေဆုံးခဲ့သူတွေကအသက်ကိုစတေးခဲ့တဲ့ သစ္စာအဓိဌာန်ကြီးကိုကျွန်တော်တို့တတွေက ဆထက်ထမ်းပိုးတိုးပြီးအကောင်အထည်ဖော်ရန် အဓိဌာန်ပြုကြပါစို့။ ကျဆုံးသူတွေ သေဆုံးရတာ အချည်းအနီးမဖြစ်စေရန် ကျွန်တော်တို့ သန္နိဋ္ဌာန်ပြုကြပါစို့။ ဘုရားသခင်အုပ်စီးတဲ့ ဒီနိုင်ငံမှာ လွတ်လပ်မှုအသစ်ပေါ်ထွန်းပါစေဟု အဓိဌာန်ပြုပါစို့။ နောက်ပြီးတော့ ပြည်သူအတွက်၊ ပြည်သူတွေစီမံတဲ့၊ ပြည်သူ့အစိုးရ ဤမြေမှ မဆိတ်သုဉ်း မပျောက်ကွယ်စေရဟု အဓိဌာန်ပြုကြပါစို့။

*****

ဝေဖန်ချက်

လင်ကွန်း၏ ဤမိန့်ခွန်းသည် တိုတိုကလေးဖြစ်၏။ စကားလုံး ၂၆၉ လုံးသာ ပါဝင်သည်။ ပြောချိန် နှစ်မိနစ်သာသာကလေးသာ ကြာသည်။ သို့သော် ကမ္ဘာကျော်သည်။ နှစ်ပေါင်း ၁၅၀ ကျော်သည်အထိ ကမ္ဘာက ဆွဲဆောင်နေသော မိန့်ခွန်းဖြစ်သည်။ အဘယ်ကြောင့်နည်း။

ပထမအနေနှင့် ဘဘိုးဘေးများကို အမှတ်တရ အမွှမ်းတင်သည်။ နိုင်ငံသစ် ထူထောင်သူများအဖြစ် အမှတ်ရစကားဆိုသည်။ သူတို့ တည်ထောင်သော နိုင်ငံသစ်၏မူကို တိုတိုနှင့် ဖော်ထုတ်သည်။ လွတ်လပ်ရေးကြေငြာစာတမ်းပါ စာသားကို သုံးထားသည်။ ထို့နောက် ပြည်တွင်းစစ်ကြီး၏ ဘေးရန်အကြောင်း၊ တိုက်ပွဲကြီးတစ်ခုအတွင်း ကျဆုံးရသူများက တိုင်းပြည်အတွက် အသက်ပေးကြပုံ၊ ထိုသူများအတွက် အမှတ်တရ သချိုင်း ဖွင့်လှစ်ရခြင်းအကြောင်းပြောသည်။

တတိယအပိုဒ်တွင် မိမိနှင့် ပရိသတ်၏ အခန်းကဏ္ဍကို မှိန်စေပြီး ကျဆုံးလေသူများကို သိဒ္ဓိတင်သည်။"ကျုပ်တို့ပြောတာတွေကို ကမ္ဘာက မေ့မှာ ဖြစ်ပေမဲ့ သူတို့လုပ်ခဲ့သမျှက မေ့ရမှာမဟုတ်ဘူး" ဟု စတုတ္ထအပိုဒ်က ဆက်ပြီးမှန်းသည်။ ထိုမှာပင် ကျဆုံးသူများ၏ မပြီးသေးသောအလုပ်ကို ကျန်ရစ်သူများကဆက်လုပ်ရန် ဆော်သြ၏။ နိဂုံးအပိုဒ်က အနှစ်သာရ အများဆုံးပါသည်။ ကျဆုံးသူများကို ထောက်ထားပြီး ဆထက်တိုး၍ သစ္စာအဓိဌာန်မြဲကြရန်၊ စတေးရသော အသက်တွေ အချည်းအနီးမဖြစ်ရန် သန္နိဋ္ဌာန်ပြုကြဖို့၊ နောက်ဆုံး ပြည်သူများအတွက် ပြည်သူများစီမံသော ပြည်သူ့အစိုးရ ကမ္ဘာမှာ တည်မြဲအောင် စောင့်ရှောက်ကြဖို့ တိုက်တွန်းသည်။

ပြည်သူ ပြည်သူ ပြည်သူ သုံးခါသုံးပြီး နိဂုံးချုပ်သည်။ ပြည်သူကို ဦးထိပ်ထားသော မိန့်ခွန်းပီသပေသည်။

ဝါကျဖွဲ့စည်းပုံနှင့် စကားအသုံးအနှုန်း

မိန့်ခွန်းအဖွင့် "Four score and seven years ago" သည် ပရိသတ်အာရုံကို ဖမ်းသော အသုံးအနှုန်းဖြစ်၏။ Eighty seven years ago ဟု သုံးသည်ထက် ပိုပြီး လူအာရုံစိုက်စေသည်။ score ဆိုသော ကိန်းဂဏန်းကို အင်္ဂလိပ်စကား တတ်သူတိုင်းသိသည်။ ထို့နောက် our fathers အလွန်တာသွားသော စကားဖြစ်၏။ father, grand-father, great-grand-father ဘ၊ ဘိုး၊ ဘေး အကုန်ပါသည်။ အကုန်လုံးအတွက် တစ်လုံးတည်း သုံးထားသည်။ ကျစ်လစ်သော အသုံးအနှုန်းဖြစ်၏။ ထို့နောက် brought forth....a new nation နိုင်ငံသစ်ထောင်လိုက်သည်။ ဘယ်လိုနိုင်ငံလဲ။ a new nation, conceived in liberty, and dedicated to the proposition that all men are created equal. ဝါကျတစ်ကြောင်းတည်းနှင့် အဘိုးဘေးတို့ တည်ထောင်ခဲ့သော နိုင်ငံသစ်၏ မူဝါဒကို ပြောပြသည်။ ထိုစကားတွင် အထင်ကရဖြစ်သော လွတ်လပ်ရေးကြေငြာစာတမ်းပါ "all men are created equal" ကို ထည့်သုံးသည်။ အလွန်ပိုင်သော ကိုးကားပုံဖြစ်၏။

ဒုတိယအပိုဒ် ပထမဝါကျသည် အလွန်ကျစ်လစ်၏။ အဓိပ္ပာယ်ကြွယ်ဝ၏။ ဝါကျများစွာကို စုစည်းထားသည်။ ဝါကျတစ်ခုတည်းတွင် အောက်ပါဝါကျ (၄)ခု ပေါင်းထားသည်။

(1) We are engaged in a great civil war.

(2) The war tests whether the nation can long endure.

(3) The nation has been conceived in liberty and dedicated to...created equal.

(4) The war also tests if any other nation, similarly conceived and dedicated, can long endure.

ဤဝါကျလေးခုကို အဓိပ္ပာယ် အပြည့်ပါအောင် ဝါကျတစ်ခုတည်းမှာ ပေါင်းထားသည်မှာ အလွန်ချီးကျူးဖွယ်ကောင်း၏။ ထို့ကြောင့် ဤဝါကျသည် အရှည်ကြီးမဟုတ်။ အတိုတွေ ဆက်စပ်ထားခြင်းဖြစ်သည်။ ထို့နောက် ဝါကျတို ဆက်လာသည်။ We are met on a great battle field of that war. ဤနေရာ၌ we are meeting မသုံးသည်ကို သတိပြုစရာရှိသည်။ We are met ကျွန်တော်တို့ ဆုံဆည်းကြရပါပြီ။ မတွေ့ဆုံ၍ မဖြစ်သော ဆုံဆည်းမှုဟု ဆိုလိုပါသည်။ We are meeting (ကျွန်တော်တို့တွေ့ဆုံနေပါသည်) ဟုဆိုလျှင် ပေါ့သွားမည်။ ထို့နောက် we have come to dedicate.....might live သည် ဝါကျရှည်သည် ထင်ရသော်လည်း တိုတိုတွေနှင့် ဆက်လျက်ဖြစ်ပြန်သည်။ အပိုဒ်ကို ဝါကျတိုနှင့် ပိတ်လိုက်သည်။ that that နှစ်လုံးဆက် သုံးလိုက်ပုံ အလွန်လှသည်။ ပထမ that က so that ဖြစ်၏။ so ကို ဖြုတ်ထားသည်။ ဒုတိယက that nation ဖြစ်၏။ that that ကို အသံနေအသံထား ခွဲခြားပြီး ပြောလျှင် that နှစ်လုံး၏ မတူသော အဓိပ္ပာယ်ပေါ်မည်။

တတိယစာပိုဒ်လည်း ဝါကျတို အပေါင်းအစည်းဖြစ်သည်။

We cannot dedicate this ground.

We cannot consecrate this ground.

We cannot hallow this ground.

ဝါကျသုံးခုကို But in a larger sense (သို့သော် ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ပေါက်အောင် ပြောမယ်ဆိုလျှင် / တကယ်တမ်းပြောရလျှင်) ကို ရှေ့ကခံပြီး ထိုဝါကျသုံးခုကို ဂဟေဆက်လိုက်သည်။ ဆက်ပုံက လွယ်သည်။ this ground သုံးခါမလို။ နှစ်ခုဖြုတ်။ လွယ်တိုရှင်း ဝါကျတစ်ခုတည်း ဖြစ်သွား၏။ နောက်က ဝါကျကိုလည်း အလားတူ သရုပ်ခွဲကြည့်နိုင်သည်။ We cannot ကိုတော့ ဖြုတ်ပစ်။ သုံးကြိမ် သုံးခါ ဆက်သုံးသည်။ မိမိတို့ လုပ်နိုင်စွမ်း မရှိကြောင်း၊ ကျဆုံးသူတို့က လုပ်ပြီးကြောင်း ပေါ်လွင်စေဖို့ ထပ်ခါထပ်ခါ ပြောပြီး လေးနက်စေခြင်းဖြစ်သည်။ မိမိကိုယ်ကို နှိမ့်ချခြင်း ပေါ်လွင်ဖို့ we cannot....,we cannot.....,we cannot...လေးနက်စေရန်

ထပ်တလဲလဲပြောသည်။(Emphatic repetition ဖြစ်၏) ဤသို့ မိမိကိုယ်ကို နှိမ့်ချသဖြင့် ကျဆုံးသူတို့၏ ရဲစွမ်းသတ္တိကို အမှတ်တရပုံ ပိုပြီး ပီပြင်သည်။ စတုတ္ထနှင့် နိဂုံး စာပိုဒ်များကိုလည်း အလားတူဝါကျသရုပ် ခွဲခြည့်နိုင်သည်။

စွဲကျန်ရစ်သော အသုံးအနှုန်းများ

All men are created equal သည် လွတ်လပ်ရေး ကြေငြာစာတမ်းတွင် ပါပြီးဖြစ်၏။ သို့သော် လင်ကွန်းက ပြန်လည်ဖော်ထုတ်လိုက်သည်။ ဘုရင့်သားမို့ မင်းဖြစ်ထိုက်သည်ဟု ထင်သူတွေ၊ သမ္မတသားမို့ မီးနှိပ်ပြတုန်း လမ်းဖြတ်ကူးခွင့်ရှိသည်ဟု ထင်သူတွေက လူနည်းစုဖြစ်သည်။ လူများစုက လူတိုင်းအတူတူဖြစ်သည်ဟု ယုံကြည်သည်။ လင်ကွန်းက ဤယုံကြည်ချက်ကို လူတိုင်းစွဲနေအောင် သတိပေးသည်။

ပြီးတော့ We (ကျန်ရစ်တဲ့ ကျွန်တော်တို့) နှင့် they (ကျဆုံးလေပြီးသော သူတို့) ကို ဝါကျတစ်ခုတည်းမှာ ယှဉ်ပြီးသုံးသည်။ မတူသော အချက်ကို ပေါ်လွင်စေသည်။ we ကို နှိမ့်ပြီး they ကို ပင့်လိုက်သည်။ မတူသည့်အချက်များကို ယှဉ်တွဲဖော်ပြသဖြင့် ပရိသတ်၏ အာရုံကိုဖမ်းစားသည်။ (we နှင့် they; say here နှင့် did here မတူသော စုံတွဲများ)

နိဂုံးအပိုဒ်သည် သစ္စာအဓိဋ္ဌာန်ဖြစ်၏။ It is rather for us to be here dedicated....(ဤနေရာ၌ ကျွန်တော်တို့ကသာ သစ္စာအဓိဋ္ဌာန်ပြုကြရမှာပါ) ဟုဆိုပြီး အဓိဋ္ဌာန်ပြုချက် ၄ ချက်ကို that လေးလုံး တစ်ခုစီ၏ နောက်မှ ဆက်ထားသည်။ ဤနေရာ၌ rather (ကသာ) သည် အလွန်လေးနက်၏။ ကျွန်တော်တို့ကသာ။ သူတို့တွေက လုပ်စရာ တာဝန်ကျခဲ့ပြီ၊ အသက်ပေးခဲ့ပြီ - ကျွန်တော်တို့ကသာ လုပ်ကြဖို့ကျန်သည်။ rather မပါလျှင် သူတို့လုပ်တာ မပါဝဲဖြစ်မည်။ နောက်ပြီးတော့ here လည်း အရေးကြီးသည်။ "ဒီနေရာမှာ" သစ္စာဆိုရမည်။ မြတ်သော "ဒီနေရာ" အရေးကြီးသည်။

နောက်ဆုံးဝါကျ Government of the people,by the people, for the people shall not perish from the earth သည် အလှပဆုံးဖြစ်၏။ ဤကားလင်ကွန်း၏ ကိုယ်ပိုင်စကားဖြစ်သည်။ နောင်းလူတို့ကမူ democracy ကို အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ် မှတ်ယူကြ၏။

လင်ကွန်းက the people, the people, the people (ပြည်သူ၊ ပြည်သူ၊ ပြည်သူ) ကို သုံးကြိမ်သုံးခါ အလေးအမြတ်ပြု၍ နေရာပေးသည်။ ငြီးငွေ့စရာကောင်းအောင် ထပ်ချည်းတလဲလဲ ဆိုသောစကားမဟုတ်။ လေးနက်စေလိုသောကြောင့် ဖြစ်သည်။ (သရဏဂုံဆောက်တည်ရာ၌ ဂုဏ်ဆိုကို သုံးကြိမ်သုံးလီ ရွတ်ဆိုရသည်။ လေးနက်ဖို့ဖြစ်ကြောင်း သတိရပါလော့။)

*****

အခန်း(၃)

အေဗရာဟင်လင်ကွန်း

ဒုတိယသမ္မတသက်တမ်းရာထူးလက်ခံမိန့်ခွန်း

Abraham Lincoln's Second Inaugural Speech

လင်ကွန်း၏ သမ္မတသက်တမ်း ပထမလေးနှစ်လုံးလုံး ပြည်တွင်းစစ် အကြီးအကျယ်ဖြစ်နေသည်။ စစ်မပြီးမီ သမ္မတရွေးကောက်ပွဲအသစ် ကျင်းပရာ လင်ကွန်း ပြန်လည်ရွေးကောက်ခံရ၏။ ၁၈၆၅ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ဒုတိယ သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို ပြည်ထောင်စုလွှတ်တော်(ကက်ပီတော်) ၏ အရှေ့မျက်နှာ ဆင်ဝင်တွင် ကျင်းပသည်။ ရက်အပေါင်းများစွာ မိုးအဆက်မပြတ် ရွာခဲ့သောကြောင့် ပင်ဆီဗေးနီးယားအဝဲနယူး လမ်းမကြီးသည် ဗွက်တောဖြစ်နေ၏။ သို့သော် ပရိသတ် ထောင်ပေါင်းများစွာ သမ္မတ၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို လာရောက်သည်။ ကျမ်းကျိန်ပြီးနောက် ထုံးစံအတိုင်း လင်ကွန်းက အောက်ပါ ရာထူးလက်ခံ မိန့်ခွန်းကို ပြောကြားသည်။

Abraham Lincoln : Second Inaugural Address

Fellow-Countrymen:

AT this second appearing to take the oath of the Presidential office there is less occasion for an extended address than there was at the first. Then a statement somewhat in detail of a course to be pursued seemed fitting and proper. Now, at the expiration of four years, during which public declarations have been constantly called forth on every point and phase of the great contest which still absorbs the attention and engrosses the energies of the nation, little that is new could be presented. The progress of our arms, upon which all else chiefly depends, is as well known to the public as to myself, and it is, I trust, reasonably satisfactory and encouraging to all. With high hope for the future, no prediction in regard to it is ventured.

On the occasion corresponding to this four years ago all thoughts were anxiously directed to an impending civil war. All dreaded it, all sought to avert it. While the inaugural address was being delivered from this place, devoted altogether to saving the Union without war, insurgent agents were in the city seeking to destroy it without war—seeking to dissolve the Union and divide effects by negotiation. Both parties deprecated war, but one of them would make war rather than let the nation survive, and the other would accept war rather than let it perish, and the war came.

One-eighth of the whole population were colored slaves, not distributed generally over the Union, but localized in the southern part of it. These slaves constituted a peculiar and powerful interest. All knew that this interest was somehow the cause of the war. To strengthen, perpetuate, and extend this interest was the object for which the insurgents would rend the Union even by war, while the Government claimed no right to do more than to restrict the territorial enlargement of it. Neither party expected for the war the magnitude or the duration which it has already attained. Neither anticipated that the cause of the conflict might cease with or even before the conflict itself should cease. Each looked for an easier triumph, and a result less fundamental and astounding. Both read the same Bible and pray to the same God, and each invokes His aid against the other. It may seem strange that any men should dare to ask a just God's assistance in wringing their bread from the sweat of other men's faces, but let us judge not, that we be not judged. The prayers of both could not be answered. That of neither has been answered fully. The Almighty has His own purposes. "Woe unto the world because of offenses; for it must needs be that offenses come, but woe to that man by whom the offense cometh." If we shall suppose that American slavery is one of those offenses which, in

the providence of God, must needs come, but which, having continued through His appointed time, He now wills to remove, and that He gives to both North and South this terrible war as the woe due to those by whom the offense came, shall we discern therein any departure from those divine attributes which the believers in a living God always ascribe to Him? Fondly do we hope, fervently do we pray, that this mighty scourge of war may speedily pass away. Yet, if God wills that it continue until all the wealth piled by the bondsman's two hundred and fifty years of unrequited toil shall be sunk, and until every drop of blood drawn with the lash shall be paid by another drawn with the sword, as was said three thousand years ago, so still it must be said "the judgments of the Lord are true and righteous altogether."

With malice toward none, with charity for all, with firmness in the right as God gives us to see the right, let us strive on to finish the work we are in, to bind up the nation's wounds, to care for him who shall have borne the battle and for his widow and his orphan, to do all which may achieve and cherish a just and lasting peace among ourselves and with all nations.

*****

အေဇရာဟင်လင်ကွန်း

ဒုတိယအကြိမ် သမ္မတရာထူး လက်ခံပွဲ မိန့်ခွန်း (ဘာသာပြန်)

ကျွန်တော့် အမေရိကန်ပြည်သူပြည်သား အပေါင်းတို့-

ယခု ဒုတိယအကြိမ် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရာမှာ ပထမအကြိမ်တုန်းကလောက် ပြောစရာ များများစားစားမရှိပါဘူး။ ပထမအကြိမ်မှာတော့ လုပ်မယ့်ကိုင်မယ့် လမ်းစဉ်နဲ့ပတ်သက်ပြီး ပြောသင့်ပြောထိုက်တာတွေပြောရပါတယ်။ အခုတော့ အသစ်ရယ်လို့ ပြောစရာ သိပ်မရှိပါဘူး။ လေးနှစ်တာ နိုင်ငံရဲ့အာရုံကို ဖမ်းစားနေဆဲ ဖြစ်တဲ့၊ ပြီးတော့ နိုင်ငံရဲ့စွမ်းပကားတွေကို ဝါးမျိုနေဆဲဖြစ်တဲ့-"အားပြိုင်ပွဲကြီး" နဲ့ ပတ်သက်သမျှ အကြောင်းမျိုးစုံကို အမြဲတမ်းလူသိရှင်ကြား အသိပေးကြေငြာခဲ့ပြီးပါပြီ။ စစ်ရေးအပေါ်မှာ ကျွန်အကြောင်းကိစ္စအားလုံး မူတည်နေပါတယ်။ စစ်ရေးနဲ့ပတ်သက်လို့ ကျွန်တော်သိသလိုပဲ လူထုကြီးလည်း ကောင်းကောင်းသိပြီးဖြစ်ပါတယ်။ လူတိုင်းအထိုက်အလျောက် ကျေနပ်နိုင်မယ့် အခြေအနေရှိတယ်။ အားတက်စရာပါပဲလို့ ကျွန်တော် ယုံကြည်ပါတယ်။ အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားလျက်ပါ။ သို့ပေမဲ့ ဒီအတွက်တော့ ဟောကိန်း မပေးရဲသေးပါဘူးခင်ဗျာ။

လွန်ခဲ့သော လေးနှစ်က ယခုလို အခမ်းအနားမျိုး ကျင်းပချိန်မှာ လူတိုင်းက ဖြစ်အံ့ဆဲဆဲ ပြည်တွင်းစစ်အကြောင်းပဲ တွေးပြီး ရင်တမမ ဖြစ်နေပါတယ်။ စစ်ဖြစ်မှာ လူတိုင်းစိုးရိမ်တယ်။ စစ်ကို ရှောင်ရှားဖို့ လူတိုင်းအားထုတ်ခဲ့တယ်။ ဒီနေရာမှာ ရာထူးလက်ခံတဲ့မိန့်ခွန်း ကျွန်တော်ပြောကြားနေဆဲမှာပဲ မြို့တော်ထဲမှာ ရေးကြီးသုတ်ပျာနဲ့ ဒလံတွေက စစ်မဖြစ်ပဲ ပြည်ထောင်စုကြီးကို ဖြိုခွဲဖို့ အားထုတ်နေကြပါတယ်။ ပြည်ထောင်စုကြီးကိုဖျက် ထွက်သမျှအပိုင်းအစတွေကို ဝေပုံချပြီး ခွဲဝေယူဖို့ လုံးပမ်းကြတယ်။ စစ်ဖြစ်ရမှာ နှစ်ဖက်လုံးက မလိုလားပါဘူး။ သို့သော် တစ်ဖက်က နိုင်ငံမတည်တံ့ချင်နေ စစ်ဖြစ်မယ်။ တခြားတစ်ဖက်ကတော့ နိုင်ငံတော့ အပျက်မခံနိုင်ဘူး၊ စစ်ဖြစ်ချင် ဖြစ်ပေ့စေပေါ့။ ဒါနဲ့ စစ်ဖြစ်လာတယ်။

နိုင်ငံအတွင်းမှာ နေထိုင်တဲ့ လူဦးရေ ရှစ်ပုံတစ်ပုံက လူမည်း၊ ကျေးကျွန်တွေ ဖြစ်ပါတယ်။ နိုင်ငံအတွင်း အညီအမျှ ဖြန့်ကျက်နေထိုင်တာ မဟုတ်ပါဘူး။ တောင်ပိုင်းမှာ စုပြုံနေတာများတယ်။ ဒီကျွန်တွေရဲ့အဖြစ်က အလွန်ထူးဆန်းပါတယ်။ သိပ်လည်း စိတ်ဝင်စားစရာကောင်းတယ်။ တစ်နည်းမဟုတ်တစ်နည်း ဒီစိတ်ဝင်စားမှုက စစ်ဖြစ်ရတဲ့ အကြောင်းရင်းဖြစ်ပါတယ်။ ဒီကျွန်စနစ် အခြေခိုင်အောင်၊ ဆက်လက်တည်ရှိအောင်၊ တိုးပွားအောင်လုပ်ဖို့က သူပုန်တွေရဲ့အဓိက ရည်ရွယ်ချက်ပါ။ သူတို့က စစ်တိုက်ပြီး တိုင်းပြည်ကို အစိတ်စိတ် အမွှာမွှာခွဲတဲ့အထိ လုပ်မယ်။ အစိုးရကတော့ ဒီစနစ်ကျင့်သုံးတဲ့ နယ်မြေကို နောက်ထပ်မတိုးချဲ့ဖို့သာ တောင်းဆိုပါတယ်။ စစ်ရဲ့အတိုင်းအတာနဲ့ စစ်ပွဲကာလက ဒီလောက်ထိဖြစ်လာလိမ့်မယ်လို့ နှစ်ဖက်လုံးက မမျှော်လင့်ခဲ့ပါဘူး။ စစ်မဖြစ်မီမှာပဲ သို့မဟုတ် စစ်မပြီးမီမှာ ဒီပဋိပက္ခရဲ့အကြောင်းရင်း ကွယ်ပျောက်သွားလိမ့်မယ်လို့ ဘယ်ဘက်ကမှ ကြိုတင်မှန်းဆခဲ့ခြင်း မရှိပါဘူး။ နှစ်ဖက်လုံးက လွယ်လွယ်နှင့် အောင်ပွဲခံဖို့သာ ကြံစည်ကြပါတယ်။ ရလဒ်က မှန်းသလောက်တော့ ဖြစ်ချင်မှဖြစ်မယ်။

သိပ်ကြီးကျယ်တဲ့ ရလဒ် မဟုတ်ပေဘူးပေါ့။ နှစ်ဖက်လုံးက တစ်ခုတည်းသော ဓမ္မကျမ်းမြတ်ကို ဖတ်ရှုပါတယ်။ ကိုးကွယ်တဲ့ဘုရားလည်း တစ်ဆူတည်းပါပဲ။ ပြီးတော့ နှစ်ဖက်လုံးက ဒီဘုရားရဲ့ အစောင်မခံပြီး တစ်ဖက်အပေါ် အနိုင်ယူဖို့ အားထုတ်တယ်။ သူများ နဖူးကခွေး ခြေမကျပြီးမှ ရတဲ့ထမင်းကို ကိုယ်စားဖို့ တရားမျှတတဲ့ဘုရားသခင်က မစတော်မူပါလို့ ဆုတောင်းရဲတဲ့ လူတွေရှိတာ အံ့ဖို့ကောင်းပဗျာ။ ဒါပေမဲ့ ကျုပ်တို့ အဝေဖန်မခံရဖို့ တစ်ပါးသူကို မဝေဖန်ကြပါစို့။ နှစ်ဖက်လုံး တောင်းသမျှဆုကို ဘုရားက ဘယ်လိုလုပ်ပေးနိုင်ပါ့မလဲ။ ဘယ်ဘက်ကမှလည်း တောင်းတဲ့ဆု မပြည့်သေးပါဘူး။ အနန္တတန်ခိုးတော်ရှင်က သူ့ရည်ရွယ်ချက်နှင့်သူ ရှိပြီးသားပါ။ "အကုသိုလ်က ဒုက္ခအကျိုးပေးစေသတည်း။ လောကသည် အကုသိုလ်နှင့် မကင်းနိုင်။ သို့သော် အကုသိုလ်လုပ်သူသာ ဒုက္ခရောက်စေသတည်း"။ အမေရိကန်နိုင်ငံ၌ ကျေးကျွန်ခိုင်းစေမှုသည် အကုသိုလ်အလုပ်ဟု မှတ်ယူငြားအံ့။ ဘုရားသခင်၏နယ်မြေတွင် မလွဲမသွေ ဖြစ်ပေါ်ရသည့် အကုသိုလ်ဟုဆိုအံ့။ သို့သော် ဘုရားခွင့်ပြုသမျှကာလကို ကျော်လွန်ခဲ့ပေပြီ။ ယခုအခါ ထိုကိစ္စကို ပယ်ဖျက်ရန် ဘုရားဆန္ဒရှိတော်မူပြီ။ ပြုခဲ့သမျှ အကုသိုလ်နှင့်တန်အောင် ကြောက်ဖွယ်စစ်ဘေးဒုက္ခကို တောင်ပိုင်းရော မြောက်ပိုင်းကိုပါ ဘုရားကပေးလေပြီ။ ဘုရားကို ဆည်းကပ်သူတွေ ယုံကြည်သော တန်ခိုးတော်နှင့် ယခုဖြစ်ပျက်နေတာတွေ လွဲချော်နေသည်ဟု ထင်မှတ်စရာ တစ်ခုတလေများ တွေ့မြင်ပါသလား။ ယခုစစ်ကြီးကြောင့် ထူပြောနေသော အွန္တရာယ်တွေ၊ ဘေးဆိုးတွေ အမြန်ချုပ်ငြိမ်းစေဖို့ ကျွန်ုပ်တို့ အလွန်တောင့်တပါတယ်။ ပြင်းပြသော ဆန္ဒဖြင့်လည်း ဆုတောင်းပါတယ်။ ဒါပေမဲ့ ထိုက်တန်တဲ့ အဖိုးအခ မပေးပဲ ချုပ်နှောင်ပြီး အခိုင်းခံရသူရဲ့ နှစ် ၂၅၀ လုပ်အားမှချပြီး စုဆောင်းထားသမျှ စည်းစိမ်တွေ ပြုတ်ပြုတ်ပြန်းသည်အထိ စစ်ကြီး ဆက်လက်ဖြစ်စေ၊ ကြာပွတ်ဒဏ်ကြောင့် ယိုစိမ့်ခဲ့သမျှ သွေးစက်တွေကို ဓားဒဏ်ကြောင့် ယိုတဲ့ သွေးစက်နဲ့ "ထေ" မပြီးမချင်း စစ် ဆက်ပြီးဖြစ်စေဟု ဘုရားအလိုတော်ရှိလျှင် ရှေးနှစ် ၃၀၀၀ က ဆိုရိုးရှိတဲ့အတိုင်း "ဘုရားအဆုံးအဖြတ်သည် မှန်ကန်မျှတသည်ချည်း ဖြစ်ပေ၏" ဟု ယခုလည်း ဆိုရလိမ့်မယ်ခင်ဗျ။

ဘယ်သူ့အပေါ်မှ အဘိဇ္ဈာမပွား၊ လူတိုင်းအတွက် စေတနာကောင်းထားပြီး ဘုရားပြသည့် သစ္စာတရားကို မြဲမြံစွာ ဆုပ်ကိုင်လျက်၊ ကျွန်တော်တို့ လုပ်ကိုင်ဆဲ အလုပ်ကို ဆုံးခန်းတိုင်အောင် လုပ်ဆောင်ကြပါစို့။ နိဂုံး၏ ဒဏ်ရာဒဏ်ချက်တွေကို ကုစားဖို့၊ စစ်ပွဲနွံသူဖို့၊ ကျန်ရစ်တဲ့ မုဆိုးမနဲ့ မိဘမဲ့ကလေးကို စောင့်ရှောက်ဖို့ ကျွန်တော်တို့အချင်းချင်းကြားမှာရော တခြားနိုင်ငံတွေနှင့်ပါ တရားမျှတမှုလည်းရှိ၊ ရေရှည်လည်း တည်တံ့မယ့် ငြိမ်းချမ်းရေးကို ရရှိပြီး အမြတ်တနိုးထိန်းသိမ်းထားနိုင်ဖို့ လုပ်စရာရှိသမျှကို လုပ်ကိုင်သွားကြပါစို့လို့ တိုက်တွန်းပါတယ်ခင်ဗျား။

*****

သုံးသပ်ချက်

ဤမိန့်ခွန်းကို ခပ်တိုတိုသာ သုံးသပ်ပါမည်။ အဖွင့်အပိုဒ်က သမ္မတဖြစ်စမှ ပထမ လေးနှစ်တာကာလနှင့် ပတ်သက်ပြီး အကျဉ်းတင်ပြသည်။ ပြည်တွင်းစစ်အကြောင်း အဓိကဖြစ်သည်။ ၎င်းအပိုဒ်၏ နောက်ဆုံးဝါကျသည် အထူးမှတ်သားဖွယ်ကောင်း၏။ With high hope for the future, no prediction in regard to it is ventured.(အနာဂတ်အတွက် အများကြီး မျှော်လင့်ပါတယ်။ သို့ပေမဲ့ ဟောကိန်းတော့ မပေးရဲပါဘူး။) ထိုစကားသည် အပြောမကြီးကြောင်း၊ ထိန်းထိန်းသိမ်းသိမ်းပြောကြောင်း ထင်ရှားစေသည်။

ဝေဖန်သုံးသပ်ခဲ့သော ရှေ့ကမိန့်ခွန်းများတွင် လေးနက်မှုဖြစ်စေသော ထပ်ခါထပ်ခါ အသုံးအနှုန်းကို အထူးပြုဖော်ပြခဲ့သည်။ ယခု မိန့်ခွန်းတွင်လည်း အလေးအနက်ဖြစ်စေသည့် ထပ်ခါထပ်ခါများ တွေ့ရသည်။ ဒုတိယအပိုဒ်တွင် all ကို ဝါကျနှစ်ခုတွင် သုံးကြိမ်ကျော့ထားသည်ကို ကြည့်ပါ။ ....all thoughts were anxiously directed to an impending civil war. All dreaded it. All sought to avert it. ဖြစ်အံ့ဆဲဆဲ စစ်အကြောင်း "လူတိုင်း" က ရင်တမမနှင့် တွေးနေတယ်။ စစ်ဖြစ်မှာ "လူတိုင်း" စိုးရိမ်တယ်။ စစ်ကိုရှောင်ရှားဖို့ "လူတိုင်း"အားထုတ်ခဲ့တယ်။ ဖြစ်နေသော စစ်သည် လူတိုင်း၏ကိစ္စဖြစ်ကြောင်း စကားလုံးနည်းနည်းနှင့် ပြောဆိုသည်။ ဝါကျတိုတိုကလေးတွေ သုံးထားသည်ကိုလည်း သတိထားစရာရှိသည်။

အလားတူ ထပ်ကျော့သော အသုံးများကို အောက်တွင် ထပ်မံတွေ့နိုင်သည်။

*saving the Union without war,....to destroy it without war

*Both parties deprecated war,...would make war,...accept war

*Neither party expected...Neither anticipated.....

*Both read the same Bible and pray to the same God.

*...let us judge not, that we be not judged.

*Fondly do we hope, fervently do we pray...

*..every drop of blood drawn with the lash....paid by another drawn with the sword,....

*..,as was said three thousand years ago, so still it must be said

*...With malice toward none, with charity for all, with firmness in the right....

*...to finish the work ..,to bind up...,to care for....to do all...

*...and for his widow and for his orphan

ဤကဲ့သို့သော ထပ်ကျော့အသုံးအနှုန်းများက ပြောစကားကို လေးနက်စေသည်။ ပရိသတ်၏အာရုံကို ဖမ်းသည်။ ပြောစကားကို ပြေစေသည်။ ဥပမာ Both read the same Bible and pray to the same God အစား Both workship the same religion ဟု ပြောလျှင် အဓိပ္ပာယ်က အတူတူဖြစ်၏။ ဤနေရာ၌ ဝါကျပင်ပို၍ တိုသည်။ သို့သော် လင်းကွန်း၏စကားလို လူထုနားတွင် စွဲမည်မဟုတ်။

"ဝါကျတိုလျှင် ကောင်းသည်ဟု ရှေ့တွင် ရေးခဲ့သည်။
လေ့နံ့ဓားထစ် မှတ်ယူဖို့ မဟုတ်ပါ။"

Both read the same Bible and pray the same God.(စကားလုံး ၁၁) လုံးက Both worship the same religion (စကားလုံး ၅လုံး) ထက် အများကြီးပိုကောင်းသည်။

အဘယ်ကြောင့်နည်း the same Bible နှင့် the same God က အများကြီး လေးနက်မှုရှိသည်။ the same ကို ထပ်ကျော့သုံးစွဲသော အကျိုးဖြစ်၏။ နောက်တစ်ကြောင်းက Bible နှင့် God နှစ်လုံးက ပိုပြီး ထင်ရှား ရှင်းလင်းသည်။ Bible ကို လူတိုင်ကိုင်ဖူး ဖတ်ဖူးသည်။ God ကို ကလေးကအစ သိသည်။ worship နှင့် religion က စကားလုံးပွသည်။ (Bible နှင့် God လောက်မကျွမ်းလစ်)။ ပြီးတော့ လူနှင့် အထိအတွေ့နည်းသည်။ abstract terms (စိတ်အာရုံထဲက ပစ္စည်း) ဖြစ်သည်။ God လည်း abstract ဖြစ်၏။ သို့သော် လူနှင့်ပိုပြီး ယဉ်သည်။ ထို့ကြောင့် အောက်ပါ ဝါကျနှစ်ခုကို ယှဉ်ကြည့်ပါ။

Both worship the same religion. (မှန်/ကောင်း)

Both read the same Bible and pray to the same God. (မှန်/အလွန်ကောင်း၊ အထက်က ဝါကျထက်ပိုကောင်း)

ဒုတိယ ဝါကျက နည်းနည်းပိုရှည်သော်လည်း အကြောင်းမဟုတ်။ တိုးလာသော စကားလုံးတွေက တိုသည် လွယ်သည် ရှင်းသည်။

workship နှင့် religion ကို read, Bible, pray, God နှင့် ယှဉ်ပြီး အသံထွက်ကြည့်ပါ။ workship နှင့် religion က ဝန်လေးသော အထုပ်ကြီးနှစ်ထုပ်နှင့် တူသည်။ read, Bible, pray, God က ဝန်ပေါ့သော အထုပ်ကလေး လေးထုပ်နှင့်တူသည်။ ပရိသတ်အတွက် ခေါင်းပေါ့သည့် စကားလုံးတွေ ဖြစ်သည်။

ဝါကျတိုလျှင် ကောင်းသည်ဟု ရှေ့တွင် ရေးခဲ့သည်။

လေ့နံ့ားထစ် မှတ်ယူဖို့ မဟုတ်ပါ။

ရှည်လျားသည် ထင်ရသော ဝါကျများ

တချို့ဝါကျများ ရှည်လျားသည် ထင်ရ၏။ စိတ်ဖြာကြည့်လျှင် ဝါကျတို ဖြစ်သည်။

(၁) ပထမအပိုဒ်က တတိယဝါကျကို ကြည့်ပါ။

Now, at the expiration of four years,...little that is new could be presented. ၎င်းတွင် စကားလုံး ၄၅ လုံး ပါသည်။ ဝါကျရှည်သည်ဟု ဆိုစရာဖြစ်၏။ သို့သော် အဓိက ဝါကျသည် Now, little could be presented. (ယခုတော့ တင်ပြစရာ နည်းနည်းသာရှိပါသည်) ဖြစ်၏။ That is new က little ကို အထူးပြုသည်။(အသစ်ဆို၍ နည်းနည်းသာ)။ Now က ယခုအခါ။ at the expiration of four years (လေးနှစ်ကုန်ဆုံးချိန်မှာ) လေးနှစ်ကုန်ဆုံးတဲ့ ယခုအချိန်မှာ။ ကော်မာခံထားသည့်အတွက် ရှုပ်စရာမရှိ ။ စကားပြောသောအခါ Now တွင် ဆိုင်းငံ့မည်။ ဘယ်လို Now တုန်း ပြောမည့်ဟန်ပြင်ပြီးမှ at the expiration of four years လာမည်။ ပြီးတော့ ကော်မာလာသည်။ အဲဒီ လေးနှစ်အကြောင်းပြောဖို့ အာပြင်မည်။ during which (ဒီကာလအတွင်းမှာ) public declarations have been called forth (လူထုသိစရာ ကြေငြာချက်တွေ ထုတ်ပြန်ခဲ့ပါတယ်)။ .....called forth က တဲ့တိုးပြန်လျှင် အော်ခေါ်လိုက်သည်။ ဒီမှတော့ ကြေငြာချက် ထုတ်ပြန်သည်။ been နဲ့ called ကြားမှာ constantly ထည့်တာက အမြဲတမ်း စဉ်ဆက်မပြတ် ထုတ်ပြန်ကြောင်း ပြောချင်လို့။ on every point and phase of the great contest.(စစ်ပွဲကြီးနဲ့ ပတ်သက်သမျှ အကြောင်းအရာအားလုံး၊ အဆင့်တိုင်း အဆင့်ဆိုင်းမှာ) which still absorbs the attention...of the nation (နိုင်ငံရဲ့ အာရုံကို ဖမ်းစားနေဆဲ ဖြစ်တဲ့)၊ and engrosses the energies of the nation (ပြီးတော့ နိုင်ငံရဲ့ စွမ်းပကားတွေကို ဝါးမျိုနေဆဲ ဖြစ်တဲ့)...ဒါကြောင့် on every point ....of the nation က ထုတ်ပြန်ခဲ့တဲ့ အကြောင်းအရာက ဘယ်လိုဟာတွေလဲဆိုတာ ရှင်းပြတာဖြစ်တယ်။

ယခုလို အပိုင်းပိုင်းတစ်ပြီး ဝါကျကို သရုပ်ခွဲလျှင် မရှည်လျားတော့ပါ။ သူ့နေရာနှင့်သူ အဆိုင်းအငုံ၊ အဆွဲ/အဖြတ်အတောက်နှင့်ဆိုလျှင် အကြောင်းအရာ ရှင်းပါသည်။ တကယ်တော့ ထိုသို့ လုပ်ဆောင်ခြင်းသည်။ အပြောအဟာ ပညာဖြစ်၏။ လေ့ကျင့်မှ ပါရမီပါမှ ဖြစ်သည့် အလုပ်ပေတည်း။

နှိုင်းယှဉ်ဖော်ပြချက်များ

နှိုင်းယှဉ်ဖော်ပြချက်သည် ပရိသတ်၏ အာရုံကို ဖမ်းစား၏။ တူတာချင်း နှိုင်းယှဉ်မှုရော ဆန့်ကျင်ဖက်များ နှိုင်းယှဉ်မှုပါ နှစ်မျိုးလုံးသည် အာရုံကို စူးစိုက်စေ၏။ လင်ကွန်းက ဤအချက်ကို တွင်တွင်သုံးသည်။ အောက်ပါတို့ကို ကြည့်ပါ။

* ....well known to the public as to myself....

* ....saving the Union without war,...to destroy it without war.

* ....make war..let the nation survive,...would accept war....let it perish,....

* ....drop of blood drawn with the lash,.... another drawn with the sword,..

စ၊ လယ်၊ ဆုံး ကောင်းခြင်း

မိန့်ခွန်းကို ခပ်အေးအေး စတင်သည်။ ပထမအကြိမ် ကျမ်းသစ္စာကျိန်တုန်းကလောက် ပြောစရာမများကြောင်း နိဒါန်းပျိုးသည်။ ယခင်နှင့် ယခု ယှဉ်ပြလိုက်သည်။ တိုတိုနှင့် လိုရင်းပါသွား၏။ ဒုတိယအပိုဒ်တွင် ဘယ်သူမှ မဖြစ်ချင်ပဲ ဖြစ်ရသော စစ်အကြောင်းကို ပြောသည်။ ကျွန်စနစ်ကို ဘုရားမကြိုက်သော အကုသိုလ်အတွက် ဒုက္ခအကျိုးပေးနေခြင်းဖြစ်ကြောင်း ပြောသည်။ ရှင်းလင်းပြတ်သားပြီး ထိထိမိမိရှိ၏။ နိဂုံးကတော့ အကောင်းဆုံးဖြစ်သည်။

With malice toward none, with charity for all, with firmness in the right as God gives us to see the right, let us strive on to finish the work we are in. သည် ကမ္ဘာကျော်သော ဝါကျဖြစ်၏။

လူထုနှုတ်ဖျားတွင် ဤစကားစွဲကျန်ရစ်သည်။ with ကို သုံးခါဆက်သုံးလိုက်သဖြင့် ပရိသတ်အာရုံကို ပိုပြီး ဆွဲဆောင်သည်။ with တစ်ခုစီ၏ နောက်ကလိုက်သော noun များက မတူသောကြောင့် ပြီးငွေ့စရာ ထပ်တလဲလဲမဟုတ်ပဲ၊ အာရုံကို ဆွဲဆောင်သော ထပ်ခါထပ်ခါဖြစ်သည်။ right(အမှန်တရား) ကို နှစ်ခါသုံးသည်။ ရှေ့က with firmness in the right က(အမှန်တရားကို ခိုင်းမြဲစွာ စွဲကိုင်လျက်) as God gives us to see the right (အမှန်ကိုမြင်အောင် ဘုရားပေးသနားတော်မူသည့်အတိုင်း (သို့) ဘုရားပြသည့် အမှန်တရား)

နိဂုံးတွင် ဘုရားအကြိုက်ပါသည်။ အဆုံးအမသြဝါဒပါသည်။ အလွန်သိမ်မွေ့သော သြဝါဒဖြစ်၏။ ခင်ဗျားတို့ ဒီလိုမျိုးတွေ မလုပ်နှင့် ဒီလိုကျင့်ကြံကြပါ ဆိုတာမျိုးမဟုတ်။ နောက်ဆုံး ထမ်းဆောင်စရာ တာဝန်တွေကို ဖော်ပြသည်။ who shall have borne the battle တည့်တည့်ပြန်ဆိုလျှင်တော့ စစ်တည်းဟူသော ဝန်ကို ပြီးဆုံးအောင် ထမ်းရွက်သူဟု အဓိပ္ပာယ်ရသည်။ ဆီလျော်အောင် ပြန်ဆိုလျှင် "တာဝန်ကျပွန်သော စစ်သည်" ဟု ဆိုနိုင်သည်။ ကျဆုံးသူ ဒဏ်ရာရသူ အလုပ်လက်မဲ့ ဖြစ်မည့်သူ အကုန်ပါသည်။ ဤနေရာ၌ တောင်ဖက်သား မြောက်ဖက်သား မခွဲခြား။ ရှုံးတဲ့ကောင်တွေ ခံပစေ၊ သူတို့တော့ ချန်ထားမည်။ ငါ့ဘက်သားတွေပဲ ဂရုစိုက်မည်ဆိုတာမျိုး မဟုတ်။ စစ်မှုဆိုးမနှင့် စစ်မိဘမဲ့ကလေးတွေ ပြုစုစောင့်ရှောက်ရေးလုပ်ကြဖို့ ဆော်သြသည်။

လုပ်စရာတွေက သူတို့နိုင်ငံသားတွေချည်းမဟုတ်။ ကမ္ဘာ့နိုင်ငံများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေဖို့၊ အဓွန့်ရှည်သည့် ငြိမ်းချမ်းရေး တည်ဆောက်ကြပါဟု တိုက်တွန်းသည်။ ကြီးမြတ်သော ခေါင်းဆောင်သည် ကိုယ့်တစ်နိုင်ငံတည်း၏ အကျိုးစီးပွား ကွက်ကွက်ကလေးကို မကြည့်။ လူသားအားလုံး ကောင်းစားစေချင်သော စေတနာရှိရမည်။ ဤစေတနာ လင်ကွန်းမှာရှိသည်။ ပေါ်လွင်အောင် ပြောလိုက်သည်။ ဤစေတနာကြောင့် မိန့်ခွန်းသည် အဆုံး၏ ကောင်းခြင်းအဂီါနှင့်လည်း ပြည့်စုံပေသည်။ နောက်ဆုံးကောင်းကွက်က မိန့်ခွန်းတိုသည်။ စကားလုံး ၇၀၀ ခန့်။ ပြောချိန် ၅ မိနစ်စာသာရှိသည်။ ပရိသတ် မငြီးငွေ့သည့် တော်ရုံအရှည် ဖြစ်သည်။ ဤသည်လည်း ကောင်းခြင်းအဂီါတစ်ရပ် ဖြစ်ပေသည်။

*****

အခန်း(၄)

ဂျွန်ကနက်ဒီ၏ "မမေးနှင့်" မိန့်ခွန်း

John Kennedy : "Ask Not"

ဂျွန်အက်(ဖ)ကနက်ဒီ (၁၉၁၇-၁၉၆၃)

ဂျွန်ဖစ်ဂျာရဲ့ ကနက်ဒီသည် ၃၅ ယောက်မြောက် အမေရိကန်သမ္မတ ဖြစ်၏။ သမ္မတတင်မြောက်ခံရချိန်၌ အသက်အငယ်ဆုံးဖြစ်သည်။ အသက် ၄၃ နှစ်သာ ရှိသေး၏။ ရိုမန်ကက်သလစ်ဘာသာဝင်ထဲမှ ပထမဆုံး သမ္မတဖြစ်သည်။ ကနက်ဒီကို ၁၉၁၇ ခုနှစ်တွင် မွေးဖွားသည်။ သားကြီး ဩရသဖြစ်၏။ သူဖခင် ဂျိုးဇက်ပက်ထရစ်ကနက်ဒီသည် လူချမ်းသာ စီးပွားရေးလုပ်ငန်းရှင် ဖြစ်သည့်အပြင် အစိုးရ ရာထူးအမျိုးမျိုးလည်း ထမ်းဆောင်ဖူးသူဖြစ်၏။ ဖခင်ဂျိုးဇက်သည် ၁၉၃၇-၄၁ တွင် ဗြိတိန်နိုင်ငံ၌ အမေရိကန်သံအမတ်အဖြစ် တာဝန်ထမ်းသည်။ ကနက်ဒီမိသားစုသည် မက်ဆာချူးဆက်ပြည်နယ်တွင် ဩဇာကြီး အထင်ကရမိသားစု ဖြစ်သည်။

ကနက်ဒီသည် ဟားဗတ်တက္ကသိုလ်တွင် ပညာသင်ပြီး ၁၉၄၁ ပြည့်နှစ်တွင် ဘွဲ့ရ၏။ ၁၉၄၁-၄၅ တွင် ဒုတိယကမ္ဘာအတွင်း ရေတပ်ဗိုလ်ကလေးအဖြစ် ပစိဖိတ်ရေတပ်တွင် အမှုထမ်းသည်။ သူ၏ သင်္ဘောနှစ်မြှုပ်ခံရသည်။ စွန့်စားပြီး ရဲဘော်များကို ကယ်ဆယ်၏။ သူရဲကောင်း မှတ်တမ်းဝင်အဖြစ် ဂုဏ်ပြုခံရသည်။

အသက် ၂၉ နှစ်တွင် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခံရသည်။ ၁၉၅၃ ခုနှစ်တွင် ဂျက်ကလင်းလီဗိုးဗီယေးနှင့် လက်ထပ်သည်။ ၁၉၅၂ ခုနှစ်တွင် အထက်လွှတ်တော် (ဆီးနိတ်) အမတ်အဖြစ် ရွေးကောက်ခံရသည်။ "'သူရဲကောင်းတို့ ရုပ်ပုံလွှာ"(Profiles in Courage) ကို ရေးသားသည်။ ပူလစ်ဇာဆု (Pulitzer Prize) ကို ရရှိသော စာအုပ်ဖြစ်၏။ ၁၉၆၀ ပြည့်နှစ်တွင် သမ္မတအဖြစ်ရွေးကောက်ခံရသည်။ အသက် ၄၆ နှစ်အရွယ် (၁၉၆၃ ခု) တွက် တက္ကဆပ်ပြည်နယ်သို့ တိုင်းခန်းလှည့်လည်စဉ် ဒါးလက်မြို့၌ သေနတ်နှင့် ပစ်သတ်ခံရပြီး ကွယ်လွန်သည်။ (မိသားစုဝင်များတွင် ထင်ပေါ်သူများ၏။ သူညီ ရောဘတ်ကနက်ဒီသည် သူ့သမ္မတသက်တမ်းတွင် ပြည်ထဲရေးဝန်ကြီးဖြစ်၏။ သူလည်း သမ္မတရွေးကောက်ခံရန် မဲဆွယ်နေဆဲ လုပ်ကြံသတ်ဖြတ်ခံရသည်။ နောက်ညီဖြစ်သူ အက်ဒွပ်ကနက်ဒီလည်း ဆီးနိတ်အမတ်အဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်သည်။ မင်းသား ရွှဇင်နက်ဂါးသည် ကနက်ဒီ၏ တူမနှင့် အကြောင်းပါပြီး ယခု ကာလီဖိုးနီးယားနယ် အုပ်ချုပ်ရေးမှူး (ဂါဗနာ) ဖြစ်သည်။)

ကနက်ဒီ ကွယ်လွန်သောအခါ သားတစ်ယောက် သမီးတစ်ယောက်နှင့် ဇနီးကျန်ရစ်သည်။ ဇနီး ဂျက်ကလင်းက ဂရိသူဌေးကြီး အိုနာဆစ်(Onasis) နှင့် ဒုတိယအိမ်ထောင်ထူသည်။ အိမ်ဖြူတော်တွင် သမ္မတကတော် ဂျက်ကလင်း၏ စီမံခန့်ခွဲမှုနှင့် ကနက်ဒီအစိုးရ၏ အုပ်ချုပ်နည်းပုံသစ်ကြောင့် ကမ္ဘာအရပ်ရပ်၌ လူထုအားကျခံရသော ဇနီးမောင်နှံ ဖြစ်သည်။ သမ္မတကနက်ဒီ၏ လက်ထက်တွင် ပညာတတ်များကို အုပ်ချုပ်ရေး၌ နေရာပေးသည်။ "ဉာဏ်ကြီးရှင်အဖွဲ့" (Brain Trust)က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွင် အကြံပေးသည်။ ဟားဗတ်တက္ကသိုလ်မှ ပုဂ္ဂိုလ်တွေများ၏။

Ask not....

(မမေးနှင့်...) ဟု အမည်တွင်သော မိန့်ခွန်းကို သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲတွင် ကနက်ဒီ မိန့်ကြားသည်။ ဟားဗတ်တက္ကသိုလ်မှ စီးပွားရေးပညာ ပါမောက္ခ ကက်နက်ဂဲဘရိတ်(Kenneth Gailbraith) ဦးဆောင်သော အဖွဲ့က ကြိုတင်ရေးသားပေးသော မိန့်ခွန်းဖြစ်၏။ ကနက်ဒီ၏ပါတီဖြစ်သော ဒီမိုကရက်နှင့် အတိုက်အခံ ရီပတ်ပလီကန်ပါတီ နှစ်ရပ်လုံးက အကောင်းဆုံးမိန့်ခွန်းအဖြစ် ချီးမွမ်းခံရသည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားကြောင့်လည်း ကမ္ဘာအဝှမ်း လူသိများ၏။ မိန့်ခွန်းတွင် စာ ၁၅ ပိုဒ် ပါဝင်သည်။ စကားလုံး (မှန်းခြေ) ၁၃၀၀ ခန့်သာ ပါရှိ၏။ မိန့်ခွန်းပြောချိန် ဆယ်မိနစ်ခန့်သာ ကြာမည်။ ထို့ကြောင့် ပရိသတ် ငြီးငွေ့လောက်စရာမပါ။ စွဲကျန်ရစ်တာတွေသာများသည်။

****

"Ask Not...." : John F. Kennedy

We observe today not a victory of party, but a celebration of freedom—symbolizing an end, as well as a beginning—signifying renewal, as well as change. For I have sworn before you and Almighty God the same solemn oath our forebears prescribed nearly a century and three quarters ago.

The world is very different now. For man holds in his mortal hands the power to abolish all forms of human poverty and all forms of human life. And yet the same revolutionary beliefs for which our forebears fought are still at issue around the globe—the belief that the rights of man come not from the generosity of the state, but from the hand of God.

We dare not forget today that we are the heirs of that first revolution. Let the word go forth from this time and place, to friend and foe alike, that the torch has been passed to a new generation of Americans—born in this century, tempered by war, disciplined by a hard and bitter peace, proud of our ancient heritage—and unwilling to witness or permit the slow undoing of those human rights to which this Nation has always been committed, and to which we are committed today at home and around the world.

Let every nation know, whether it wishes us well or ill, that we shall pay any price, bear any burden, meet any hardship, support any friend, oppose any foe, in order to assure the survival and the success of liberty.

This much we pledge—and more.

To those old allies whose cultural and spiritual origins we share, we pledge the loyalty of faithful friends. United, there is little we cannot do in a host of cooperative ventures. Divided, there is little we can do—for we dare not meet a powerful challenge at odds and split asunder.

To those new States whom we welcome to the ranks of the free, we pledge our word that one form of colonial control shall not have passed away merely to be replaced by a far more iron tyranny. We shall not always expect to find them supporting our view. But we shall always hope to find them strongly supporting their own freedom—and to remember that, in the past, those who foolishly sought power by riding the back of the tiger ended up inside.

To those people in the huts and villages across the globe struggling to break the bonds of mass misery, we pledge our best efforts to help them help themselves, for whatever period is required—not because the Communists may be doing it, not because we seek their votes, but because it is right. If a free society cannot help the many who are poor, it cannot save the few who are rich.

To our sister republics south of our border, we offer a special pledge—to convert our good words into good deeds—in a new alliance for progress—to assist free men and free governments in casting off the chains of poverty. But this peaceful revolution of hope cannot become the prey of hostile powers. Let all our neighbors know that we shall join with them to oppose aggression or subversion anywhere in the Americas. And let every other power know that this Hemisphere intends to remain the master of its own house.

To that world assembly of sovereign states, the United Nations, our last best hope in an age where the instruments of war have far outpaced the instruments of peace, we renew our pledge of support—to prevent it from becoming merely a forum for invective—to strengthen its shield of the new and the weak—and to enlarge the area in which its writ may run.

Finally, to those nations who would make themselves our adversary, we offer not a pledge but a request: that both sides begin anew the quest for peace, before the dark powers of destruction unleashed by science engulf all humanity in planned or accidental self-destruction.

We dare not tempt them with weakness. For only when our arms are sufficient beyond doubt can we be certain beyond doubt that they will never be employed.

But neither can two great and powerful groups of nations take comfort from our present course—both sides overburdened by the cost of modern weapons, both rightly alarmed by the steady spread of the deadly atom, yet both racing to alter that uncertain balance of terror that stays the hand of mankind›s final war.

So let us begin anew—remembering on both sides that civility is not a sign of weakness, and sincerity is always subject to proof. Let us never negotiate out of fear. But let us never fear to negotiate.

Let both sides explore what problems unite us instead of belaboring those problems which divide us. Let both sides, for the first time, formulate serious and precise proposals for the inspection and control of arms—and bring the absolute power to destroy other nations under the absolute control of all nations. Let both sides seek to invoke the wonders of science instead of its terrors. Together let us explore the stars, conquer the deserts, eradicate disease, tap the ocean depths, and encourage the arts and commerce.

Let both sides unite to heed in all corners of the earth the command of Isaiah—to «undo the heavy burdens ... and to let the oppressed go free.

And if a beachhead of cooperation may push back the jungle of suspicion, let both sides join in creating a new endeavor, not a new balance of power, but a new world of law, where the strong are just and the weak secure and the peace preserved. All this will not be finished in the first 100 days. Nor will it be finished in the first 1,000 days, nor in the life of this Administration, nor even perhaps in our lifetime on this planet. But let us begin.

In your hands, my fellow citizens, more than in mine, will rest the final success or failure of our course. Since this country was founded, each generation of Americans has been summoned to give testimony to its national loyalty. The graves of young Americans who answered the call to service surround the globe.

Now the trumpet summons us again—not as a call to bear arms, though arms we need; not as a call to battle, though embattled we are—but a call to bear the burden of a long twilight struggle, year in and year out, «rejoicing in hope, patient in tribulation»—a struggle against the common enemies of man: tyranny, poverty, disease, and war itself. Can we forge against these enemies a grand and global alliance, North and South, East and West, that can assure a more fruitful life for all mankind? Will you join in that historic effort?

In the long history of the world, only a few generations have been granted the role of defending freedom in its hour of maximum danger. I do not shrink from this responsibility—I welcome it. I do not believe that any of us would exchange places with any other people or any other generation. The energy, the faith, the devotion which we bring

to this endeavor will light our country and all who serve it—and the glow from that fire can truly light the world. And so, my fellow Americans: ask not what your country can do for you—ask what you can do for your country. My fellow citizens of the world: ask not what America will do for you, but what together we can do for the freedom of man.

Finally, whether you are citizens of America or citizens of the world, ask of us the same high standards of strength and sacrifice which we ask of you. With a good conscience our only sure reward, with history the final judge of our deeds, let us go forth to lead the land we love, asking His blessing and His help, but knowing that here on earth God›s work must truly be our own.

*****

ဂျွန်အက်(ဖ)ကနေဒီ

သမ္မတကျမ်းသစ္စာ ကျိန်ဆိုပွဲမိန့်ခွန်း

ဘာလုပ်ပေးမှာလဲ မမေးနှင့် ....(ဘာသာပြန်)

ဒီနေ့ ကျွန်တော်တို့ ကျင်းပတာ ပါတီအောင်ပွဲမဟုတ်ပါဘူးခင်ဗျား။ လွတ်လပ်ရေး အောင်ပွဲခံတာပါ။ ရှေး ၁၇၅ နှစ်က ဘိုးဘေးတို့ ပြဋ္ဌာန်းခဲ့တဲ့ လေးနက်တဲ့ ကတိသစ္စာကို ပရိသတ်ကြီးရှေ့၊ ဘုရားသခင်ရှေ့မှာ ကျွန်တော် ကျိန်ဆိုလိုက်ပါပြီ။ ဒါကြောင့် ခေတ်တစ်ခေတ် ချုပ်ငြိမ်းပြီး ခေတ်သစ်တစ်ခု စတင်တဲ့ အထိမ်းအမှတ်ဖြစ်ပါတယ်။ ပြောင်းလဲမှုဖြစ်ပေါ် သလို အသစ်ပေါက်ဖွားကြောင်း ထင်ရှားစွာပြသခြင်း ဖြစ်ပါတယ်။

ကမ္ဘာကြီးက အကြီးအကျယ် ပြောင်းလဲခဲ့ပါပြီ။ လူမှုဒုက္ခကင်းအောင် လုပ်နိုင်စွမ်းရော၊ လူဇာတ်တုံးအောင် မျိုးဖြုတ်နိုင်တဲ့အစွမ်းပါ လူလက်ဝယ်မှာ ရှိနေလို့ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘိုးဘေးများ တိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေး စိတ်ဓာတ်တွေ၊ လူ့အခွင့်အရေးကို နိုင်ငံတော်က ရက်ရောလို့ ပေးကမ်းတာမဟုတ်တဲ့အကြောင်း၊ ဘုရားသခင်ထံမှ လာတဲ့အကြောင်း၊ ယနေ့တိုင် ကမ္ဘာတစ်လွှား အငြင်းပွားဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီ ပထမတော်လှန်ရေးကြီးကို အမွေဆက်ခံသူတွေဖြစ်ကြောင်း မမေ့စံပါဘူးခင်ဗျာ။

မိတ်ဆွေရော ရန်သူကိုပါဒီနေရာ ဒီအချိန်အခါမှာ ပြောကြားလိုက်ပါရစေ။ အမေရိကန် မျိုးဆက်သစ်တစ်ခုလက်သို့မီးတုတ်ကမ်းလိုက်ပါပြီ။ ဒီမျိုးဆက်က ဒီရာစုနှစ်မှာ ပေါက်ဖွားပါတယ်။(ကနေဒီမတိုင်မီက သမ္မတနှင့် ဝန်ကြီးများသည် ၁၉ ရာစုတွင် မွေးဖွားသူများဖြစ်၏။ ကနေဒီနှင့် အဖွဲ့က ၂၀ ရာစု ပေါက်တွေ ဖြစ်သည်။) စစ်နဲ့ကြုံပြီး ထုသားပေသားရထားပါပြီ။ ခက်ခက်ခဲခဲ ခါးခါးသီးသီး ရယူထားတဲ့ ငြိမ်းချမ်းရေးကြောင့် စည်းကမ်းသေဝပ်တဲ့၊ ရှေးအမွေအနှစ်တွေကို ဂုဏ်ယူမြတ်နိုးတဲ့ မျိုးဆက်ပါ။....ဒီနိုင်ငံက အမြဲတန်ဖိုးထားခဲ့တဲ့၊ ယခုလည်းတန်ဖိုးထားဆဲ ဖြစ်တဲ့ လူ့အခွင့်အရေးတွေ၊ အဲဒီ နိုင်ငံမှာရော ကမ္ဘာတစ်လွှားမှာပါ တတိတတိနဲ့ ဆုံးရှုံးပျောက်ကွယ်နေမှာကို ဒီမျိုးဆက်သစ်က မကြည့်ချင် မမြင်ချင်ပါဘူး။

ကျွန်တော်တို့အပေါ်မှာ စေတနာကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နိုင်ငံစုံက သိဖို့ ပြောလိုက်ပါရစေ။ လွတ်လပ်ရေး အခွန့်ရှည်ဖို့၊ လွတ်လပ်ရေးအကျိုးကို ခံစားနိုင်ဖို့အတွက် ဘာပေးရပေးရ ကျွန်တော်တို့ပေးမယ်။ ဘယ်လိုဝန် ထမ်းရထမ်းရ ထမ်းမယ်။ ဘယ်ဒုက္ခမျိုးကိုမဆို ရင်ဆိုင်မယ်။ မိတ်ဆွေတိုင်းကို အားပေးကူညီမယ်။ ရန်သူဟူသမျှကို ဆန့်ကျင်မယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ သစ္စာပြုပါတယ်။ ဒီမျှမကလည်း ကတိပြုပါတယ်။

ကျွန်တော်တို့နှင့် ယဉ်ကျေးမှုချင်း ဘာသာရေးအခြေခံချင်းတူတဲ့ ရှေးမဟာမိတ် နိုင်ငံများအပေါ် မိတ်ဆွေကောင်းဝိသစ္စာဖြင့် သစ္စာရှိရှိ ဆက်ဆံသွားမယ်ဆိုတာ ကျွန်တော်ကတိပေးပါတယ်။ စည်းလုံးညီညွတ်မှုရှိရင် အတူလက်တွဲပြီး ပြီးပြတ်အောင် မလုပ်နိုင်မယ့်အလုပ် သိပ်မရှိပါဘူး။ မညီညွတ်လျှင်တော့ ဘာမှ သိပ်ပြီး လုပ်နိုင်စရာမရှိပါဘူး။ အချင်းချင်း မညီညွတ်လျှင် တစ်ယောက်တစ်ပေါက်ဖြစ်နေလျှင်

ကြီးမားတဲ့စိန်ခေါ်မှုကို ရင်ဆိုင်ရဲတဲ့ သတ္တိရှိမှာ မဟုတ်လို့ပါ။ နိုင်ငံသစ်များကိုလည်း လွတ်လပ်တဲ့နိုင်ငံများ အသိုင်းအဝန်းမှာ ဝင်ပါဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ပြီး ကတိစကား ပြောကြားပါတယ်။ ကိုလိုနီစနစ်တစ်မျိုးနေရာမှာ ပိုပြီး ကြမ်းကြုတ်ခက်ထန်တဲ့ အုပ်စိုးသူ အစားဝင်လာမှာကို ကျွန်တော်တို့ လက်မခံဘူး။ ကျွန်တော်တို့ ရှုမြင်ပုံကို အဲဒီနိုင်ငံများက အမြဲသဘောတူထောက်ခံရမယ်လို့လည်း ကျွန်တော်တို့ မမျှော်လင့်ပါဘူး။ ဒီနိုင်ငံတွေက သူတို့ကိုယ်ပိုင် လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်လိမ့်မယ်လို့လည်း ကျွန်တော်တို့ မျှော်လင့်ပါတယ်။....ပြီးတော့ သတိရအောင် ပြောပါရစေ။ ရှေးက ကျားစီးပြီး အာဏာရဖို့ ကြိုစည်ခဲ့တဲ့ ငမိုက်သားတွေ နောက်ဆုံး ကျားစာဖြစ်သွားတာ သတိရကြစမ်းပါ။ ကမ္ဘာ့ထက်ဝက်မှာ တဲအိမ်တွေ၊ ကျေးရွာတွေမှာ နေထိုင်ပြီး လူမှုဒုက္ခအပေါင်းမှ ရုန်းကန်နေရတဲ့ လူထုကြီးအတွက်လည်း ကျွန်တော်တို့ ကတိပြုပါတယ်။ ဘယ်လောက်ပဲကြာကြာ သူတို့ကို ကူညီဖို့ ကျွန်တော်တို့ အစွမ်းကုန်လုပ်မယ်။ .....ကွန်မြူနစ်တွေက ဝင်လုပ်မှာစိုးလို့ မဟုတ်ပါဘူးခင်ဗျာ။ အဲဒီလူထုရဲ့မဲကို ကျွန်တော်တို့ လိုချင်လို့လည်း မဟုတ်ရပါဘူး။ ဒါဟာ လုပ်သင့်လုပ်ထိုက်လို့ လုပ်မှာပါ။ လွတ်လပ်တဲ့နိုင်ငံတစ်ခုက ဆင်းရဲသူ အများစုကို မကူညီနိုင်ဘူးဆိုလျှင် ချမ်းသာကြွယ်ဝသူ အနည်းစုကို ကယ်တင်နိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ နယ်နမိတ်ရဲ့ တောင်ဖက်ခြမ်းက ညီမတော် ပြည်ထောင်များအတွက် ကျွန်တော်တို့ အထူးကတိစကားဆိုပါမယ်။ အကောင်းတွေပြောသလို၊ အပြောနဲ့အလုပ် ညီအောင် လုပ်ပါ့မယ်။ တိုးတက်မှုကိုရည်စူးတဲ့ မူသစ်မဟာမိတ်များအဖြစ် လက်တွဲကြဖို့၊ လွတ်လပ်တဲ့ ပြည်သူများနဲ့ အစိုးရများက ဆင်းရဲမွဲတေမှု ကွင်းဆက်ကို ဖြတ်တောက်နိုင်အောင် ကူညီဖို့ ကျွန်တော်တို့ ကတိပြုပါတယ်။ ဒါပေမဲ့ ဒီဇြိမ်းချမ်းတဲ့၊ မျှော်လင့်ချက်ပါတဲ့ တော်လှန်ရေးကို အကြမ်းပတမ်း အင်အားစုတွေရဲ့ သားကောင်အဖြစ်မခံနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းအားလုံးသိဖို့ ပြောလိုက်ပါဦးမယ်။ အမေရိကတိုက် နှစ်ခုလုံးမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကြမ်းဖက်လာသူ သို့မဟုတ် ဝင်ရောက်နှောင့်ယှက်သူကို တွန်းလှန်ဖို့ ကျွန်တော်တို့ အိမ်နီးချင်းများနှင့် လက်တွဲပါမယ်။ ဒီထက်မက နိုင်ငံအားလုံးသိဖို့ ပြောလိုက်ပါဦးမယ်။ သူ့အိမ်မှာ သူသာသခင်ဖြစ်နေရမယ်လို့ ဒီကမ္ဘာခြမ်းက ရည်မှန်းထားပါတယ်။

ငြိမ်းချမ်းရေးအင်အားစုက စစ်လက်နက်ကိရိယာများကို မီအောင်မလိုက်နိုင် ဖြစ်နေတဲ့အခါမှာ ကျွန်တော်တို့ နောက်ဆုံး အားကိုးအားထားပြုစရာဖြစ်တဲ့ တစ်ကမ္ဘာလုံး စုဝေး တည်မှီရာဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးကိုလည်း ကျွန်တော်တို့ ထောက်ခံအားပေးသွားမည့်အကြောင်း ထပ်မံပြီး ကတိပေးပါတယ်။ အဖွဲ့ကြီးကို အငြင်းပွားရာစင်မြင့် ဖြစ်မသွားစေဖို့ နိုင်ငံသစ်နဲ့ အားနည်းတဲ့နိုင်ငံများကို ဒိုင်းကာပြီး ဘေးဆီးရန်ကာရာမှာ အားဖြည့်ပေးဖို့ ပြီးတော့ အဖွဲ့ကြီးရဲ့ လုပ်ကိုင်ခွင့်နယ်ပယ်ကို ချဲ့ထွင်ပေးဖို့ ကျွန်တော်တို့လုပ်ဆောင်ပါ့မယ်။

နောက်ဆုံး ကျွန်တော်တို့ကို ရန်စောင်ချင်တဲ့ နိုင်ငံတွေအတွက် ကျွန်တော်တို့ ကတိစကားမပြောပါဘူး။ မေတ္တာရပ်ခံစကား ပြောလိုပါတယ်။ နှစ်ဖက်လုံးက ငြိမ်းချမ်းရေးကို အသစ်ပြန်လည်ကြိုးပမ်းကြပါစို့။ သိပ်ပညာက ဖွင့်ထုတ်လိုက်တဲ့ အဖျက်စွမ်းပကားတွေက တမင်စီစဉ်မှုကြောင့်ဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ်၊ လူသားက သူ့အဆုံးစီရင်တဲ့အဖြစ်ကို မရောက်ရအောင် ကြိုးပမ်းကြပါစို့။ ကျွန်တော်တို့အင်အားချိန့်လျှင် ပြိုင်ဖက်များက ကဲလာမှာ စိုးပါတယ်။ ကျွန်တော်တို့မှာ ရှိတဲ့ လက်နက်အင်အား ပြည့်စုံလုံလောက်ကြောင်း စိတ်ချလက်ချရှိနိုင်မှသာ အဲဒီလက်နက်များကို သုံးစွဲဖို့ လိုအပ်မှာမဟုတ်ကြောင်း စိတ်အေးနိုင်မှာ ဖြစ်ပါတယ်။ သို့သော် အင်အားကြီး အုပ်စုကြီးနှစ်ခု လက်ရှိသွားနေတဲ့ လမ်းကြောင်းကို ကြည့်ပြီး နှစ်ဖက်လုံး စိတ်အေးချမ်းနိုင်စရာ မရှိပါဘူး။ နှစ်ဖက်လုံးဟာ ခေတ်မီ လက်နက်များအတွက် စစ်စားရိတ် အထောင်းခံနေရပါတယ်။ ကြောက်မက်ဖွယ် အဏုမြူကို ကြောက်သင့်ကြောက်ထိုက်တဲ့အတိုင်း နှစ်ဖက်လုံးက လန့်နေရတယ်။ သို့ပေမဲ့ လူလောကရဲ့ နောက်ဆုံးစစ်ပွဲကို မဖြစ်အောင် ထိန်းပေးတဲ့ နှစ်ဖက်အင်အားမျှခြေကို ဖွတ်ပြောင်းလဲဖို့ နှစ်ဖက်လုံးက အတင်းအားထုတ်နေတယ်။

ဒါကြောင့် ကျွန်တော်တို့ ပွဲသစ်ခင်းကြရအောင်။ ယဉ်ကျေးတာဟာ အားပျော့တာ မဟုတ်ပါဘူး။ ရိုးသားတည်ကြည်တယ်ဆိုတာက သက်သေပြနိုင်မှ ယုံကြည်နိုင်မယ်ဆိုတာ နှစ်ဖက်လုံး သတိသမ္မဇဉ်ဖြင့် ဆင်ခြင်ကြပါစို့။ ကြောက်ရွံ့ပြီး ညှိနှိုင်းဆွေးနွေးရသည့်အဖြစ် ဘယ်တော့မှ မရောက်ပါရစေနှင့်။ သို့သော် ညှိနှိုင်းဆွေးနွေးဖို့လည်း ကျွန်တော်တို့ မကြောက်ရွံ့သည် ဖြစ်ပါရစေ။ အချင်းချင်း ကွဲပြားစေမည့် ပြဿနာများအတွက် အားစိုက်နေကြမည့်အစား အချင်းချင်း ပူးပေါင်းစေမည့် ဘုံပြဿနာများကို နှစ်ဖက်လုံးက ဖော်ထုတ်ကြပါစို့။ နှစ်ဖက်လုံးက ပထမအကြိမ် စတင်ပြီး လက်နက်စစ်ဆေးရေးနဲ့ ဖျက်သိမ်းရေးကိစ္စအတွက် လေးနက်တဲ့၊ တိကျပြတ်သားတဲ့ အဆိုပြုချက်တွေ ဖော်ထုတ်ကြပါစို့။ ပြီးတော့ တခြားနိုင်ငံကို ချေမှုန်းဖျက်ဆီးနိုင်တဲ့ တကယ့်စွမ်းအားကို နိုင်ငံစုံက လုံးဝညှိ ထိန်းချုပ်ထားနိုင်အောင် လုပ်ဆောင်ပါစို့။ သိပ်ပညာရဲ့ အံ့လောက်တဲ့ စွမ်းပကားတွေကို နှစ်ဖက်လုံးက ဖော်ထုတ်ကြရအောင်။ သိပ်ပံရဲ့ ကြောက်မက်ဖွယ် စွမ်းပကားတွေကိုတော့ ဖယ်ရှားကြမယ်။ ကြယ်တာရာနဲ့ အာကာသကို လေ့လာဖို့၊ သဲကန္တာရကို အောင်နိုင်ဖို့၊ ရောဂါနှိမ်နင်းဖို့၊ အဏ္ဏဝါရေနက်က သယံဇာတထုတ်ယူဖို့၊ ကုန်စည်ကူးသန်းမှုနဲ့ လက်မှုအနုပညာတွေကို အားပေးမြှင့်တင်ဖို့

နှစ်ဖက်ပူးပေါင်းလုပ်ဆောင်ကြရန် ကျွန်တော်တို့အဆိုပြုပါတယ်။ "ဖိနေတဲ့ ဝန်ကို ဖယ်ရှား...ဖိနှိပ်ခံတို့ လွတ်မြောက်စေ" ဆိုတဲ့ ပရောဖက် "အိုက်ဇေယား" ရဲ့အမိန့်ကို ကမ္ဘာအရပ်ရပ်က အလေးဂရုပြုစေဖို့ နှစ်ဖက်ပူးပေါင်းပါစို့။

တကယ်လို့ လက်တွဲ လုပ်ကိုင်မှုဆိုတဲ့ ကမ်းစပ်ကွင်းပြင်က သံသယဆိုတဲ့ တောအုပ်ကို တွန်းလှန်နိုင်ခဲ့ရင်...အင်အားကြီးသူက တရားမျှတပြီး၊ အားနည်းသူတို့ အန္တရာယ်ကင်းသတဲ့၊...ငြိမ်းချမ်းရေးတည်တံ့တဲ့...ဥပဒေစိုးမိုးတဲ့ ကမ္ဘာသစ်ကို အတူလက်တွဲ တည်ဆောက်ကြပါစို့။ အဲဒါဟာ အင်အားမျှခြေကို အသစ်ပြင်တာ မဟုတ်ပါဘူး။

ဒီအလုပ်တွေအားလုံး(ကျွန်တော်တို့အစိုးရသက်တမ်း) ပထမရက် တစ်ရာအတွင်း မပြီးစီးနိုင်ပါဘူး။ ရက်တစ်ထောင်ကြလည်း ပြီးမှာ မဟုတ်ပါဘူး။ ဒီအစိုးရသက်တမ်းမှာ၊ ဒီကမ္ဘာတည်သရွေ့တောင် ပြီးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ စတင်လုပ်ကိုင်ပါစို့။

ကျွန်တော့်နိုင်ငံသားအပေါင်းတို့...ကျွန်တော်တို့လမ်းစဉ် အောင်မြင်ဖို့အရေးက ကျွန်တော့်လက်ထက်မှာ နိုင်ငံသားများရဲ့ လက်ဝယ်မှာ ရှိနေတယ်ခင်ဗျ။ ဒီနိုင်ငံ တည်ထောင်ချိန်ကစပြီး အမေရိကန်နိုင်ငံသား မျိုးဆက်တိုင်း နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေကြောင်း သက်သေခံဖို့ ဆင့်ခေါ်ခံကြရပါတယ်။ စစ်မှုထမ်းရန် ဆင့်ဆိုချက်ကို ရိုသေလိုက်ပါခဲ့တဲ့ အမေရိကန်လူငယ်များရဲ့ သချိုင်းတွေ ကမ္ဘာအရပ်ရပ်မှာရှိပါတယ်။ ယခုတဖန် ခရာတုတ်သံ မြည်ပြန်ပြီခင်ဗျာ။ ကျွန်တော်တို့ကို ဆင့်ခေါ်နေပါပြီ။ လက်နက်စွဲကိုင်ဖို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ လက်နက်လိုတော့ လိုတာပေါ့။ စစ်ဘေးဒဏ်နဲ့ ရင်ဆိုင်နေရသော်လည်း စစ်ချီဖို့မဟုတ်ပါဘူး။ ရန်သူမထင်ရှားတဲ့ ရေရှည်တိုက်ပွဲအတွက် တစ်နှစ်ပြီးတစ်နှစ် ပျော်ပျော်ပါးပါး အကောင်းမျှော်ပြီး ဒုက္ခကြုံရင်လည်း စိတ်ရှည်ရှည်နဲ့ လူသားရဲ့ဘုံရန်သူကို တိုက်ဖို့ပါ။ မင်းဆိုး မင်းညစ်၊ ဆင်းရဲမွဲတေမှု၊ ရောဂါဘယ၊ ပြီးတော့ စစ်မက်ကိုပါ အကြိတ်အနယ် ရင်ဆိုင်တိုက်ပွဲဝင်ဖို့ ဖြစ်ပါတယ်။ ဒီရန်သူတွေကို တိုက်ဖို့ တစ်ကမ္ဘာလုံးပါဝင်တဲ့ ဇရာမ မဟာမိတ်အဖွဲ့ကြီး ကျွန်တော်တို့ ဖွဲ့စည်းနိုင်မည်လား။ တောင်ပိုင်းရော မြောက်ပိုင်းပါ အရှေ့ရော အနောက်ပါ ပါဝင်ရမှာ။ ဒါမှသာ လူဘဝမှာ အသီးအပွင့် ဝေဖြာနိုင်လိမ့်မယ်။ သမိုင်းတွင်ကျန်ရစ်မည့် ဒီပွဲကြီးပွဲကောင်းမှာ ခင်ဗျားတို့ ပါဝင်ကြမယ်မဟုတ်လား။

ရှည်လျားတဲ့ ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက်လုံး လွတ်လပ်ရေးအတွက် အန္တရာယ်အကြီးဆုံးအချိန်မှာ ခုခံကာကွယ်ဖို့ တာဝန်အပေးခံရတဲ့ မျိုးဆက် အနည်းငယ်ပဲရှိပါတယ်။ ဒီတာဝန်လာတဲ့အခါ ကျွန်တော် နောက်မတွန့်ပါဘူး။ ဒီတာဝန်ကို ကြိုဆိုပါတယ်။ ကျွန်တော်တို့ထဲက ဘယ်သူမှ တခြားနိုင်ငံသား သို့မဟုတ် တခြားမျိုးဆက်နဲ့ နေရာချင်းလဲချင်လိုက်တာလို့ ဆန္ဒရှိမယ် ကျွန်တော်မထင်ပါဘူး။ ဒီအားထုတ်မှုအတွက် ကျွန်တော်တို့ပေးရတဲ့စွမ်းအား၊ ယုံကြည်ချက်နဲ့ အလေးအမြတ်ထားရှိမှုတွေက ကျွန်တော်တို့နိုင်ငံနှင့်အတူ၊ အမှုတော်ထမ်းရွက်သူတွေကိုပါ အလင်းရောင်ပေး လမ်းပြပါလိမ့်မယ်။....ထိုမီးလျှံရဲ့ အလင်းက ကမ္ဘာကြီးကိုပါ ထွန်းလင်းစေလိမ့်မယ်။

ဒါကြောင့် ကျွန်တော့် အမေရိကန် မိတ်သဟာများခင်ဗျာ၊ မှာကြားပါရစေ။ ငါ့နိုင်ငံက ငါ့အတွက် ဘာလုပ်ပေးနိုင်မလဲလို့ မမေးပါနဲ့။ ငါ့နိုင်ငံအတွက် ငါဘာလုပ်ပေးနိုင်မလဲလို့သာ မေးကြပါခင်ဗျာ။ ကျွန်တော့်မိတ်ဆွေ ကမ္ဘာသူကမ္ဘာသားအပေါင်းတို့ခင်ဗျာ။ တို့အတွက် အမေရိကန်ပြည်က ဘာလုပ်ပေးမှာလဲ မမေးကြပါနဲ့။ လူလွတ်လပ်ရေးအတွက် အတူလက်တွဲပြီး ကျွန်တော်တို့ ဘာတွေလုပ်နိုင်မလဲလို့ပဲ မေးကြပါခင်ဗျာ။

နောက်ဆုံး ပြောကြားပါရစေ။ အမေရိကန်နိုင်ငံသားပဲဖြစ်ဖြစ် ကမ္ဘာသူ ကမ္ဘာသားပဲဖြစ်ဖြစ် ကျွန်တော်တို့က လူကြီးမင်းတို့ထံမှ မွန်မြတ်သော ခွန်အားနဲ့ စွန့်လှုမှုကို တောင်းခံသည့်နည်းတူ ကျွန်တော်တို့ထံမှလည်း တောင်ခံကြပါ။ ကိုယ့်သိက္ခာ ကိုယ်စောင့်ထိန်းရတာ ကျွန်တော်တို့ရတဲ့ ဆုလာဘ်ပါပဲ။ ကျွန်တော်တို့လုပ်ရပ်ကို သမိုင်းက အကဲဖြတ်လိမ့်မယ်ဆိုတဲ့အသိနဲ့ တန်ခိုးတော်ရှင်ရဲ့ ကောင်းချီးကို ခံယူ၊ အကူအညီကို လက်ခံကြပါစို့။ "ဤကမ္ဘာ၌ ဘုရားလုပ်လေသမျှ ကျွန်တော်တို့အတွက်" ဆိုတာ နှလုံးမူပြီး၊ ကျွန်တော်တို့ မြတ်နိုးသော နိုင်ငံကို ရှေ့ဆောင်ရှေ့ရွက်ပြုကြပါစို့။

*****

ဝေဖန်သုံးသပ်ချက်

ကနေဒီ၏မိန့်ခွန်းသည် အစ၊ အလယ်၊ အဆုံး သုံးပိုင်းလုံး ကောင်းသည်။ စကားအသုံးအနှုန်းအကြောင်းမပြောမီ အကြောင်းအရာ၏ ကောင်းခြင်းကို ဝေဖန်ပြစရာရှိသည်။

အစ၏ကောင်းခြင်းကိုကြည့်စို့။

အဖွင့်ဝါကျသည်တိုင်းပြည်နှင့်လူထုကို စည်းရုံးရေးလုပ်သော စကားဖြစ်သည်။ "ဒီနေ့ကျွန်တော်တို့ကျင်းပတာ ပါတီအောင်ပွဲမဟုတ်ပါဘူး။ လွတ်လပ်ရေး အောင်ပွဲခံတာပါ။" သူပါတီနှင့်သူက အနိုင်ရထားသည်ကို မှိန် ပစ်လိုက်သည်။ လူထုကြီးတစ်ရပ်လုံးနှင့်ဆိုင်သော လွတ်လပ်ရေးကို ရှေ့တန်းတင်သည်။

ဤနေရာ၌ နောက်ခံဇာတ်လမ်းကို ရှင်းပြဖို့လိုမည်ထင်သည်။ မိန့်ခွန်းကို ဂျွန်ကက်နက်ဂဲဘရိတ်တို့ လူစုက ကြိုတင်ရေးသားပြီး သမ္မတသစ်ထံ တင်ပြသည်။ ပထမမူကြမ်းတွင် အတိုက်အခံ ရစ်ပတ်ပလီကန်များ၊ ကွန်မြူနစ်များကို ဝေဖန်ပုတ်ခတ်ထားသည်။ ပြောင်မြောက်သော စကားလုံးများဖြင့် အပြတ်တွယ်ထားသည်။ ထိုမူကြမ်းကို ဖတ်ပြီး ကနေဒီက သူ့အဖွဲ့ကို ပြင်ဆင်ရေးသားခိုင်းသည်ဟု ဆို၏။

"ဒီလိုရှိတယ်ဗျာ။ ရွေးကောက်ပွဲ မတိုင်ခင် မဲဆွယ်တုန်းကတော့ သူတို့အများတွေ အကုန်ဖွင့်ပြီး တွယ်ရတာပေါ့။ ခုတော့ ကျွန်တော် သမ္မတဖြစ်လာပြီဗျ။ ကျွန်တော်က တိုင်းပြည်ကို စည်ရုံးရမယ်။ အတိုက်အခံတွေ ကျွန်တော်တို့အပေါ် အပြစ်မမြင်အောင် လုပ်ရမယ်။ သူတို့ကို စည်းရုံးရမှာက ကျွန်တော့်အလုပ်ဖြစ်လာပြီ။ သူတို့ကို အားရပါးရ တွယ် လို့ မဖြစ်ဘူး။ ပြန်ရေးကြပါဦးဗျာ" ဟု ပြောဆိုကြောင်း ဂဲဘရိတ်က သံအမတ်ကြီး၏ဂျာနယ်(Ambassador's Journal: John Kenneth Galbrith) စာအုပ်တွင် ရေးသားထားသည်။ သမ္မတကနေဒီ လက်ထက်တွင် ဂဲဘရိတ်သည် အိန္ဒိယတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ရသည်။

ကနေဒီပြောသော မိန့်ခွန်းတွင် ဘယ်သူ့ကိုမှ ဝေဖန်ပုတ်ခတ် စကားမပါ။ အမေရိကန်နိုင်ငံ၏ ပြိုင်ဖက် ကွန်မြူနစ်နိုင်ငံများကိုလည်း အပြစ်မဆို။ အများအကျိုး ပူးပေါင်းလုပ်ဆောင်ဖို့သာ ဖိတ်ခေါ်သည်။

အလယ်၏ကောင်းခြင်း

မိတ်ဆွေရော ရန်သူပါ သိရှိစေကြောင်း ကနေဒီက ကြေငြာလိုက်သည်။ အမေရိကန်ပြည်၌ မျိုးဆက်သစ်တက်လာပြီး ခေတ်သစ်ဆန်းပြီဟု ပြောလိုက်သည်။ မျိုးဆက်သစ်ကို အမွှမ်းတင်ပုံက ပြောင်မြောက်သည်။

Born in this century(ဤရာစုမှာ မွေးဖွားသူများ)က အလွန်အဓိပ္ပာယ် ပြေးသည်။ ကနေဒီ အပါအဝင် သူ့အစိုးရဝန်ကြီးများက ၂၀ ရာစုထဲမှာ ဖွားမြင်သူ လူရွယ်တွေဖြစ်သည်။ ကနေဒီရှေ့က သမ္မတအားလုံး ၁၉ ရာစုထဲက မွေးဖွားသူများဖြစ်သည်။ ၂၀ ရာစုဖွား ပထမဆုံး သမ္မတသည် ကနေဒီဖြစ်၏။ tempered by war (စစ်မီးလျှံကြောင့် ထုသားပေသား ရထားသူများ)ကလည်း အဓိပ္ပာယ်ရှိသည်။ သူတို့လူစုသည် ဒုတိယကမ္ဘာစစ်ကို ကြုံခဲ့သည်။ စစ်မှုထမ်းသက်ရှိသူများ ဖြစ်သည်။ စစ်အကြောင်း နားလည်ပါသည်။ ငြိမ်းချမ်းရေး၏တန်ဖိုး သိပါသည်ဟု ဆိုလိုသည်။

ထို့နောက် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ဖို့ အလေးအနက် သစ္စာစကားဆိုသည်။ နိုင်ငံတိုင်းက ကြားသိပါစေ ဟု ဆိုလိုက်သည်။ ဤသန္ဓိဌာန်စကားတွင် ဝေါဟာရသုံးနှုန်းပုံ ပြောင်မြောက်သည်။(နောက်ပိုင်းတွင် အကျယ်ဆွေးနွေးပါမည်)

ပြီးတော့ မဟာမိတ်များအတွက် သံတမန်စကားဆိုသည်။ တစ်ကမ္ဘာလုံးအတွက် လုပ်စရာတွေကို ဖော်ပြသည်။ မဟာမိတ်နိုင်ငံများပြီးတော့ အိမ်နီးချင်းနိုင်ငံများအတွက်၊ ထို့နောက် ကုလသမဂ္ဂကြီးအတွက် ကတိစကားတွေဆိုသည်။ နောက်ဆုံး စောင် နေသော ပြိုင်ဖက်နိုင်ငံများကို သံတမန်စကားဖြင့် လက်တွဲညီကြဖို့ ညှိနှိုင်းရေးစကားဦးသန်းသည်။ လုပ်စရာတွေများသည်။ တစ်ကမ္ဘာလုံး ပူးပေါင်းလုပ်ကိုင်ကြဖို့ စည်းရုံးရေးစကားကို "So let us begin anew" (ဒါကြောင့် ကျွန်တော်တို့ ပွဲသစ်ခင်းကြပါစို့) ဟု ဖိတ်ခေါ်သည်။ အချင်းချင်း မုန်းတီးခဲ့သော ဇာတ်ဟောင်းကြီးကို ချုပ်ပစ်ရန်၊ မေ့ပစ်ရန် ပွဲသစ် တောင်းလိုက်ခြင်းဖြစ်၏။ ပြီးတော့ လုပ်ရမည့်အလုပ်က

မလွယ်ကူကြောင်း ဖွဲကောင်း စိတ်ရှည်ဖို့လိုကြောင်း ပြောသည်။

နိဂုံး၏ ကောင်းခြင်း

နောက်ဆုံးစကားနှစ်ပိုဒ်ကို နိဂုံးစကားဟု ဆိုနိုင်၏။ ကနေဒီက သူ့နိုင်ငံသားများကို "ကိုယ့်အတွက် ဘာလုပ်ပေးမှာလဲ မမေးနှင့်၊ ကိုယ်က ဘာလုပ်ပေးမှာလဲလို့ မေးပါ" ဆိုပြီး တိုင်းကျိုးပြည်ကျိုးဆောင် စိတ်ဓာတ်ကို ရိုက်သွင်းလိုက်သည်။ ကမ္ဘာ့လူထုကြီးကိုလည်း လွတ်လပ်ရေးအတွက် အတူလက်တွဲဖို့ ဖိတ်ခေါ်သည်။ နောက်ဆုံးတွင် ခရစ်ယာန်ပီသစွာ ဘုရားသခင်ကို ဦးခိုက်ပြီး ကောင်းချီးပေးရန် စောင်မကြည့်ရှုရန် ဆုတောင်းသည်။ အလွန်ဆီလျော်သော နိဂုံးစကားဖြစ်သည်။

ဘာတွေကောင်းသနည်း

အကြောင်းအရာကောင်းရုံနှင့် မိန့်ခွန်းကောင်းခြင်းမဖြစ်ပါ။ ထိုအကြောင်းအရာကို ပေါ်လွင်အောင် ရှင်းအောင် ပြောရန်လိုသည်။ ပြောသမျှကို ပရိသတ်က မှတ်မိမည်မဟုတ်။ စွဲကျန်ရစ်စရာ အတတ်နိုင်ဆုံးပေးရမည်။ ရှင်းအောင်ပြောဆိုရန် စကားလုံးလွယ်လွယ် သုံးစွဲဖို့လိုသည်။ ဝါကျတိုဖို့လိုသည်။ ကနေဒီ၏ မိန့်ခွန်းတွင် ဝေါဟာရလွယ်လွယ်ရိုးရိုးကို သုံးနှန်းသည်က များသည်။ အတော်အသင့် အင်္ဂလိပ်စာတတ်သော သူ ဖတ်လျှင် အဘိဓာန်မလိုလောက်အောင် လွယ်သော စကားလုံးများဖြစ်သည်။ နေ့စဉ်သုံးစကားလုံးများဖြစ်၏။ ဥပမာ နည်းနည်းသာဖော်ပြပါမည်။

စတုတ္ထစာပိုဒ် (Let every nation know...This much...and more) ကို ကြည့်ပါ။ Let, know, it, us, well, ill, pay, price, bear, စသည့် စကားအားလုံးသည် အက္ခရာသုံးလေးလုံးနှင့် ဝေါဟာရဖြစ်သည်။ အက္ခရာ ခုနစ်လုံးရှစ်လုံးနှင့် ဝေါဟာရ (ဥပမာ hardship, support, survival) အနည်းငယ်သာ ပါဝင်သည်။

<u>လွယ်သောစကားလုံးများများ သုံးသောကြောင့် နားလည်လွယ်သည်။ ဝါကျတိုတိုသုံးသဖြင့် နားရှင်းသည်။</u>

ယခုသုံးသပ်ဝေဖန်နေသောစာပိုဒ် (စတုတ္ထအပိုဒ်)တွင် ဝါကျနှစ်ခုပါသည်။ ပထမဝါကျတွင် စကားလုံး ၃၈ လုံးပါသည်။ အလွန်ရှည်သော ဝါကျဟု ထင်မှတ်ဖွယ်ရှိ၏။ ဝါကျရှည်မဟုတ်ပါ။ သရုပ်ခွဲကြည့်လျှင် ဝါကျတိုတွေကို ဆက်ထားသည်ကို တွေ့ရမည်။

Whether it wishes us well of ill) ကို ခေတ္တဘေးဖယ်ကြည့်လျှင် ဝါကျများကို ဤသို့တွေ့မည်။

Let every nation know that we shall pay any price.

Let every nation know that we shall bear any burden.

Let every nation know that we shall meet any hardship.

Let every nation know that we shall support any friend.

Let every nation know that we shall oppose any foe.

ဝါကျငါးခုဖြစ်သည်။ နိုင်ငံတကာက သိစေချင်သည်။ သိစေချင်တာငါးခု။ ထို့ကြောင့် Let every nation know that နောက်က သိစေချင်တာငါးခုလာသည်။ တစ်ခုနှင့်တစ်ခု ကော်မာခံထားသည်။ know..that တွင် စကားပြောရာ၌ know ပြီးတော့ အာရုံစိုက်စရာတွေ လာမှာမို့ ခေတ္တဆိုင်းငံ့ကြောင်း ....က ပြထားသည်။ ထပ်နေသော we shall ကိုလည်း တစ်ကြိမ်သာသုံးသည်။

ဘာအတွက် we shall pay any price,.. စသည်ဖြင့် ဘာလုပ်လိုက်မယ်၊ ညာလုပ်လိုက်မယ် ငါးချီတောင် ပြောသနည်း။ ဖြစ်စေချင်တာက to assure(အာမခံနိုင်စေဖို့) ။ ဘာအာမခံချင်တာလဲ။ the survival and the success of liberty (လွတ်လပ်ရေးတည်တံ့ရန်နှင့် အောင်မြင်ဖြစ်ထွန်းရန်) ။ လွတ်လပ်ရေး အခွန့်ရှည်တည်တံ့ပြီး အောင်မြင်ဖြစ်ထွန်းရေးကို အာမခံနိုင်ရန်အတွက် ကျွန်တော်တို့ ဘယ်တန်ဖိုးမဆိုပေးမယ်။ ဘယ်ဝန်မဆိုထမ်းမယ်။ ဘယ်လိုဒုက္ခမဆိုခံမယ်။ မိတ်ဆွေတိုင်းကို ထောက်ခံအားပေးမယ်။ ရန်သူဟူသမျှကို

ဆန့်ကျင်(တိုက်ခိုက်)မယ်။ ဒီအကြောင်းကို နိုင်ငံတကာက သိရှိပါစေ။ ဒီနေရာမှာ Let every nation know...မှာ အသက်ရှူဝအောင် နားလိုက်သည်။ အာရုံစိုက်အောင် နောက်စကားမပြောသေးပဲ ဆိုင်းလိုက်သည်။ whether it wishes us well or ill (ကျုပ်တို့အပေါ် စေတနာကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ) က ရှေ့က nation ကို ဝိသေသပြုတဲ့စကား။ wihses us well နဲ့ wishes us ill ကို or ခံပြီးတွဲထားသည်။

အထက်ပါဝါကျများစွာပါတဲ့ ဝါကျကြီးပြီးဆုံးတော့ ဝါကျတိုနှစ်ခုလာသည်။ This must we pledge...and more က ဝါကျတိုတစ်ခုဖြစ်သည်။ သို့သော် သရုပ်ခွဲလျှင် နှစ်ခုဖြစ်သည်။

We pledge this much.(ဒီမျှအထိ ကျွန်တော်တို့ ကတိသစ္စာပြုပါသည်)။

We pledge more.(ဒီမျှမကလည်း ကျွန်တော်တို့ ကတိပြုပါသည်)။

We pledge this much ကို အထားအသို လှည့်ပြီး This much we pledge ပြောင်းထားသည်။ အင်္ဂလိပ်စာတွင် လုပ်လို့ရသည့် ပုံစံဖြစ်သည်။ ရှေ့မှာ အများကြီး ပြောခဲ့သောကြောင့် This much ကို ရှေ့ကထားခြင်းဖြစ်သည်။ This much we pledge...and more. အလွန်လှပသော အသုံးအနှုန်းဖြစ်သည်။

နှိုင်းယှဉ်ချက်များ

ပြောလိုသောအချက် ပေါ်လွင်စေပြီး မှတ်သားလွယ်စေရန် နှိုင်းယှဉ်ချက်က အထောက်အကူဖြစ်သည်။ နှိုင်းယှဉ်ချက် နှစ်မျိုးရှိသည်။ တူရာချင်း နှိုင်းယှဉ်ချက်။ ဆန့်ကျင်ဖက်ချင်း နှိုင်းယှဉ်ချက်ဖြစ်သည်။

အောက်ပါတို့ကို ကြည့်ပါ။

တူရာအချင်းချင်းယှဉ်

* good words into good deeds

* free men and free governments

* to prevent...to strengthen...to enlarge

* sufficient beyond doubt....certain beyond doubt

* not a call to bear arms....not a call to battle

* tyranny....poverty...disease...and war

* will light our country...can truly light the world.

ဆန့်ကျင်ဖက်နှိုင်းယှဉ်

an end...a beginning (အပိုဒ် ၁)

you...Almighty God (အပိုဒ် ၁)

generosity of the state...the hand of God (အပိုဒ် ၂)

friend....foe (အပိုဒ် ၃)

at home....around the world (အပိုဒ် ၃)

well...ill (အပိုဒ် ၄)

United, there is little we cannot do...Divided, there is little we can do

the many who are poor...the few who are rich

instruments of war...instruments of peace

never negotiate out of fear....never fear to negotiate

the strong are just....the weak secure

North...South

East...West

ask not what your country can do for you...ask what you can do for your country

ask of us....ask of you

စွဲကျန်ရစ်သော အသုံးအနှုန်းများ

ကနေဒီ၏ မိန့်ခွန်းများတွင် စွဲကျန်ရစ်သော အသုံးအနှုန်းအပိုဒ် အများကြီးပါဝင်သည်။ ဝေဖန်ရေးဆရာများ ကိုးကား၍ မပြီးနိုင်သော စကားလုံးများဖြစ်၏။ အောက်ပါများကို ပြန်ကြည့်ပါ။

☐ The rights of man come not from the generosity of the state, but from the hand of God.

☐ United...there is little we cannot do. Divided, there is little we can do

☐ If a free society cannot help the many who are poor, it cannot save the few who are rich.

☐ Civility is not a sign of weakness, and sincerity is always subject to proof.

☐ Let us never negotiate out of fear, but let us never fear to negotiate.

☐ A new world of law, where the strong are just and the weak secure and the peace preserved.

☐ Ask not what your country can do for you...ask what you can do for your country.

အလေးအနက် ထပ်ခါထပ်ခါ

ကနေဒီ၏ မိန့်ခွန်းတွင် အလေးအနက်ထားပြီး ထပ်ခါထပ်ခါ သုံးသော စကားလုံးများကို သတိပြုစရာရှိသည်။ စကားလုံးကို ထပ်တလဲလဲသုံးလျှင် ငြီးငွေ့စရာဖြစ်သည်။ သို့သော် လေးနက်စေလိုသောအခါ မတူသော ဝေါဟာရများနှင့်တွဲပြီး အကြိမ်ကြိမ်ပြောသည်။

Let the word go forth; Let every nation know;

Let us..., Let us....; Let us...;

Let both sides..., Let both sides;

Ask not...ask; ask not...ask

let ကို အကြိမ်ကြိမ်သုံးသည်။

Ask ကို အကြိမ်ကြိမ်သုံးသည်။

လေးနက်စေဖို့ဖြစ်၏။ ထပ်ခါထပ်ခါသုံးသော အခြားစကားလုံးများ ကိုယ်တိုင်ရှာကြည့်ပါ။

သန္နိဋ္ဌာန်စကား လှုံ့ဆော်စကား

ကနေဒီ၏မိန့်ခွန်းတွင် we shall ကို တွေ့ရမည်။ we will မဟုတ်။ shall က will ထက် အားကောင်းသည်။ will က လုပ်မည်ဟု ဆိုလိုသည်။ shall က လုပ်ကိုလုပ်မည်၊ ပြတ်သားသော သန္နိဋ္ဌာန်စကားဖြစ်သည်။ ကတိစကားကို shall နှင့် သုံးသည်။ ထပ်ခါထပ်ခါ သုံးသည်။ ကတိအမျိုးမျိုးပေးသည်။ ကတိစကားဆိုရာ၌ we pledge; we pledge; we pledge; we pledge အကြိမ်ကြိမ် တွေ့ရသည်။ နောက်ပိုင်းတွင် အသုံးပြောင်းလိုက်သည်။ we offer pledge; we renew our plddge;(pledge ကို verb အဖြစ် သုံးနေရာမှ noun အဖြစ် သုံးလိုက်သည်။ ထပ်ခါထပ်ခါသုံးပြီး လေးနက်အောင်လုပ်ရာ၌ verb လို သုံးလိုက် noun လို သုံးလိုက် ပုံစံပြောင်းပြီး မငြီးငွေ့အောင်လုပ်သည်။)

တိုင်းပြည်နှင့် ကမ္ဘာကို စည်းရုံးသိမ်းသွင်းသော မိန့်ခွန်းတွင် လုပ်စရာတွေကို လုပ်ကြစို့။ let us; let us နှင့် အကြိမ်ကြိမ် တိုက်တွန်းနှိုးဆော်သည်။ ပြီးတော့ လူထုကို မေးလိုက်သည်။ Will you join in this historic effort? သမိုင်းတွင်မည့် ဒီလုပ်ငန်းကြီးမှာ ခင်ဗျားတို့ပါမလား။ သမိုင်းတွင်မည့်ပွဲကို မန္တန်ချင်သူ ဘယ်မှာရှိမည်နည်း။ လူထုကို ညင်သာစွာ ဆွဲဆောင်သိမ်းသွင်းသော စကားဖြစ်၏။ အကြိုက်ပြပြီး ဆွဲခေါ်လိုက်သည်။ စကားလုံး ခုနစ်လုံးသာပါသော စည်းရုံးရေးလှုံ့ဆော်ချက်ဖြစ်၏။

သမ္မတသစ်ရာထူး လက်ခံသောအခါ သူ၏ ပထမအလုပ်သည် တိုင်းပြည်စည်းရုံးရေးနှင့် ကမ္ဘာသာယာဝပြောရေး ဖြစ်သည်။ ထို့ကြောင့် ကနေဒီက မည်သူ့ကိုမှ မဝေဖန်၊ အပြစ်မတင်။ လုပ်စရာအလုပ်ကို ဝိုင်းဝန်းလုပ်ဆောင်ပါစို့။ ပူးပေါင်းပါစို့ဟုသာပြောပြီး လူငယ်သမ္မတဦးဆောင်သော ခေတ်သစ်ကို မီးမောင်းထိုးလျက် လူထုကို စည်းရုံးလှုံ့ဆော်ခြင်းဖြစ်၏။ ထို့ကြောင့် ထိုမိန့်ခွန်းအတွက် သမ္မတကနေဒီ အကောင်းချည်း အပြောခံရသည်။

ထပ်မံဖြည့်

ကနေဒီ၏ "Ask not ..." စကား ပြည်သူနှုတ်ဖျား၌ စွဲကျန်ခဲ့ပုံကို ပါမောက္ခ ဒေါက်တာတင်တင်အောင်က ပြောပြပါသည်။ ကနေဒီ၏ မိန့်ခွန်းအပြီးတွင် ရုပ်ပြကာတွန်းတစ်ခု တွေ့ရသည်ဆို၏။

အမျိုးသမီးစကား။ ။ "From now on, ask not what your wife can do for you; but ask what you can do for your wife" အမျိုးသားက ပြုံးပြုံးကြီး နားထောင်သည်။ (ထိုအချိန်က ဒေါက်တာတင်တင်အောင်သည် အမေရိကန်နိုင်ငံ၌ ပညာသင်နေဆဲဖြစ်၏။)

အခန်း(၅)

ဝင်စတန်ချာချီ၏ သွေး၊ ချွေး၊ အလုပ်နဲ့ မျက်ရည်မိန့်ခွန်း

Winston Churchill: Blood, Toil, Tears and Sweat

ဝင်စတန်ချာချီ(၁၈၇၄-၁၉၆၅)

ဝင်စတန်ချာချီသည် ၂၀ ရာစုတွင် အင်္ဂလိပ်လူမျိုးထဲမှ ကမ္ဘာတွင် အထင်ရှားဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင်လည်း အဓိကခေါင်းဆောင်ကြီးဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်၊ စာရေးဆရာ၊ သတင်းစာဆရာအဖြစ် ထင်ရှားသည်။

ဝင်စတန်ချာချီကို ၁၈၇၄ ခု တွင် အင်္ဂလန်တောင်ပိုင်းရှိ နာမည်ကျော် ဘလင်ဟိုင်းနန်းတော်(Blenheim Palace) ၌ ဖွားမြင်သည်။ ဖခင်သည် လော့(ဒ)ရင်းဒေါ့ဖ်ချာချီ(Lord Randolph Churchill) ဖြစ်ပြီး မိခင်သည် အမေရိကန်နိုင်ငံသူ လေဒီဂျင်နီဂျာရုမ်း(Lady Jennie Jerome) ဖြစ်၏။ နာမည်ကျော် ဟာရိုးကျောင်း(Harrow School)တွင် ပညာသင်ပြီးနောက် ဆင်းဟပ်ဘုရင့်စစ်တက္ကသိုလ်(Sandhurst Royal Military Academy)တွင် စစ်ပညာသင်ကြားသည်။ စစ်ကျောင်းဆင်းပြီး အိန္ဒိယ၊ ဆူဒန်နှင့် တောင်အာဖရိကတွင် ဗြိတိသျှတပ်၌ ဗိုလ်အဖြစ် အမှုထမ်းသည်။ တောင်အာဖရိကတွင် ဘိုးဝါးစစ်ပွဲ(Boar War) အတွင်း စစ်သတင်းထောက်အဖြစ် နာမည်ရသည်။ ရန်သူအဖမ်းခံရပြီး ထွက်ပြေးလွတ်မြောက်သဖြင့် သူရဲကောင်းတမျှ အချီးမွမ်းခံရသည်။

၁၉၀၀ ပြည့်နှစ်တွင် ကွန်ဆာဗေးတစ်ပါတီမှ ပါလီမန်အမတ်အဖြစ် အရွေးခံရသည်။ ၁၉၀၅ ခုနှစ်တွင် လစ်ဗရယ်ပါတီဝင်အဖြစ် ပါတီပြောင်း၏။ ရေတပ်ဝန်ကြီးအဖြစ် ပထမကမ္ဘာစစ်တွင် စစ်ရေးတာဝန်ထမ်းရသည်။ ဒါဒနဲ်နဲ(Dardanelles) စစ်ဆင်ရေး ရှုံးနိမ့်သဖြင့် ဝန်ကြီးရာထူးမှ ထွက်ရသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး စသော ရာထူးအမျိုးမျိုးတွင် ၁၉၁၇ မှ ၁၉၂၉ အတွင်း ထမ်းဆောင်ရသည်။ ၁၉၂၄ တွင် ကွန်ဆာဗေးတစ်ပါတီသို့ ပြန်ဝင်သည်။

သို့သော် ကွန်ဆာဗေးတစ်ပါတီနှင့်လည်း သိပ်ပင်ကာမရသဖြင့် ဆယ်နှစ်ခန့် အစိုးရရာထူး လက်လွှတ်ပြီး လွှတ်တော်အမတ်အဖြစ် နိုင်ငံရေးဝေဖန်ပြီး စာပေရေးသားနေသည်။ အထူးသဖြင့် နာဇီဂျာမဏီမှ ဟစ်တလာနှင့် အီတလီမှဖက်ဆစ် မူဆိုလီနီ၏ အန္တရာယ်ကို ပေါ့ပေါ့ဆဆမထားရန်၊ သင့်တင့်သော စစ်အင်အား တည်ဆောက်ရန် တဖွဖွရေးသားပြောဆိုနေသည်။

၁၉၃၉ ခုတွင် ဒုတိယကမ္ဘာစစ် စတင်သောအခါ ရေတပ်ဝန်ကြီးအဖြစ် တာဝန်ပြန်ထမ်းရွက်ရသည်။ ၁၉၄၀ ပြည့်တွင် ဗြိတိန်စစ်ရေးအခြေမလှဖြစ်နေချိန်၌ ဝင်စတန်ချာချီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုအချိန်မှစပြီး ဗြိတိသျှအင်ပါယာ၏ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ အမေရိကန်သမ္မတရုစဗဲ့နှင့်အတူ ရုရှားမှ စတာလင်နှင့်ပါလက်တွဲပြီး မဟာမိတ်အဖွဲ့ကြီး၏ ထိပ်တန်းခေါင်းဆောင်ဖြစ်လာသည်။

၁၉၄၅ ခုတွင် ဂျာမဏီ စစ်ရှုံးပြီး လက်နက်ချသည်။ စစ်ကြီးပြီးခါနီး(ဂျပန်လက်နက်မချမီ) ဗြိတိန်ရွေးကောက်ပွဲ၌ ချာချီ၏ပါတီ ရှုံနိမ့်၏။ ချာချီဝန်ကြီးချုပ်အရာမှ ပြုတ်ပြီး ကလီမင့်အက်တလီ(Clement Attlee)က ဝန်ကြီးချုပ်အရာ ဆက်ခံသည်။ နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင် ချာချီ၏ပါတီက အနိုင်ရပြီး ၁၉၅၁ ခုတွင် ဒုတိယအကြိမ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၅၅ ခုအထိ ဝန်ကြီးချုပ်တာဝန်ထမ်းပြီး အသက်(၈၁)တွင် ရာထူးမှ အနားယူသည်။

ဗြိတိန်ဘုရင်က အမြင့်ဆုံး သူကောင်းစာရင်းဝင်အဖြစ် ချီးမြှင့်သဖြင့် ဆာဘွဲ့ရသူ ဘုရင့်ရံရွေတော် ရဲဘက်တော်(Knight of the Garter) ဖြစ်လာသည်။

စာပေသမားချာချီ

ချာချီသည် စာရေးကောင်းသူဖြစ်၏။ သတင်းထောက်အဖြစ်လည်းကောင်း၊ သတင်းစာဆောင်းပါး ရေးသူအဖြစ်လည်းကောင်း ထင်ရှားသည်။ စာအုပ်အတော်များများရေးသားပြီး နာမည်ရသည်။ သူ၏ငယ်စဉ်ဘဝ အတ္ထုပ္ပတ္တိ(၁၉၃၀ ထုတ်)၊ ဒုတိယကမ္ဘာစစ်သမိုင်း ၆ တွဲ (၁၉၄၈-၁၉၅၃)နှင့် အင်္ဂလိပ်စကားပြောလူမျိုးများသမိုင်း ၄တွဲ(၁၉၅၆-၅၈) သည် သူ၏ ထင်ရှားသော စာအုပ်များဖြစ်သည်။ ဝင်စတန်ချာချီသည် ၁၉၅၃ ခုတွင် စာပေနိုဘယ်ဆု ရရှိ၏။ စာပေပညာရှင်အဖြစ် အကြီးဆုံးအောင်မြင်မှုဖြစ်သည်။

ချာချီနှင့်မြန်မာပြည်

ချာချီဆိုသောနာမည်ကို မြန်မာတွေ အလွန်စိတ်နာဖို့ ကောင်းသည်။ ဝင်စတန်ချာချီ၏ဖခင် လော့(ဒ)ရင်းဒဲ့ဂျ်(ဖ)ချာချီသည် ၁၈၅၅ ခုတွင် မြန်မာနိုင်ငံကို သိမ်းပိုက်ရာ၌ အဓိကတာဝန်ရှိသူဖြစ်၏။ ထိုအချိန်က သူသည် ဗြိတိန်အစိုးရတွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်၏။ သီပေါဘုရင်အုပ်ချုပ်သော မြန်မာပြည်ကို စစ်ဆင်ရန် သူက အဓိန့်ထုတ်၏။ ဗိုလ်ချုပ် ပရင်ဒါဂတ်အား မန္တလေးကို သိမ်းပိုက်ရန် ညွှန်ကြားပါ ဟု အိန္ဒိယဘုရင်ခံချုပ်ကို သူက ကြေးနန်းနှင့် အဓိန့်ပေးသည်။ သီပေါမင်းကို ဖမ်းယူပြီးနောက် ဝိတိုရိယဘုရင်မကြီးအား ခရစ္စမတ်လက်ဆောင်အဖြစ် အထက်မြန်မာနိုင်ငံကို ဆက်သပါ၏ ဆိုသော အသုံးအနှုန်းကိုပင် သုံးလိုက်သေး၏။

အဖ ချာချီက မြန်မာပြည်ကိုသိမ်းသူ။ သား ချာချီက မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် ငြင်းဆန်သူဖြစ်၏။ ဒုတိယကမ္ဘာစစ်အစပိုင်းတွင် မြန်မာခေါင်းဆောင် ဂဠုန်ဦးစော(ဗြိတိသျှလက်အောင်ဝန်ကြီးချုပ်အဖြစ်) အင်္ဂလန်သွားပြီး စစ်ပြီးလျှင် မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် ချာချီထံမှ ကတိတောင်းသည်။ ချာချီက ထိုကိစ္စကို တူးတူးခါးခါးငြင်း၏။ အင်္ဂလိပ်လက်အောက်မှာ မြန်မာတွေနေရတာ သီပေါမင်းအုပ်ချုပ်တုန်းကထက် ကောင်းနေတယ်မဟုတ်လားကွ ဟု ချာချီက ဦးစောကို မေးသည်ဆို၏။ (ဤစာအုပ်တွင် ဒေါက်တာဘမော် ချာချီကို ဝေဖန်ထားပုံပါသည်)

နယ်ချဲ့စိတ်ဓာတ်အားကြီးသူ ချာချီ

တကယ်တော့ ချာချီသည် နယ်ချဲ့စိတ်ဓာတ် ပြင်းထန်သူဖြစ်၏။ အိန္ဒိယပြည်ကိုလည်း လွတ်လပ်ရေးပေးရန် ငြင်းဆန်သည်။ ဒုတိယကမ္ဘာစစ်ထဲ အမေရိကန်ပါဝင်လာသောအခါ ဗြိတိန်နှင့်အမေရိကန် မဟာမိတ်ဖွဲ့ပြီး ရုစဗဲ့နှင့် ချာချီက "အတ္တလန်တိတ်" ကြော်ငြာစာတမ်း (Atlantic Charter) ခေါ် ကြေငြာချက်ကြီးထုတ်သည်။ ကြေငြာချက်တွင် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးသောနိုင်ငံများ လွတ်လပ်ခွင့်နှင့် ကမ္ဘာ့ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေး ရရှိရေးကို ပူပေါင်းကာကွယ်ရန် ဖော်ပြထားသည်။

ကြေငြာချက်ထွက်ပြီး မကြာမီ ထိုကြေငြာချက်သည် အိန္ဒိယနှင့်မြန်မာတို့နှင့် မသက်ဆိုင်ကြောင်း ချာချီက ပြောဆို၏။ သူ့အလိုမှာ ဂျာမဏီအသိမ်းပိုက်ခံ ဥရောပနိုင်ငံများ (ပိုလန်၊ ချက်ကလိုစလိုဗားကီးယား၊ဩစတြီးယား စသည့်) ၏ လွတ်လပ်ရေးနှင့် ဥရောပလူဖြူတို့၏ ဒီမိုကရေစီအရေးသာဖြစ်၏။ အိန္ဒိယနှင့်မြန်မာလို အာရှတိုက်ရှိ ဗြိတိသျှကိုလိုနီများသည် လွတ်လပ်ရေးနှင့်မထိုက်တန်သေးဟု ချာချီက ဆို၏။ ထိုအတိုင်း ပေါ်လစီချမှတ်သည်။

အပြောကောင်းသော စစ်ခေါင်းဆောင်ချာချီ

ဝင်စတန်ချာချီသည် စစ်တွင်နိုင်ငံခေါင်းဆောင်ဖြစ်၏။ စစ်ပထမပိုင်းတွင် ဗြိတိန်က အရှုံးနှင့်ချည်း ရင်ဆိုင်ရသည်။ ဒန့်ကာ(Dunkirk) တွင် ဗြိတိသျှတပ် မဖျက်ရုံတမယ် ဗုံးကြဲတိုက်ခိုက် ခံရသည်။ စစ်သည်တွေ လက်နက်ပစ်ပြီး အင်္ဂလန်ကို ရေကြောင်းဖြင့် ဆုတ်ရသည်။ ဥရောပတစ်တိုက်လုံးကို ဟစ်တလာ၏တပ်များ သိမ်းပိုက်ထားသည်။ အာဖရိကမြောက်ပိုင်းတွင် ဂျာမန်ဗိုလ်ချုပ် ရွန်မဲ၏တပ်ကို မတွန်းလှန်နိုင်ဖြစ်၏။ ဂျပန်စစ်ထဲဝင်လာသောအခါ စင်္ကာပူခံတပ်(ဗြိတိန်စစ်အခြေစိုက်စခန်း) ကျဆုံး၏။ မကြာမီ မြန်မာပြည်မှ အင်္ဂလိပ်တို့ ပြေးရသည်။ လန်ဒန်မြို့ကို ဂျာမန်လေတပ် လွှပ်(ဖ)ဝါဖေး (Luft Waffe) က တရစပ် ဗုံးကြဲခံရသည်။

ဤသို့ စစ်ရေး အခြေမလှ ဖြစ်နေချိန်တွင် ဗြိတိသျှများ စိတ်ဓာတ်မကျအောင် မျိုးချစ်စိတ်ထက်အောင် ချာချီက ဟောပြောစည်းရုံးသည်။ ချာချီသည် အပြောကောင်းသူအဖြစ် နာမည်ကျော်၏။ သူ၏ စစ်မိန့်ခွန်းများတွင် အောက်ပါအမည်တွင်သော မိန့်ခွန်းများ နာမည်ကြီးသည်။

☐ Blood, Toil, Tears and Sweat

☐ Their Finest Hour

☐ So Much Owed by So Many to So Few

☐ This is Not the End

☐ We Shall Fight on the Beaches

☐ You Do Your Worst, and We Will Do Our Best

☐ War of the Unknown Warriors

\ချာချီ၏စကားသည် အင်္ဂလိပ်ပီသ၏။ ထိထိမိမိ အသုံးအနှုန်းကြွယ်၏။ ပြောစမှတ်ပြုစရာတွေများသည်။ အားလုံးကို အသေးစိတ်လေ့လာသင့်၏။ သို့သော် ဤစာအုပ်တွင် မိန့်ခွန်းနှစ်ခုသာ သုံးသပ်ဖော်ပြနိုင်သည်။ အခြားမိန့်ခွန်းများမှ ပြောစမှတ်တွင်သော စကား(quotations)များကို သီးခြားထုတ်နှတ် ဖော်ပြထားပါသည်။

ဤစာအုပ်တွင် ဝန်ကြီးချုပ်အဖြစ် ပထမဆုံးပြောကြားသော Blood, Toil, Tears and Sweat မိန့်ခွန်းနှင့် အောင်ပွဲများ စတင်ရရှိချိန်၌ပြောသော This is Not the End မိန့်ခွန်းနှစ်ခုကို ဖော်ပြလိုက်ပါသည်။ ကျန်မိန့်ခွန်းများမှ မှတ်မှတ်ရရစကား အချို့ကို သီးခြားထုတ်နှတ်ဖော်ပြပါသည်။

♠♠♠♠♠

Winston Churchill: Blood, Toil, Tears and Sweat

I beg to move,

That this House welcomes the formation of a Government representing the united and inflexible resolve of the nation to prosecute the war with Germany to a victorious conclusion.

On Friday evening last I received His Majesty's commission to form a new Administration. It as the evident wish and will of Parliament and the nation that this should be conceived on the broadest possible basis and that it should include all parties, both those who supported the late Government and also the parties of the Opposition. I have completed the most important part of this task. A War Cabinet has been formed of five Members, representing, with the Opposition Liberals, the unity of the nation. The three party Leaders have agreed to serve, either in the War Cabinet or in high executive office. The three Fighting Services have been filled. It was necessary that this should be done in one single day, on account of the extreme urgency and rigour of events. A number of other positions, key positions, were filled yesterday, and I am submitting a further list to His Majesty to-night. I hope to complete the appointment of the principal Ministers during to-morrow. the appointment of the other Ministers usually takes a little longer, but I trust that, when Parliament meets again, this part of my task will be completed, and that the administration will be complete in all respects.

I considered it in the public interest to suggest that the House should be summoned to meet today. Mr. Speaker agreed, and took the necessary steps, in accordance with the powers conferred upon him by the Resolution of the House. At the end of the proceedings today, the Adjournment of the House will be proposed until Tuesday, 21st May, with, of course, provision for earlier meeting, if need be. The business to be considered during that week will be notified to Members at the earliest opportunity. I now invite the House, by the Motion which stands in my name, to record its approval of the steps taken and to declare its confidence in the new Government.

To form an Administration of this scale and complexity is a serious undertaking in itself, but it must be remembered

that we are in the preliminary stage of one of the greatest battles in history, that we are in action at many other points in Norway and in Holland, that we have to be prepared in the Mediterranean, that the air battle is continuous and that many preparations, such as have been indicated by my hon. Friend below the Gangway, have to be made here at home. In this crisis I hope I may be pardoned if I do not address the House at any length today. I hope that any of my friends and colleagues, or former colleagues, who are affected by the political reconstruction, will make allowance, all allowance, for any lack of ceremony with which it has been necessary to act. I would say to the House, as I said to those who have joined this government: "I have nothing to offer but blood, toil, tears and sweat."

We have before us an ordeal of the most grievous kind. We have before us many, many long months of struggle and of suffering. You ask, what is our policy? I can say: It is to wage war, by sea, land and air, with all our might and with all the strength that God can give us; to wage war against a monstrous tyranny, never surpassed in the dark, lamentable catalogue of human crime. That is our policy. You ask, what is our aim? I can answer in one word: It is victory, victory at all costs, victory in spite of all terror, victory, however long and hard the road may be; for without victory, there is no survival. Let that be realised; no survival for the British Empire, no survival for all that the British Empire has stood for, no survival for the urge and impulse of the ages, that mankind will move forward towards its goal. But I take up my task with buoyancy and hope. I feel sure that our cause will not be suffered to fail among men. At this time I feel entitled to claim the aid of all, and I say, "come then, let us go forward together with our united strength."

♠♠♠♠♠

ဝင်စတန်ချာချီ၏ သွေး၊ ချွေး၊ လုပ်အားနှင့် မျက်ရည်

(၁၉၄၀ ပြည့် မေလ ၁၀ ရက်နေ့တွင် ဝင်စတန်ချာချီသည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာသည်။ သူ့ရှေ့က ဝန်ကြီးချုပ် နဗီးချိန်ဘာလိန်(Neville Chamberlain) လက်ထက်တွင် ဗြိတိန်၏စစ်ရေး အခြေမလုံဖြစ်နေသည်။ ကြိုတင်ပြင်ဆင်မှုမရှိခဲ့။ စစ်ဖြစ်သောအခါ ဥရောပမှာ ခွက်ခွက်လန်အောင် ရှုံးသည်။ အရှေ့ဥရောပကို ဂျာမဏီသိမ်းပိုက်ထားသည်။ အနောက်ဥရောပကို ကာကွယ်ရန် ဗြိတိန်ကစေလွှတ်လိုက်သော တပ်မကြီးများ လိမ့်နေအောင်ရှုံး၏။ ပြင်သစ်၊ ဘယ်လဂျီယံ၊ ဟော်လန်နိုင်ငံများ ဂျာမဏီအောက် ရောက်ကုန်သည်။ ဤအခြေအနေတွင် အစိုးရသစ်ကို အမြန်ဖွဲ့ပြီး အစိုးရ၏မူဝါဒ ကြေငြာရသည်။ မေလ ၁၃ ရက်နေ့တွင် House of Commons ခေါ် ပြည်သူ့လွှတ်တော်(ပါလီမန်)တွင် ချာချီမိန့်ခွန်းပြောသည်။ အစိုးရသစ်ဖွဲ့စည်းသည့်ကိစ္စကို လွှတ်တော်က အတည်ပြုပေးရန်နှင့် အစိုးရသစ်၏မူဝါဒကို အဆိုတင်သွင်းခြင်းဖြစ်၏။ အစိုးရသစ်ကို ပြည်သူ့လွှတ်တော် ထောက်ခံကြောင်း ပြသရန် အဆိုကို ကိုယ်တိုင်တင်သွင်းသည်။ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်၏။)

"ကျွန်တော်အဆို တင်သွင်းခွင့်ပြုပါရန် ပန်ကြားပါတယ်။

ဂျာမဏီနှင့် ဖြစ်ပွားနေသောစစ်ကို အောင်မြင်စွာ တိုက်ခိုက်အဆုံးသတ်နိုင်ရေးအတွက် နိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် ခိုင်မြဲသော သန္ဓဋ္ဌာန်ကို ပြသသည့် အစိုးရဖွဲ့စည်းခြင်းကို ဤလွှတ်တော်က ကြိုဆိုကြောင်း ဆုံးဖြတ်ရန်ဖြစ်ပါတယ်။

သောကြာနေ့ညနေပိုင်းက အစိုးရသစ် ဖွဲ့စည်းရန် ဘုရင်မင်းမြတ်က ကျွန်တော့်ကို အမိန့်ပေးပါတယ်။ ပါလီမန်ရော တိုင်းပြည်ကပါ ဒီအစိုးရကို အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဖို့၊ ပါတီစုံပါဝင်တဲ့ ညွှန့်ပေါင်းအစိုးရလိုလားကြောင်း သိသာထင်ရှားပြီးဖြစ်ပါတယ်။ ယခင်အစိုးရကို ထောက်ခံခဲ့သူများရော အတိုက်အခံပါတီများပါ ပါဝင်ရမှာပါ။ ဒီလုပ်ငန်းကြီးရဲ့အရေးကြီးဆုံးကိစ္စကို ကျွန်တော် ဆောင်ရွက်ပြီးစီးပါပြီ။ အဖွဲ့ဝင်ငါးဦးပါတဲ့ စစ်ရေးရာဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းပြီးပါပြီ။ အတိုက်အခံ လစ်ဗရယ်ပါတီကလည်း ပါဝင်ပြီး နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ကိုယ်စားပြုတဲ့အဖွဲ့ ဖြစ်ပါတယ်။ ပါတီသုံးခု(ကွန်ဆာဗေးတစ်ပါတီ(ချာချီ၏ပါတီ)၊ လေဘာပါတီနှင့် လစ်ဗရယ်ပါတီ) ရဲ့ခေါင်းဆောင် ကြီးများကလည်း စစ်ဝန်ကြီးအဖွဲ့ဝင်ဖြစ်စေ တခြားအဆင့်မြင့်ရာထူးမှာဖြစ်စေ တာဝန်ထမ်းဆောင်မယ်လို့

သဘောတူထားပါပြီ။ စစ်ဖက်မှာလည်း ကြည်း၊ ရေ၊ လေ အကြီးအကဲတွေ ခန့်ပြီးပါပြီ။ ဒီကိစ္စအားလုံး နေ့ချင်းပြီး မလုပ်မဖြစ် လုပ်ခဲ့ရပါတယ်။ အရေးကိစ္စတွေက အလွန်ကိုအခေါင်ခိုက်နေလို့ပါ။ အရေးကြီးတဲ့ ရာထူးအတော်များများ အချက်အချာ ရာထူးတွေကို မနေ့က ခန့်ထားလိုက်ပါပြီ။ နောက်ဆက်တွဲစာရင်းတစ်ခုကိုလည်း ဒီညပဲ ဘုရင်မင်းမြတ်ထံ ကျွန်တော်တင်ပြရန်ရှိပါတယ်။ အရေးကြီးတဲ့ ဝန်ကြီးတွေခန့်အပ်တဲ့ကိစ္စ မနက်ဖြန်ပြီးစီးမယ်လို့ မျှော်လင့်ပါတယ်။ တခြားဝန်ကြီးတွေကတော့ နည်းနည်းကြာဦးမယ်။ သို့ပေမဲ့ ပါလီမန် နောက်တစ်ကြိမ် စည်းဝေးတဲ့အခါ ကျွန်တော်ဆောင်ရွက်ရမယ့် ဒီကိစ္စပြီးစီးမယ်လို့ ယုံကြည်ပါတယ်။ အဖက်ဖက်က အင်္ဂါစုံတဲ့ အစိုးရဖြစ်လာမှာပါ။

အများပြည်သူအကျိုးစီးပွားအတွက် လွှတ်တော်ကို ဒီနေ့စည်းဝေးရန် ဆင့်ခေါ်သင့်တယ်လို့ ကျွန်တော်ယူဆခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးက သဘောတူပြီး လိုအပ်သလို ဆောင်ရွက်ပါတယ်။ လွှတ်တော်ဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌကြီးကို လွှဲအပ်ထားတဲ့ အခွင့်အာဏာနှင့်အညီ ဆောင်ရွက်တာပါ။ ဒီနေ့ အစည်းအဝေးအစီအစဉ် ပြီးဆုံးတဲ့အခါ အင်္ဂါနေ့ မေလ ၂၁ ရက်အထိ လွှတ်တော်အစည်းအဝေး ဆိုင်းငံ့ရန် အဆိုပြုပါမယ်။ သို့သော်လည်း လိုအပ်လျှင် စောပြီး အစည်းအဝေးခေါ်ဖို့ပါ ထည့်သွင်းဆုံးဖြတ်မှာပါ။ အဲဒီအခါ ရက်သတ္တတစ်ပတ်စာ စဉ်းစားဆွေးနွေးကြမည့် အကြောင်းအရာတွေကို လွှတ်တော်အမတ်မင်းများထံ အတတ်နိုင်ဆုံး မြန်မြန်ပေးဖို့ အကြောင်းကြားပါမယ်။ ယခု ကျွန်တော့်နာမည်နှင့် တင်သွင်းထားတဲ့အဆိုနှင့်အညီ ယခု လုပ်ဆောင်ထားသမျှကို သဘောတူကြောင်း၊ အစိုးရအဖွဲ့သစ်အပေါ် မှာ အယုံအကြည်ရှိကြောင်း လွှတ်တော်က ဆုံးဖြတ်ရန် ကျွန်တော်တင်ပြပါတယ်။

ဒီလောက် ကြီးမားထွေပြားတဲ့ အစိုးရယန္တရားကြီးကို ဖွဲ့စည်းရတဲ့အလုပ်က မလွယ်ပါဘူး။ သို့ပေမဲ့ ကျွန်တော်တို့တစ်တွေဟာ သမိုင်းမှာ အကြီးမားဆုံးတိုက်ပွဲကြီးရဲ့ ပွဲဦးနဲ့ ကြုံနေတာကို သတိရှိဖို့လိုပါတယ်။ ကျွန်တော်တို့နေရာများစွာမှာ ဟော်လန်မှာ၊ နော်ဝေးမှာ စစ်ပွဲတွေ ဆင်နွှဲနေရဆဲပါ။ မက်ဒီတာရေနီယံ (မြေထဲပင်လယ်) ဒေသမှာလည်း အသင့်ပြင်နေရပါတယ်။ တိုက်ပွဲတွေကလည်း အဆက်မပြတ် ဖြစ်ပွားနေတော့ ကြိုတင်ပြင်ဆင်မှုမျိုးစုံ လုပ်ရပါတယ်။ လေ့ကားအဆင်းမှာ ကျွန်တော့်မိတ်ဆွေ အမတ်မင်းက ပြသထားတဲ့ ပြင်ဆင်မှုတွေလည်း ပြည်တွင်းအတွက် လုပ်ရပါတယ်။ ယခုလို အရေးပေါ် နေချိန်မှာ ဒီနေ့လွှတ်တော်အစည်းအဝေးကို ရှည်ရှည်ဝေးဝေး ကျွန်တော်မတင်ပြတာကို ခွင့်လွှတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးရာထူး အပြောင်းအလဲတွေလုပ်ရာမှာ အခမ်းအနားမပါပဲ လုပ်လိုက်ရပါတယ်။ ဒီလိုလုပ်ရတာကို ရာထူးအပြောင်းအလဲမှာပါတဲ့ ကျွန်တော့်မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များက နားလည်မှုရှိမယ်၊ သိပ်ကို သဘောထားကြီးမယ်လို့ ယုံကြည်ပါတယ်။ ယခု အစိုးရမှာပါဝင်တဲ့ ပုဂ္ဂိုလ်များကို ကျွန်တော်ပြောခဲ့တဲ့အတိုင်း ဤလွှတ်တော်ကို ကျွန်တော်ပြောကြားလိုပါတယ်။ သွေး၊ချွေး၊လုပ်အားနှင့် မျက်ရည်ကလွဲပြီး ကျွန်တော့်မှာ ပေးစရာ ဘာမှမရှိပါဘူး။

ကျွန်တော်တို့အလွန်ခက်ထန်ကြမ်းတမ်းတဲ့တိုက်ပွဲကြီးနဲ့ကြုံနေရချိန်ပါ။ ရှေ့မှာတိုက်ပွဲဝင်ရမယ့်၊ ဒုက္ခသုက္ခတွေကြုံရမယ့်လပေါင်းများစွာ ရှိနေပါတယ်။ ကျွန်တော်တို့ပေါ် လစီက ဘာလဲလို့ ခင်ဗျားတို့မေးမယ်။ ကျွန်တော်ပြောနိုင်ပါတယ်။ ကျွန်တော်တို့ပေါ် လစီက စစ်တိုက်မယ်။ မြေပြင်၊ ရေပြင်၊ ဝေဟင်မှာတိုက်မယ်။ ရှိသမျှအင်အားနဲ့တိုက်မယ်။ ဘုရားပေးသမျှအင်အား အကုန်သုံးမယ်။ လူတွေလွန်ကျူးသမျှ မှတ်တမ်းတင်ထားတဲ့ ခွေးပုရပိုက်မှာ မကြုံစဖူးတဲ့ အဟိတ်တိရွဆာန်ကြီး၊ ဒီကောင်ကြီးကို တိုက်မယ်။ ဒါပဲဗျာ ကျွန်တော်တို့ ပေါ် လစီ။ ခင်ဗျားတို့ကမေးမယ်။ ကျွန်တော်တို့ ရည်မှန်းချက်ကဘာလဲ။ တစ်ခွန်းတည်းနှင့် ကျွန်တော်ဖြေလိုက်မယ်။ အောင်ပွဲ။ ဘယ်လောက်ပေးရ ပေးရ။ အောင်ပွဲရဖို့ပဲ။ ဘယ်လောက်ပဲ အကြမ်းပတမ်း ကြုံရကြုံရ အောင်ပွဲခရီး ဘယ်လောက် ရှည်ဝေးကြမ်းတမ်းသည်ဖြစ်စေ အောင်ပွဲအရယူမယ်။ ဘာကြောင့်တုန်းဆိုတော့ အောင်ပွဲမခံရရင် ဗြိတိသျှအင်ပါယာကြီး တည်တံ့မှာမဟုတ်ဘူး။ ဗြိတိသျှအင်ပါယာက တန်ဖိုးထားသမျှတွေ ကျန်ရစ်တော့မှာ မဟုတ်ဘူး။ ခေတ်အဆက်ဆက်က တောင့်တကြိုးပမ်းခဲ့သမျှတွေ ကျန်ရစ်စရာမရှိဘူး။ ဒီအချက်ကို ကျပ်ကျပ်သတိထားကြပါခင်ဗျာ။ တည်တံ့ရေးအတွက် လူသားတစ်ရပ်လုံးပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် ဖြစ်ပါတယ်။ သို့ပေမဲ့ ကျွန်တော်က မျှော်လင့်ချက်ထားပြီး တက်တက်ကြွကြွနှင့် တာဝန်ကို လက်ခံပါတယ်။ ကျွန်တော်တို့ အမှုကိစ္စကြီး လူကြားမကောင်း ဖြစ်စရာမရှိဘူးလို့ ကျွန်တော်စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်။ ဒီလိုအချိန်အခါမှာ ကျွန်တော် လူတိုင်းထံမှ အကူအညီတောင်းခံခွင့်ရှိတယ်လို့ ခံယူပါတယ်။ ကဲ ကျွန်တော်ပြောမယ်ဗျာ။ ကျွန်တော်တို့ ညီညွတ်တဲ့ ခွန်အားနဲ့ ရှေ့သို့ ချီကြရအောင် လာကြဗျာ လာကြ။”

♣♣♣♣♣

မိန့်ခွန်းသုံးသပ်ချက်

ဤမိန့်ခွန်းသည် ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ချာချီက ပထမဆုံးအကြိမ် လွှတ်တော်ကို အစီရင်ခံတင်ပြခြင်းဖြစ်၏။ လွှတ်တော်မှတစ်ဆင့် တိုင်းပြည်ကို အစိုးရသစ်၏ မူဝါဒ ကြေငြာအသိပေးခြင်းလည်းဖြစ်၏။

ရှေးဦးစွာ ဂျာမဏီနှင့်ဖြစ်သော စစ်ကို အနိုင်ရအောင် ဦးဆောင်မည့် သူ့အစိုးရသစ်ကို ထောက်ခံကြဖို့ကြောင်း လွှတ်တော်ကဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။ ဗြိတိသျှလွှတ်တော်တွင် အဆိုကို "motion" ဟုခေါ်သည်။ move သည် အဆိုတင်သွင်းသည်ဟု အဓိပ္ပာယ်ရ၏။ (I beg to move= ကျွန်တော့်ကို အဆိုတင်သွင်းခွင့်ပြုပါ/အဆိုတင်သွင်းပါရစေ)

အဆိုကို လွှတ်တော်အမတ်များ စဉ်းစားနိုင်ရန် ဒုတိယအပိုဒ်တွင် ရှင်းလင်းတင်ပြသည်။ ရှင်ဘုရင်က သူ့ကို ဝန်ကြီးချုပ်ခန့်အပ်ပြီး အစိုးရဖွဲ့စေ အမိန့်ပေးထားကြောင်း တင်ပြသည်။ လွှတ်တော်၏ဆန္ဒ ပြည်သူ၏လိုအင်နှင့်အညီ ပါတီစုံပါဝင်သော ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရန်ဖြစ်ကြောင်း၊ ထိုကိစ္စ အတော်များများ ပြီးစီးကြောင်း ၊ စစ်ကောင်စီဟုခေါ်ရမည့် စစ်ဝန်ကြီးအဖွဲ့ဖွဲ့ပြီးကြောင်း၊ နိုင်ငံရေး ပါတီကြီးသုံးခုမှ ခေါင်းဆောင်များအစိုးရအဖွဲ့မှာ ပါဝင်မှာဖြစ်ကြောင်း လွှတ်တော်ကိုတင်ပြသည်။ အရေးပေါ် ချိန်ဖြစ်၍ တစ်ရက်တာအတွင်း အမြန်လုပ်ဆောင်ရကြောင်း နားလည်ပေးရန် လွှတ်တော်ကို တောင်းပန်သည်။

တတိယအပိုဒ်သည် လွှတ်တော်ကို ယနေ့ ခေါ်ရသည့် ကိစ္စ၊ နောက်ရက်သတ္တပတ်များအတွက် အစီအစဉ်ကို အဆိုပြုသည်။ ပြီးတော့ သူနာမည်နှင့်တင်သွင်းထားသော အဆိုကို လွှတ်တော်က အတည်ပြုပေးရန် တင်ပြသည်။ အဆိုက လုပ်ဆောင်ပြီးသမျှကို ဤလွှတ်တော်က သဘောတူပြီး အစိုးရသစ်အပေါ် အယုံအကြည်ရှိကြောင်း ဆုံးဖြတ်ရန်ဖြစ်သည်။

ထို့နောက် အစိုးရသစ်ဖွဲ့ရတာ မလွယ်ကြောင်း၊ စစ်ပွဲတွေ ဖြစ်နေကြောင်း လုပ်ဆောင်ထားသော အစီအမံများအကြောင်း တင်ပြသည်။ ရှည်ရှည်ဝေးဝေး မပြောနိုင်၍ ခွင့်လွှတ်ပါဟု တောင်းပန်သည်။ ဤအပိုဒ်မဆုံးမီ လူတိုင်းနှုတ်ဖျားမှာ ကျန်ရစ်မည့်စကားကို ပြောသည်။ "သွေး၊ ချွေး၊ လုပ်အားနှင့် မျက်ရည်အပြင် ကျွန်တော့်မှာ ပေးစရာ ဘာမှမရှိပါဘူး" တိုင်းပြည်အတွက် သူစွန့်စားမည်၊ ဒုက္ခခံမည်၊ သောကခံမည်ဟု ကတိစကားဆိုခြင်းဖြစ်ပေသည်။

နောက်ဆုံးအပိုဒ်က အစိုးရသစ်၏ ဝါဒသဘောထား ကြေငြာချက်ဖြစ်သည်။ ရဲရဲတောက်ကြေငြာလိုက်သော ဝါဒဖြစ်၏။

စစ်တိုက်မယ်။ မြေပြင် ရေပြင် ဝေဟင်မှာ တိုက်မယ်။ အားကုန်နဲ့ပြီး တိုက်မယ်။ ဘုရားပေးသမျှ ခွန်အားအကုန်သုံးမယ်။ ခွေးပုရိုက်ထဲက သရဲသတ္တဝါကို တိုက်မယ်။ ဒါပဲ ကျုပ်တို့ ပေါ်လစီ။ ပြတ်သားပေ၏။ နောက်ဆုံးရည်မှန်းချက်ကို ပြောသည်။ အောင်ပွဲ ဘာပေးရပေးရ အောင်ပွဲရရမည်။ ဘာရင်ဆိုင်ရ ရင်ဆိုင်ရ အောင်ပွဲလိုချင်သည်။ ရှင်းသည်။ ဘာမှ တွေဝေနေစရာမရှိ။

နောက်ဆုံး သူ့အနေနှင့် နိုင်ငံသားတိုင်းကို အကူအညီတောင်းခံပိုင်ခွင့် ရှိသည်ဟု ယုံကြည်ကြောင်း။ ဒါကြောင့် "ကဲ.. ကျွန်တော်ပြောမယ်ဗျာ။ ညီညွတ်စည်းလုံးတဲ့ ခွန်အားနဲ့ ရှေ့သို့ ချီရအောင် လာကြဗျာ" ဟု တိုင်းပြည်ကို နှိုးဆွပြီး ဖိတ်ခေါ်သည်။

စကားအသုံးအနှုန်းနှင့် မှတ်သားဖွယ်ရာများ

I beg to move မှ စတင်ပြီး ပထမအပိုဒ်သည် ဗြိတိသျှပါလီမန်တွင် သုံးနှုန်းသော ထုံးတမ်းစဉ်လာအတိုင်း အတိုတင်သွင်းခြင်းဖြစ်သည်။ ဝါကျတိုတိုတွေ သုံးသည်။ Full-stop တစ်ခုမလာမီ ဝါကျသို့မဟုတ် phrase နှင့် clause များ ပါဝင်လျှင် ကော်မာခံပြီး သုံးသည်။ ပြောသည်။ ဥပမာ ဒုတိယအပိုဒ်မှ I have completed the most important part of this task, (ဝါကျတိုသည်)။ ထို့နောက်က a War Cabinet has been formed of five members,(အဖွဲ့ဝင်ငါးဦးပါ စစ်ရေးရာ ဝန်ကြီးအဖွဲ့ကို ဖွဲ့ပြီးပါပြီ)။ ဤအထိ ဝါကျတိုဖြစ်သည်။ သို့သော် အဆက်အစပ်ရှိ၍ fullstop မချ။ ၎င်းနောက်က representing,(ကိုယ်စားပြုလျက်) with the Opposition Liberals, (အတိုက်အခံ လစ်ဘရယ်အမတ်များနှင့်အတူ), the unity of the nation(နိုင်ငံ၏စည်းလုံးညီညွတ်မှုကို) bracket ထဲမှ မြန်မာစာသားများကို ဆီလျော်အောင် ထားသိုပြီး ဆက်လိုက်လျှင် အဓိပ္ပာယ်ရှင်းသွားလိမ့်မည်။ အလားတူပင် အင်္ဂလိပ်လိုလည်း အဓိပ္ပာယ်ရှင်းနေသည်။ ဤဝါကျကို ရှည်သည်ဟု မဆိုနိုင်ကြောင်း တွေ့ရမည်။ အခြားဝါကျများကိုလည်း သရုပ်ခွဲလေ့လာနိုင်သည်။

သတိပြုစရာ အသုံးအနှုန်းအတော်ပါသည်။

☐ wish and will (မြန်မာလို ဆန္ဒနှင့် အာသီသဟု ပြန်နိုင်) ဆင်ဆင်တူနှစ်လုံးထပ်၍ သုံးသည်။ လေးနက်စေသည်။

☐ this should be conceived...and that is should include...(လုပ်သင့်တာတွေကို လေးနက်အောင် should ကို ကျော့သည်)။

☐ the three party leaders...The three fighting Services(သုံးခု..သုံးခု နှစ်ခါပြောသော ကိန်းဂဏန်းက ပရိသတ်အာရုံကို ဖမ်းယူသည်)

☐ a number of other positions, key positions...(ပေါ့ပေါ့တန်တန်ရာထူးမဟုတ်၊ တကယ်အရေးပါသော ရာထူးဖြစ်ကြောင်း ပေါ်လွင်ရန် ထပ်သည်)

☐...,were filled yesterday, and I am ...tonight...principal Ministers during tomorrow.(မနေ့ကလုပ်ခဲ့တာ၊ ဒီညလုပ်မှာနှင့် မနက်ဖြန်လုပ်မှာကို အချိန်တန်းစီပြသည်။ စိတ်ဝင်စားအောင် ပြသခြင်းဖြစ်။)

☐ that we are in the preliminary stage...,that we are in action..,that we have to be..,that the air battle...(that တွေခံပြီး ဝါကျတွေ တန်းစီဆက်ထားသည်။ that တွေက လုပ်စရာတွေကို မီးမောင်းထိုး(highlight လုပ်) ပေးသည်။ that များကိုချန် fullstop နှင့် ဝါကျတွေကို ပိတ်လိုက်လျှင် အဓိပ္ပာယ်မပျက်ပါ။ သို့သော် အာရုံဆွဲဆောင်မှု ပေါ့သွားမည်)

☐ ..make allowance, all allowance...(လေးနက်စေရန်ထပ်သည်)

☐ We have before us many,many long months...(လေးနက်မှုအတွက် many နှစ်ကြိမ်သုံးသည်။)

အရေးအကြီးဆုံးသည် နိဂုံးအပိုင်းဖြစ်၏။ ဝါဒနှင့်ရည်မှန်းချက်ကို ကြေငြာပြီး တိုင်းပြည်ကို စစ်စည်းရုံးရေးလုပ်ခြင်းဖြစ်သည်။ ဇာတိသွေး ဇာတိမာန်တက်အောင် ရဲစိတ်ရဲမာန်တက်အောင် ပြောဆိုသော စကားဖြစ်သည်။ ထိထိမိမိ ဒိုးဒိုးဒေါက်ဒေါက်ဖြစ်အောင် ဝါကျတိုတိုသုံးသည်။ စကားလုံးကို ထပ်ခါထပ်ခါ သုံးသည်။

☐ You ask, what is our policy? ဝါကျတို (အမေး)

☐ It is to wage war,ဝါကျတို (အဖြေ)

☐ by sea, land and air, with all ..give us; သည် အထက်ပါဝါကျကို ထောက်ကူသော phrase များဖြစ်သည်။ phrase အတိုတွေဖြစ်သည်။

☐ to wage war...(လေးနက်အောင် ထပ်ပြောသည်)

☐ that is our policy (လေးနက်အောင် our policy ကိုထပ်ပြောသည်)

☐ You ask, what is our aim? ဝါကျတို(အမေး) လေးနက်အောင် you ask သုံးပြီး ထပ်မေးသည်။

☐ I can answer in one word; ဝါကျတို

☐ It is victory, ဝါကျတို မပြီးသေး (,ခံ)

☐ (It is) victory at all costs, ဝါကျတို မပြီးသေး (,ခံ)

☐ victory inspite of all terror, ဝါကျတိုမပြီးသေး (,ခံ)

☐ victory however long and hard the road may be; (ပြီးသလောက်ပြီး သို့သော် အားမရသေး၍ , ခံ)

☐ for without victory...

အမေးအဖြေပုံစံနှင့် ဝါဒ (ပေါ်လစီ) ကို ကြေငြာသည်။ it is to wage war စာလုံးငါးလုံးနှင့် အစိုးရပေါ်လစီကို ဖွင့်ပြသည်။ တိုသည် ရှင်းသည် ပြတ်သည်။

ဤစကားလုံး ငါးလုံးကို ကြည့်ပါဦး။ အားလုံး monosyllable ခေါ် တစ်သံမြည် စကားလုံးတွေ ဖြစ်သည်။ အသံတိုသည်။ အကြီးဆုံးစကားလုံးတွင် အက္ခရာလေးလုံးသာ ပါဝင်သည်။ လိုရင်းတိုရှင်းဆိုတာ ဒါပဲဖြစ်သည်။ ပြီးတော့ to wage war ကို ထပ်ပြောလိုက်သည်။ အသံကျယ်ကျယ်ဟစ်လိုက်သည်။

ထို့နောက် victory လာသည်။ အရေးကြီးသည်။ ထပ်ခါ ထပ်ခါ ပြောသည်။ victory ကို အသံကုန်ဟစ်သည်။ It is victory(ဝါကျတို) နောက် victory ကို ဝါကျတိုတွေနှင့် အကျယ်ဖွင့်သည်။ စွဲသွားအောင် အခါခါပြောသည်။ ကြက်သီးထလောက်သော စစ်လှုံ့ဆော်စကားဖြစ်သည်။

အသံနေအသံထား

ရှေ့ကဝေဖန်ချက်များတွင် အသံနေအသံထားအကြောင်း ထည့်မရေးရသေးပါ။ အဆိုင်းအငုံ့ အဖြတ်အတောက် အသံနိမ့်မြင့် အလွန်အရေးကြီးသည်။ စကားဘယ်လောက်ကောင်းကောင်း အသံက မသယ်လျှင် မိန့်ခွန်းအားပျော့မည်။ ဤနေရာ၌ ချာချီ၏ အသံနေအသံထားကို စိတ်ကူးကြည့်ပါ။

You ask, what is our policy?

It is to wage war

It is ကို ပီပီသသနှင့် လေမှန်ဆိုပြီး to wage war တွင် အသံတင်မည်။ war ကို အသံဆွဲပြီး သံကုန်ဟစ်မည်။ ထပ်ပြီး you ask, what is our aim?(အငုံ့ အဆွဲနှင့်) It is victory (အသံမြှင့်ဆွဲ) victory (သံကုန်တင်) at all costs, victory (အသံထပ်တင်) inspite of all terror. မာန်ပါပါနှင့် ကိုယ်တိုင် အော်ကြည့်လျှင်ကောင်းမည်။

ခြုံငုံလိုက်သောအခါ

ချာချီ၏ ဤမိန့်ခွန်းသည် အစကောင်း၏။ လွှတ်တော်က သူ့အစိုးရကို ထောက်ခံဖို့ တောင်းခံသည်။ တစ်ရက်နှစ်ရက်အတွင်း သူလုပ်ခဲ့သမျှ တင်ပြပြီး ထောက်ခံမှု တောင်းသည်။

ဒုတိယပိုင်းတွင် ကြုံကြရမည့် အခက်အခဲတွေ၊ လုပ်နေဆဲ အစီအမံတွေ ကို ရှင်းပြသည်။ ဤတွင် အကောင်းဆုံးက " I have nothing to offer but blood, toil, tears and sweat" တိုင်းပြည်အတွက် ဦးဆွေးဆံမြည့် ထမ်းဆောင်ပါမည်ဟု ကတိစကားဖြစ်သည်။ ဤစကားစွဲကျန်ရစ်၏။

နိဂုံးမချုပ်မီ နိုင်ငံကို စစ်စိတ်သွင်းသည်။ လှုံ့ဆော်သည်။ to wage war; to wage war ; victory; victory အကြိမ်ကြိမ်အော်လိုက်သည်။ တိုင်းပြည်ကို နှိုးလိုက်သည်။ သွေးထိုးလိုက်သည်။ နောက်ဆုံး ဖိတ်ခေါ်စကားနှင့် ပိတ်လိုက်သည်။

"ရှေ့သို့ချီရအောင် လာကြဟု" တဲ့။ "come then, let us go forward.."။ ဤကား အပိတ်စည်းရုံးရေးစကား ဖြစ်ပေသည်။

♣♣♣♣♣

အခန်း(၆)

ဝင်စတန်ချာချီ၏ " ပွဲမပြီးသေးဘူး" မိန့်ခွန်း

၁၉၃၉ ခုနှစ်တည်းကစပြီး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည်။ နှစ်နှစ်ကျော် သုံးနှစ်နီးပါး ဗြိတိသျှတို့ အရှုံးချည်းကြုံခဲ့ရသည်။ ၁၉၄၂ ခု နိဝင်ဘာလတွင် ဝင်စတန်ချာချီက အောင်ပွဲစကား ပထမဆုံးအကြိမ် ပြောနိုင်လာသည်။ လန်ဒန်မြို့တော်ဝန်၏ အိမ်တော်၌ တည်ခင်းသော နေ့လည်စာစားပွဲကို အခွင့်ကောင်းယူပြီး ဗြိတိန်၏ အောင်ပွဲအကြောင်း ချာချီကပြောသည်။

The Lord Mayor's Luncheon, Mansion House

Winston Churchill : The End of the Beginning

November 10, 1942

After a series of defeats from Dunkirk to Singapore, Churchill could finally tell the House of Commons that "we have a new experience. We have victory - a remarkable and definite victory."

Alexander and Montgomery turned back Rommel's forces at El Alamein, thus winning what Churchill called "The Battle of Egypt." I have never promised anything but blood, tears, toil, and sweat. Now, however,

The bright gleam has caught the helmets of our soldiers, and warmed and cheered all our hearts.

The late M. Venizelos observed that in all her wars England -- he should have said Britain, of course -- always wins one battle -- the last. It would seem to have begun rather earlier this time. General Alexander, with his brilliant comrade and lieutenant, General Montgomery, has gained a glorious and decisive victory in what I think should be called the battle of Egypt. Rommel's army has been defeated. It has been routed. It has been very largely destroyed as a fighting force.

This battle was not fought for the sake of gaining positions or so many square miles of desert territory. General Alexander and General Montgomery fought it with one single idea. they meant to destroy the armed force of the enemy and to destroy it at the place where the disaster would be most far-reaching and irrecoverable....

Now this is not the end. It is not even the beginning of the end. but it is, perhaps, the end of the beginning. Henceforth Hitler's Nazis will meet equally well armed, and perhaps better armed troops. Hence forth they will have to face in many theatres of war that superiority in the air which they have so often used without mercy against other, of which they boasted all round the world, and which they intended to use as an instrument for convincing all other peoples that all resistance to them was hopeless....

We mean to hold our own. I have not become the King's First Minister in order to preside over the liquidation of the British Empire. For that task, if ever it were prescribed, someone else would have to be found, and, under democracy, I suppose the nation would have to be consulted. I am proud to be a member of that vast commonwealth and society of nations and communities gathered in and around the ancient British monarchy, without which the good cause might well have perished from the face of the earth. Here we are, and here we stand, a veritable rock of salvation in this drifting world....

The British and American affairs continue to prosper in the Mediterranean, and the whole event will be a new bond between the English-speaking peoples and a new hope for the whole world.

I recall to you some lines of Byron, which seem to me to fit the event, the hour, and the theme:

Millions of tongues record thee, and anew

Their children's lips shall echo them, and say --

"Here, where the sword united nations drew,

Our countrymen were warring on that day!"

And this is much, and all which will not pass away.

♣♣♣♣♣

(လန်ဒန်)မြို့တော်ဝန်အိမ်တော်၌ ကျင်းပသော

နေ့လည်စာစားပွဲတွင်

ဝင်စတန်ချာချီပြောသော

"ပွဲမပြီးသေးဘူး" မိန့်ခွန်း (ဘာသာပြန်)

[ဒန်းကော့(Dunkirk)မှ စင်ကာပူ(စင်ကာပူသည် ထိုစဉ်က ဗြိတာသျှပင်မခံတပ်ကြီးဖြစ်သည်)အထိ ရှုံးပြီးရင်းရှုံးနေခဲ့ရာမှ "ကျုပ်တို့ပွဲသစ်ကြံဖူးပြီ။ ကျုပ်တို့အောင်ပွဲဆင်နိုင်ပြီ။ မှတ်လောက်သားလောက် အပြတ်နိုင်တဲ့ အောင်ပွဲခင်ဗျ" ဟု အောက်လွှတ်တော်(House of Commons သည် ဗြိတိသျှအောက်လွှတ်တော်ဖြစ်၏။ အရပ်သားအမတ်များ ရွေးကောက်တင်ရသည်။ အထက်လွှတ်တော်ကို House of Lords ခေါ်သည်) ထဲတွင် ချာချီက ကြေငြာနိုင်သော အဆင့်ထိ စစ်အခြေအနေ တိုးတက်လာခဲ့ပြီ။

အလက်ဇန်းဒါး(General Alexander ဗိုလ်ချုပ်ကြီး၊ အ ရှေ့အလယ်ပိုင်းဒေသ ဗြိတိသျှနှင့် မဟာမိတ်တပ်ပေါင်းစု သေနာပတိ) နှင့် မောင့်ဂိုမာရီ(General Montgomery ဗိုလ်ချုပ်၊ ဗြိတိသျှအမှတ်(၈)တပ်မကြီးတပ်မှူး။ အယ်(လ)အမိန်းတွင် ဂျာမန်ဗိုလ်ချုပ်ရွန်မဲ၏တပ်ကို ချေမှုန်းသူ) က အယ်(လ)အမိန်း (Al Amein) တွင် ရွန်မဲ(Field Marshal Erwin Rommel ဂျာမန်ဗိုလ်ချုပ်ကြီး) ၏ တပ်ကို လှန်ထုတ်လိုက်ပြီ။ ထိုတိုက်ပွဲကို ချာချီက အီဂျစ် တိုက်ပွဲဟု ကင်ပွန်းတပ်၏။ "ကျုပ်က သွေးချွေးမျက်ရည်နဲ့ လုပ်အားကလွဲပြီး ဘာကိုမှ ပေးဆပ်ပါမယ်လို့ မပြောခဲ့ပါဘူး" ဟု သူက ဆိုခဲ့ပါသည်။]

(ဤမှာ မြို့တော်ဝန်၏ အိမ်တော်၌ ပြောကြားချက် စတင်ပါသည်)

ကျုပ်တို့ စစ်သည်တော်တွေရဲ့ ခမောက်ပေါ်မှာ အရောင်လင်းလက် တောက်ပလာပြီ။ ကျုပ်တို့အားလုံးရဲ့နှလုံးသားကို နွေးထွေးစေပြီး အားတက်ရွှင်မြူးအောင် လုပ်ဆောင်ခဲ့ပါပြီ။

ကွယ်လွန်သူ အမ်ဗင်နီဇီလော့(စ) (Venizelos,Eleutherios(1864-1936) ဂရိနိုင်ငံ တိုင်းပြူပြည်ပြုသုခမိန်၊ဝန်ကြီးချုပ်) က အင်္ဂလန်အကြောင်း မှတ်ချက်ချခဲ့တယ်။ သူက ဗြိတိန်လို့ သုံးနှုန်းဖို့ကောင်းတာပေါ့။ အင်္ဂလန်က စစ်ဖြစ်တိုင်း တိုက်ပွဲတစ်ပွဲ နိုင်လေ့ရှိတယ်။ နိုင်တာက နောက်ဆုံးတိုက်ပွဲတဲ့။ ဒီအချီမှာတော့ နိုင်ပွဲက တော်တော်ကလေး စောနေပုံရတယ်ခင်ဗျ။ ဗိုလ်ချုပ်အလက်ဇန်းဒါးနဲ့ သူ့ရဲ့ လျှမ်းလျှမ်းတောက်ရဲဘော်ကြီး ဗိုလ်ချုပ်မောင်ဂိုရီတို့ တကယ်ပြောင်မြောက်တဲ့ အပြတ်အသတ်နိုင်တဲ့ အောင်ပွဲကြီးကို ရလိုက်ပါပြီ။ ဒီပွဲကို ကျုပ်က "အီဂျစ်တိုက်ပွဲ" လို့ ခေါ်လိုက်ချင်တယ်။ ရွန်မဲတပ် ရှုံးသွားပြီ။ အဲဒီတပ် ဖွတ်ဖွတ်ကျသွားပြီ။ တိုက်ပွဲဝင်နိုင်တဲ့ တပ်ဖွဲ့အဖြစ်

ရပ်တည်လို့မရအောင် ချေမှုန်းခံလိုက်ရပါပြီ။

ဒီတိုက်ပွဲတိုက်တာက နေရာလုဖို့ မဟုတ်ပါဘူး။ စတုရန်းမိုင် ဘယ်ရွေ့ဘယ်မျှ သိမ်းပိုက်လိုက်ပြီဆိုတာမျိုး လုပ်ဖို့မဟုတ်ပါဘူး။ ဗိုလ်ချုပ်အလက်ဇန်းဒါးနဲ့ ဗိုလ်ချုပ်မောင်ဝိုရီမှာ တိုက်ပွဲရည်မှန်းချက် တစ်ခုပဲရှိတယ်။ ရန်သူရဲ့ လက်နက်ကိုင်တပ်အင်အားကို သူတို့က အပြုတ်တွယ်ချင်တာ။ တွယ်ချင်တာကလည်း အထိအနာဆုံးဖြစ်မဲ့နေရာ သူတို့ပြန်ပြီး နာလန်မထူမဲ့အရပ်မှာ ချချင်တာ...။

ဒါပေမဲ့ အခု ပွဲမပြီးသေးဘူးခင်ဗျ။ ဇာတ်သိမ်းခန်းရဲ့ အစတောင် မဟုတ်သေးဘူးခင်ဗျာ။ ပွဲဦးထွက် ပြီးဆုံးတာတော့ ဖြစ်ကောင်းဖြစ်ပေလိမ့်မယ်။ ခုချိန်ကစပြီး ဟစ်တလာရဲ့ နာဇီတပ်တွေဟာ သူတို့လို လက်နက်ကောင်း အပြည့်အစုံကိုင်ဆောင်တဲ့ သူတို့ထက်တောင် လက်နက်ကောင်းချင်ကောင်းမယ့် တပ်တွေနဲ့ ရင်ဆိုင်ရတော့မယ်။ ခုချိန်ကစပြီး စစ်မျက်နှာပေါင်းစုံမှာ သူတို့ထက်သာတဲ့ လေတပ်ကို ရင်ဆိုင်ရတော့မယ်။ သူများအပေါ်မှာ မည်သူမတာလုပ်ခဲ့တဲ့ လေတပ်ခင်ဗျ။ ကမ္ဘာအရပ်ရပ်မှာ သူတို့အင်မတန် ဝင့်ကြွားတဲ့လေတပ်၊ ပြီးတော့ သူတို့ကို ခုခံနေရင် အချည်းအနှီးပဲလို့ ကျန်လူမျိုးအားလုံးက ယုံကြည်သွားအောင် သူတို့သုံးစွဲချင်နေတဲ့ လေတပ်ဗျာ။ ခုတော့ သူတို့ထက်သာတဲ့ လေတပ်ကို သူတို့ ရင်ဆိုင်ရတော့မယ် ခင်ဗျ။....

ကျုပ်တို့ကတော့ ကိုယ့်နယ်မြေကို လက်မလွှတ်ဖို့ သန္နိဋ္ဌာန်ပြုထားတယ်။ ကျုပ် ဘုရင်မင်းမြတ်ရဲ့ ဝန်ကြီးချုပ်ဖြစ်လာတာ ဗြိတိသျှအင်ပါယာကြီးကို ဖျက်ပစ်ရာမှာ အကြီးအမှူးလုပ်ဖို့ မဟုတ်ဘူးခင်ဗျ။ အဲဒီကိစ္စ တကယ်လို့ လုပ်ဖို့ ဆုံးဖြတ်ကြမယ်ဆိုရင်လည်း တခြားတစ်ယောက်ကိုရှာပြီး တာဝန်ပေးကြပါ။ အဲဒါကို ဒီမိုကရေစီနည်းကျကျတော့ လုပ်ရလိမ့်မယ်။ နိုင်ငံရဲ့ သဘောဆန္ဒကို ရယူပြီးမှ လုပ်သင့်တယ်လို့ ကျုပ်ယူဆတယ်။ သက်တမ်းရှည်တဲ့ ဗြိတိသျှဘုရင့်နိုင်ငံတော်ကြီးကို ဗဟိုပြုပြီး စုစည်းထားတဲ့ ဓနသဟာယ နိုင်ငံများနဲ့ နိုင်ငံစုံအဖွဲ့ကြီးရဲ့ ပြည်သူလူထုတွေထဲမှာ တစ်ယောက်အနေနဲ့ ပါဝင်ရတာ ကျုပ်တော့ အလွန်ဂုဏ်ယူတယ်။ ဒီအင်အားစုကြီးသာ မရှိခဲ့ရင် မြတ်သောရည်မှန်းချက်တွေ ဒီကမ္ဘာမြေပြင်က ကွယ်ပျောက်သွားလိမ့်မယ်။ ကဲဗျာ...ကျုပ်တို့ဒီမှာ ဒီကနေ ကြဲ့ကြဲ့ခံမယ်ဗျို့။ မျောပါနေတဲ့ ဒီကမ္ဘာကြီးမှာ ကျုပ်တို့က တကယ့် ကျောက်ဆောင်ကြီးလို ရပ်တည်ရမှာပဲ။

မြေထဲပင်လယ်ဒေသမှာ ဗြိတိန်နဲ့ အမေရိကန် အခြေအနေ ဆက်လက်ကောင်းမွန်နေပါတယ်။ အဲဒီက ဖြစ်ရပ်ကြီးကြောင့် အင်္ဂလိပ်စကားပြောတဲ့ ပြည်သူတွေအချင်းချင်းကို နှောင်တဲ့ သံယောဇဉ်ကြိုးအသစ် ဖြစ်လာလိမ့်မယ်။ ကမ္ဘာအတွက်လည်း မျှော်လင့်ချက်အသစ် ဖြစ်မှာပေါ့။

ခင်ဗျားတို့ သတိရစရာ ဘိုင်ရွန်(George Gordon Byron 1788-1824) ရဲ့ ကဗျာစာပိုဒ်ကို ကျွန်တော်ရွတ်ပြချင်ပါတယ်။ ဒီကဗျာဖြစ်ပျက်နေတဲ့ အခြေအနေ အချိန်ကာလသမယနဲ့ အလွန်ဟပ်မိတယ်လို့ ကျွန်တော်ထင်လို့ပါ။

နင့်ကို သန်းချီတဲ့လူတွေ ကျက်မှတ်ပေလိမ့်

အသစ်တစ်ဖန် သူတို့သမီးသား ပါးစပ်ဖျား

ပွဲတင်လျှိုင်းပုတ်သလို

ကလေးတို့က ဆိုဦးမည်-

"နိုင်ငံစုံသမဂ္ဂ ဓားရှည်ထုတ်တာ ဒီနေရာပဲ

အဲဒီနေ့က ဒို့ပြည်သားတွေလည်း ဝင်နွှဲတယ်လေ"

ဒါဆို နည်းသလား၊ မွေ့ပျောက်စရာမှ မဟုတ်တာပဲ။

♣♣♣♣♣

ဝေဖန်သုံးသပ်ချက်

ဤမိန့်ခွန်း၏ အဓိကအကြောင်းအရာသည် ပထမဆုံးအကြိမ်အဖြစ် ဂျာမန်တို့အပေါ် တိုက်ပွဲကြီးတစ်ပွဲတွင် အောင်ပွဲခံလိုက်သည့်အကြောင်း အသိပေးကြေငြာခြင်းဖြစ်သည်။ ယခင်က စစ်မြေပြင်တွင် ပြိတိသျှစစ်သည်တို့ အောင်ပွဲ မကြုံဖူးသေး။ စစ်မြေပြင်သည် သူတို့အတွက် အမှောင်ဖုံးသောမြေဖြစ်၏။ ယခု အယ်(လ)အမိန်းတွင် အောင်ပွဲရပြီ။ စစ်မြေသည် လင်းလက်လာပြီ။ ဤအချက်ကို စတင် တင်ပြလိုက်ပုံကို ကြည့်ပါ။

The bright gleam has caught the helmets of our soldiers,(စစ်သည်တော်တို့ ခမောက်ပေါ်၌ အရောင်လင်းလက်တောက်ပလာလေပြီ)- အလွန်လှပသော အဖွင့်စကားဖြစ်၏။ ဝါကျတစ်ခု ရှင်းရှင်းတိုတို ဖြစ်၏။ သို့သော် ဤနေရာ၌ ပြောချင်တာ မပြီးသေး။ စိတ်ခံစားချက်ကို ဆက်စပ်ပြေချင်သည်။ (The bright gleam) has warmed all our hearts.(The bright gleam) has cheered all our hearts. ဝါကျသုံးခု ဆက်လိုက်မည်။ ဝါကျကို and နှင့်ဆက်သည်။ လိုသော pronoun it အစားထည့်၊ မလိုတာတွေ ဖြုတ်လိုက်သောအခါ

The bright gleam has caught the helmets of our soldiers,and warmed and cheered all our hearts. စစ်အောင်ပွဲကို လှလှပပ တင်စားခြင်းဖြစ်၏။

M.Venizelos ဆိုသူ၏ ပြောစကားကိုယူပြီး အားတက်ဖွယ်စကား ဆက်ပြောသည်။ In all her wars England always wins one battle- the last. အင်္ဂလန်က စစ်ဖြစ်တိုင်း တိုက်ပွဲတစ်ပွဲ နိုင်လေ့ရှိတယ်။ အဲဒါ နောက်ဆုံး တိုက်ပွဲတဲ့။ ဒါလည်း အလွန်လှသော စကားဖြစ်သည်။ နောက်ဆုံးတိုက်ပွဲသည် ဖိုင်နယ်ပွဲ၊ ဤပွဲနိုင်သူ စစ်ပွဲကြီးကို နိုင်သည်။ ဤတစ်ချီတွင်တော့ အနိုင်ရတိုက်ပွဲက စောစောလာသည်။(အားရှိဖွယ်ရာ) တကယ်တိုက်ပွဲကို ဦးစီးသူသည် ဗိုလ်ချုပ်မောင်ဂိုမာရီ အမှတ်(၈)တပ်မတော် (Eighth Army) ၏ တပ်မှူးကြီးဖြစ်သည်။ သို့သော် တိုက်ပွဲနယ်မြေ၏ စစ်ဒေသ သေနာပတိက ဗိုလ်ချုပ်အလက်ဇန်းဒါးဖြစ်သည်။ ချာချီက နှစ်ဦးလုံးကို အမွှမ်းတင်ချင်သည်။

ထို့ကြောင့် General Alexander, with his brilliant comrade and lieutenant, General Montgomery ဟု သုံးနှုန်းလိုက်သည်။ အောင်ပွဲရသူအဖြစ် Alexander ကို ရှေ့တန်းတင်သည်။ သူ့လက်အောက်ငယ်သားဖြစ်သူ Montgomery ကို brilliant comrade and li eutenant(လျှမ်းလျှမ်းတောက်ရဲဘော်ကြီး) အဖြစ် သိဒ္ဓိတင်ပေးသည်။ သူတို့ရသော အောင်ပွဲကို a glorious and decisive victory (တကယ်ပြောင်မြောက်တဲ့ အပြတ်အသတ်နိုင်တဲ့ပွဲ) ဆိုပြီး ချီးမွမ်းသည်။

ဆက်ပြီး ရွန်မဲ ရှုံးသွားပုံကို

Rommel's army has been defeated. (ရွန်မဲတပ်ရှုံးပြီ)

It has been routed. (သူ့တပ်ဖွတ်ဖွတ်ကျေပြီ)

ဝါကျတိုလေးနှစ်ခု အလွန်ပြတ်သည်။ အဓိပ္ပာယ်ထင်းနေသည်။ အကောင်းဆုံးစကားက-

Now this is not the end. It is not even the beginning of the end;

but it is, perhaps, the end of the beginning.

ဝါကျအတိုသုံးခုတွင် end နှင့် beginning ကို လှည့်ပတ်သုံးစွဲထားပုံကို ကြည့်ပါ။ မည်မျှလှပသနည်း။ လှပရုံမဟုတ်၊ အဓိပ္ပာယ် အလွန်လေးနက်သည်။

အောင်ပွဲရပြီဆိုပြီး စစ်သည်တွေပေါ့သွားမှာ စိုးသည်။ နိုင်ငံသားတွေ သွေးအေးသွားမှာ စိုးသည်။ ထို့ကြောင့် Now this is not the end(ဒါပွဲသိမ်းတာမဟုတ်ဘူးနော်) It is not even the beginning of the end (ဒါ ဇာတ်သိမ်းခန်း အစတောင်မဟုတ်သေးဘူး) Perhaps, it is the end of the beginning (ပွဲဦးထွက်ရဲ့ ဆုံးခန်းတော့ ဖြစ်ကောင်းဖြစ်မယ်)

ခြံလိုက်လျှင် ဒို့နိုင်ထားတယ်၊ ဒါပေမဲ့ ပွဲမပြီးသေးဘူး၊ မလျော့ကြနှင့်ဦးဟု ဖွဲတင်းခိုင်းခြင်းဖြစ်သည်။ ဤစကား အလွန်တာသွားသည်။ လူတွေနှုတ်ဖျားမှာ စွဲနေရစ်သည်။ ဆက်ပြောသည်။ ရန်သူ နာဇီဂျာမနီထက် သူတို့ဖက်က လက်နက်အင်အား မညံ့ကြောင်း၊ သာပင်သာနိုင်ကြောင်း။ ဤတွင်လည်း လေးနက်ပီပြင်အောင် Henceforth(ဒီကရှေ့) ကို နှစ်ကြိမ်ဆက်သုံးထားသည်။

Henceforth Hitler's Nazis will meet...better armed troops.

Henceforth they will have to face...that superiority in the air...

စစ်ပွဲ၏ ရှေ့အလားအလာကို ပေါ်အောင်ဖော်သော Henceforth ဖြစ်သည်။ ထို့နောက် ဝင်စတန်ချာချီ၏ နယ်ချဲ့သရုပ်ပီပြင်အောင် ပွင့်လင်းစွာပြောသည်။ ဒို့ပိုင်နက်နယ်ကို လက်မလွှတ်ဘူး။ ဗြိတိသျှအင်ပါယာကို ဖျက်ဖို့ ကျုပ် ဝန်ကြီးချုပ်ဖြစ်လာတာမဟုတ်ဘူး။ ဒီကိစ္စကို လုပ်ချင်ကြရင် သူများကိုခိုင်း၊ ကျုပ်ကတော့ မလုပ်ဘူး။ တိုင်းပြည်က သဘောမတူပဲ မလုပ်နဲ့...ဟု နယ်ချဲ့အင်ပါယာကြီး တည်တံ့ရေးကို ရှင်းရှင်းပြောဆိုသည်။ ဗြိတိသျှအင်ပါယာကြီးကို ခီးမွမ်းလိုက်သည်။ သူနိုင်ငံသားတွေ အတွက်တော့ စကားကောင်းပေါ့။ (နယ်ချဲ့လက်အောက်ခံဖြစ်ရသူတို့အဖို့တော့ အပြောကောင်းသော အင်္ဂလိပ်စကားအဖြစ်သာ အမှတ်ထားရသည်။ အကြောင်းအရာက အတော် အောင့်စရာဖြစ်၏။)

နိဂုံးချုပ်ပုံကလေးလည်း အလွန်ယဉ်သည်။ နာမည်ကျော် ကဗျာဆရာကြီး ဘိုင်ရွန်၏ ကဗျာစာယဉ်ကို အသံနေအသံထားနှင့် ရွတ်ဆိုပြီး နိဂုံးချုပ်ထားသည်။ ကဗျာက မျိုးချစ်စိတ် စေ့ဆော်သည့်ကဗျာ- မျိုးချစ်စိတ်ကို လှုံ့ဆော်သော ခေါင်းဆောင်ကြီးက ရွတ်ဆိုလိုက်သည်။ နေရာကျပါပေ၏။

♣♣♣♣♣

မှတ်မှတ်ရရ ချာချီစကား

Churchill Quotations

and ye be men of valour

"Arm yourselves, and be ye men of valour,

and be in readiness for the conflict;

for it is better for us to perish in

battle than to look upon the outrage

of our nation and our altar."

"ဒို့နိုင်ငံ ဒို့ဘုရားက မကျေမချမ်း ဖြစ်ခံရတာထက် စစ်တိုက်ရင်းသေရတာက မြတ်တယ်။ ဒါကြောင့် လက်နက်စွဲကိုင်ကြလော့။ အာဏာနည်ပီပီ တိုက်ပွဲဝင်ဖို့ အသင့်ပြင်ကြလော့။"

I'd drink poison

Lady Nancy Astor : "Winston, if i were your wife I'd put poison in your coffee."

Winston : "Nancy, if I were your husband I'd drink it."

လေဒီနန်စီအက်(စ)တာ။ ။ "ဝင်စတန် ကျွန်မသာ ရှင့်မိန်းမဆိုရင် ရှင်သောက်မယ့် ကော်ဖီထဲ အဆိပ်ခတ်မယ်"

ဝင်စတန်။ ။ "နန်စီ ကိုယ်သာ မင်းရဲ့ ခင်ပွန်းဆိုရင် အဲဒီ ကော်ဖီကို သောက်မယ်"

အထက်ပါ အချီအချစကားမှာ တစ်ခါတွင် ဘလင်ဟိုင်းနန်းတော်၌ ဧည့်ခံပွဲတွင် ဝင်စတန်ချာချီနှင့် လေဒီနန်စီအက်(စ)တာတို့ တွေ့ဆုံပြီး ငြင်းကြခုံကြရာမှ ပြောဆိုကြသော စကားကို အသိသက်သေများက ပြန်ပြောခြင်းဖြစ်၏။

♣♣♣♣♣

"Lousy" as a Parliamenrary Expression

The new Minister of Fuel and Power, Hugh Gaitskell, later Attlee's successor as leader of the Labour Party, had advocated saving energy by taking fewer baths: "Personally, I have never had a great many baths myself, and I can assure those who are in the habit of having a great many that it does not make a great difference to their health if they have less." Churchill, a renowned bather, responded: "When Ministers of the Crown speak like this on behalf of HM Government, the Prime Minister and his friends have no need to wonder why they are getting increasingly into bad odour. I have even asked myself, when meditating upon these points, whether you, Mr. Speaker, would admit the word 'lousy' as a Parliamentary expression in referring to the Administration, provided, of course, it was not intended in a contemptuous sense but purely as one of factual narration."

"Lousy" (သောက်သုံးမကျ) ဆိုသော စကားကို ရိုင်းစိုင်းသော အသုံးအနှုန်းအဖြစ် ဗြိတိသျှပါလီမန်တွင် သုံးစွဲခွင့်မပြုသော အစဉ်အလာရှိ၏။ တစ်ခါတွင် ဝင်စတန်ချာချီက လွှတ်တော်တွင် lousy ကို သုံးဖြစ်အောင် သုံးပြလေသည်။

စွမ်းအင်ဝန်ကြီးအသစ်ဖြစ်လာသူ မစ္စတာဟယူးဂိတ်စကဲ(နောင်ခါတွင် လေဘာပါတီခေါင်းဆောင်အဖြစ် အက်တလီကို ဆက်ခံသူ) က ရေချိုးကြိမ်လျော့ပြီး စွမ်းအင်ချွေတာကြရန် ပြောဆိုသည်။(အင်္ဂလန်တွင် ရာသီဥတုအေးသောကြောင့် ရေနွေးနှင့် ရေချိုးရသည်)"ကျွန်တော်ကတော့ ခဏခဏရေချိုးလေ့မရှိပါဘူး။ခဏခဏရေချိုးလေ့ရှိသူတွေကိုကျွန်တော်အသေအချာပြောနိုင်တာက ရေချိုးနည်းလို့ ကျန်းမာရေးအတွက် သိပ်အကြောင်းမထူးတဲ့ အကြောင်းပါပဲ" ။ ချာချီသည် ရေခဏခဏချိုးလေ့ရှိသူအဖြစ် လူသိများ၏။ ချာချီက တုံ့ပြန်ပြောဆိုပုံမှာ "ဝန်ကြီးတွေက အစိုးရကို ကိုယ်စားပြုပြီး ဒီစကားမျိုးပြောလာတော့ ဟောင်နေတဲ့အနံ့တွေ ရှူကြရတဲ့အခါ ဝန်ကြီးချုပ်နဲ့ ရောင်းရင်းများ ဘယ်ကအနံ့ပါလိမ့်လို့ တွေးနေစရာမလိုတော့ဘူးပေါ့ခင်ဗျာ။ ဒီလိုကိစ္စမျိုးတွေကြုံတဲ့အခါ ကျွန်တော်တွေးကြည့်မိတယ်။ အစိုးရကို ဝေဖန်ရာမှာ lousy -သောက်သုံးမကျဘူးဆိုတဲ့ စကားသုံးတာကို လွှတ်တော်ဥက္ကဋ္ဌကြီးက ခွင့်ပြုလေမလားလို့ တွေးမိတယ်။ မထေမဲ့မြင် ပြောဆိုတာမဟုတ်ပဲ ပြောထိုက်လို့ ပြောဆိုရတာဆိုရင်ပေါ့လေ။"

♣♣♣♣♣

So much owed by so many to so few

"Never in the field of human conflict was so much owed by so many to so few"(Speech in the House of Commons,August 20,1940,at the height of the battle of Britain.He was speaking in praise of the airmen who turned the tide of war.)

"ဒီလောက်များတဲ့လူထုကြီးက ဒီလောက်လူနည်းစုကလေးကို ဒီလောက်ကြီးကျေးဇူးတင်စရာအဖြစ်က လူ့လောကပဋိပက္ခတွေမှာ တစ်ခါမှ မကြုံဖူးတဲ့ အဖြစ်ပါပဲ"

(ဗြိတိန်တိုက်ပွဲအခေါင်ဆိုက်နေချိန် ၁၉၄၀ ပြည့် သြဂုတ် ၂၀ ရက်နေ့တွင် ပါလီမန်လွှတ်တော်၌ ပြောစကားဖြစ်သည်။ စစ်ပွဲရှုံးနိမ့်သော အဖြစ်မှ အသာစီးရအောင် တိုက်ပွဲဝင်ခဲ့သော လေသူရဲများကို ချီးကျူးပြောဆိုခြင်းဖြစ်၏။)

♣♣♣♣♣

We shall fight on the beaches

"We shall fight on the beaches. We shall fight on the landing grounds. We shall fight the fields, and in the streets, we shall fight in the hills. We shall never surrender!" Speech about Dunkirk given in House of Commons June 4, 1940.

"ကျုပ်တို့ ကမ်းစပ်သောင်ပြင်မှာ တိုက်မယ်။ တက်လာမယ့် ကမ်းစပ်မြေပြင်မှာ တိုက်မယ်။ ယာခင်းလယ်ပြင်မှာ တိုက်မယ်။ လမ်းပေါ်မှာလည်းတိုက်မယ်။ တောင်ပေါ်တောင်ကြားမှာ တိုက်မယ်။ ဘယ်တော့မှ လက်နက်ချ အရှုံးမပေးဘူး။"

၁၉၄၀ ပြည့် ဇွန်လ ၄ ရက်နေ့ ဒန်းကတ် အကြောင်း ပြောကြားချက်မှဖြစ်သည်။

♣♣♣♣♣

အခန်း(၇)

ဒေါက်တာဘမော်၏ စစ်နှင့်မြန်မာပြည်မိန့်ခွန်း

Dr. Ba Maw on Myanmar and the World War

ဒေါက်တာဘမော်၏ အတ္ထုပ္ပတ္တိ

အင်္ဂလိပ်လက်ထက်မြန်မာ့သမိုင်းတွင် ဒေါက်တာဘမော်သည် ထိပ်တန်းမြန်မာ့ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ ဒေါက်တာဘမော်ကို ၁၉၈၃ ခုနှစ်တွင် အဘဦးကြေးနှင့် အမိဒေါ်သိန်းတင်တို့မှ မအူပင်မြို့တွင် မွေးဖွားသည်။ ဖခင်သည် မင်းတုန်းမင်းလက်ထက် နန်းတွင်းအရာရှိဖြစ်သည်ဟု ဆို၏။ ငယ်စဉ်က စိန်ပေါကျောင်းတွင် ပညာသင်ကြားသည်။ ခရစ်ယာန်ဘာသာဝင်ဖြစ်၏။ ရန်ကုန်ကောလိပ်တွင် ပညာသင်ကြားပြီး ကာလကတ္တားတက္ကသိုလ်မှ ပေးသော ဘီအေဘွဲ့ ၁၉၁၃ ခုနှစ်တွင် ရသည်။ ၁၉၁၇ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်မှ အမ်အေဘွဲ့ရသည်။ ကျောင်းဆရာလုပ်ပြီးနောက် ရန်ကုန်ကောလိပ်တွင် အင်္ဂလိပ်စာ ကထိကရာထူးရသည်။ မြန်မာလူမျိုးထဲမှ ပထမဆုံး အင်္ဂလိပ်စာ ကထိကဖြစ်၏။ ထိုရာထူးတွင် ၁၉၁၇ မှ ၁၉၂၈ အထိ လုပ်ကိုင်သည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်မဟုတ်သေး၊ ကာလကတ္တားတက္ကသိုလ်နှင့် တွဲထားသော ကောလိပ်ဖြစ်၏။

ဒေါက်တာဘမော်သည် အင်္ဂလန်နိုင်ငံသွားပြီး ဘွဲ့လွန်တက်သည်။ ကိန်းဗရစ်တက္ကသိုလ်တွင် ၁၉၂၂-၂၃ ခု တစ်နှစ်တက်သည်။ ဘွဲ့မရခဲ့။ ၁၉၂၄ ခုတွင် လန်ဒန်မြို့ ဂရေးအင်း(Gray's Inn) တွင် ဝတ်လုံဘွဲ့ယူသည်။ ပြင်သစ်နိုင်ငံ ဘော်ဒိုးတက္ကသိုလ် (Bordeaux University) မှ Ph.D ဒေါက်တာဘွဲ့ကို ၁၉၂၄ ခုနှစ်တွင် ရရှိသည်။

မြန်မာနိုင်ငံပြန်ရောက်ပြီး ဝတ်လုံတော်ရအဖြစ် ရှေ့နေလိုက်သည်။ အောင်မြင်ထင်ရှားသော ရှေ့နေဖြစ်၏။ အိန္ဒိယနှင့်မြန်မာ တွဲရေးခွဲရေး မြန်မာနိုင်ငံရေးလောကတွင် အငြင်းပွားပြီး ဂျီစီဘီအေအသင်းကြီး နှစ်ခြမ်းကွဲသည်။ ဒေါက်တာဘမော်က တွဲရေးဖက်တွင် လွှတ်တော်တွင်း ခေါင်းဆောင်လာဖြစ်၏။ ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံတော်လှန်ပုန်ကန်မှုကြီး ဖြစ်ပေါ်သည်။ ဆရာစံအဖမ်းခံရပြီး ခုံရုံးတင်အစစ်ခံရသောအခါ ဒေါက်တာဘမော်က ဆရာစံဖက်မှ ရှေ့နေလိုက်ပြီး ခုခံသည်။

၁၉၃၂ ခုနှစ်တွင် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲ၌ ဒေါက်တာဘမော်၏ ဂိုဏ်းက အနိုင်ရသည်။ ၁၉၃၄ ခုတွင် ကျန်းမာရေးနှင့်ပညာရေးဝန်ကြီးချုပ်ရာထူး ရသည်။ ထိုခေတ်က ဝန်ကြီးကို ဝန်ကြီးချုပ်ခေါ်သည်။ ၁၉၃၆ ခုနှစ်တွင် ဆင်းရဲသားဝံသာနုပါတီကို တည်ထောင်၏။ ထိုနှစ်တွင်ကျင်းပသော ရွေးကောက်ပွဲကို နိုင်ပြီး ၁၉၃၇ တွင် ထိုခေတ်အခေါ် နန်းရင်းဝန်(ဝန်ကြီးချုပ်) ဖြစ်လာသည်။ အင်္ဂလိပ်အစိုးရကပေးသော မြန်မာနိုင်ငံဥပဒေသစ်(၁၉၃၅) အရ ဖွဲ့စည်းသော မြန်မာနိုင်ငံအစိုးရဖြစ်ပြီး ပထမဆုံး မြန်မာနန်းရင်းဝန်ဖြစ်၏။ သို့သော် ဒေါက်တာဘမော်၏အစိုးရသည် လွတ်လပ်သော အစိုးရမဟုတ်။ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ နိုင်ငံတကာငွေကြေးကိစ္စ စသော အရေးပါသည့် ကဏ္ဍများကို သီးသန့်ကဏ္ဍများ(Reserved Subjects)အဖြစ် ဘုရင်ခံ၏ လက်အောက်တွင် ထားပြီး အင်္ဂလိပ်အရာရှိများက စီမံသည်။ ဝန်ကြီးချုပ်နှင့် မြန်မာဝန်ကြီးများက လွှတ်ပေးသော ကဏ္ဍများ(Transferred subjects) ကိုသာ ကိုင်တွယ်စီမံရသည်။ ၁၉၃၉ ခုနှစ်တွင် ဒေါက်တာဘမော် ဝန်ကြီးချုပ်ရာထူးမှ အယုံအကြည်မရှိအဆိုဖြင့် ဖြုတ်ချခံရသည်။

အတိုက်အခံ လွှတ်တော်အမတ်အဖြစ်မှ နှုတ်ထွက်ပြီး မြန်မာ့ထွက်ရပ်ဂိုဏ်းကို ဆင်းရဲသားပါတီ၊ ဒို့ဗမာသခင်ပါတီနှင့် ကျောင်းသားနိုင်ငံရေး ခေါင်းဆောင်များနှင့် ပူးပေါင်းတည်ထောင်သည်။ ဒို့ဗမာဘက်မှ သခင်နု၊ သခင်အောင်ဆန်း(နောင်အခါ ဗိုလ်ချုပ်) ၊ သခင်သန်းထွန်းစသော လူငယ်ခေါင်းဆောင်များ ပါဝင်သည်။ ဒေါက်တာဘမော်က ထွက်ရပ်ဂိုဏ်း အကြီးအကဲ ဥက္ကဋ္ဌဖြစ်ပြီး သခင်အောင်ဆန်းက အတွင်းရေးမှူးဖြစ်သည်။

၁၉၃၉ ခုတွင် ဥရောပ၌ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားသည်။ စစ်မီးသည် အာရှအထိ ပျံ့နှံ့မည့် လက္ခဏာပြနေသည်။ မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသော အချိန်ဖြစ်လာသည်။ တစ်ဖက်တွင် ဒေါက်တာဘမော်က ဂျပန်နှင့် အဆက်အသွယ်လုပ်ပြီး မြန်မာ့လွတ်လပ်ရေးတွင် အကူအညီပေးရန် တောင်းသည်။ ဂျပန်ပြည်သို့ ရဲဘော်သုံးကျိပ်စေလွှတ်ရာ၌ သူ့အဆက်အသွယ်ကြောင့် ဖြစ်မြောက်သည်ဟု ဒေါက်တာဘမော်က ဆိုသည်။

၁၉၄၀ ပြည့်နှစ်တွင် အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုဖြင့် ဒေါက်တာဘမော်ကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးသည်။ မြန်မာနိုင်ငံကာကွယ်ရေးဥပဒေနှင့် စည်းမျဉ်းအရ မန္တလေးထောင်တွင် အချုပ်အနှောင်ခံရ၏။ နောက် မိုးကုတ်ထောင်သို့ ပြောင်းရွှေ့ထားသည်။ မြန်မာပြည်ထဲသို့ ဂျပန်တပ်များဝင်လာချိန်တွင် ဒေါက်တာဘမော် မိုးကုတ်ထောင်မှ ထွက်ပြေးသည်။ စွန့်စားခန်းကြီးအဖြစ် သူရေးသော Breakthrough in Burma စာအုပ်တွင်ဖော်ပြထားသည်။

ဂျပန်က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ယာယီအစိုးရဖွဲ့စည်းရာ ဒေါက်တာဘမော်သည် အစိုးရ အကြီးအကဲ ဖြစ်လာ၏။ ဂျပန်က မြန်မာပြည်ကို လွတ်လပ်ရေး(အတုအယောင်) ပေးသည်။ ဒေါက်တာဘမော်သည် အာဏာရှင်အဓိပတိအဖြစ် နိုင်ငံအကြီးအကဲ ဖြစ်လာ၏။

မြန်မာပြည် အဓိပတိအဖြစ် ၁၉၄၃ ခု မတ်လတွင် ဒေါက်တာဘမော် ဂျပန်နိုင်ငံသို့ သွားသည်။ ဂျပန်ဘုရင်နှင့် တွေ့ဆုံ ဂါရဝပြုသည်။ ဂျပန်စစ်ခေါင်းဆောင်များနှင့် တွေ့သည်။ ဂျပန်ဘုရင်ကပေးသော ဘွဲ့တံဆိပ်ရသည်။ ၁၉၄၃ ခုတွင် တိုကျိုမြို့တွင် မဟာအရှေ့အာရှကွန်ဖရင့်(Greater East Asia Conference) ကို ဂျပန်အစိုးရက ကြီးမှူးပြီးကျင်းပသည်။ ထိုအစည်းအဝေးတွင် ဒေါက်တာဘမော်နှင့်အတူ အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင် ဆူဘတ်ချန္ဒြာဘို့(စ)(Subas Chandra Bose)၊ ဖိလစ်ပိုင်မှ ဟိုဆေးလော်ရယ်(Jose Laurel)၊ မင်းသား ဝမ်ဝိသယာကုန်(ထိုင်းနိုင်ငံ) (Prince Wan Waithayakon)၊ တရုတ်ပြည်မှ သမ္မတဝမ်ချိန်ဝေး (Wang Ching Wei) အစရှိသော ခေါင်းဆောင်များ တက်ရောက်သည်။ ဒေါက်တာဘမော်၏ မိန့်ခွန်းကို အလွန်ချီးကျူးကြသည်ဟု သိရ၏။

၁၉၄၄ ခုနှစ် ကုန်ခါနီးတွင် ဒေါက်တာဘမော်ကို ဂျပန်ဇကရာဇ်က ညှဉ့်သည်တော်အဖြစ် ဖိတ်ခေါ်သဖြင့် ဂျပန်သို့ သွားသေး၏။ ထိုအချိန်တွင် ဂျပန်တို့ စစ်ရှုံးနေပြီ။ မိခင်နိုင်ငံကို ကာကွယ်ရန်အတွက် ကာမိကာဇေ အသေခံတပ်ဖွဲ့ကို ဖွဲ့စည်းသည်။ ကာမိကာဇေများ တိုင်းပြည်အတွက် တိုက်ပွဲဝင်ရန် ဂျပန်အစိုးရက ဒေါက်တာဘမော်ကို ဟောပြောခိုင်း၏။ ဒေါက်တာဘမော် ဂျပန်ပြည်တွင် နယ်လှည့်ဟောပြောရသည်။

သို့သော် ဂျပန်သည် စစ်ရှုံးစပြုနေပြီ။ ၁၉၄၅ ခုတွင် အင်္ဂလိပ်တပ်များ မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်သောအခါ ဒေါက်တာဘမော်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ရန်ကုန်မှထွက်ခွာပြီး မုဒုံတွင် ရုံးစိုက်၏။ တစ်ပြည်လုံးကို အင်္ဂလိပ်သိမ်းသောအခါ ဒေါက်တာဘမော်သည် ထိုင်းနိုင်ငံကိုဖြတ်ပြီး ဂျပန်ပြည်အထိပြေး၏။ ဂျပန်ပြည်ကို အမေရိကန်နှင့် မဟာမိတ်တပ်များက သိမ်းပိုက်ထားသည်။ ဒေါက်တာဘမော်သည် တောရွာကလေးတစ်ရွာရှိ ဂျပန်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွင် ခေတ္တခိုအောင်းနေ၏။ ထို့နောက် တိုကျိုမြို့တွင် ဗြိတိသျှစစ်အရာရှိများထံ သွားရောက်ပြီး အလင်းဝင်သည်။ သူ့ကို အမေရိကန်လက် အပ်လိုက်သည်။ အမေရိကန်က ဆူဂါမို အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည်။

၁၉၄၆ ခု ဇူလိုင်လတွင် ဒေါက်တာဘမော် လွတ်ငြိမ်းချမ်းသာခွင့်ရပြီး မြန်မာပြည်ပြန်လာသည်။ မဟာဗမာပါတီကို တည်ထောင်ပြီး နိုင်ငံရေးပြန်လုပ်ရန် ကြိုးစား၏။ မအောင်မြင်။ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ လုပ်ကြံခံရပြီးနောက် ဒေါက်တာဘမော်ကို ဦးနုအစိုးရက ဖမ်းဆီးချုပ်နှောင်သည်။ ၁၉၄၈ ခုအထိ ဖြစ်၏။ ၁၉၅၅ ခုမှစပြီး နိုင်ငံရေးမှ အနားယူသည်။ ၁၉၆၆ခု ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီ လက်ထက်တွင် နောက်ဆုံးအကြိမ် ဖမ်းဆီးချုပ်နှောင်ခံရ၏။

အင်္ဂလိပ်လိုအပြောအဟောကောင်းသော မြန်မာ

အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီဘဝတွင် အင်္ဂလိပ်ဘာသာသည် ရုံးသုံးဖြစ်၏။ တရားရုံးတွင် ရှေ့နေများ အင်္ဂလိပ်လို လျှောက်လဲရသည်။ အစည်းအဝေးကြီး(အစိုးရနှင့်ဆိုင်လျှင်) အင်္ဂလိပ်လို ပြောရသည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာပေမှလွဲပြီး ဘာသာအားလုံး အင်္ဂလိပ်လိုချည်း ပို့ချသည်။ အင်္ဂလိပ်လို စကားချည် လုကြရသည်။

မြန်မာလူမျိုးထဲမှ အင်္ဂလိပ်လို အပြောအဟော ကောင်းပါပေသည်ဟု နာမည်ကြီးသူ ဒေါက်တာဘမော်တစ်ယောက်ကိုသာ (စာရေးသူ) ကြားဖူးမှတ်ဖူးပါသည်။ အင်္ဂလိပ်ခေတ်တွင် ၁၉၃၇ ခုမတိုင်မီက မြန်မာပြည် ဥပဒေပြုလွှတ်တော် (Burma Legislature) ဟူ၍ အင်္ဂလိပ်လက်အောက်ခံ လွှတ်တော်ရှိခဲ့သည်။(ထိုခေတ် အသုံးအနှုန်းပေါ်လွင်ရန် Burma ဟု ရေးပါသည်။ Myanmar

ဟု စာလုံးပေါင်းမှ အသံမှန်နှင့် နီးစပ်သည့်အပြင် ယခုခေတ်သုံးနှင့် ညီမည်ဖြစ်ကြောင်း သတိပြုရန်ရှိပါသည်) ထို့နောက် မြန်မာပြည် အုပ်ချုပ်ရေး ဥပဒေသစ်ကို အင်္ဂလိပ်အစိုးရက ၁၉၃၅ ခုနှစ်တွင် ပြဋ္ဌာန်းသည်။ ထိုဥပဒေအရ မြန်မာပြည် ဥပဒေပြုလွှတ်တော်ကို ပြင်ဆင်ဖွဲ့စည်းသည်။ ပြည်သူများရွေးကောက်သောအမတ်နှင့် အစိုးရခန့်အမတ်များ ပါဝင်သည်။ အစိုးရအဖွဲ့ကို ထိုလွှတ်တော်က ရွေးချယ်ပြီး ဘုရင်ခံက ခန့်အပ်သည်။ သို့သော် မြန်မာတို့အား စီမံခွင့်လွှဲအပ်သောဌာနများ(Transferred subjects) အတွက်သာ မြန်မာလူမျိုးဝန်ကြီးကို ခန့်ထားခွင့်ရသည်။ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးလို ဌာနများကို သီးသန့်ဌာနများ (Reserved Subjects)အဖြစ် အင်္ဂလိပ်လူမျိုးဘုရင်ခံက သူ့စိတ်ကြိုက် အင်္ဂလိပ်ကို ခန့်အပ်သည်။

ဤဥပဒေကြောင့် အတန်အသင့် မြန်မာတို့အာဏာရရှိသော်လည်း အချုပ်အခြာအာဏာမဟုတ်ချေ။ ဒေါက်တာဘမော်သည် ပထမဆုံး နန်းရင်းဝန်ကြီး ဖြစ်၏။ သို့သော် ထိုခေတ်က ယခု ဝန်ကြီးဟုခေါ်သော Minister ကို ဝန်ကြီးချုပ်ဟု သုံးနှုန်းသည်။

အပြိုင်အဆိုင်နှစ်ယောက်

အင်္ဂလိပ်ခေတ် မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော်တွင် ဒေါက်တာဘမော်နှင့် ဂဠုန်ဦးစောသည် အပြိုင်အဆိုင်ဖြစ်၏။ ဒေါက်တာဘမော်က အင်္ဂလိပ်စာပေနှင့် အမ်အေဘွဲ့ရ၊ ရန်ကုန်တက္ကသိုလ်တွင် ကထိကလုပ်ခဲ့ဖူးသူ။ အင်္ဂလန်တွင် ပညာသင်ပြီး ဝတ်လုံတော်ရဘွဲ့အပြင် ပြင်သစ် ပီအိပ်(ချ်)ဒီဘွဲ့ရသူ။ ဝတ်လုံတော်ရ(ရှေ့နေကြီး)အဖြစ် နာမည်ရထားသူဖြစ်၏။

ဂဠုန်ဦးစောက (၆)တန်းသာအောင်သူ။ ထို ၆ တန်းလက်မှတ်ဖြင့် တတိယတန်း ရှေ့နေစာမေးပွဲ ဝင်ဖြေပြီး ရှေ့နေလိုက်သူဖြစ်၏။ သို့သော် ဂဠုန်ဦးစောသည် ခေသူမဟုတ်။ ကိုယ်တိုင်သင်ယူပြီး အင်္ဂလိပ်လို ပြောဆိုတတ်သည်။ မြန်မာလိုတော့ အလွန်အပြောကောင်းသည်ဟု ဆိုသည်။ အင်္ဂလိပ်လို မိန့်ခွန်းပြောဖို့တော့ ဖြစ်ရုံသာ ရှိမည်ဟု ယူဆရသည်။

ဒေါက်တာဘမော်က အင်္ဂလိပ်လို အပြောကောင်းသည်။

ဂဠုန်ဦးစောက မြန်မာလို အပြောကောင်းသည်။ သို့သော် ဂဠုန်ဦးစောက အင်္ဂလိပ်လို ကြိုးကြိုးစားစားပြောသည်။ အတန်အသင့် အလုပ်ဖြစ်ပုံရ၏။

နန်းရင်းဝန်ကြီး ဒေါက်တာဘမော်ကို လွှတ်တော်က အပုံအကြည်မရှိ အဆိုဖြင့် ဖြုတ်ချပြီး ဂဠုန်ဦးစော နန်းရင်းဝန်ဖြစ်သည်အထိ အောင်မြင်လေသည်။ တစ်ခါတွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂ၌ နန်းရင်းဝန်ကြီးဒေါက်တာဘမော်နှင့် ဂဠုန်ဦးစောကိုဖိတ်ကြားပြီး စကားစစ်ထိုးပွဲ(debate) လုပ်သည်။ ဒေါက်တာဘမော်က ဝေဖြာသော အင်္ဂလိပ်အသုံးအနှုန်းနှင့် အင်္ဂလိပ်လေသံဖြင့်ပြောသည်ဆို၏။ (မှတ်ချက်- ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် ဒေါက်တာဘမော်၏ အင်္ဂလိပ်လို ပြောဆိုဟန်ကို အလွန်သဘောကျသည်ဆို၏။ ဒေါက်တာဘမော်၏ လေသံကို အတုယူပြီး အပြောအဟောလေ့ကျင့်သည်ဟု သူနှင့်ခေတ်ပြိုင်စာရေးဆရာဦးသိန်းဖေမြင့်က ရေးဖူးသည်)

ဒေါက်တာဘမော်နှင့် စကားရည်လုသောအခါ ဂဠုန်ဦးစောက တစ်ခုကောင်းဝါကျကို တွင်တွင်သုံးပြီး အံတုသည်ဆို၏။ ဒေါက်တာဘမော်၏အစိုးရလုပ်သမျှ ဟန်မကျပုံတစ်ခုကို ပြောပြီး Rightly or Wrongly it is very ugly (ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အဲဒါက အလွန်အရုပ်ဆိုးသဗျာ)ဟု ဂဠုန်ဦးစောက ဝေဖန်သည်ဆို၏။ အစိုးရလုပ်ကိုင်ပုံ နောက်အကြောင်းအရာတစ်ခုကောက်ပြီး ဝေဖန်လိုက် Rightly or Wrongly it is very ugly နှင့်ပိတ်လိုက် အကြိမ်ကြိမ်လုပ်သည်။ ကျောင်းသားပရိသတ် အလွန်သဘောကျသည်ဆို၏။

အင်္ဂလိပ်ခေတ်တွင် မြန်မာလူမျိုးထဲမှ အင်္ဂလိပ်လို အပြောအဟောကောင်းသူများ ရှိပါလိမ့်မည်။ သို့သော် ထင်ထင်ပေါ်ပေါ် နာမည်ရသူဆို၍ ဒေါက်တာဘမော်ကိုသာ သိရပါသည်။ ဒေါက်တာဘမော်၏ စာအုပ်တွင် တရားလွှတ်တော်တရားဝန်ကြီးနှင့် ဥပဒေပါမောက္ခဟောင်း ဦးမြင့်က အမှာစာရေးထားသည်။ ဦးမြင့်က ဒေါက်တာဘမော်သည် အပြောအဟောတွင် နှစ်ယောက်မရှိဟုဆို၏။ အင်္ဂလိပ်ခေတ် ပြည်ထဲရေးဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဦးမေအောင် အပြောအဟော အလွန်ကောင်းသည်ဟု ကြားဖူးပါသည်။ သို့သော် ဒေါက်တာဘမော်ကို မမီဟု ယူဆကြောင်း ဦးမြင့်က ဖော်ပြထားသည်။

ဦးမောင်မောင်ပြေရေးသော Burma in the Crucible(စာအုပ်အမည်ဖြစ်၍ Burma သုံးရပါသည်။ Burma အစား Myanmar ဟု ဖတ်ရှုပါရန်) စာအုပ်တွင် ဒေါက်တာဘမော်၏ မိန့်ခွန်းအပိုင်းအစကို တွေ့ရပါသည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်ဟိုက်စကူး ကျောင်းသားများ ညစာစားပွဲ၌ ပြောသော မိန့်ခွန်းဖြစ်၏။ (စာအုပ်နှစ်မျက်နှာခန့်ဖြစ်၏။)

ဒေါက်တာဘမော်ပြောသော မိန့်ခွန်းများအနက် ၁၉၄၀ ပြည့်နှစ်တွင် မြန်မာပြည်ဥပဒေပြုလွှတ်တော်၌ ပြောခဲ့သော မိန့်ခွန်းကို ဒေါက်တာဘမော်ရေးသော Breakthrough in Burma စာအုပ်၌ ဖော်ပြထားသည်။(၁၉၇၀ ပြည့်မတိုင်မီကထုတ်သော စာအုပ်အမည်ဖြစ်၍ Myanmar ဟု မသုံးခြင်းဖြစ်ပါသည်) ထိုမိန့်ခွန်းကို လွှတ်တော်မှတ်တမ်းတွင် အပြည့်အစုံ မော်ကွန်းတင်ထားကြောင်း ဒေါက်တာဘမော်က ဖော်ပြထားပါသည်။(အမျိုးသားမော်ကွန်းတိုက်တွင် ရှိကောင်းရှိဦးမည်)

အောက်ဖော်ပြပါသည် ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် မြန်မာပြည်ဥပဒေပြုလွှတ်တော်အစည်းအဝေး၌ ဒေါက်တာဘမော်ပြောသော မိန့်ခွန်းဖြစ်သည်။ ဆက်စပ်သော အကြောင်းအရာမှာ ဂရိတ်ဗြိတိန်နှင့် ဂျာမဏီတို့ စစ်ဖြစ်သည့်အထဲတွင် မြန်မာနိုင်ငံသားများ၏ သဘောဆန္ဒမပါဘဲ ဗြိတိသျှအစိုးရက မြန်မာပြည်ကို စစ်ထဲဆွဲသွင်းသဖြင့် လွှတ်တော်က ဝမ်းနည်းကြောင်း အဆိုနှင့် ပတ်သက်သည်။ မူလအဆိုရှင်မှာ အလယ်အလတ်ဝါဒီ အမျိုးသားရေးအမတ်မင်း ဦးဘသီဖြစ်၏။

ဤအခြေအတင်ပြောဆိုပွဲ၌ ဒေါက်တာဘမော်ပြောဆိုသော စကားကို သူရေးသော Breakthrough in Burma စာအုပ်တွင် နှစ်နေရာခွဲပြီး ဖော်ပြထားသည်။ စာမျက်နှာ ၄၀ အောက်ခြေမှ စာမျက်နှာ ၄၄ အဆုံးထိ ၄ မျက်နှာကျော်ကျော်က တစ်ပိုင်းဖြစ်၏။ စာမျက်နှာ ၇၉ အစမှ ၈၃ အပေါ်ပိုင်းအထိ ၄ မျက်နှာသာသာက နောက်တစ်ပိုင်း ဖြစ်သည်။ ၎င်းအပိုင်းနှစ်ခုကို စာအုပ်မှ ကူးယူဖော်ပြပြီး ဘာသာပြန်ပါ ဖော်ပြလိုက်ပါသည်။

ဒေါက်တာဘမော်က" I spoke in the legislature for the Freedom Block,.." (လွှတ်တော်တွင် မြန်မာ့ထွက်ရပ်ဂိုဏ်းကို ကိုယ်စားပြုပြီး ကျွန်တော်ဆွေးနွေးပြောဆိုပါသည်...) ဟု ဆိုသည်။ (အောက်ပါမိန့်ခွန်းတွင် Burma အစား Myanmar ဟု ပြင်သင့်သော်လည်း မူလစာအုပ်မှ ကူးယူသည့်အတိုင်း ဖော်ပြသည်။)

♣♣♣♣♣

Extract of Dr Ba Maw's Speech in Burma Legislature:

(February 23, 1940)

Sir, we live in a most bewildering world, a world that is just now a most crazy pattern of black and white. There are white promises and black performances; there are words without deeds; words that are soon gone with the wind. The conflict of word and deed, promise and preformance, meets us everywhere. War aims belong to this disjointed and crazy world and their meaning will be found only in that context.

We look all around us and find that every belligerent country is declaring its war aims in the most resounding moral phrases. Japan, fighting in China, solemnly declares that she is doing so in order to establish a new order in the East, to consolidate and redeem Asia and her countries and races from white aggression. Japan affirms that her aims are high and just and based upon and Asiatic ideology. In the West, Germany has declared that she is merely out to destroy world domination bya single imperialism, and that she too wants to preserve the rights of small nations. Great Britain also under very great pressure from the rest of the world, from America, from the neutral countries from India, has declared her war aims, which we already now.

Now our difficulty is as to what we are to believe. All these war aims cannot be true. Some of them must necessarily be false and a mere mask. Our present task is to separate the true from the false by supplying the test of actual action. That is our immediate task. We are not questioning British sincerity or good faith in the present resolution and

amendment. We say that since every belligerent country has declared the most lofty, the most impeccable, war aims, we want Britain to prove the reality of her profession by implementing them in her own empire, in Burma so that we may know them to be sincere. to be principles and not a policy. Looking into history we find that Britain has exalted all her wars in China found fine moral phrases and flaming formulas to prove that Britain was defending some high, even if imprecise, principle, somebody else's right, some standard of international morality with her usual disinterestedness. In every Britain war, past or present, God and the Church of England bishops are always on the British side. But after those wars were fought and won and accounts were settled, as they were always settled with great realism, what happened? Where were the moral issues then?

What happened to the standards of international morality? What could have happened to them except to disappear(utterly)? This is the teaching of history, that there was not a single time when Britain implemented, in pursuance of a principle and not a policy, her war declaration.

I do not wish to go back to such long-dead and therefore academic things as the old wars. Let us as an illustration only go back to the First World War. What were britain's war aims then? With the same moral fervour she declared that in fighting Germany she was defending the smaller nationalities: she was making the world safe for democracy; she was fighting self-determination in every country; and she had absolutely no territorial ambitions. Asquith, Lloyd George, Bonar Law, and several other representative British statesmen declared solemnly before the world that Britain, in fighting the World War, had no territorial ambitions. But what was the result? What happened when the battle and the shouting were done and the victors obtained their victory? The Britain Empire added to itself roughly a million and a half square miles of new territory as a result of the war. What happened to the doctrine of self-determination? When I, with my usual recklessness, mentioned self-determination before the Joint Select Committee at the time that the Committee was hammering our Burma's constitution, the British representatives were amused.

What happened to the principle of self-determination? President Wilson, we know, was duped by means of that word. He crossed the Atlantic to Europe in pursuit of that word. What did he get when he got there? The ending of all his life-long idealism, particularly the idealism of war and peace aims. And we, what have we got from all that idealism. We have got the Burma Constitution of 1935...Will any European member seriously maintain that this constitution of ours is self-determination?

And what has happened to Britain's declaration regarding the rights of the smaller nations? Where is Albania now, and Abyssinia, and Manchukuo, Czechoslovakia, and Austria? All these small states and nationalities were wiped away in Munich. Then and then only the British world saw the vast portentous writing on the wall that foretold her own doom. Then only Britain realized that Hitler was preparing to challenge her domination of the world. It was a new world dynamism challenging the old. Then only the moral consciencce of Britain woke up and she realized that there were still small nations to be protected from big nations, that she had a conscience and a duty to protect these small nations, or at least those that came within Hitler's plan for rival world dominion. What she refused to do for Abyssinia, for Czechoslovakia and Manchukuo, she suddenly realized she must do for Poland.

While speaking of this I wish to refer to a statement made in America by a British ex-Cabinet Minister, Mr.Duff Cooper...This interview that Mr.Duff Cooper gave in America is meant for the American people and as an appeal to neutral opinion. Mr.Duff Cooper told the American people:" The immediate issue is Poland but, as a matter of fact, the survival of the British Empire has always been the real, the true issue, even though many of the British people and their leaders have not recognized it as such".

Here is one outspoken British statesman who has declared in America to a hundred million people, to the most powerful neutral country in the world, that the British war aims may have begun with Poland but the Preservation of the British Empire and British imperialism is their real meaning. Let us not forget the last war and what Britain said then, her war aims and phrases then. What are the results of those phrases? The Treaty of Versailles and its sinister creature, the new minority question in Europe, which has grown into a new instrument of international policy. New minority-ridden states were created along the frontiers of the vanquished countries to keep them insecure, to keep Germany insecure, and Russia, and also others, and upon the insecurity of the vanquished the victors wanted to build their own security and perpetual world domination. But Nemeisis has now spoken. What they considered to be security has proved to be insecurity . They overreached themselves when they created that new question in Eastern Europe.

The minority question that Britain created for the undoing of her enemies has, in the hands of those enemies,proved to be a boomerang. We all know that had it hot been for the minority question in Czechoslovakia, in Poland, in Yugo-slavia, and in Rumania, things would not have been what they are now. That was how the last war and and its aims ended. ...Now it is the same war aims again, the same old phrases, moral, high-sounding, disinterested; that Britain is fighting for somebody else right, for the world's moral standards. ....This is British policy.

West of Suez freedom is an unqualified war aim , but east of Suez it is not so. Their words to us are: " You must prove to our satisfaction that you are fit to be free. It is true that we are a party in the case, but even so we propose to be the judge as well. You must prove to our satisfaction that you deserve freedom." They are words that a master would use to a slave. My conclusion is that, things being what they are, till promise is followed by performance, till word results in action, till things are entirely different from what they were in the past, war aims are a useless coinage. Until we are otherwise convinced by deeds and not by words, we refuse to believe that this is an ideological war, that there is any idealism in it or moral purpose. It is just one imperialism fighting another for the spoils which are the small nations....

This is what Duff Cooper declared to the American people: " I am impressed by the outstanding success of German propaganda in this country. This new line is that even if Germany has made mistakes, she is no worse than England, that in our dealings with the colonies we have been undemocratic".

That was Mr.Duff Cooper's impression when he visited America of the prevailing public opinion in the most powerful neutral country in the world at present. American opinion definitely holds the view that Germany may be bad but Britain is no better[a voice: " worse "], that Germany may be undemocratic but Britain in her colonies,in her empire, is equally undemocratic [applause]. So my conclusion in regard to Britain's war aims is that a war is still a war in spite of those aims and professions. The present war, like any other war, is entirely a war of either conquest or domination, a war for markets, for territories, for the most starkly material ends. It is naked politics.

♣♣♣♣♣

မြန်မာပြန်

(ဥက္ကဋ္ဌကြီး) ခင်ဗျား။ ကျွန်တော်တို့ နေနေရတဲ့ လောကကြီးက အလွန်ပဲ စိတ်ရှုပ်လောက်အောင် ကမောက်ကမနိုင်ပါပေတယ်။ အခုကိုပဲ အဖြူရောင် အမဲရောင်တွေ ကမောက်ကမဖြစ်နေတဲ့ လောကကြီးပါ။ အဖြူရောင် ကတိစကားတွေနဲ့ အမဲရောင် လုပ်ပုံကိုင်ပုံတွေ

ရှိတယ်ခင်ဗျာ။ အလုပ်မပါတဲ့ ပြောစကားတွေဗျာ။ ပြောပြီး မကြာခင် လေထဲလွင့်သွားတဲ့ စကားတွေဗျာ။ အပြောနဲ့အလုပ် မကိုက်ညီပုံ၊ ကတိနဲ့လုပ်ငန်း မဟပ်မိပုံကို ကျွန်တော်တို့ နေရာတကာမှာ တွေ့မြင်ရပါတယ်။ စစ်ရည်မှန်းချက်တွေက ယခုပြောတဲ့ ကမောက်ကမ ကယောင်ချောက်ချားလောကကြီးရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ အဲဒါနဲ့ ဆက်စပ်ပြောဆိုမှသာ စစ်ရည်မှန်းချက်များရဲ့ အဓိပ္ပာယ် ပီပြင်ပါလိမ့်မယ်။

ကျွန်တော်တို့ ဘေးဘီကြည့်လိုက်တော့ စစ်ဆင်နွှဲနေတဲ့ နိုင်ငံတိုင်းက သူ့စစ်ရည်မှန်းချက်ကို တကယ့်သူတော်စင် လေသံပေါက်အောင် ကြေငြာကြတာ တွေ့ရပါတယ်။ တရုတ်ပြည်မှာ စစ်တိုက်နေတဲ့ ဂျပန်နိုင်ငံက သူတိုက်နေရတာ အာရုံမှာ လူဖြူတွေ အနိုင်ကျင့်တာ ရပ်တန့်သွားအောင်တဲ့။ အာရုံကို အာရုံသားတွေ ပြန်လည်ပိုင်ဆိုင်ပြီး ပုံစံသစ်အာရုံ ထူထောင်ဖို့ ဖြစ်ပါသတဲ့။ အဲသလို အလေးအနက် ကြေငြာတယ်ခင်ဗျာ။ သူ့ရည်မှန်းချက်တွေ မွန်မြတ်တယ်။ ပြီးတော့ အာရုံဝါဒအပေါ် အခြေခံတယ်လို့ အခိုင်အမာဆိုပါတယ်။ အနောက်ဖက်မှာတော့ ကမ္ဘာကို နယ်ချဲ့နိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးထားတာကို ဖျက်ဆီးပစ်ဖို့ သူစစ်တိုက်ရတာပါလို့ ဂျာမဏီကဆိုတယ်။ သူကလည်းပဲ နိုင်ငံများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်လိုပါတယ်တဲ့။ ဂရိတ်ဗြိတိန်ကလည်း စစ်ရည်မှန်းချက်ကို ကြေငြာလို့ ကျွန်တော်တို့အားလုံး သိရပါပြီ။ သူကို အဖက်ဖက်က ဖိအားပေးလာလို့ အမေရိကန်နဲ့ ကြားနေနိုင်ငံတွေရဲ့ဖိအား အိန္ဒိယရဲ့ တောင်းဆိုမှုတွေက ရှိနေတယ်လေ။

ခု ကျွန်တော်တို့ ဒုက္ခက သူတို့ပြောသမျှထဲက ဘာကိုယုံရမှာလဲ။ ကြေငြာသမျှ စစ်ရည်မှန်းချက်တွေအားလုံး အမှန်တကယ်မဖြစ်နိုင်ပါဘူး။ တချို့က မဟုတ်တာတွေ ဖြစ်မှာ ဇကနဲပါပဲ။ ဟန်ဆောင်ပန်ဆောင်ဖြစ်မှာပါ။ ကျွန်တော်တို့ရဲ့ လတ်တလောကိစ္စက အစစ်နဲ့အယောင်ကို ခွဲခြားဖို့ပါပဲ။ လုပ်ကိုင်ပုံကြည့်ပြီး ခွဲခြားရမှာပါ။ ဒါ ကျွန်တော်တို့ လောလောလတ်လတ် လုပ်ရမည့် ကိစ္စပါပဲ။ ယခု တင်သွင်းထားတဲ့ အဆိုနဲ့ ပြင်ဆင်ချက်အဆိုမှာ ကျွန်တော်တို့အပေါ်မှာ ဗြိတိန်က ရိုးသားဖြူစင်ရဲ့လား ယုံကြည်စရာဟုတ်ရဲ့လားလို့ သံသယနှင့် မေးခွန်းထုတ်နေတာပါ။ စစ်ပြိုင်ဖက် နိုင်ငံအားလုံးက မြင့်မေ့မြတ်မေ့ဆိုတဲ့ ခြောက်ပစ်ကင်းသဲလည်းစင် ကြေငြာချက်တွေ ထုတ်ပြန်ထားလေတော့ ဗြိတိန်က သူ့အင်ပါယာထဲမှာ ပြောတဲ့အတိုင်း တကယ်လုပ်ပြစေချင်တယ်လို့ပဲ ပြောပါရစေ။ ပေါ်လစီသက်သက်မဟုတ် တကယ်ရိုးဖြောင့်သော စေတနာဆိုတာ ကျွန်တော်တို့ တွေ့ရမြင်ရအောင် မြန်မာပြည်မှာ လုပ်ပြစေချင်တယ်။ သမိုင်းကိုပြန်ကြည့်တော့ ဗြိတိန်က စစ်ဖြစ်တိုင်း သူစစ်တိုက်တာကို ခရုဆိတ်စစ်ပွဲကဲ့သို့ မြတ်သောစစ်အဖြစ် သီလနဲ့စံတိုက်တာကို တွေ့ရပါတယ်။ တရုတ်နဲ့ဖြစ်တဲ့ ဘိန်းစစ်ပွဲမှာတောင် ဗြိတိန်က အလွန်မွန်မြတ်တဲ့ ရည်ရွယ်ချက်ထားသလိုလို တစ်စုံတစ်ယောက်ရဲ့ ရပိုင်ခွင့်အတွက် ကြီးကြီးမားမား ရပိုင်ခွင့်ကို ဝိုးတိုးဝါးတားပေမဲ့ ကမ္ဘာ့ကျင့်ဝတ်စံနှုန်းကို ကိုင်တွယ်ပြီး သူ့အကျိုးစီးပွားအတွက် မဟုတ်သလိုမျိုး ပြောဆိုပြီး တိုက်ခဲ့တယ်။ ဖြစ်ခဲ့ပြီးသမျှ စစ်ပွဲတိုင်းမှာ ထာဝရဘုရားသခင်နဲ့ ချာ့(ချ)အော့ အင်္ဂလန်သာသနာပိုင် ဘုန်းကြီးတွေက ဗြိတိန်ဘက်က ပါဝင်မြဲပဲလေ။ ဒါပေမဲ့ အဲဒီ စစ်ပွဲတွေလည်း ပြီးရော စာရင်းရှင်းလိုက်တဲ့အခါ တကယ့်ဟန်ကြီးပန်ကြီးစာ ရင်းရှင်းတော့ ဘာဖြစ်ကုန်သလဲ။ စာရိတ္တမကျိုင်ကြီးတွေ ဘယ်ဆီရောက်ကုန်သလဲ။

ကမ္ဘာ့ကျင့်ဝတ်သိက္ခာ သမာဓိစံကြီး ဘာဖြစ်သွားသလဲ။ အဲဒီ စာရိတ္တမကျိုင်ကြီးတွေ စုံးစုံးမြုပ်ကွယ်ပျောက်ရုံကလွဲပြီး တခြားဘာဖြစ်စရာ ရှိမလဲ။ ဒါသမိုင်းသင်ခန်းစာပါပဲ။ စစ်ကြေငြာစာတမ်းထဲက မူဝါဒကို တစ်ကြိမ်တစ်ခါမှ ဗြိတိန်က အကောင်အထည် မဖော်ခဲ့ဖူးတာ သမိုင်းသင်ခန်းစာပါ။

ရှေးပဝေသဏီက ပြီးပြတ်ပြီး ဖြစ်လို့ အခုတော့ စာအုပ်ထဲက စာဖြစ်နေတဲ့ အကြောင်းအရာတွေကို ကျွန်တော်မပြောချင်ပါဘူး။ နမူနာပြဖို့ ပထမကမ္ဘာစစ်ကိုတော့ ပြန်လှန်ကြည့်ကြရအောင်။ အဲဒီတုန်းက ဘာရည်ရွယ်ချက်နဲ့ ဗြိတိန်က စစ်တိုက်ရတယ်လို့ ဆိုသလဲ။ ထုံးစံအတိုင်း စာရိတ္တမကျိုင်ကြီးမှီပြီး နိုင်ငံငယ်ကလေးတွေကို ကာကွယ်ပေးဖို့ ဂျာမဏီနဲ့ စစ်တိုက်ရတယ်ဆိုပဲ။ ကမ္ဘာမှာ ဒီမိုကရေစီစနစ် အွန်ရာယ်ကင်းအောင် တိုက်ရတာပါတဲ့။ နိုင်ငံတိုင်း ကိုယ့်ကြမ္မာကိုယ်ပိုင်စိုးရအောင် စစ်တိုက်သတဲ့။ ကမ္ဘာမှာ ဝင်နွှဲနေတာ ဗြိတိန်က နယ်မြေလိုချင်လို့ မဟုတ်ပါဘူးလို့ အက်(စ)ကွစ် (Asquith ,Herbert Henry(1852-1928) အင်္ဂလိပ်နိုင်ငံရေးခေါင်းဆောင်။ 1908-16 ဝန်ကြီးချုပ်)၊ လွိုက်ဂျော့(Lloyd George David(1863-1945) ဝေလလူမျိုး ဗြိတိန်နိုင်ငံရေးခေါင်းဆောင်။ 1916-22 ဝန်ကြီးချုပ်)၊ ဘိုနာလော (Bonar Law ဗြိတိသျှ နိုင်ငံရေးခေါင်းဆောင်၊ လွိုက်ဂျော့ကို ဝန်ကြီးချုပ်အဖြစ် ဆက်ခံသူ) နဲ့ ဗြိတိန်ကို ကိုယ်စားပြုတဲ့ နိုင်ငံရေးသမားတွေက အလေးအနက် ပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့ ဖြစ်လာတာက ဘယ်လိုလဲ။ တိုက်ပွဲတွေပြီးလို့ အော်ဟစ်သံတွေငြိမ်းပြီး အောင်နိုင်သူတွေ အောင်ပွဲခံပြီးချိန်မှာ ဘာတွေဖြစ်သလဲ။ စစ်ရလာဒ်အနေနဲ့ ဗြိတိသျှအင်ပါယာက အကြမ်းဖျင်း စတုရန်းမိုင် တစ်သန်းခွဲ နယ်သစ်ထပ်ပြီး ရရှိသွားတယ်လေ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတဲ့ မူကြီး ဘာဖြစ်ပြီလဲ။ လက်ရွေးစင်ပူးတွဲကော်မတီ (၁၉၃၁ တွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအတွက် ဥပဒေရေးဆွဲရန် ဗြိတိသျှပါလီမန်က တာဝန်ပေးသော လက်ရွေးစင်ပူးတွဲကော်မတီ)က မြန်မာနိုင်ငံအတွက် အခြေခံဥပဒေကိုရေးဆွဲဖို့ လုပ်နေတုန်းက ကျွန်တော် မဆင်မခြင်ပြောလေ့ရှိတဲ့အတိုင်း အဲဒီကော်မတီ ရှေ့မှောက်မှာ

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ထည့်ပြောမိသွားတယ်။ အဲဒီတော့ ဗြိတိသျှကောင်မတီဝင်တွေက ဟာသထင်နေတယ်ခင်ဗျ။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြမှကြီး ဘာဖြစ်သွားပြီလဲ။ အဲဒီစကားလုံးကိုင်ပြီး သမ္မတကြီးဝီ(လ်)ဆင် (Wilson Woodrow(1856-1924) ၁၉၁၃-၁၉၂၁ အမေရိကန်နိုင်ငံသမ္မတ။ ပထမကမ္ဘာစစ်တွင်း နိုင်ငံခေါင်းဆောင်) နားလှည့်ပါးလှည့်ခံလိုက်ရတာ သိကြတယ်မဟုတ်လား။ သမ္မတကြီးက အဲဒီစကားလုံးအတွက် အတ္ထလန်တိတ်သမုဒ္ဒရာကြီးကို ဖြတ်ပြီး ဥရောပကိုလာတယ်။ အဲဒီရောက်တော့ သူဘာရရှိသလဲ။ သူတစ်သက်လုံး စွဲကိုင်ထားတဲ့ မျှော်မှန်းချက်တွေ ကိစ္စတုံးပါလေရော။ အထူးသဖြင့် စစ်နဲ့ငြိမ်းချမ်းရေး ရည်မှန်းချက်တွေ သွားပါလေရော။ ကျွန်တော်တို့ရော။ အဲဒီ မျှော်မှန်းချက်ကြီးတွေထဲက ကျွန်တော်တို့ ဘာရရှိသလဲ။ ကျွန်တော်တို့ရတာ ၁၉၃၅ ခု မြန်မာပြည် အခြေခံဥပဒေခင်ဗျ။ ကဲ ကျွန်တော်တို့ရထားတဲ့ ဒီအခြေခံဥပဒေဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပါပဲလို့ ဤလွှတ်တော်မှာ ဥရောပသား ကိုယ်စားလှယ်တစ်ယောက်တလေက ရဲရဲဆိုဝံ့ပါသလားခင်ဗျာ။

နိုင်ငံငယ်ကလေးတွေရဲ့ အခွင့်အရေးဆိုပြီး ဗြိတိန်က ကြေငြာထားတာကော ဘာဖြစ်ပြန်သလဲ။ အယ်လဆေးနီးယားကြည့်ဗျာ။ အဘီဆီးနီးယား၊ ဒီပြင် မန်ချူးကိုး၊ ချက်ကိုစလိုဗားကီးယား၊ နောက် ဩစတြီးယား အဲဒီလို နိုင်ငံတွေ ဘယ်ရောက်ကုန်သလဲ။ အဲဒီနိုင်ငံငယ်ပြည်ငယ်ကလေးတွေအားလုံး မြူးနစ်(မြူးနစ်တွင် ဟစ်တလာတောင်းဆိုသမျှကို အလျော့ပေးလိုက်လျောခဲ့သဖြင့် ထိုတိုင်းပြည်များ လွတ်လပ်ရေးဆုံးရှုံးခဲ့သည်ကို ဆိုလိုဏ်)မှာ အစပျောက်သွားတယ်လေ။ အဲဒီအခါရောက်မှပဲ ဗြိတိသျှတွေ သူတို့နိုင်ငံဘေးဒုက္ခကြုံတော့မယ့် နမိတ်ဆိုးကို မြင်လာတယ်။ အဲဒီကျမှပဲ မြင်တာ။ အဲဒီကျမှ ကမ္ဘာကို သူတို့လွှမ်းမိုးထားတာကို ဟစ်တလာက စိန်ခေါ်နေပြီဆိုတာ သိလာမြင်လာကြတယ်။ အဲဒါ ပုံစံသစ် ကမ္ဘာ့လူပ်ရှားမှုက ပုံစံဟောင်းကို အန်တုလာတာပါ။ အဲဒီတော့မှပဲ ဗြိတိန်ရဲ့ စာရိတ္တသိက္ခာပုဒ်ကြီးနိုးထလာတယ်။ နိုင်ငံကြီးတွေ ဘေးမှ ကာကွယ်ပေးရမယ့် နိုင်ငံငယ်ကလေးတွေ ရှိနေပါသေးကလားလို့ သိလာတယ်။ အဲဒီကျမှသိတာ။ သူကျင့်ရမယ့် ကျင့်ဝတ်သီလကလေး ရှိပါသေးကလား။ တာဝန်ရှိနေပါကလားလို့ ဗြိတိန်ကသိလာတယ်။ ဒီနိုင်ငံငယ်ကလေးတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ပေါ့။ အထူးအားဖြင့် ကမ္ဘာကိုလွှမ်းဖို့ ဟစ်တလာက စီမံလာတဲ့အတွက် သူ့စက်ကွင်းကမလွတ်တဲ့ နိုင်ငံငယ်ကလေးတွေကို ကယ်ရမယ်ပေါ့။ အဘီဆီးနီးယားအတွက် ချက်ကိုစလိုဗားကီးယားနဲ့ မန်ချူးကိုးအတွက်တော့ သူက ဘာမှ မလုပ်ခဲ့ဘူး။ အဲ ပိုလန်အတွက်တော့ လုပ်မှဖြစ်တော့မယ်လို့ ဗြိန်းစားကြီး အသိဝင်လာတယ်။

ဒီအကြောင်းပြောရင်းနဲ့ ဗြိတိသျှအစိုးရအဖွဲ့ဝင် ဝန်ကြီးဟောင်း မစ္စတာဒပ်(ဖ)ကူးပါး အမေရိကန်ပြည်မှာ ပြောခဲ့တဲ့စကားကို ကိုးကားဖော်ပြချင်ပါတယ်။ အဲဒါက အမေရိကန်လူထုအတွက် မစ္စတာ ဒပ်(ဖ)ကူးပါးရဲ့ အင်တာဗျူးက စကားပါ။ သူက ကြားနေလူထု သူတို့ဖက်ယိမ်းအောင် ပြောတဲ့စကား။ မစ္စတာဒပ်(ဖ)ကူးပါးက အမေရိကန် နိုင်ငံသားများကို ဒီလိုပြောတယ်။ "လတ်တလော ပြဿနာကတော့ ပိုလန်ပဲ။ ဒါပေမဲ့ တကယ့်အကြောင်းရင်းမှန်က ဗြိတိသျှအင်ပါယာကြီး အရှည်တည်တံ့ရေးပါ။ ဗြိတိသျှလူထုအများစုနဲ့ သူတို့ခေါင်းဆောင်ပိုင်းက ဒီအတိုင်း ဝန်မခံပေမဲ့ တကယ့်ရည်မှန်းချက်က ဒါပါပဲ" တဲ့ ခင်ဗျာ။

ကဲဗျာ ဘွင်းဘွင်းပြောတဲ့ ဗြိတိသျှနိုင်ငံရေးသမားတစ်ယောက်က အမေရိကန်ပြည်သူ သန်း(၁၀၀)ကို ပြောလိုက်ပါပြီ။ အင်အားအကြီးဆုံးကြားနေနိုင်ငံမှာ ပြောလိုက်တာ။"ဗြိတိန်ရဲ့ စစ်ရေးရည်မှန်းချက်တွေက ပိုလန်နဲ့ အခြေတည်တာတော့ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ တကယ့်လိုရင်းကတော့ ဗြိတိသျှအင်ပါယာနဲ့ ဗြိတိသျှနယ်ချဲ့ဝါဒ တည်မြဲအောင် ကာကွယ်စောင့်ရှောက်ဖို့ပါ" တဲ့။ ပြီးခဲ့တဲ့ စစ်ကြီးနဲ့ အဲဒီတုန်းက ဗြိတိန်က ကြေငြာခဲ့တာကို မမေ့ကြပါနဲ့။ သူရဲ့ စစ်ရည်မှန်းချက်တွေ၊ သုံးနှုန်းတဲ့ စကားတွေကို သတိရကြပါ။ အဲဒီအသုံးအနှုန်းတွေကနေ ဘာတွေ ထွက်ပေါ်လာသလဲ။ ဗာဆိုင်းစာချုပ်(Versailles Treaty - ၁၉၁၈ ခု ပထမကမ္ဘာစစ်အပြီး ချုပ်သော စစ်ပြေငြိမ်းရေးစာချုပ်) နဲ့ ဖွားဖက်တော်သတ္တဝါဖြစ်တဲ့ ဥရောပက လူနည်းစု ပြဿနာအသစ်၊ အဲဒါက ကမ္ဘာ့နိုင်ငံရေးပေါ်လစီကိစ္စဖြစ်လာတယ်။ လူနည်းစု ထူပြောတဲ့ နိုင်ငံသစ်တွေကို စစ်ရှုံးနိုင်ငံတွေရဲ့ နယ်စပ်မှာ အသစ်ဖန်ဆင်းလိုက်တယ်။ အဲဒီနိုင်ငံကလေးတွေ မလုံခြုံအောင် ဂျာမဏီမလုံခြုံအောင် ပြီးတော့ ရုရှားရော တခြားနိုင်ငံတွေကပါ စစ်ရှုံးနိုင်ငံတွေ မလုံခြုံဖြစ်အောင် လုပ်ပြီး အနိုင်ရသူတွေက သူတို့ကိုယ်သူတို့ လုံခြုံအောင်လုပ်ချင်ကြ ကမ္ဘာကို ထာဝစဉ်ကြီးစိုးချင်ကြတာ။ ဒါပေမဲ့ အကုသိုလ်လုပ်ရင် အကုသိုလ်အကျိုးပေးမယ်ဆိုတာ ခုတော့ ပေါ်လာပြီ။ သူတို့က လုံခြုံရေးလို့ ထင်ခဲ့တာက ခုတော့ မလုံခြုံရေးဖြစ်ပြီ။ အရှေ့ဥရောပမှာ အဲဒီပြဿနာသစ်ကို ဖန်တီးလိုက်တာ သူတို့လွန်လွန်းသွားပြီ။

ဗြိတိန်က သူ့ရန်သူတွေကို ခွေ ဖို့ ဖန်တီးလိုက်တဲ့ လူနည်းစု ပြဿနာက ကိုယ့်ရှုးကိုယ်ပတ်(ဘူမာရင်းလို) ဖြစ်နေပြီ။ ချက်ကိုစလိုဗားကီးယားမှာ၊ ပိုလန်မှာ၊ ယူဂိုစလားဗီးယားမှာ၊ ပြီးတော့ ရှမေးနီးယားမှာသာ လူနည်းစု ပြဿနာမဖြစ်ခဲ့ရင် အခုလို ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့အားလုံးသိတယ်။ အဲဒါ ပြီးခဲ့တဲ့ စစ်နဲ့ စစ်ရည်မှန်းချက်တွေ ပြီးဆုံးခဲ့ပုံပါပဲ။.....ကဲ အခုလာပြန်ပြီ။ ဒီစစ်ရည်မှန်းချက်တွေပဲ၊ မဲပြာပုဆိုးပါဗျ။ စကားကြီး စကားကျယ်နဲ့ သူများအတွက်တော့ ထည့်မတွက်။ ဗြိတိန်က တစ်ပါးသူရဲ့

အခွင့်အရေးအတွက် တိုက်ခိုက်နေရပါသတဲ့။ ကမ္ဘာမှာ စာရိတ္တမကျိုင်ခိုင်မြဲဖို့ပါတဲ့၊ ဗြိတိသျှပေါ် လစီက ဒါပဲခင်ဗျာ။

စူးအက်အနောက်ဖက်မှာတော့ လွတ်လပ်ရေးဆိုတာ ရှင်းစရာ ဖြည့်စရာ မလိုတဲ့ စစ်ရည်မှန်းချက်ဖြစ်ပါတယ်။ ဒါပေမဲ့ စူးအက်အရှေ့ဖက်မှာတော့ အဲသလို မဟုတ်ဘူးခင်ဗျ။ ကျွန်တော်တို့ကို သူတို့ပြောပုံက "ခင်ဗျားတို့ လွတ်လပ်ရေးနဲ့ ထိုက်တန်ကြောင်း ကျုပ်တို့ယုံကြည်အောင် လုပ်ပြကြ။ ကျုပ်တို့လည်း ဒီကိစ္စမှာ တစ်ဖက်က ပါဝင်နေတယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့ကပဲ တရားသူကြီးလုပ် အဆုံးအဖြတ်ပေးရမှာ။ ခင်ဗျားတို့ လွတ်လပ်ရေးနဲ့တန်ကြောင်း သက်သေပြပါ" တဲ့။ အဲဒါ သခင်က ကျွန်ကို ပြောတဲ့စကားပဲခင်ဗျာ။ ကျွန်တော့်သုံးသပ်ချက်ကတော့ဗျာ အခြေအနေအရပေါ့လေ ကတိပေးတဲ့အတိုင်း မလုပ်သေးသမျှ စကားနောက်က အလုပ်မလိုက်လာသေးသမျှ၊ အခြေအနေတွေ အတိတ်ကနဲ့ မတူအောင် ထင်ထင်ရှားရှား မပြောင်းလဲသေးသမျှ၊ စစ်ရည်မှန်းချက်တွေဆိုတာ အလကားဟာပါပဲ။ တစ်နည်းတစ်ဖုံ လုပ်ပြလာလို့ ကျွန်တော်တို့ ယုံကြည်မလာခဲ့ရင် ၊ အပြောမဟုတ် အလုပ်နဲ့မပြရင်တော့ ဒီစစ်ဟာ မူဝါဒအရ တိုက်ရပါတယ်ဆိုတာ ယုံကို မယုံဘူးဗျာ။ ဒီစစ်မှာ မွန်မြတ်တဲ့ ရည်ရွယ်ချက်ပါတယ်။ စာရိတ္တမကျိုင်အတွက်ဆိုတာ မယုံနိုင်ပါဘူး။ ဒါ နယ်ချဲ့အချင်းချင်း တိုက်တာပါ။ နိုင်ငံငယ်ကလေးတွေက ကျွန်စကောင်အောက်က မြေစာပင်ပါခင်ဗျာ။

မစ္စတာဒပ်(ဖ)ကူးပါးက အမေရိကန်လူထုကို ဒီလိုပြောတယ်လေ။ "ဒီနိုင်ငံမှာ ဂျာမန်ဝါဒ ဖြန့်ချိရေး ထူးထူးခြားခြားအောင်မြင်နေတာ ကျွန်တော် အတော်အထင်ကြီးမိပါတယ်။ ချဉ်းကပ်ပုံနည်းသစ်က ဂျာမဏီမှားခဲ့တာတွေ ရှိချင်ရှိမှာပါတဲ့။ ဒါပေမဲ့ အင်္ဂလန်လောက် မဆိုးပါဘူးတဲ့။ ပြီးတော့ ကျုပ်တို့ (ဗြိတိသျှ)က ကိုလိုနီများနဲ့ ဆက်ဆံရာမှာ ဒီမိုကရေစီ နည်းလမ်းမကျဘူးတဲ့"။

ဒါကတော့ မစ္စတာ ဒပ်(ဖ)ကူးပါး အမေရိကန်ပြည်ကို လှည့်လည်စဉ် တွေ့မြင်ခံစားရတဲ့ လူထုဆန္ဒသဘောထားပါပဲ။ ဒီနေ့ကမ္ဘာမှာ အင်အားအကြီးဆုံး ကြားနေနိုင်ငံက အမြင်ပေါ့။ အမေရိကန်တို့ အမြင်မှာ အသေအချာပဲ ဂျာမဏီက ဆိုးချင်ဆိုးမယ်။ ဒါပေမဲ့ ဗြိတိန်က သူ့ထက်မသာပါဘူး။ အလားတူပဲ ဒီမိုကရေစီက သွေဖည်တယ်။(လက်ခုပ်သြဘာသံ)။ ဒါကြောင့် ဗြိတိန်ရဲ့ စစ်ရေးရည်မှန်းချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်ကောက်ချက်ချချင်တာကတော့ အဲဒီရည်မှန်းချက်တွေ ပြောစကားတွေ ကြားရပေမဲ့ စစ်ဟာစစ်ပါပဲ။ ရှေးက စစ်ပွဲများနည်းတူပဲ ယခုစစ်ကလည်း အောင်နိုင်သူဖြစ်ဖို့ သို့မဟုတ် လွှမ်းမိုးအုပ်စိုးဖို့ပါပဲ။ စျေးကွက်တွေ ရဖို့၊ နယ်မြေပိုင်ဖို့၊ ငြောင်ကျကျ ရုပ်ဝတ္ထုတွေ လိုချင်တာပါ။ အရှက်မရှိတဲ့ ငြောင်နိုင်ငံရေး လုပ်ရပ်ပါပဲခင်ဗျာ။

♣♣♣♣♣

ဝေဖန်သုံးသပ်ချက်

ဒေါက်တာဘမော်က အင်္ဂလိပ်အစိုးရအောက်မှာ နေရတာ "ကဘောက်တိကဘောက်ချာ အဖြူအမဲလောကကြီးပါပဲ" ဟု နိဒါန်းပျိုးပြီး မိန့်ခွန်းပြောသည်။ စာသံပေသံပါဇ၏။ ကဗျာဆန်ဇ၏။ "crazy pattern of black and white," "white promises and black performance," "words without deeds" စသော စကားအလှအပဖြင့် အင်္ဂလိပ်အစိုးရ လုပ်သမျှကို ဝေဖန်သည်။

အင်္ဂလိပ်အစိုးရပြောတာ ယုံထိုက်ပါသလား မေးခွန်းထုတ်သည်။ အကောင်းဟစ်ရင်း အိမ်နီးချင်းကို ကျူးကျော်နေသော ဂျပန်နှင့် ဂျာမဏီကို နမူနာပြပြီး အင်္ဂလိပ်လည်း ထူးမခြားနားဟု သမိုင်းကို ကောက်ပြီး ပြောသွားသည်။

In every British war, past or present, God and the Church of England bishops are always on the British side--ဗြိတိန်စစ်ဖြစ်တိုင်း ထာဝရဘုရားနှင့် ချဉ့(ချ)အော့ အင်္ဂလန်သာသနာပိုင်များက ဗြိတိန်ဘက်က ပါသည်ဟု ဒေါက်တာဘမော်က ဆို၏။ သို့သော် "But after those wars what happened?" ဟု မေးခွန်းထုတ်သည်။ အပြောနှင့်အလုပ် မညီပုံ ပီပြင်အောင် မွေးခွန်းတစ်ခုပြီးတစ်ခု ထပ်ခါ ထပ်ခါ မေးတော့သည်။

ပထမကမ္ဘာစစ်တွင်ဗြိတိန်၏စစ်ရည်မှန်းချက်ကဘာလဲဟုမေးခွန်းမေးပြီးအပြောနှင့်အဟောမညီပုံ၊နယ်ချဲ့ဖို့သာစစ်တိုက်ခြင်းဖြစ်ကြောင်း မေးလိုက်၊ ဖြေလိုက်နှင့် ပြောသွား၏။ ဗြိတိန်ဝန်ကြီးဟောင်း မစ္စတာဒပ်(ဖ)ကူးပါး၏ အမေရိကန်တွင်ပြောသောစကားကို ကိုးကားပြီး အနောက်မှာတစ်မျိုးပြော၍ အရှေ့မှာတစ်မျိုးလုပ်သော ဗြိတိသျှအစိုးရကို ဝေဖန်သည်။ West of Suez freedom is an unqualified war aim, but east of Suez it is not so ဟု ဝေဖန်ပြီး ဗြိတိသျှအစိုးရပြောတာ ယုံကြည်စရာမဟုတ်ကြောင်း၊ it is naked politics အရှက်မရှိတဲ့ ငြောင်နိုင်ငံရေးပါဗျာဟု သုံးသပ်လိုက်သည်။

ဒေါက်တာဘမော်၏ စကားပြောဟန်တွင် ဝါကျတိုတိုနှင့် ဒိုးဒိုးဒေါက်ဒေါက် မေးခွန်းနှင့်အဖြေကို အတွေ့ရများသည်။ ဥပမာအချို့သာ ဖော်ပြပါမည်။

There are white promises and black performances (ဝါကျတိုတစ်ခု)

There are words without deeds (ဝါကျတိုတစ်ခု)

၎င်းဝါကျတိုနှစ်ခုကို ;နှင့် ဆက်ထားသည်။

That is our immediate task. (ဝါကျတို)

Where are the moral issues then? (မေးခွန်းဝါကျတို)

This is British policy. (ဝါကျတို)

It is naked politics (ဝါကျတို)

အလွန်ထိရောက်သော ဝါကျများဖြစ်သည်။ မေးခွန်းများလည်း တိုတုတ်သည်။ ဥပမာ-

What happened? Where were the moral issues then?

What were Britain's war aims then?

But what was the result?

ရှေ့ပြောစကားနှင့် ဆက်စပ်လျှင် ရှင်းရှင်းကလေး အဖြေပေါ်လာမည့် မေးခွန်းများဖြစ်၏။ အပြောကောင်းသူများ သုံးစွဲလေ့ရှိသော ဆန့်ကျင်ဖက်များ ဒွန်တွဲပြီး မီးမောင်းထိုးနည်းနှင့် တူရာချင်းယှဉ်တွဲပြီး ပေါ်လွင်စေသော အသုံးအနှုန်းကိုလည်း များများတွေ့ရသည်။

ဆန့်ကျင်တွဲဥပမာများ

♣ white promises and black performances

♣ words without deeds

♣ In the East....In the West....

♣ the true from the false

♣ In every war past and present

♣ words a master would use to a slave

အချို့သာထုတ်နုတ်ပြပါသည်။

တူရာချိတ်ဆက်ဥပမာအချို့

♣ the same war aims, the same old phrases....

♣ accounts were settled, as they were always settled with great realism..

♣ What did he get when he got there?

♣...war aims is that a war is still a war.....

and, in, for, from တို့ ထပ်ခါထပ်ခါသုံးစွဲခြင်း

ထို့ပြင် ဒေါက်တာဘမော်က and, in , from, တို့ကို ထပ်ခါထပ်ခါသုံးပြီး လေးနက်အောင် လုပ်ပုံကလည်း မှတ်သားလောက်သည်။ အောက်ပါ နမူနာများကိုကြည့်ပါ။

♣ Where is Albania now? and Abyssinia, and Manchukuo, Czechoslovakia, and Austria?

♣ .....in Czechoslovakia, in Poland and in Rumania.....

♣ ....to do for Abyssinia, for Czechoslovakia and ... do for Poland.

♣ ...under very great pressure from the rest of the world, from America, from the neutral countries, from India

ပြောချင်သော နိုင်ငံတစ်ခုတည်း မဟုတ်ကြောင်း၊ နိုင်ငံအများကြီးဖြစ်ကြောင်း ပေါ်လွင်စေသော and, in, for, from တို့ကို အထပ်ထပ်အခါခါ သုံးစွဲခြင်းဖြစ်သည်။

စကားအသုံးအနှုန်း

ဒေါက်တာဘမော်က မေးခွန်းတွေ တစ်သီကြီးမေးသည်။ ထိုအထဲတွင် what happened then? တွင်တွင်ပါ၏။ မှတ်သားဖွယ် အသုံးအနှုန်းများကို အောက်ပါအတိုင်း တွေ့ရ၏။

♣ crazy pattern of black and white

♣ white promises and black performances

♣ words without deeds

♣ words that are gone with the wind

♣ conflict of word and deed, promise and performance

♣ to separate the true from the false

♣ supplying the test of actual action

♣ idealism of war and peace

♣ the reality of her profession

♣ a principle and not a policy

♣ a new world by dynamism challenging the old

♣ small nations to be protected from big nations

♣ security has proved to be insecurity

♣ West of Suez freedom is an unqualified war aim, but East of Suez it is not so

♣ till promise is followed by performance, till word results in action, till things are entirely different.....

♣ ...a war is still a war...the present war, like any other war, is entirely a war of either conquest or domination, a war for markets...

♣♣♣♣♣

အခန်း(၈)

ဒေါက်တာဘမော်၏ စာအုပ်တွင် မိန့်ခွန်းကို နှစ်နေရာ (စာ ၄၀-၄၄ နှင့် စာ ၇၉-၈၃) တွင် ခွဲခြား ဖော်ပြထားပါသည်။ ပထမပိုင်းကို ရှေ့တွင် ဖော်ပြခဲ့ပါပြီ။ အောက်ပါ ဒုတိယပိုင်းသည် အဆက်ဖြစ်ပါသည်။

My resolution is meant to show how futile the present British war aims are. But that is not my only purpose. Another purpose I have is to convert these aims into realities, to turn the war into a crusade, a world crusade if necessary , to mobilized world opinion on the side of the new world order which shall be everlastingly built not upon force or fraud but upon universal and equal human rights, rights which belong to me in Burma just as much as to any man in England or France or Poland. That is what I want to do and to see happen and for this reason I attach much importance to the amendment to the present resolution.

Cynics have said to me,"What is the use of words? They have no effect. Have we not spoken enough words? We talk and talk while the British occupy Rangoon, while the British occupy Mandalay. And we are still talking". That is only a half-truth. I say that we have a new weapon now for our liberation and that is the weapon of world opinion. The liberation of all nations and peoples in now a world cause and as such it is a world struggle, and therefore our struggle; more than that ,our shield and buckler. For this reason I say that my resolution is no mere formula, no mere legal writing as one speaker had tried to put it, but it is Burma's contribution to the world struggle and her entry into it. At the bar of the world the new tremendous issue will come up very much sooner than many of us seem to realize. No longer shall any imperialist power pursue its imperialism unchecked and undestroyed. There has been created all over the world ..... a world opinion which is very definitely developing into an idealism based upon the freedom of all nations, great or small, weak or strong.....

In the last war, Britain declared that she wanted to make the world safe for democracy. Let us declare now with the rest of the world that we want to make the world safe for all men to live in. I am adapting the words of Lord Halifax, the British Foreign Minister. Lord Halifax declared that he wanted to maintain, to protect, the rights of all peoples to live their own lives. This should be our new ideology. This is our true war aim, to make the world safe for all peoples to live in and not only for people who can from stable ministries that will give British interests the kind of law and order they want.[Laughter]. The utter irrelevancy of an argument like that which came from the European Leader is evident....There are unstable ministries and communal and political riots all the world over; in France for example. Can anyone imagine Lord Halifax and Mr.Chamberlain declaring to the hearing of America and the neutral countries that Britain is prepared to fight for the liberty of Poland only if and when Poland proves that she can construct a stable

ministry? [Applause].....

Now I come to Burma's case. I must at once deal with things said against Burma's case for independence. Obviously, I must also deal with the statement made recently to the legislature by his Excellency the Governor. He told the legislature not to attach to great an importance to the term "democracy". Also recently, Lord Zetland said to a newspaper the India was making a fetish of the term "independence."....

The Gevernor has told us that more important than democracy is hard thinking and hard working . I only ask him this: "Would the British dare say such a thing to Poland? Would Britain dare go to Poland and say," Don't think too much about independence.[Laughter]. Independence is a term with little meaning . You must deserve independence. You must come under our tutelage. Instead of talking about independence work hard, think hard".[Laughter] If Hitler had said the same thing to Poland, if Hitler had told Poland, " Don't talk about independence; work hard, think hard; get the substance of independence instead of the form," what would my friends in the European group say? Would they not call Hitler worse names than they are calling him now? In Poland, in Czechoslovakia, in Finland, in Austria , the British use one term--"independence." There it is the cry of "My country, right or wrong; independence, right or wrong."

But in the East, within the orbit of her own imperialism, within her own power politics, independence, Britain declares, is a fetish, democracy is meaningless. "Work hard, think hard." [Laughter]..Now what are we to believe? Here is one law of morality for the East and another law of morality for the West; one political theory for countries that fall within the orbit of Nazi policy and yet we are asked in all solemnity to trust the British word; we are told that if we only have faith and patience we shall get what is promised us. That is the sort of thing that has created the worst possible impression of British policy.

The Governor has advised us -- we thank him -- to "work hard", to "think hard", in connection with democracy . As a return for that advice I tender him this advice : "Think in a big way, plan in a big way. As one of the custodians of an empire it is essential to think in a big way, to think and speak and act with vision and understanding of people other than one's own." In this connection I wish to quote the classic phrase of one of their own political thinkers, Burke. Burke has truly said that "Great Empires and small minds go ill together." This profound political truth I wish to present to His Excellency the Governor.[Loud applause]

Again, what else are we being told? We, it seems, must prove ourselves to be fit for independence . These are words signifying tutelage, words that a master uses to his slave. As I have said, would Britain tolerate Hitler or Mussolini or Stalin using such words to countries which they are now occupying? In our case we are told that we must qualify ourselves for independence according to British standards; we must pass an examination in independence before we get it. In a dispute between two parties one party sets itself up as the judge with authority to bind and to loose. I wish to endorse with all earnestness the words spoken by my honourable friend, the member for Magwe, that the meaning of such words is that Britain will never admit our competence for self-rule so long as there is anything in Burma to make it profitable for them to stay on here. [Loud applause from Opposition Benches.]

Finally, what do these arguments mean?...They mean just this, that we must first of all acquire all the virtues of independence before we can be independent. My answer to that must be obvious. If you wish to see us fit, as you understand that word, for independence,grant us independence. If you are sincere in wishing to improve our education , our public health, our politics, everything else that is ours, grant us independence. You cannot ask us, a people in bondage for nearly a hundred years, to show you all the virtues of independence before we are independent. Britain never did that in her own case. In other words, this sort of argument is a reversal of the historical process. You tell us

almost in so many words,"Learn how to swim before you jump into the water." [Laughter] I say, "Put us into the water first. That was how you and all the rest learnt how to swim."

Go back to the history of every country . How did they acquire independence? Did they qualify themselves for independence first and then seek independence? Think of your own country; think of France, of America. Independence in these countries started not with qualifying examinations but with wars and revolutions, did it not-- with the will to independence? And yet Britain is now, in the midst of her flaming war professions, applying one criterion to us and another criterion to themselves....

Pursuing this matter I declare that, if it comes to the question of showing reasons for independence and also reasons for withholding independence, for every reason Britain can adduce against Burma's independence, I will adduce ten reasons against Britain's independence. I will prove to you conclusively that Britain does not deserve to be independent.["Hear, hear"]

I, therefore, say that the whole question and its settlement rests at present in the hands of Britain. She now has a great and singular opportunity to change the whole history of the world, almost literally to redeem the world from a terrible doom. She can save the world and in doing so she can save herself and all she stands for if she will give reality and fulfillment to her war aims. Everything rests with her. She may lose a material empire,but in place of that empire she will have far greater and more enduring power and domination in a world of free peoples, living side by side in freedom and equality, which is the only stable basis for the new world order....

Britain can save herself and achieve a glory and a destiny greater than anything that history can show if she makes use of the present opportunity, if she discards her old traditions, her outworn creed based on race, territory, markets, oil wells, and teak forests, if she discards those old predatory conceptions of empire, the old traditions and policy, and follows the new ideology . She will get back a hundredfold. In place of unwilling, embittered peoples tied to the chariot wheels of her empire she will then have free peoples working in absolute harmony with her, on terms of absolute equality and for the common benefit of a redeemed and reconciled world.

♣♣♣♣♣

ဒေါက်တာဘမော်၏ မိန့်ခွန်းဒုတိယပိုင်း

Breakthrough in Burma စာအုပ်တွင် ဒေါက်တာဘမော်က ဤသို့ အမှာစကားသမ်းထားသည်။

"အခြေအတင်ပြောဆိုပွဲအလယ်ပိုင်းမှာ ကျွန်တော်ပါဝင်ပြောဆိုပါသည်။အတိုက်အခံခေါင်းဆောင်အနေနှင့်အပြင် လွတ်လပ်ရေးအုပ်စုကို ကိုယ်စားပြောဆိုခြင်းဖြစ်၏။ အစိုးရအနေနှင့်ရော လွှတ်တော်ကပါ လွတ်လပ်ရေးအုပ်စု၏ စစ်နှင့်ပတ်သက်သော ရပ်တည်ချက်ကို ပြောရေးဆိုခွင့်အပြည့်နှင့် ကျွန်တော်ပြောဆို ကြေငြာရန် မျှော်လင့်ထားသည်။ ထိုမှ ဖြစ်ပေါ်လာမည့် ပြဿနာများကိုပါ သိချင်နေသည်။ ဘုရင်ခံမင်းကြီးက သူ့ကိုယ်ရေးအတွင်းဝန်ကို စေလွှတ်ပြီး ကျွန်တော့်ပြောစကားကို နားထောင်ခိုင်း၏။ ထို့ကြောင့် ကြုံကြိုက်တုန်း ကျွန်တော်ပြည့်ပြည့်စုံစုံ ပြောလိုက်ပါသည်။ စစ်နှင့်ပတ်သက်သော အစိတ်အပိုင်းကို ရှေ့မှာဖော်ပြခဲ့ပါပြီ။ ယခု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်သက်ဆိုင်သော စကားပိုဒ်များကို ဖော်ပြပါမည်။"

မိန့်ခွန်းဒုတိယပိုင်း မြန်မာပြန်

ကျွန်တော်တင်ပြတဲ့ အဆိုရဲ့ ရည်ရွယ်ချက်က ဗြိတိသျှစစ်ရည်မှန်းချက်များ ဘယ်လောက်အချည်းအနှီးဖြစ်နေသလဲဆိုတာ ပေါ်လွင်စေချင်လို့ပါ။ ကျွန်တော်ဒီမျှသာ ရည်ရွယ်ရင်းမဟုတ်ပါဘူး။ တခြားရည်ရွယ်ချက်တစ်ခု ရှိပါသေးတယ်။ ယခုပြောတဲ့ ရည်မှန်းချက်တွေကို တကယ်ဖြစ်လာအောင် လုပ်ချင်တာပါ။ စစ်ကို ခရူးဆိတ်စစ်ပွဲအဖြစ် ပြောင်းပစ်ချင်တယ်။ လိုအပ်ရင် တစ်ကမ္ဘာလုံးပါတဲ့ ခရူးဆိတ်ဖြစ်စေချင်တယ်။ ကမ္ဘာ့ဆန္ဒသဘောထားကို ပုံစံသစ် ကမ္ဘာက ထောက်ခံလာအောင် စည်းရုံးသိမ်းသွင်းဖို့ ဖြစ်ပါတယ်။ ဒီပုံစံသစ်ကမ္ဘာမှာ စစ်မက်နဲ့ မတရားလုပ်တာတွေ ကင်းရမယ်။ လူတိုင်း တန်းတူအခွင့်အရေး ရရှိစေရမယ်။ ဒီပုံစံသစ်က ထာဝစဉ်လည်း တည်တံ့ရမယ်။ လူတိုင်း တန်းတူအခွင့်အရေးကို ဗမာပြည်က ကျွန်တော်ရရှိသလို အင်္ဂလန်မှာ ရှိတဲ့ ဘယ်သူမဆို ရရှိသလို သို့မဟုတ် ပြင်သစ် သို့မဟုတ် ပိုလန်ကလည်း ရရှိရမယ်။ ကျွန်တော်လုပ်ချင်တာ မြင်ချင်တာ အဲဒါပဲ။ ဒါကြောင့်ပဲ ယခု ဆွေးနွေးတဲ့အပေါ် ပြင်ဆင်ချက်ကို ကျွန်တော်သိပ်အရေးတကြီးလုပ်ပြီး ပြောနေတာပါ။

မကောင်းမြင်သူတွေက ကျွန်တော့်ကို ပြောလာပါတယ်။ "စကားတွေပြောနေလို့ ဘာအကျိုးရှိမှာလဲ၊ ဘာမှ အကြောင်းမထူးဘူး။ ဒီလောက်တောင် ပြောခဲ့တာ မတော်သေးဘူးလား။ ဗြိတိသျှက ရန်ကုန်မြို့ကို သိမ်းပိုက်ထားတယ်။ ဗြိတိသျှက မန္တလေးမြို့ကို သိမ်းပိုက်ထားတယ်။ ကျုပ်တို့က စကားပဲပြောနေတယ်။ ပြောပြီးရင်းပြော။ ခုလည်း ဆက်ပြောနေတုန်း" တဲ့။ ဒါက တစ်ဝက်တစ်ပျက်သာ မှန်ပါတယ်။ ကျွန်တော်တို့ လွတ်လပ်ရေးအတွက် အခု လက်နက်သစ်တစ်မျိုး ရှိနေပြီဆိုတာ ပြောချင်ပါတယ်။ အဲဒီ လက်နက်သစ်က ကမ္ဘာ့သဘောဆန္ဒပါပဲ။ နိုင်ငံတိုင်း လူမျိုးတိုင်း လွတ်မြောက်ရေးဟာ ယခုအခါမှာ ကမ္ဘာ့အရေးကိစ္စ ဖြစ်လာပါပြီ။ ဒါကြောင့် တစ်ကမ္ဘာလုံး တိုက်ပွဲဝင်ရမယ့်အရေးပါ။ ဒါကြောင့်ပဲ ကျွန်တော်တို့ တိုက်ပွဲဝင်ရမှာပါ။ ဒီမျှမကပါဘူး။ ကမ္ဘာ့ဆန္ဒသဘောထားက ကျွန်တော်တို့ကို ကာကွယ်ပေးတဲ့ ဒိုင်းဖြစ်ပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်တင်ပြတဲ့ အဆိုဟာ ဆေးနည်း သက်သက်မဟုတ်ကြောင်း ပြောရပါတယ်။ အမတ်မင်းတစ်ယောက် ပြောသွားသလို ဥပဒေစာတမ်းလည်းမဟုတ်ပါဘူး။ ကမ္ဘာ့တိုက်ပွဲအတွက် မြန်မာပြည်ရဲ့ အကူအပံ့ဖြစ်ပါတယ်။ မြန်မာပြည်ပါဝင်ကြောင်း ပြသတာလည်း ဖြစ်ပါတယ်။ ကမ္ဘာ့ခုံရုံးကို ဒီပြဿနာကြီးတက်လာမှာက ကျွန်တော်တို့ထင်ထားတာထက် အများကြီးမြန်နေလိမ့်မယ်။ ဘယ်နယ်ချဲ့နိုင်ငံမှ ထင်တိုင်းနယ်ချဲ့လို့ ရဲတော့မှာမဟုတ်ဘူး။ နယ်ချဲ့စနစ် မပျက်စီးပဲမနေဘူး။ ကမ္ဘာအဂှမ်းမှာ အယူအဆအသစ်တွေ တဖွားဖွားပေါ်ပေါက်နေပြီ။ နိုင်ငံအားလုံး ကြီးကြီးငယ်ငယ် အင်အားကောင်းသည်ဖြစ်စေ ပျော့သည်ဖြစ်စေ နိုင်ငံအားလုံးလွတ်လပ်ရမည်ဆိုတဲ့ သဘောတရားနဲ့ ယှဉ်လာတဲ့ စိတ်ဓာတ်နိုးကြားနေပြီ။

ပထမကမ္ဘာစစ်တုန်းက ဗြိတိန်က ကြေငြာခဲ့တယ်။ ဒီမိုကရေစီစနစ် အန္တရာယ်ကင်းအောင် လုပ်ဆောင်ချင်ပါတယ်တဲ့။ ကမ္ဘာကြီးကို လူသားတိုင်း အန္တရာယ်ကင်းကင်း နေထိုင်နိုင်အောင် လုပ်လိုက်ချင်တယ်လို့ တစ်ကမ္ဘာလုံးနှင့်အတူ ကျွန်တော်တို့က ဟစ်ကြွေးကြစို့။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လောဟယ်လီဖက်ရဲ့ပြောစကားကို ကျွန်တော်သံယောင်လိုက်ပြောနေတာပါ။ သူပြောတာက လူတိုင်း ကိုယ့်ဘဝကိုယ် လွတ်လွတ်လပ်လပ် နေထိုင်နိုင်အောင် လူသားတိုင်းရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ချင်ပါတယ်တဲ့။ ဒါကို ကျွန်တော်တို့ဝါဒသစ်အဖြစ် လက်ခံသင့်ပါတယ်။ ဒါ ကျွန်တော်တို့ ထားအပ်တဲ့ စစ်ရည်မှန်းချက်ပါပဲခင်ဗျာ။ ကမ္ဘာ့ပြည်သူအားလုံးအတွက် လုံခြုံအေးချမ်းတဲ့ကမ္ဘာကြီးဖြစ်ဖို့၊ အင်္ဂလိပ်တွေအလိုကျဥပဒေနဲ့လုံခြုံမှုကို ပေးနိုင်မယ့်ပြုတ်မကျမယ့်အစိုးရဖွဲ့နိုင်မည့် လူတွေအတွက်သာ မဟုတ်ပါဘူး။ (ရယ်မောသံများ)။ (ဤလွှတ်တော်အတွင်း) ဥရောပခေါင်းဆောင် ပြောဆိုပုံကဖြင့် အချိုးမကျပါဘူးဗျာ။ ဒါထင်ရှားပါတယ်။ ..... အစိုးရတွေ မတည်မြဲဘူး။ ကမ္ဘာအဂှမ်းမှာ လူထုချင်းပဋိပက္ခ၊ နိုင်ငံရေးပဋိပက္ခတွေ ထူပြောနေလို့။ ဥပမာ ပြင်သစ်ပြည်ကိုကြည့်။ ပိုလန်မှာ ပြုတ်မကျမယ့် အစိုးရ ထူထောင်နိုင်မှသာ ပိုလန်ရဲ့ လွတ်လပ်ရေးအတွက် စစ်တိုက်မယ်လို့များ လော့ဟယ်လီဖက်တို့ မစ္စတာချိန်ဘာလိန်တို့က ပြောလိမ့်မယ်ထင်သလား။ အမေရိကန်နဲ့ ကြားနေနိုင်ငံတွေ ကြားအောင် ပြောမယ်ထင်လား။ ဝေးပါ့ဗျာ။ (သြဘာသံများ)

မြန်မာပြည်အရေးကိစ္စကို ကျွန်တော်ပြောပါမယ်။ မြန်မာပြည် လွတ်လပ်ရေးနဲ့ မတန်သေးဘူးလို့ ပြောနေကြတာကို ကျွန်တော်စတင်ဝေဖန်ရပါလိမ့်မယ်။ မပြောမဖြစ် ပြောရမှာက ဘုရင်ခံ မကြာမီက ဥပဒေပြုလွှတ်တော်မှာ ပြောခဲ့တဲ့ စကားနဲ့ပတ်သက်လို့ပါ။ ဒီမိုကရေစီ ဆိုတဲ့ စကားကို သိပ်အလေးအနက် မဖွင့်ကြပါနဲ့တဲ့ ဘုရင်ခံက ဥပဒေပြုလွှတ်တော်ကို ပြောတယ်။ ပြီးတော့ မကြာသေးမီကပဲ လော့(ဒ)ဇက်တလန်က သတင်းစာတစ်စောင်ကို ပြောတယ်။ လွတ်လပ်ရေး ဆိုတဲ့ စကားကို အိန္ဒိယက လွန်လွန်ကဲကဲ မြတ်နိုးပူဇော်နေတယ်တဲ့။

ဘုရင်ခံက ပြောတယ်။ အလေးအနက်စဉ်းစားဖို့နဲ့ ကြပ်ကြပ်အလုပ်လုပ်ဖို့က ဒီမိုကရေစီထက် အရေးကြီးသတဲ့။ ကျွန်တော်က ဘုရင်ခံကို ဒီလိုမေးချင်တယ်။ ဗြိတိန်က ပိုလန်ကို ဒီလိုစကားမျိုးပြောရဲမလား။ "လွတ်လပ်ရေးအကြောင်း သိပ်စဉ်းစားမနေကြနဲ့လို့

ပြောမလား။(ရယ်မောသံများ) လွတ်လပ်ရေးဆိုတာ သိပ်အဓိပ္ပာယ်ရှိတာမဟုတ်ဘူး။ လွတ်လပ်ရေးက ထိုက်တန်မှရတယ်။ မင်းတို့ တို့အစောင့်အရှောက်ခံကြ။ လွတ်လပ်ရေးစကားပြောမနေပဲ အလေးအနက်စဉ်းစားကြ၊ ကြပ်ကြပ်အလုပ်လုပ်ကြ"။ (ရယ်မောသံများ) တကယ်လို့ ဟစ်တလာက ပိုလန်ကို "လွတ်လပ်ရေးစကားမပြောနဲ့။ နက်နက်တွေး၊ အလုပ်ကောင်းကောင်းလုပ်။ လွတ်လပ်ရေးရဲ့ အနှစ်သာရပဲ ရအောင်ယူကြ၊ အပြင်ပန်းကိုမယူနဲ့" လို့ ပြောရင် ကဲ ကျွန်တော်တို့ရဲ့ ဥရောပသားမိတ်ဆွေများ ဘာပြောကြမလဲခင်ဗျာ။ ဟစ်တလာကို အခု ဆဲနေတာထက် ပိုမဆဲပေဘူးလား။ ပိုလန်မှာ၊ ချက်ကိုစလိုဗားကီးယားမှာ၊ ဖင်လန်မှာ၊ ဩစတြီးယားမှာ ဗြိတိန်က လွတ်လပ်ရေး စကားပြောတယ်လေ။ အဲဒီမှာ ကြွေးကြော်ပုံက "ဘာဖြစ်ဖြစ် ဒါကိုယ့်တိုင်းကိုယ့်ပြည်၊ လွတ်လပ်ရေး ဘာဖြစ်ဖြစ်ပေးရမယ်" တဲ့။

အရှေ့ဒေသ သူ့အာဏာစိုးမိုးတဲ့ နယ်တွေမှာတော့ ဗြိတိန်က ကြေငြာတယ်။ လွတ်လပ်ရေးကို လွန်လွန်ကဲကဲ မြတ်နိုးနေကြတယ်တဲ့။ ဒီမိုကရေစီဆိုတာ အဓိပ္ပာယ်မရှိဘူးတဲ့။ ကြပ်ကြပ်အလုပ်လုပ် အလေးအနက်စဉ်းစား ဒါပဲ။ (ရယ်မောသံများ)..... ကဲ ကျုပ်တို့ ဘာကိုယုံရမှာတုန်း။ အရှေ့မှာက ကျင့်ဝတ်သိက္ခာတစ်မျိုး အနောက်မှာက နောက်တစ်မျိုး။ နာဇီဂျာမဏီ လက်အောက်ရောက်တဲ့ နိုင်ငံတွေအတွက် နိုင်ငံရေးသဘောထားကတစ်မျိုး၊ ဗြိတိန်လက်အောက်ခံ နိုင်ငံတွေအတွက်ကျတော့ နိုင်ငံရေးသဘောထားက တစ်မျိုး။ ဟိုတစ်မျိုး သည်တစ်မျိုးပေမယ့် ဗြိတိန်အပေါ်မှာ ယုံကြည်မှုရှိပါတဲ့ ပြောသေးတယ်။ ယုံကြည်မှုရှိရင် စိတ်ရှည်ရင် ကတိပေးထားတာ ကျွန်တော်တို့ရမှာပေါ့တဲ့။ ဗြိတိန်ရဲ့ ပေါ်လစီအပေါ် တစ်စက်ကမှ အကောင်းမမြင်ကြအောင် လုပ်နေတာ အဲဒါတွေပါပဲ။

ဘုရင်ခံက ကျုပ်တို့ကို ဒီမိုကရေစီနဲ့ပတ်သက်ပြီး အကြံပေးတယ်။ ကြပ်ကြပ်အလုပ်လုပ်ကြ အလေးအနက်စဉ်းစားကြတဲ့။ ကျေးဇူးတင်စရာပါပဲ။ အဲဒီအကြံပေးတဲ့အတွက် ကျုပ်က ဒီလိုပြန်ပြီး အကြံပေးချင်ပါတယ်။ "သဘောထားကြီးစမ်းပါ။ ကြီးကြီးမားမား စီမံစမ်းပါ။ အင်ပါယာကြီး အုပ်စိုးသူအနေနဲ့ ကိုယ့်လူမျိုးမဟုတ်တဲ့ လူထုအပေါ် နားလည်မှုထားပြီး သဘောထားကြီးကြီးနဲ့ အမြော်အမြင်နဲ့ ကြံစည်ပြောဆိုလုပ်ကိုင်ပါ"။ ဒါနဲ့ ဆက်ပြီး သူတို့ထဲက နိုင်ငံရေးသုခမိန်တစ်ယောက်ဖြစ်တဲ့ အက်ဒမန်ဘာ့(ခ)ရဲ့ စကားကို ကျွန်တော်ပြန်ပြောချင်တယ်။ ဘာ့(ခ)က "တစ်ထွာတစ်မိုက် အသိဉာဏ်နဲ့ ဇရာမအင်ပါယာ လားလားမှ မိုက်ပါဘူး" လို့ ဆိုတယ်ခင်ဗျ။ ဒီနိုင်ငံရေးသစ္စာကို ဘုရင်ခံမင်းထံ ကျွန်တော်တင်ပြပါတယ်။ (ကျယ်လောင်သော သြဘာသံ)

ပြီးတော့ ကျုပ်တို့ကို ဘာပြောသေးတုန်း။ လွတ်လပ်ရေးနဲ့ တန်အောင်လုပ်ပြ နေပြကြဆိုတဲ့ အပေါက်မျိုးခင်ဗျာ့။ အပေါ်စီးနဲ့ သခင်က ကျွန်ကိုပြောတဲ့ စကားမျိုးပါ။ ကျွန်တော်မေးခဲ့ပြီလေ။ ဟစ်တလာဖြစ်စေ မူဆိုလီနီဖြစ်စေ စတာလင်ဖြစ်စေ သူတို့သိမ်းပိုက်တဲ့ နိုင်ငံကို ဒီလိုပြောရင် ဗြိတိန်က သည်းခံမလား။ ကျုပ်တို့ကျတော့ လွတ်လပ်ရေးနဲ့တန်အောင် ဗြိတိသျှစံအတိုင်း အရည်အချင်းစစ်ခံရမတဲ့။ လွတ်လပ်ရေးမရခင် စာမေးပွဲအောင်နှင့်ရမယ်တဲ့။ နှစ်ဖက်အငြင်းပွားတဲ့အခါ တစ်ဖက်က သူကိုယ်သူ တရားသူကြီးနေရာကထိုင်ပြီး တုပ်နှောင်နိုင် ဖြေလျှော့နိုင်တဲ့ အာဏာကိုင်ထားတယ်။ ကျွန်တော့်မိတ်ဆွေကြီး မကွေးအမတ်မင်း ပြောသွားတာကို အလေးအနက် ထောက်ခံပါတယ်။ သူပြောတာက မြန်မာပြည်မှာနေလို့ အကျိုးရှိနေသေးသမျှတော့ ကျုပ်တို့ ကိုယ့်မင်းကိုယ့်ချင်းနဲ့ တန်တယ်လို့ ဗြိတိန်က ဘယ်တော့မှ ဝန်ခံမှာမဟုတ်တဲ့ လေသံတွေပဲတဲ့။ (အတိုက်အခံဘက်မှ ကျယ်လောင်သော သြဘာသံများ)။

ဒီတော့ ဒီပြောဆိုနေတာတွေက ဘာအဓိပ္ပာယ်လဲ။ အဓိပ္ပာယ်ကတော့ လွတ်လပ်ရေးမရခင် လွတ်လပ်ရေးနဲ့ တန်အောင် လုပ်ကြရမယ်တဲ့။ ဒီပြောစကားကို ကျွန်တော်တုံ့ပြန်ဖို့က အလွန်ရှင်းပါတယ်။ ခင်ဗျားတို့ နားလည်ထားတဲ့ လွတ်လပ်ရေးနဲ့ ကျုပ်တို့ ထိုက်တန်တယ်ဆိုတာ တွေ့ချင်ပါတယ်၊ မြင်ချင်ပါတယ်ဆိုရင် ကျုပ်တို့ကို လွတ်လပ်ရေး အရင်ပေးပါ။ ကျုပ်တို့ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး အစစအရာရာ တိုးတက်အောင်လုပ်ပေးချင်ပါတယ်ဆိုရင် လွတ်လပ်ရေးပေးပါ။ နှစ်ပေါင်းတစ်ရာလောက် အဖိစီးအလွှမ်းမိုးခံနေရတဲ့ ကျုပ်တို့လူမျိုးကို မလွတ်လပ်ခင် လွတ်လပ်ရေးနဲ့ထိုက်အောင် အရင်လုပ်ပြဆိုလို့ ဘယ်ဖြစ်မလဲဗျာ။ ဗြိတိန်လည်း သူ့လွတ်လပ်ရေးအတွက် ဒီလိုမလုပ်ခဲ့ပါဘူး။ တစ်နည်းအားဖြင့်တော့ ဒါက သမိုင်းကို ပြောင်းပြန်လှန်နေတာပါ။ ခင်ဗျားတို့ပြောပုံက "ရေထဲမဆင်းခင် ရေကူးအရင်သင်ဦး"။ (ရယ်မောသံများ) ကျုပ်က ပြောပါရစေ "ကျုပ်တို့ကို ရေထဲအရင်ချပေးပါ။ ခင်ဗျားတို့အားလုံး ရေကူးသင်တာ ရေထဲဆင်းပြီးမှ မဟုတ်လား"။

နိုင်ငံအားလုံးရဲ့ သမိုင်းကို ပြန်ကြည့်ပါ။ ဘယ်လိုလွတ်လပ်ရေး ရကြသလဲ။ လွတ်လပ်ရေးနဲ့တန်တဲ့ အရည်အချင်းပြည့်အောင် အရင်လုပ်၊ ပြီးမှ လွတ်လပ်ရေးတောင်း ဒီလိုလား။ ကိုယ့်နိုင်ငံအကြောင်း ပြန်စဉ်းစားပါဦး။ ပြင်သစ် အမေရိကန်အကြောင်း စဉ်းစားပါဦး။ အဲဒီနိုင်ငံတွေ လွတ်လပ်ရေးရဖို့ အရည်အချင်းစစ် စာမေးပွဲ မဝင်ရဘူးခင်ဗျ။ စစ်နဲ့တော်လှန်ရေးနဲ့ စတင်တာခင်ဗျ။ မဟုတ်ဘူးလား။ လွတ်လပ်ချင်စိတ်နဲ့စတာပါ။ ဒါပေမဲ့ ဗြိတိန်ကတော့ စစ်စကား ရဲရဲတောက်ပြောရင်း ကျုပ်တို့အပေါ်တစ်မျိုး သူတို့ကျတော့တစ်မျိုး ပြောနေပါပြီ။

ဒီအကြောင်းကိုဆက်ပြီး ကျုပ် လူသိရှင်ကြားပြောပါဦးမယ်။ လွတ်လပ်ရေးနဲ့ ထိုက်တန်ကြောင်းပဲပြောပြော၊ မတန်ကြောင်းပဲ အကြောင်းပြပြ၊ ဗြိတိန်က မြန်မာပြည်လွတ်လပ်ရေးနဲ့ မတန်ဘူးလို့ ဆင်ခြေတစ်ခုပေးရင် ကျုပ်က ဗြိတိန်နဲ့ လွတ်လပ်ရေး မတန်ကြောင်း ဆင်ခြေဆယ်မျိုးပေးပါမယ်။ ဗြိတိန်နဲ့ လွတ်လပ်ရေး မထိုက်တန်ကြောင်း ကျုပ် ခိုင်ခိုင်လုံလုံ သက်သေပြပါမယ်။ (ကြားလားဟေ့- ကြားလားဟေ့- အော်သံ)

ဒါကြောင့် ဒီကိစ္စကြီးကို ဖြေရှင်းဖို့အရေးဟာ ဗြိတိန်ရဲ့လက်ဝယ်မှာ ရှိနေကြောင်းပြောချင်ပါတယ်။ ဗြိတိန်က ကမ္ဘာ့သမိုင်းကို ပြောင်းနိုင်တဲ့ အခွင့်အရေးရှိနေပါတယ်။ ပြောရရင်တော့ ကမ္ဘာကြီး ကပ်ဘေးက လွတ်အောင် ကယ်တင်နိုင်ပါတယ်။ ကမ္ဘာကိုကယ်တင်ခြင်းဖြင့် သူ့ကိုယ်သူလည်း ကယ်တင်နိုင်မယ်။ သူ အမြတ်တနိုး တန်ဖိုးထားသမျှကိုလည်း ကယ်တင်နိုင်မယ်။ သူ့ရဲ့စစ်ရည်မှန်းချက်ကို ဖြစ်သင့်ဖြစ်ထိုက်တဲ့အတိုင်း ဖော်ဆောင်မှ ဒီအတိုင်းဖြစ်မှာ။ အားလုံး သူ့အပေါ်မူတည်နေတယ်။ ဗြိတိန်က အင်ပါယာကြီး လက်လွတ်ချင်လွတ်မယ်။ ဒါပေမဲ့ အဲဒီအစား ကမ္ဘာမှာအလွန်ကြီးမားတဲ့ ကြာရှည်တည်မယ့် ဩဇာကို သူပိုင်စိုးမယ်။ ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့ တန်းတူညီမျှ အတူတကွ နေထိုင်တဲ့ ကမ္ဘာကြီးကို ဗြိတိန်က ဩဇာလွှမ်းမိုးပေလိမ့်မယ်။ ဒီတစ်လမ်းသာ ခေတ်သစ်ကမ္ဘာအတွက် ခိုင်မြဲတဲ့ အခြေခံဖြစ်တယ်။

ယခုပေါ်ပေါက်တဲ့ အခွင့်အရေးကို အသုံးချင်ရင်ဖြင့် ဗြိတိန်ဟာ သမိုင်းမှာ မကြုံဖူးတဲ့ ကြီးမြတ်သော ဂုဏ်သိမ်ကို ရပေလိမ့်မယ်။ ဒီလိုဖြစ်လာဖို့ သူကျင့်သုံးနေတဲ့ ရှေးထုံးစဉ်လာတွေ စွန့်မှဖြစ်မယ်။ လူမျိုးရေးအခြေခံတဲ့ ခေတ်နောက်ပြန်ဝါဒကို စွန့်ရမယ်။ နယ်မြေတွေ၊ စျေးကွက်တွေ၊ ရေနံတွင်းတွေ၊ ကျွန်းသစ်တောတွေကို စွန့်လွှတ်ရမယ်။ သူများအပေါ် အညှဉ်းခံတဲ့ အင်ပါယာဝါဒကို ဖယ်ခွာရမယ်။ ရှေးက ကိုင်စွဲခဲ့တဲ့ ဝါဒကိုစွန့်။ ဝါဒသစ်ကို ကျင့်သုံး၊ ဒီလိုဆိုရင် ဗြိတိန်က ပြန်ပြီးရစရာ အဆတစ်ရာ မကပါဘူး။ သူ့အင်ပါယာ လှည်းဘီးနဲ့တွဲပြီး တုပ်နှောင်ခံထားရတဲ့ စိတ်ကုန်နေတဲ့ ပြည်သူတွေအစား သူနဲ့ သဟဇာဖြစ်ပြီး တက်ညီလက်ညီလုပ်ကိုင်ကြမယ့် လွတ်လပ်သော ပြည်သူတွေ ပေါ်ထွန်းလာလိမ့်မယ်။ အသစ်ပေါ်ထွန်းပြီး ပြန်လည်သင့်မြတ်ကြသော ကမ္ဘာမှာ အားလုံးတန်းတူပြီး ဘုံအကျိုးစီးပွားခံစားကြဖို့ ဗြိတိန်က ဒီတစ်လမ်းပဲ လိုက်စရာရှိပါတယ်။

♣♣♣♣♣

ဤမိန့်ခွန်းပြောဆိုပြီးနောက် လွှတ်တော်အစည်းအဝေး ရုတ်သိမ်းချိန်တွင် အိုင်းရစ်လူမျိုး(လွှတ်တော်အမတ်မင်း) အော်နာရေးဘဲ ဆွမ်းမားဆက်ဘတ်တလာက ဒေါက်တာဘာမော်ရှိရာ စင်္ကြံ ့၌လာတွေ့ပြီး "ဒေါက်တာဘာမော် မိန့်ခွန်းက တကယ်ကောင်းသဗျာ၊ အပြောတကယ်ကောင်းတယ်။ ကျုပ်ခင်ဗျားလို ပြောတတ်ချင်လိုက်တာ" ဟု ချီးကျူးပြောဆိုသည်ဟု ဆိုသည်။

ဝေဖန်သုံးသပ်ချက်

ဤအပိုင်းတွင် ဒေါက်တာဘာမော်က ကမ္ဘာ့စစ်ကို ခရူးဆိတ်စစ်ပွဲအသွင် ပြောင်းရန်နှင့် လူ့အခွင့်အရေးအတွက် တစ်ကမ္ဘာလုံးက တိုက်ပွဲဝင်စေချင်ကြောင်းပြောသည်။

Universal and equal human rights, rights which belong to me in Burma just as much as to any man in England or France or Poland တွင် right ကို ကပ်လျက်(ကော်မာခံပြီး) နောက် right တစ်ခုနှင့် ထပ်ဆင့်အထူးပြုထားပုံကို သတိပြုစေလိုသည်။ or နှစ်လုံးက အင်္ဂလန်မှာပဲဖြစ်ဖြစ် ပြင်သစ်မှာပဲဖြစ်ဖြစ် ပိုလန်မှာပဲဖြစ်ဖြစ် တစ်ကမ္ဘာလုံးမှာ ဆိုလိုကြောင်း လေးနက်စေသည်။ equal human rights ကိုလည်း equal ကို အဓိပ္ပာယ်တူသော just as much as နှင့် ထပ်ဆင့်အလေးအနက် ပြောထားသည်။

ဤအပိုင်းတွင် အဓိကမှာ မြန်မာပြည်ဘုရင်ခံ၏ ပြောစကားကို ပြန်လည်ချေပချက်ဖြစ်၏။ ဘုရင်ခံ၏စကားကို ဟာသဖြစ်အောင် ပြောလိုက်သည်။ ပြီးတော့ မေးခွန်းထပ်ခါထပ်ခါ မေးလိုက်သည်။ အနောက်မှာတစ်မျိုး အရှေ့မှာတစ်မျိုးလုပ်နေသော ဗြိတိသျှ၏ လုပ်ရပ်ပေါ်လွင်စေသော မေးခွန်းတွေဖြစ်၏။

ဘုရင်ခံက "work hard, think hard" လို့ ဩဝါဒပေးလို့ ကျုပ်ကလည်း ဩဝါဒနဲ့ တုံ့ပြန်တယ်ခင်ဗျာဟုဆိုပြီး "Think in a big way, plan in a big way.." ဟု ပြန်လည်ပြောဆိုပုံက အလွန်ချက်ကျသည်။

နောက် မြန်မာပြည်၏ လွတ်လပ်ရေးကိစ္စ။ မြန်မာတွေ လွတ်လပ်ချင်ရင် လွတ်လပ်ရေးနှင့် ထိုက်တန်အောင် လုပ်ကြပါဦးဟု အင်္ဂလိပ်အစိုးရက ပြောဆိုနေသည်။ ဒေါက်တာဘမော်က "ကျုပ်တို့ လွတ်လပ်ရေးနဲ့ ထိုက်တန်တာ ခင်ဗျားတို့ တွေ့ချင်မြင်ချင်သပဆိုလျှင် ကျုပ်တို့ကို လွတ်လပ်ရေးပေးပါ။...ရေထဲမဆင်းခင် ရေကူးအရင်သင်ကြလို့ ခင်ဗျားတို့က ပြောနေတယ်" ဟု ချေပ၏။

အထိရောက်ဆုံးစကားက "I declare that, if it comes to the question of showing reasons for independence and also reasons for with holding independence, for every reason Britain can adduce against Burma's independence, I will adduce ten reasons against Britain's independence..." "လွတ်လပ်ရေးနှင့် ထိုက်တန်၏ မထိုက်တန်၏ အကြောင်းပြကြေးဆိုလျှင်တော့ မြန်မာပြည်လွတ်လပ်ရေးနှင့် မတန်ပါဘူးလို့ဗြိတိန်က အကြောင်းတစ်ချက်ပြလာရင် ကျုပ်ကလည်း ဗြိတိန် လွတ်လပ်ရေးနှင့်မတန်ကြောင်း အကြောင်းဆယ်ချက်ပြပါမယ်။" ဟု ချေပသည်။ ရှေ့နေကြီးပီသသော ဒေါက်တာဘမော်ပါတကား။

နောက်ဆုံး ဗြိတိန်၏ ကမ္ဘာတွင် အရေးပါသော အခန်းကဏ္ဍကိုပြောဆိုပြီး ဂုဏ်ရှိသော နေရာကို အခွင့်ကောင်းကို ထောက်ပြပြီး နိဂုံးချုပ်ထားသည်။

မှတ်သားဖွယ် အသုံးအနှုန်းများ

(ဥပမာအချို့သာ ရွေးထုတ်ထားပါသည်။)

♠ ....we have a new weapon now...and that is the weapon of world opinion.

♠ ....it is world struggle, and therefore our struggle;

♠ ...my resolution is no mere formula, no mere legal writing....

♠ At the bar of the world

♠ .... the freedom of all nations, great or small, weak or strong....

♠ .... words signifying tutelage, words that a master uses to his slave.

အကိုးအကား

ဒေါက်တာဘမော်က ဘုရင်ခံ၏ ပြောစကားကို ကိုးကားသည်။ ပြန်လည်ချေပသည်။ အကောင်းဆုံးအကိုးအကားမှာ ဗြိတိသျှနိုင်ငံရေးသုခမိန် အက်ဒမန်ဘာ့(ခ)၏ "Great Empires and small minds go ill together" (အင်ပါယာကြီးနဲ့ ဉာဏ်တစ်မိုက်တစ်ထွာ လားလားမှ မတန်ပါဘူး) ပညာတတ်ပီသကြောင်း ပြသသည့် အကိုးအထောက်စကားဖြစ်ပေသည်။

နှစ်ပိုင်းလုံးဆိုလျှင် ဒေါက်တာဘမော်၏ မိန့်ခွန်းသည် အနည်းငယ်ရှည်၏။ သို့သော် အပြောကောင်းသည်က တစ်ကြောင်း၊ ပထမပိုင်းတွင် ဗြိတိသျှအစိုးရ၏ စစ်ရေးရည်မှန်းချက်ကို ပြစ်ပြစ်နှစ်နှစ် ဝေဖန်သဖြင့်လည်းကောင်း၊ ဒုတိယပိုင်းတွင် မြန်မာပြည်ကိုအုပ်ချုပ်သော အင်္ဂလိပ်ဘုရင်ခံ၏စကားကိုအပြတ်ချေပပြီးမြန်မာ့လွတ်လပ်ရေးအတွက်ပြောဆိုသောကြောင့်လည်းကောင်းပြီးငွေလောက်အောင်တော့ မရှည်လျားချေ။

မြန်မာလူမျိုးတစ်ယောက် အင်္ဂလိပ်လိုပြောသော မိန့်ခွန်းကို အင်္ဂလိပ်အပါအဝင် ဥရောပသားများကပင် ချီးမွမ်းရသည်။ မှတ်သားဖွယ်ကောင်းသော မိန့်ခွန်းဖြစ်ပေ၏။

♣♣♣♣♣

အခန်း(၉)

တပ်တော်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ၏ စစ်စကား

War Statements by General of the Army

Douglas Mac Arthur

ဒေါက်ဂလပ်မက်အာသာသည် အငြိမ်းစားယူချိန်တွင် General of the Army ရာထူးနှင့် ကြယ်ငါးပွင့် ဗိုလ်ချုပ်ကြီး(Five star General) ဖြစ်သည်။ ထိုရာထူးအဆင့်ကို နားလည်ရန်အတွက် ကြယ်ပွင့်အရေအတွက်လိုက်ပြီး အမေရိကန်ဗိုလ်ချုပ်များ၏ ရာထူးအခေါ်အဝေါ်မှာ..

ကြယ်တစ်ပွင့် (One-star) Brigadier-General (မြန်မာလိုဗိုလ်မှူးချုပ်)

ကြယ်နှစ်ပွင့် (Two-star) Major-General (ဗိုလ်ချုပ်)

ကြယ်သုံးပွင့် (Three-star) Lieutenant-General (ဒု-ဗိုလ်ချုပ်ကြီး)

ကြယ်လေးပွင့် (Four-star) General (ဗိုလ်ချုပ်ကြီး)

ကြယ်ငါးပွင့် (Five-star) General of the Army (တပ်တော်ဗိုလ်ချုပ်ကြီး)

အတ္ထုပ္ပတ္တိ

ဒေါက်ဂလပ်မက်အာသာကို ၁၈၈၀ ပြည့်နှစ်တွင် မွေးဖွားသည်။ ဝက်(စ)ပွိုင့် နိုင်ငံတော်စစ်တက္ကသိုလ်၌ ပညာသင်ပြီး အမေရိကန်တပ်မတော်တွင် ဒု-ဗိုလ်အဆင့်မှ စတင်တာဝန်ထမ်းဆောင်သည်။ ဝက်(စ)ပွိုင့်တွင် နံပါတ်(၁)စွဲပြီး အတော်ဆုံးဗိုလ်လောင်းဆုရရှိသည်။

ပထမကမ္ဘာစစ်အတွင်း မက်အာသာသည် အမေရိကန် အမှတ်(၄၂) (သက်တန့်) တပ်မကြီး၏ တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်ရာထူးရ၏။ ထိုရာထူးတွင် ထမ်းဆောင်ခဲ့ဖူးသူများအနက် အသက်အငယ်ဆုံးဖြစ်၏။ ထို့နောက် (တင်းပြည့်)ဗိုလ်ချုပ်ကြီး (ကြယ်လေးပွင့်အဆင့်) သို့ ရာထူးတိုးခံရသည်။ ၁၉၃၇ ခုတွင် ထိုရာထူးဖြင့် အငြိမ်းစားယူသည်။

အငြိမ်းစားယူပြီးနောက် လွတ်လပ်သော ဖိလစ်ပိုင်နိုင်ငံ၏ တပ်မတော်တွင် စစ်အကြံပေး ဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ထမ်းသည်။ သို့သော် ဒုတိယကမ္ဘာစစ် ဖြစ်လာသဖြင့် ၁၉၄၁ ခုတွင် အမေရိကန်အစိုးရက အငြိမ်းစား ဒေါက်ဂလပ်မက်အာသာကို ပြန်လည်ဆင့်ခေါ်ပြီး အရှေ့ဖျားဒေသ အမေရိကန်ကြည်းတပ်ပေါင်းစု၏ ဦးစီးချုပ်အဖြစ် တာဝန်ပေးသည်။

၁၉၄၂ ခုနှစ်တွင် မက်အာသာသည် ပစိဖိတ်အနောက်တောင်ဒေသ မဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ်အဖြစ် တာဝန်ပေးခံရသည်။ ထိုမဟာမိတ်တပ်ပေါင်းစုတွင် ဗြိတိန်၊ အမေရိကန်၊ ဒတ်(ချ)၊ ဩစတြေလျ၊ ပြင်သစ်၊ ဖိလစ်ပိုင်နိုင်ငံများ၏ ကြည်း ရေ လေ တပ်ပေါင်းစုံ ပါဝင်သည်။ ၁၉၄၄ ခုတွင် တပ်တော်ဗိုလ်ချုပ်ကြီးရာထူး(ကြယ်ငါးပွင့်) ရ၏။

၁၉၄၅ ခု ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်တွင် ဂျပန်တပ်မတော်နှင့် ဂျပန်အစိုးရက လက်နက်ချစာချုပ်ကို ဗိုလ်ချုပ်ကြီးမက်အာသာ၏ ရှေ့မှောက်၌ ရေးထိုးရသည်။ လက်နက်ချ သင်္ကေတကို မက်အာသာက လက်ခံပြီး သူတပ်များက ဂျပန်နိုင်ငံကို သိမ်းပိုက်သည်။

မက်အာသာသည် စစ်ပြီး ဂျပန်နိုင်ငံကို သိမ်းပိုက်သော စစ်အာဏာပိုင်အဖြစ် အုပ်ချုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို လုပ်ဆောင်ရ၏။ ဂျပန်ဧကရာဇ်ကို ပြည်သူတို့ အလေးအမြတ်ထားစရာ နိုင်ငံတော် သင်္ကေတအဖြစ် ဆက်လက်ရပ်တည်ခွင့်ပေးသည်။ ထို့အတွက် မက်အာသာကို သဘောထားကြီးပါပေသည်။ အမြော်အမြင်ကြီးပါပေသည်ဟု ဂျပန်လူထုအပါအဝင် လူများစု ချီးကျူးခံရ၏။ ထို့နောက်

ဂျပန်နိုင်ငံ၏ ဒီမိုကရေစီနည်းကျ အခြေခံဥပဒေ ရေးဆွဲရာတွင် မက်အာသာက လမ်းညွှန်ကူညီပေးသည်။

၁၉၅၀ ပြည့်နှစ်တွင် ကိုရီးယားစစ်ပွဲ ဖြစ်ပွားသဖြင့် မက်အာသာသည် ကုလသမဂ္ဂတပ်ပေါင်းစု၏ တပ်မှူးကြီးအဖြစ် တောင်ကိုရီးယားသို့ စေလွှတ်ခံရသည်။ မြောက်ကိုရီးယားက လျှပ်တပြက် သိမ်းပိုက်ခဲ့သော တောင်ကိုရီးယားနယ်မြေကို မက်အာသာက ထိုးစစ်ဆင်ပြီး ပြန်လည်သိမ်းပိုက်၏။ မက်အာသာ အနိုင်ရခါနီးတွင် တရုတ်(အပျော်တမ်း)တပ်များ မြောက်ကိုရီးယားဘက်မှ ဝင်တိုက်လာသည်။

မက်အာသာက တရုတ်တပ်သားများ၏ ပင်မအခြေစိုက်စခန်းများတည်ရှိရာ တရုတ်ပိုင်နယ်မြေကို ဗုံးကြဲတိုက်ခိုက်ချင်သည်။ စစ်ပွဲကို ကိုရီးယားနယ်မြေပြင်ပထိ ပြန့်မသွားစေလိုသော ဆန္ဒဖြင့် အမေရိကန်သမ္မတ ထရူးမင်းက မက်အာသာအား ကိုရီးယားနယ်မြေပြင်ပတွင် စစ်မဆင်နွှဲရန် ပိတ်ပင်၏။

သမ္မတထရူးမင်းနှင့် မက်အာသာ သဘောထားကွဲ၏။ သမ္မတ၏ အမိန့်အာဏာကို မလေးမခန့် ပြုရာရောက်သည်ဆိုပြီး ထရူးမင်းက မက်အာသာကို ရာထူးတာဝန်အရပ်ရပ်မှ ဖယ်ရှားသည်။ ထိုအချိန်တွင် ဒေါက်ဂလပ်မက်အာသာ အသက်(၇၁)နှစ်အရွယ်ရှိနေပြီ။ သမ္မတက မကြိုက်သဖြင့် အလုပ်ဖြုတ်ခံရသည်။ သို့သော် သူဂုဏ်သိက္ခာ ကျဆင်းမသွားပါ။ ရာထူးစွန့်ပြီး အမေရိကန်ပြည်သို့ ပြန်လာသည်။ သူကို သန်းနှင့်ချီသော နယူးယောက်မြို့လူထုက တစ်ခဲနက်ကြိုဆိုပြီး စစ်သူရဲကောင်းကြီးအဖြစ် ဂုဏ်ပြုကြလေသည်။

ထို့နောက် အမေရိကန် ကွန်ဂရက်က ဖိတ်ကြားသဖြင့် မက်အာသာက နောက်ဆုံးနှုတ်ဆက်စကားအဖြစ် မိန့်ခွန်းပြောကြားသည်။ ၁၉၆၄ ခုနှစ်တွင် Reminiscences(အမှတ်တရများ) စာအုပ် ရေးသားထုတ်ဝေခဲ့၏။ ထိုနှစ်တွင် အသက် ၈၄ နှစ်အရွယ်၌ ဒေါက်ဂလပ်မက်အာသာ ကွယ်လွန်သည်။ ဒေါက်ဂလပ်မက်အာသာသည် စစ်မက်ရေးရာ၌ နာမည်ကျော်သူဖြစ်၏။ တွင်ကျန်ရစ်သော သူ့ပြောစကားများသည် စစ်နှင့်ပတ်သက်၏။ ဤစာအုပ်တွင် သူ့ပြောစကားအချို့ကို ကောက်နုတ်ဖော်ပြထားပါသည်။

♣♣♣♣♣

Duty, Honor, Country

Douglas MacArthur, General of the Army

Farewell Address to the US Military Academy

at West Point

May 12, 1962

(A number of paragraphs of this speech have been omitted)

Duty, Honor, Country: Those three hallowed words reverently dictate what you ought to be, what you can be, what you will be. They are your rallying points: to build courage when courage seems to fail; to regain faith when there seems to be little cause for faith; to create hope when hope becomes forlorn.

They build your basic character. They mold you for your future roles as the custodians of the nation's defense. They make you strong enough to know when you are weak, and brave enough to face yourself when you are afraid.

They teach you to be proud and unbending in honest failure, but humble and gentle in success; not to substitute words for action; not to seek the path of comfort, but to face the stress and spur of difficulty and challenge; to learn to stand up in the storm, but to have compassion on those who fall; to master yourself before you seek to master others; to have a heart that is clean, a goal that is high; to learn to laugh, yet never forget how to weep; to reach into the future, yet never neglect the past; to be serious, yet never take yourself too seriously; to be modest so that you will remember the simplicity of true greatness; the open mind of true wisdom, the meekness of true strength.

And what sort of soldiers are those you are to lead? Are they reliable? Are they brave? Are they capable of victory?

My estimate of him was formed on the battlefields many, many years ago, and has never changed. I regarded him then, as I regard him now, as one of the world's noblest figures; not only as one of the finest military characters, but also as one of the most stainless.

I do not know the dignity of their birth, but I do know the glory of their death.

Always for them: Duty, Honor, Country. Always their blood, and sweat, and tears, as they saw the way and the light.

Yours is the profession of arms, the will to win, the sure knowledge that in war there is no substitute for victory, that if you lose, the Nation will be destroyed, that the very obsession of your public service must be Duty, Honor, Country.

This does not mean that you are warmongers. On the contrary, the soldier above all other people prays for peace, for he must suffer and bear the deepest wounds and scars of war. But always in our ears ring the ominous words of Plato, that wisest of all philosophers: "Only the dead have seen the end of war." The shadows are lengthening for me. The twilight is here. My days of old have vanished - tone and tints. They have gone glimmering through the dreams of things that were.

In my dreams I hear again the crash of guns, the rattle of musketry, the strange, mournful mutter of the battlefield. But in the evening of my memory I come back to West Point. Always there echoes and re-echoes: Duty, Honor, Country.

Today marks my final roll call with you. But I want you to know that when I cross the river, my last conscious thoughts will be of the Corps, and the Corps, and the Corps.

I bid you farewell.

♣♣♣♣♣

တာဝန်၊ သစ္စာ၊ နိုင်ငံ

တပ်တော်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ

အမေရိကန်နိုင်ငံ ဝက်(စ)ပွိုင့်စစ်တက္ကသိုလ်

တွင် ပြောကြားသော ခွဲခွာနှုတ်ဆက်မိန့်ခွန်း

၁၉၆၂ ခု မေလ ၁၂ ရက်

(ဤမိန့်ခွန်းမှ စာပိုဒ်အတော်များများ ချန်လှပ်ထားပါသည်။)

"တာဝန်" "သစ္စာ" "နိုင်ငံ" - ဦးထိပ်ပန်ဆင်ရမယ့် စကားသုံးခွန်း။ မောင်တို့ ဘာဖြစ်ချင်သလဲ။ မောင်တို့ဘာဖြစ်နိုင်သလဲ။ မောင်တို့ ဘာဖြစ်လာမလဲ။ ဒီစကားသုံးခွန်းက မြတ်သော အဆုံးအဖြတ်ပေးလိမ့်မယ်။ သတ္တိကြောင်တော့မယ် ထင်ရတဲ့အချိန်မှာ သတ္တိမွေးနိုင်အောင်၊ ယုံကြည်စရာအကြောင်း အားနည်းချိန်မှာ ယုံကြည်ချက်မွေးနိုင်အောင်၊ မျှော်လင့်ချက်မှေးမှိန်တဲ့အချိန်မှာ မျှော်လင့်ချက်ထားနိုင်အောင် ဒီစကားသုံးခွန်းနဲ့ အရင်းတည်ပြီး အားမွေးကြရမယ်။

ဒီစကားသုံးခွန်းက မင်းတို့ရဲ့ ကိုယ်ကျင့်တရားအခြေခံကို မွေးထုတ်မယ်။ အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူဖြစ်လာအောင် မင်းတို့ကို ပုံသွင်းပေးမယ်။ ကိုယ်အားငယ်တဲ့အခါ ငါအားငယ်နေပါကလားဆိုတဲ့ အသိရှိအောင် ခွန်အားပေးမယ်။ သရဲဘောကြောင်တဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရဲအောင် သတ္တိပေးမယ်။

ဒီစကားသုံးခွန်းက မင်းတို့ကို အများကြီး သင်ကြားပေးမယ်။ ရိုးရိုးသားသား ကြိုးစားပါလျက် မဖြစ်မြောက်တဲ့အခါမှာ ဦးမညွတ်ပဲ သိက္ခာမပျက်နေတတ်အောင်၊ ဒါပေမဲ့ အောင်ပွဲခံချိန်မှာ ရိုကျိုးသူ၊ သိမ်မွေ့သူဖြစ်အောင် သင်ပေးမယ်။ မင်းတို့ကို အလုပ်မပါတဲ့ ငကြွားသက်သက်မဖြစ်အောင်၊ ပန်းခင်းသောလမ်းကို မလိုက်အောင်၊ ဒါပေမဲ့ အကျဉ်းအကျပ် အခက်အခဲကို ရင်ဆိုင်နိုင်အောင် သင်ကြားပေးမယ်။ မင်းတို့ကို မုန်တိုင်းကြားမှာ မားမားရပ်နိုင်အောင်၊ ဒါပေမဲ့ ယိုင်လဲသူအပေါ် ဂရုဏာထားတတ်အောင် သင်ကြားပေးမယ်။ သူများကို မကွပ်ကဲ မထိန်းသိမ်းမီ ကိုယ့်ကိုယ်ကို ကွပ်ကဲထိန်းသိမ်းတတ်အောင် နှလုံးသားဖြူစင်အောင် ရည်မှန်းချက်ကြီးကြီးထားတတ်အောင် သင်ပေးမယ်။ ရယ်စရာတွေ့ရင် ရယ်မောတတ်အောင်၊ ဒါပေမဲ့ ငိုစရာကြုံရင် ငိုဖို့ မမေ့အောင် သင်ကြားပေးမယ်။ အနာဂတ်ကို အရောက်လှမ်းရင်း အတိတ်ကိုမမေ့အောင် သင်ကြားပေးမယ်။ အရာရာကို အလေးအနက်ထားပေမဲ့ မိမိကိုယ်မိမိ အလွန်အမင်း အလေးအနက်မထားအောင် သင်ပေးမယ်။ တကယ်ကြီးမြတ်တယ်ဆိုတာ ရိုးရိုးကလေးပါကလားလို့ သိဖို့ မိမိကိုယ်ကို နှိမ့်ချတတ်အောင် သင်ပေးမယ်။

မင်းတို့ခေါင်းဆောင်ရမှာက ဘယ်လိုစစ်သားတွေလဲ။ အားကိုးလောက်သူတွေ ဟုတ်ရဲ့လား။ သတ္တိကောရှိကြရဲ့လား။ အောင်ပွဲခံနိုင်စွမ်း ရှိကြရဲ့လား။

သူတို့အကြောင်း မင်းတို့အားလုံးအသိပဲ။ ငါကတော့ သူတို့အကြောင်း သိခဲ့တာ နှစ်ပေါင်း အတော်အတော်ကြာခဲ့ပြီ။ ရှေးရှေးက မြင်ခဲ့တဲ့ သူတို့အပေါ် သဘောထားလုံးလုံးကို မပြောင်းခဲ့ဘူး။ ငါကတော့ ဒီစစ်သားတွေဟာ ကမ္ဘာမှာ အမွန်မြတ်ဆုံး ပုဂ္ဂိုလ်တွေလို့ ထင်တယ်။ ရှေးကလည်း ဒီလိုထင်ခဲ့တယ်။ ခုလည်း ဒီအတိုင်းပဲထင်တယ်။ စစ်သည်အနေနဲ့သာ မဟုတ်ဘူး။ လူပုဂ္ဂိုလ်အနေနဲ့လည်း အစွန်းအထင်းမရှိသူတွေ။

သူတို့ကိုမွေးတုန်းက ဘယ်လို ဂုဏ်ဒြပ်တွေနဲ့ မွေးတယ်တော့ ငါမသိဘူး။ အေး သူတို့သေပွဲဝင်တာတော့ မြတ်သောသေခြင်း။ ဒါတော့ ငါအသေအချာ သိတယ်ဟေ့။ တာဝန်၊ သစ္စာ၊ နိုင်ငံ- အမြဲတမ်း သူတို့ ဦးထိပ်ပန်ဆင်တယ်။ ရှေ့လမ်းကိုမြင်ပြီး အလင်းကိုတွေ့တိုင်း သူတို့သွေးရော၊ ချွေးရော၊ မျက်ရည်ရော မြေအကျခံတယ်။

မင်းတို့တွေ သင်ယူထားတာက စစ်ပညာကွဲ့။ ဒါ အသက်မွေးပညာပဲ။ မင်းတို့ကို အောင်စိတ်သွင်းထားတယ်။ စစ်ဖြစ်ရင် အောင်ပွဲနှင့်လဲစရာ တခြားဘာမှမရှိဆိုတဲ့ အသိစွဲအောင် လေ့ကျင့်ထားတာ။ မင်းတို့ ရှုံးခဲ့ရင် တိုင်းပြည်ပျက်မယ်ဆိုတဲ့ အသိကို ရိုက်သွင်းထားတာ။ ဒီတော့ မင်းတို့ နိုင်ငံတာဝန်ထမ်းရွက်ရာမှာ ထာဝစဉ်စွဲနေရမှာက .....တာဝန်၊ သစ္စာ၊ နိုင်ငံ ဒါပဲ။

ငါဒီလိုပြောလို့ မင်းတို့တွေကို စစ်ဝါဒီ စစ်ရူးတွေလို့ မဆိုလိုပါဘူး။ စစ်ရူးမထင်ရုံတင် မဟုတ်ပါဘူး။ သူများတွေထက်တောင် စစ်သားက ငြိမ်းချမ်းရေးလိုလားတယ်။ ဘာကြောင့်တုန်း။ စစ်ဖြစ်ရင် သူဒဏ်ရာရမယ်။ သူ့ကိုယ်မှာ အမာရွတ် ထင်ရစ်မယ်။ ဒါသူသိတယ်။ ပညာရှိ ကဝိအကျော် ဒဿနဆရာကြီး ပလေတို မိန့်ခဲ့တယ်။ "သေသူတို့သာ စစ်၏ဆုံးခန်းကို ကြုံဖူး၏" တဲ့။ သူစကားသံ တို့နားထဲမှာ အမြဲဟိန်းနေတယ် မောင်တို့။ အေး - ငါ့အတွက်တော့ အရိပ်တွေ ရှည်ထွက်နေပြီ။ ဆည်းဆာချိန်ရောက်ပြီ။ ငယ်ဘဝတွေလည်း ကွယ်ပျောက်ပြီ။ အရိပ်အယောင်တောင် မကျန်တော့ဘူး။ ဖြစ်ပျက်ခဲ့သမျှတွေက အိပ်မက်ပမာ ဖျတ်ခနဲ ဖျတ်ခနဲ ကွယ်သွားပြီကွာ။

အိပ်မက်ထဲမှာ ငါအသံတွေ ကြားတယ်။ အမြောက်သံတွေ၊ သေနတ်သံတွေ၊ ထူးထူးဆန်းဆန်းစစ်မြေက ငိုသံတိုးတိုးတွေ ငါကြားတယ်။ ဒါပေမဲ့ ဘဝနေဝင်ချိန်မှာ ငါဝက်(စ)ပွိုင့်ကို အမှတ်တရပြန်လာတယ်။ ဒီမှာ ပဲ့တင်သံတွေ အမြဲဟိန်းနေတယ်။ အေး - ထပ်ဆင့်ပဲ့တင်သံတွေ ဟိန်းနေတယ်ဟေ့ - တာဝန်၊ သစ္စာ၊ နိုင်ငံ၊ ပဲ့တင်သံ အပြန်ပြန်ဟိန်းတယ်။ ဟိန်းတယ်။

မင်းတို့ တန်းစီလူစစ်ရာမှာ ငါပါတာ ဒီနေ့နောက်ဆုံးပါပဲ။ ဒါပေမဲ့ မင်းတို့ သိထားစေချင်တယ်။ "မြစ်ကို ကူးဖို့" ငါ ဇာပြန်ခိုက်မှာ သတိရနေဦးမှာက တပ်ဖွဲ့၊ သတိရပြီးရင်း ရနေမယ့် တပ်ဖွဲ့၊ သတိရပြီးရင်း ရနေမယ့် တပ်ဖွဲ့။

ကဲ... မင်းတို့ကို ငါ နောက်ဆုံး နှုတ်ဆက်တယ်။

♣♣♣♣♣

ဝေဖန်သုံးသပ်ချက်

ဤမိန့်ခွန်း၏ နောက်ခံကို သိထားမှ မိန့်ခွန်း၏လေးနက်မှုကို ပိုပြီး ပေါ်လွင်မည်။ ဤမိန့်ခွန်းကို ဝက်(စ)ပွိုင့်တွင် ပြောကြားသည်။ ဝက်(စ)ပွိုင့်သည် အမေရိကန်နိုင်ငံ၏ စစ်တက္ကသိုလ်ဖြစ်သည်။ ပြောသူက အငြိမ်းစား တပ်တော်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ။ ပရိသတ်က ဗိုလ်လောင်းများနှင့် စစ်တက္ကသိုလ်ဝန်ထမ်း အဆင့်ဆင့်။ မက်အာသာကိုယ်တိုင်က ဝက်(စ)ပွိုင့်ကျောင်းသားဟောင်း၊ သူနှစ်သူအတန်းတွင် နံပါတ်တစ်စွဲသူ။ (မြန်မာဆန်အောင်ပြောလျှင်တော့ ငွေမားရ အောင်စစ်သည်) ပြီးတော့ ဝက်(စ)ပွိုင့် ကျောင်းအုပ်ကြီးဟောင်း။

ပရိသတ်အများစုက အသက်(၂၀) ဝန်းကျင် ဗိုလ်လောင်းတွေ။ မိန့်ခွန်းပြောသူက အသက်ရှစ်ဆယ်အရွယ် စစ်သားအိုကြီး။ ထို့ကြောင့် မိန့်ခွန်းကို ဝက်(စ)ပွိုင့်၏ ဆောင်ပုဒ်ဟစ်ကြွေးပြီး စတင်လိုက်သည်။ "Duty" "Honor" "Country" မြတ်သောစကားသုံးခွန်း ဦးထိပ်ပန်ဆင်စရာ။

မြတ်သောစကားသုံးခွန်း၏ တန်ဖိုးကို ဖွင့်ပြသည်။ မင်းတို့ကို ဘာတွေသင်ပေးမည်။ ဘာတွေမလွဲချော်အောင် သင်ပေးမည်။ လုပ်အပ်၊ မလုပ်အပ်၊ တတ်အပ်၊ မတတ်အပ် ခွဲခြားပြသည်။ ထို့နောက် ဗိုလ်လောင်းတို့ ဦးဆောင်ရမည့် စစ်သားအကြောင်း။ အမေရိကန်စစ်သားကို မက်အာသာက အမွမ်းတင်သည်။ ကမ္ဘာမှာ အမွန်မြတ်ဆုံး- ပုဂ္ဂိုလ်အနေနှင့် အစွန်းအထင်းကင်းသူတွေဟု ဆိုသည်။

" I do not know the dignity of their birth, but I do know the glory of their death"

စစ်သားကို အကောင်းဆုံး သိဒ္ဓိတင်စကားဖြစ်၏။ ဆက်ပြီး သူတို့ဦးထိပ်ပန်ဆင်သော တာဝန်၊ သစ္စာ၊ နိုင်ငံ။ သူတို့ပေးသော သွေး၊ ချွေး၊ မျက်ရည်။ ထို့နောက် ဗိုလ်လောင်းများကို မသိမသာ ဩဝါဒပေးသည်။

"In war there is no substitute for victory, if you lose the Nation will be destroyed, the very obsession of your public service must be duty, honor, country"

ဗိုလ်လောင်းအတွက် အကောင်းဆုံး ဩဝါဒဖြစ်ပေသည်။

နိဂုံးပိုင်းက ကဗျာဆန်သည်။ သူ၏ဘဝ နေဝင်ချိန်ရောက်ပြီ။ အိပ်မက်ထဲက အမြောက်သံ၊ သေနတ်သံ၊ ဒိုသံတိုးတိုး။ ဝက်(စ) ပွိုင့်ကို အမှတ်ရပြန်လာကြောင်း- ဟိန်းနေသော အသံတွေ၊ တာဝန်၊ သစ္စာ၊ နိုင်ငံ အထပ်ထပ် ပဲ့တင်အောင် ဟစ်ပြီးမှ ပဲ့တင်သံတွေ ထပ်ဆင့်ပဲ့တင်သံတွေဟု သူက ဆိုသည်။

မိန့်ခွန်း၏ အနှစ်သာရသည် တာဝန်၊ သစ္စာ၊ နိုင်ငံ ဖြစ်၏။ ထို့ကြောင့် ထပ်ခါ ထပ်ခါ တာဝန်၊ သစ္စာ၊ နိုင်ငံကို ဟစ်ကြွေးသည်။ နောက်ဆုံး My last conscious thoughts will be of the corps, and the corps, the corps. I bid you farewell. "ဇာပြန်ခိုက်မှာ ငါသတိရနေမှာက တပ်ဖွဲ့၊ ....သတိရပြီးရင်း ရနေမယ့် တပ်ဖွဲ့၊ .....သတိရပြီးရင်း ရနေမယ့် တပ်ဖွဲ့။ မင်းတို့ကို ငါနောက်ဆုံး နှုတ်ဆက်ခဲ့တယ်။" လွမ်းလောက်သော နှုတ်ဆက်စကားပေတကား။

မှတ်မှတ်သားသား အသုံးအနှုန်းများ

♣ "Duty" "Honor" "Country" အကြိမ်ကြိမ်ပြောသည်။ မိန့်ခွန်း တစ်ခုလုံး၏ အနှစ်သာရဖြစ်သည်။

♣ ..to build courage when courage seems to fail....to create hope when hope becomes forlorn. (ဆန့်ကျင်ဒွန်တွဲအသုံးများကို သတိပြုပါ

build courage--- courage seems to fail

create hope --- hope becomes forlorn

build အစား နောက်တစ်ကြိမ်တွင် create သုံးစွဲပုံကို သတိပြုရန်-- အဓိပ္ပာယ်မကွာခြားသော ဝေါဟာရနှစ်ခု ဖြစ်သည်။)

♣ They teach you to....., but

.....not to substitute..., not to seek.., but to..to နှင့် but ဒွန်တွဲအသုံး၊ not to နှင့် but ဒွန်တွဲအသုံး အကြိမ်ကြိမ် တွဲသုံးသည်။ နောက် to learn..., to have..., to master..., to have..., to learn..., to reach ..., to be modest... verb to be , verb to do မျိုးစုံကို to နှင့်တွဲပြီး to ကို ထပ်ခါထပ်ခါ သုံးထားသည်။

♣ စစ်သား၏ ဂုဏ်ပုဒ်ပေါ်အောင် အမေးအဖြေပုံစံ And...those you are to lead?.....??? မေးခွန်းလေးခု။ အဖြေ နှစ်ခုပေးသည်။ Their story is known to all of you. My estimate of him was formed... many,many years ago. မင်းတို့သိတဲ့ ငါသိတဲ့ သူတို့အကြောင်း။ ဖြည့်စရာမလိုသော အဖြေဖြစ်ပြီ။ သို့သော် သူက အကျယ်ချဲ့သေး၏။

♣ I do not know the dignity of their birth, but I do know the glory of their death.

I do not know နှင့် I do know အတွဲ၊ birth နှင့် death အတွဲများက အာရုံကို စွဲဆောင်သည်။

♣ Always for them: duty, honor, country.

verb မပါသော ဝါကျဖြစ်ကြောင်း သတိပြုပါ။ ပြောစကားဖြစ်၍ အဓိပ္ပာယ်ပြည့်စုံသည်။ verb မပါပဲ ဝါကျဖြစ်သည်။ တိုရှင်းပြီး လေးနက်သော ဝါကျ။

♣ Always their blood, and sweat, and tears, as they saw the way and the light.

အလားတူပင် main verb မပါပဲ အဓိပ္ပာယ်ပေါ်နေသော ဝါကျဖြစ်သည်။ as they saw .., က clause ဖြစ်သည်။ ထိုအထဲတွင် and sweat, and tears ဟု and နှစ်လုံးဆင့်ထားသည်။ သွေးချည်းမဟုတ် ချွေးလည်းပါ မျက်ရည်လည်းပါ။ ပါဝင်မှုလေးနက်စေသော နှစ်ခါထပ်ဖြစ်၏။

♣ In war there is no substitute for victory; if you lose the Nation will be destroyed.

မက်အာသာက victory ကို ဖွင့်လိုက်သော ဝါကျဖြစ်သည်။ အလွန်မှန်ကန်လေးနက်သော အဖွင့်ဖြစ်၏။ ဤဝါကျသည် သူနာမည်နှင့်တွဲပြီး လူအများနှုတ်ဖျား၌ စွဲနေသည်။

♣ The shadows are lengthening for me. The twilight is here. My day of old have vanished... tone and tint.

အလွန်လှပသော အင်္ဂလိပ်စကားဖြစ်၏။ ဝါကျတိုသည် စကားလုံးလွယ်သည်။ နောက်ဆုံးသုံးလုံး tone and tint က အလွန်အဓိပ္ပာယ်ပြေးသည်။ ရှင်းပြရန်ပင် မလွယ်ပါ။ tone သည် ဆေးသားအရောင် အနေအထား အမှေးအမှန်ဖြစ်၏။ tint ကလည်း အရောင်နှင့်ဆိုင်သည်။ အရောင်အလင်း အမှိန် အရောင်အထူအပါးကို ဆိုလိုသည်။ နေ့ရက်ဟောင်းတွေ မှေးမှိန်လာပုံ ပီပြင်သည်။

♣ In the evening of my memory I come back to West Point. အလွမ်းသယ်သော စကားဖြစ်သည်။ In the evening of my memory က "ငါသေခါနီးချိန်မှာ (သို့) ငါ့ဘဝနေဝင်ချိန်မှာ" ကို ယဉ်ယဉ်ကျေးကျေး လှလှပပပြောသော စကားဖြစ်၏။

♣ Always there echoes and reechoes: duty, honor, country(West Point မှာ duty, honor, country အသံတွေ ပဲ့တင်ထပ်နေသည်။)

ဤစကားက West Point ကို ထောပနာစကားဖြစ်၏။ တာဝန်သိ၊ သစ္စာရှိ၊ တိုင်းပြည်ချစ်သူများကို လေ့ကျင့်ရာမြေဟု ဆိုလိုခြင်းဖြစ်၏။ echoes ကို လေးနက်အောင် reechoes က အားဖြည့်ပေးသည်။

♣ .... when I cross the river သည် သေခြင်းကို တင်စားသော စကားအလှဖြစ်၏။

♣ ... my last conscious thoughts will be the corps, and the corps, and the corps.

ဤတွင် the corps တွင် the သည် အလွန်အရေးကြီး၏။ corps သည် ဒီဝီဇံခေါ် တပ်မကြီးများဖြင့် ဖွဲ့ထားသော ဧရာမတပ်ကြီးဖြစ်၏။ သို့ရာတွင် ဤနေရာ၌ corps သည် west point ဗိုလ်လောင်းတပ်ဖွဲ့ကို ဆိုလိုသည်ဟု ယူဆရသည်။ ထို့ကြောင့် ဗိုလ်လောင်းတပ်ဖွဲ့ကို

ငါသတိရနေမယ်။ and the corps တွင် and က ထပ်မံပြီး သို့မဟုတ် ပြီးတော့ဟု ပြန်ဆိုလျှင်ရမည်။ အဆင်ပြေအောင် သတိရပြီးရင်း သတိရနေမယ့်တပ်ဖွဲ့ဟု ပြန်ဆိုထိုက်၏။ သုံးကြိမ်သုံးခါ ရေရွတ်ခြင်းသည် အလွန်လေးနက်ပါပေ၏။

ပညာရှိစကား အကိုးအကား

သုခမိန်ကြီး ပလေတို၏စကား "Only the dead have seen the end of war" ကို မက်အာသာက ကိုးကားရွတ်ဆိုသည်။ ပညာကြီးသူ သုတကြွယ်ဝသူ ဖြစ်ပါပေသည်။

♣♣♣♣♣

မှတ်မှတ်ရရ မက်အာသာ၏ စကားများ

Mac Arthur Quotations

I Shall Return: Mac Arthur

"ကျုပ် ပြန်လာမယ်" ဟု မက်အာသာက ကြွေးကြော်လိုက်သည်။ ၁၉၄၂ ခု မတ်လ ဖြစ်၏။ မဟာမိတ် ကြည်းတပ်ဗိုလ်ချုပ်ကြီး မက်အာသာ၏တပ်များကို ဂျပန်ကဖိပြီး ထိုးစစ်ဆင်နေသည်။ အမေရိကန်တပ်များ အလူးအလိမ့်ခံနေရသည်။ ဆုတ်ပြီးရင်း ဆုတ်ရင်းဖြစ်နေ၏။ တကယ်တော့ မက်အာသာသည် ကော်ရီဂိဒေါကျွန်းမှ ဖောက်ထွက်ပြီး ဩစတြေလျအရောက် ပြန်ရသည်။ ကော်ရီဂိဒေါမှ ထွက်ခွာခဲ့ဆဲဆဲတွင် သတင်းထောက်များအတွက် ပြောစကားထဲမှ တွင်ကျန်ရစ်သောစကားသည် အောက်ပါအတိုင်း ဖြစ်၏။

" The President of the United States ordered me to break through the Japanese lines and proceed from Corregidor to Australia for the purpose, as I understand it, of organizing the American offensive against Japan, a primary objective of which is the relief of the Philippines. I came through and I shall return."

ဘာသာပြန်

အမေရိကန်နိုင်ငံ သမ္မတကြီးက ကျုပ်ကို အမိန့်ပေးတယ်။ ဂျပန်စစ်ကြောင်းတွေကို ဖောက်ထွက်ပြီး ကော်ရီဂိဒေါမှ ဩစတြေလျကို အရောက်ပြန်ခဲ့တဲ့။ ကျုပ်အထင်တော့ ဂျပန်ကို ပြန်ချဖို့ အမေရိကန် ထိုးစစ်ပြင်ဖို့ ရည်ရွယ်တယ်။ အဲဒီ ထိုးစစ်ရဲ့ အဓိက ရည်မှန်းချက်က ဖိလစ်ပိုင်နိုင်ငံ လွတ်မြောက်ရေးပဲ။ ကျုပ်ဖောက်ထွက်ခဲ့ပြီ။ ကျုပ်ပြန်လာမယ်။

သုံးသပ်ချက်

တိုတိုကလေးနှင့် အလွန်တာသွားသော စကားဖြစ်သည်။ I shall return တွင် shall ကို သုံးထားသဖြင့် ငါအသေအချာပြန်လာမည် ၊ ပြန်လာဖို့သန္နိဋ္ဌာန်ချထားသည်၊ ပြန်လာဖို့ရဲရဲအာမခံသည် ဟု ပြတ်သားသော စကားဖြစ်သည်။ စစ်ဖြစ်နေသောနေရာ၊ ကိုယ့်ဖက်က အခြေမလှဖြစ်နေသော နေရာမှ ထွက်ခွာသွားပြီး ပြန်လာမည်ဆိုတော့ ဒီနေရာကို ပြန်လည်သိမ်းပိုက်မည် ဟု အဓိပ္ပာယ်သက်ရောက်သည်။

ရှေ့ပိုင်းက ဝါကျတွင် ရှုံးနေ၍ ဆုတ်ခွာသွားသည့်သဘော မသက်ရောက်အောင် ပြောကြားသည်။ နိုင်ငံအကြီးအကဲ(သမ္မတ) က အမိန့်ပေးသဖြင့် ပြန်သွားရသည်။ ထိုးစစ်တန်ပြန်ဆင်ဖို့ဟု စကားခံသဖြင့် ရှုံးသည်ကို ဝန်မခံ။ ပြန်ချမည်ဟု သူ့စကားက အဓိပ္ပာယ်ပေါက်သည်။ စစ်ရှုံးရာမှ ပြန်ပြီးအနိုင်တိုက်သော စကားအဖြစ် I Shall Return ကမ္ဘာတွင်ရစ်လေသည်။

♣♣♣♣♣

ဖိလစ်ပိုင်ပြည်သူများသို့ ရေဒီယိုမှ နူတ်ဆက်စကား

ဖိလစ်ပိုင်မှ ထွက်ခွာသွားစဉ်က ကျုပ် ပြန်လာမယ် ဟု ပြောခဲ့သော ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာသည် ၁၉၄၄ ခု အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြန်ရောက်လာသည်။ သူတပ်ဖွဲ့များက ဂျပန်ကို တဖြည်းဖြည်း အနိုင်တိုက်ပြီး ဖိလစ်ပိုင်ကျွန်းများကို သိမ်းပိုက်သည်။

လေတီကျွန်းသို့ ကမ်းတက်ရေယာဉ်နှင့် ဗိုလ်ချုပ်ကြီးအက်အာသာ ရောက်လာသည်။ ရေယာဉ်မှ ကမ်းပေါ်တက်ရန် ရေထဲဆင်းလျှောက်ရသည်။ မက်အာသာ၏ခြေထောက် ရေထဲနစ်နေသော ကမ်းတက်ခါတ်ပုံသည် ထိပ်တန်းစစ်သတင်းခါတ်ပုံဖြစ်လာသည်။ လေတီကျွန်းပေါ် ရောက်ပြီးနောက် ဖိလစ်ပိုင်ပြည်သူများခင်ဗျား ကျုပ် ပြန်လာပါပြီ ဟု မက်အာသာက အသံလွှင့် အသိပေးသည်။

Ma Arthur's Radio Message: To the people of the Philipines

MacArthur uttered these dramatic words to Filipinos just moments after he waded ashore at Red Beach, during the height of the fiercely contested Leyte invasion. With his feet finally back on Philipppine soil, and his pledge at last being fulfilled, MacArthur spoke with great emotion:

TO THE PEOPLE OF THE PHILIPPINES:

I have returned. By the grace of Almighty God our forces stand again on Philippine soil -- soil consecrated in the blood of our two peoples. We have come, dedicated and committed, to the task of destroying every vestige of enemy control over your daily lives, and of restoring, upon a foundation of indestructible, strength, the liberties of your people.

At my side is your President, Sergio Osmena, worthy successor of that great patriot, Manuel Quezon, with members of his cabinet. The seat of your government is now therefore firmly re- established on Philippine soil.

The hour of your redemption is here. Your patriots have demonstrated an unswerving and resolute devotion to the principles of freedom that challenges the best that is written on the pages of human history. I now call upon your supreme effort that the enemy may know from the temper of an aroused and outraged people within that he has a force there to contend with no less violent than is the force committed from without.

Rally to me. Let the indomitable spirit of Bataan and Corregidor lead on. As the lines of battle roll forward to bring you within the zone of operations, rise and strike. Strike at every favorable opportunity. For your homes and hearths, strike! For future generations of your sons and daughters, strike! In the name of your sacred dead, strike! Let no heart be faint. Let every arm be steeled. The guidance of divine God points the way. Follow in His Name to the Holy Grail of righteous victory!

ဘာသာပြန်

ဖိလစ်ပိုင်ပြည်သူများခင်ဗျား။

ကျုပ်ပြန်လာပါပြီ။ ဘုရားဂုဏ်ကျေးဇူးကြောင့် ကျွန်တော်တို့တပ်ဖွဲ့ဝင်များ ဖိလစ်ပိုင်မြေပေါ် ခြေပြန်ချပါပြီ။ ကျွန်တော်တို့နှစ်နိုင်ငံသားများရဲ့ သွေးနဲ့သိဒ္ဓိတင်ထားတဲ့ မြေခင်ဗျ။ ခင်ဗျားတို့နေ့စဉ်ဘဝအပေါ် ရန်သူရဲ့ စိုးမိုးမှုမှန်သမျှကို အပြတ်ရှင်းမယ်ဆိုတဲ့ ခံယူချက်နဲ့ စွဲမြဲစွာ သန္နိဋ္ဌာန်ချပြီး ကျွန်တော်တို့ရောက်လာတာပါ။ ပြီးတော့ ခင်ဗျားတို့ နိုင်ငံသားတွေရဲ့ လွတ်လပ်ခွင့်ကို မယိမ်းမယိုင် တောင့်ခိုင်သော

အုတ်မြစ်ပေါ်မှာ ထူထောင်ပေးဖို့ ဖြစ်ပါတယ်။

ကျွန်တော့်ဘေးမှာ ခင်ဗျားတို့ သမ္မတကြီး ဆာဂျီယိုအော့စမီနာ ရှိနေပါတယ်။ သူ့အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း ပါတယ်ခင်ဗျ။ သမ္မတကြီးက အလွန်ရဲစွမ်းသတ္တိရှိတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးဗျာ။ သူရဲကောင်းကြီး မင်နျူရယ်ကွိဖွန်ကို ဆက်ခံထိုက်သူ ပီသပါပေ့။ ဒါကြောင့် ခင်ဗျားတို့ အစိုးရရုံးစိုက်ရဌာနလည်း ဖိလစ်ပိုင်မြေပေါ် ပြန်ရောက်ပါပြီ။

ခင်ဗျားတို့ လွတ်မြောက်ချိန် အခုပဲ ရောက်ပါပြီ။ ခင်ဗျားတို့ထဲက မျိုးချစ်ပုဂ္ဂိုလ်တွေက မတွန့်မဆုတ်တဲ့ ဇွဲသန္နိဋ္ဌာန်နဲ့ လွတ်လပ်ရေးရဲ့ အခြေခံမူကြီးတွေအတွက် တိုက်ပွဲဝင်ပြခဲ့ပြီ။ စိန်ခေါ်သမျှကို အံတုပြလိုက်ပုံကဖြင့် လူသမိုင်းမှာ စံတင်စရာ မော်ကွန်းဖြစ်တယ်ခင်ဗျ။ ကဲ ခင်ဗျားတို့ အစွမ်းကုန်လုပ်ကြဖို့ တိုက်တွန်းတယ်ဗျာ။ တက်ကြွပြီး ဒေါထနေတဲ့ လူထုရဲ့ ပြည်တွင်းအင်အားရှိနေကြောင်း၊ သူတို့ထက်အင်အားမနည်းကြောင်း ပြည်ပရန်သူသိအောင် အကြောင်းပြလိုက်စမ်း။

ကျွန်တော်နဲ့ပူးပေါင်းကြပါ။ ချိုးနှိမ်မရတဲ့ ဘာတန်နဲ့ ကော်ရီဂီဒေါက စိတ်ဓာတ်ဆက်လက်ရှင်သန်ပါစေ။ စစ်မျက်နှာရှေ့သို့တိုးလာပြီး ခင်ဗျားတို့ပါ စစ်ဆင်ရေးဇုံထဲ ရောက်လာရင်...ထကြ၊ ချကြ။ကြုံတဲ့နေရာမှာ.....တွယ်သာတွယ်။ ကိုယ့်အိုးကိုယ့်အိမ်ကို ကာကွယ်စောင့်ရှောက်ရအောင်.....တွယ်ထည့်လိုက်။ သားသမီး အနာဂတ် မျိုးဆက်နောင်ရေးအတွက်...တွယ်ထည့်လိုက်။ အသက်စတေးသွားတဲ့ ရဲဖော်မွန်တို့အတွက် လက်စားချေရအောင်.....တွယ်ထည့်လိုက်။ ..... ဘယ်သူမှ သူရဲဘောမကြောင်စေနဲ့။ .....လက်ရုံးတိုင်း သံမဏိလိုမာပေ့စေ။ မြတ်သော ထာဝရဘုရားက လမ်းညွှန်ပြသတယ်။ ဘုရားအလိုကျ မြတ်သောလမ်းကိုလျှောက်၊ အောင်ဆုကိုယူကြ။

သုံးသပ်ချက်

ဖိလစ်ပိုင်ပြည်သူများ ဂျပန်စစ်ဖိနပ်အောက် လိမ့်နေအောင် ခံကြရသည်မှာ ၂ နှစ်ခွဲကြာလေပြီ။ ထိုအချိန်၌ ဗိုလ်ချုပ်ကြီးမက်အာသာက ဖိလစ်ပိုင်ကို ပြန်ရောက်လာသည်။ သူတပ်က ဂျပန်ကို အနိုင်ယူစပြုနေပြီ။ သို့သော် ဂျပန်အင်နှင့်အားနှင့် ရှိနေသေးသည်။

ဤအချိန်တွင် မက်အာသာက ဖိလစ်ပိုင်ပြည်သူများကို အားပေးစကားပြောသည်။ ထိုမျှမကပါ စစ်ရေးလှုံ့ဆော်သည်။ ဂျပန်ကို တော်လှန်ကြ ချကြ တွယ်ကြ ဟု ကြက်သီးထခမန်း လှုံ့ဆော်သည်။ သူ့စကားမှာ ဘာတွေကောင်းသနည်း။

(၁) အဖွင့်ဝါကျက အလွန်ကောင်းသည်။ I have returned ကျူပ်ပြန်လာပြီတဲ့။ အလွန်တိုသောဝါကျ။ သို့သော် အဓိပ္ပာယ်ကျယ်သည်။ အားမာန်ပါသည်။ အဘယ်ကြောင့်နည်း။ အခြေမလှ၍ သူထွက်ခွာခဲ့စဉ်က I shall come back ကျူပ်ပြန်လာမယ်ဟု သန္နိဋ္ဌာန်စကား ဆိုခဲ့သောကြောင့် ဖြစ်သည်။

ရှေ့စကားနှင့်ဆက်သော် ယခုပြောစကားသည် အလွန်တာသွားသည်။ ပြန်လာပြီ ဆိုသည်မှာ အလည်သွားရာက ပြန်လာသည်မဟုတ် စစ်တပ်ကြီးနှင့် ရန်သူကို တိုက်ခိုက်ပြီး ပြန်လာခြင်းဖြစ်သည်။ ကျူပ်တို့ စစ်နိုင်နေပြီဟု ဆိုလိုရာရောက်၏။

(၂) ထို့နောက် ခရစ်ယာန်ဘာသာဝင် ပီသစွာဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ရှေ့တန်းတင်သည်။ မက်အာသာသည် ဘုရားတရားကြည်ညိုသူဖြစ်၏။ သူ့စကားနားဆင်သူ ဖိလစ်ပိုင်ပြည်သူ အများစုလည်း ခရစ်ယာန်များဖြစ်၏။

(၃) တစ်ဆက်တည်းပင် ဖိလစ်ပိုင်ပြည်သူများ လွတ်မြောက်ရေးအတွက် သူတို့ရောက်လာကြောင်း၊ သူနှင့်အတူ ဖိလစ်ပိုင်သမ္မတရော အစိုးရပါ ပြန်ရောက်လာကြောင်း ကြေငြာလိုက်သည်။

(၄) ပြီးတော့ ဖိလစ်ပိုင်ပြည်သူများ၏ ဇွဲသတ္တိကို အမှတ်းတင်သည်။ outraged people within နှင့် the force committed from outside ကို ယှဉ်ပြီး ပြည်သူများ၏ ပြည်တွင်းအင်အားက ပြည်ပရန်သူထက် သာကြောင်း ပြကြပါဟု တိုက်တွန်းသည်။

(၅) အကောင်းဆုံး နိဂုံးအပိုဒ်ဖြစ်သည်။ rise and strike ထကြ၊ ချကြ ဟု တပ်လှန့်သည်။ rise and strike က ကာရန်ပါသော စကားနှစ်လုံး။ သို့သော် ရပ်သုံးရွာသုံး ရိုးရိုးလွယ်လွယ် စကားလုံးဖြစ်၏။ ကိုယ့်နယ်ထဲ စစ်ရောက်လာလျှင် ရန်သူကို ထကြွတော်လှန်ရန် တိုက်တွန်းစကားဖြစ်သည်။ ဆက်ပြီး strike at every favourable opportunity ကြုံသလိုချထည့်လိုက်၊ တွယ်ထည့်လိုက်။ ဝါကျတိုတိုကလေး အလွန်ပြတ်သားသည်။ ရဲရင့်သည်။ ဆက်ပြီး strike, strike ချထည့်စမ်း၊ တွယ်ထည့်စမ်း ထပ်တလဲလဲပြောသည်။

ပြောသမျှ ဝါကျတွေက တိုသည်။ ခက်ခက်ခဲခဲ စကားလုံး တစ်လုံးမျှမပါ။

နိဂုံးအပိုဒ်တွင် ဝါကျ ၁၁ ခုပါသည်။ အားလုံး ဝါကျတိုတိုတွေ၊ အသံတို စကားလုံးတွေများသည်။ Rally to me ကျွန်တော်နှင့် ပေါင်းကြပါ။ စကားလုံး သုံးလုံး ဝါကျတစ်ခုဖြစ်သည်။ ထိုဝါကျသည် စည်းရုံးသံ၊ ဖိတ်ခေါ်သံဖြစ်၏။ နောက်ဝါကျငါးခုမှာ strike ကို ငါးကြိမ်သုံးသည်။ လေးနက်စေလိုသောကြောင့် strike ကို ငါးကြိမ်သုံးသည်။ ထပ်ခါထပ်ခါ သုံးသည်။ သို့သော် strike ပါသော ဝါကျတွေက မထပ်၊ မရှည်၊ မဝေ့။

စကားကို ဝါကျတိုလေးခုနှင့် ပိတ်လိုက်သည်။ Let no heart be faint. သူရဲဘောကြောင်သူ မရှိစေနဲ့။ Let every arm be steeled. လက်ရုံးတိုင်း သံမဏိလိုမာပေ့စေ (သို့မဟုတ် သံမဏိလို မာအောင် ဆေးသားတင်ကြ)။ နောက်ဆုံး ဝါကျနှစ်ခုက ဘုရားနှင့်ဆိုင်သည်။ ဘုရားက လမ်းပြသည်။ ဘုရားပြသောလမ်းကို လိုက်ပြီး အောင်ပွဲခံကြတဲ့။ စစ်ဖြစ်လျှင် လူတိုင်း ဘုရားအားထားသည်မဟုတ်ပါလား။ ခရစ်ယာန်နိုင်ငံတွင် ခရစ်ယာန်ပီသသော နိဂုံးစကားဖြစ်ပါပေသည်။

(၆) မက်အာသာ၏ ဤမိန့်ခွန်းသည် စကားလုံး ၂၅၀-၂၆၀ ခန့်သာရှိသည်။ ပြောချိန် ၃ မိနစ်ခန့်သာကြာမည်။ သို့သော် အနည်းဆုံး I have returned နှင့် Strike, Strike, Strike ...သည် ပြောစမှတ် ကျန်ရစ်၏။

♣♣♣♣♣

မက်အာသာ။ "စစ်သည်အို သေရိုးမရှိ၊ မှိန်ကွယ် ကွယ်ကြသည်။"

၁၉၅၁ ခု ဇူလိုင် ၁၉ ရက်နေ့တွင် အမေရိကန် ကွန်ဂရက်(လွှတ်တော်) စုံညီအစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးမက်အာသာ နှုတ်ဆက်စကားပြောသည်။ သူအလုပ်ပြုတ်ပြီး ပြန်လာစဉ်က ပြည်သူလူထု၏ တခဲနက်ကြိုဆိုမှုခံရသည်။ ယခု ကွန်ဂရက်က သူ့ကို ဂုဏ်ပြုပြန်သည်။

မက်အာသာ၏ မိန့်ခွန်းတွင် နိုင်ငံရေး၊ စစ်ရေး သူဖက်ကအမြင်ကို ပြောသည်က များ၏။ အထူးသဖြင့် ကွန်မြူနစ်အန္တရာယ်ကို ရင်ဆိုင်ရာ၌ စွဲကိုင်သင့်သော နိုင်ငံရေးနှင့် စစ်ရေးမဟာဗျူဟာအကြောင်းဖြစ်သည်။ အရှေ့အာရှ၊ ပစိဖိတ်ဒေသတွင် ကွန်မြူနစ်တို့၏ ထိုးဖောက်မှု၊ ထိုထိုးဖောက်မှုနှင့် ဥရောပ၏ တည်ငြိမ်ရေးဆက်နွယ်ပုံကို ဆွေးနွေးသည်။ ကိုရီးယား စစ်အနိုင်တိုက်ရန် မဟာဗျူဟာ နည်းဗျူဟာ သူ့အမြင်ကို ပြောသည်။

သို့သော် နိဂုံးပိုင်းတွင် သူရွတ်ဆိုလိုက်သော "old soldiers never die..." သည် လူအများ နှုတ်ဖျားဌ တွင်ကျန်ရစ်သည်။ ထိုမိန့်ခွန်းမှ ကောက်နုတ်ချက်နှစ်ခုကို ဖော်ပြလိုက်ပါသည်။

" There are those who claim our strength is inadequate to protect on both fronts, that we cannot divide our effort. I can think of no greater expression of defeatism. If a potential enemy can divide his strength on two fronts, it is for us to counter his effort. The Communist threat is a global one. Its successful advance in one sector threatens the destruction of every other sector. You can not appease or otherwise surrender to communism in Asia without simultaneously undermining our efforts to halt its advance in Europe."

ဘာသာပြန်

စစ်မျက်နှာ နှစ်ဖက်မှာ ကာကွယ်ခုခံဖို့ ကျုပ်တို့မှာ အင်အားမရှိဘူးလို့ ပြောသူတွေက ရှိသေးသဗျ။ ရှိတဲ့အင်အားကို မျှပြီးအသုံးပြုဖို့ မဖြစ်နိုင်ဘူးပေါ့။ ဒီထက်ကြောက်ဒူးတုန် အရှုံးပေးမည့်သူဆိုလို့ ကျုပ်တော့ စဉ်းစားမရပါဘူးဗျာ။

ရန်သူဖြစ်လာနိုင်သူက သူ့အင်အားကို စစ်မျက်နှာနှစ်ဖက် ဖြန့်နိုင်ရင် ကျုပ်တို့ကလည်း သူ့ကို တန်ပြန်ရမှာပဲခင်ဗျ။ ကွန်မြူနစ်အန္တရာယ်က တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်နေတာ။ တစ်နေရာမှာ သူရှေ့တိုးတာ အောင်မြင်သွားရင် တခြားနေရာတွေပါ ထိခိုက်ပျက်စီးဖို့ အန္တရာယ်ဖြစ်လာမယ်။ အာရှမှာ ကွန်မြူနစ်ကို အချိုသပ်ပြီး သို့မဟုတ် လက်မြှောက်အရှုံးပေးပြီး ဥရောပမှာ သူ့ကို ဟန့်တားရတာ အလွန်ကသိကအောက် မဖြစ်ပဲ မနေပေဘူး။

ဤမိန့်ခွန်း ပြောချိန်တွင် မက်အာသာ၏ အသက်(၇၀) ကျော်နေပြီ။ သူကိုယ်သူ စစ်သားအိုကြီး ဟု ပြောပြီ နိဂုံးချုပ်ရင်း နှုတ်ဆက်စကားဆိုလေသည်။

" I am closing my 52 years of military service..., but I still remember the refrain of one of the most popular barrack ballads...'Old soldiers never die; they just fade away.' .... And like the old soldier of the ballads, I now close my military service and just fade away."

ဘာသာပြန်

ကျွန်တော့်စစ်မှုထမ်းသက် ၅၂ နှစ်ကို အဆုံးသတ်ပါတော့မယ်။ .... ဒါပေမဲ့ စစ်တန်းလျားမှာ တကြော်ကြော် ကြားခဲ့ရတဲ့ တေးအကျော့ကလေးကိုတော့ ခုထိ သတိရဆဲပါ။ စစ်သည်အို သေရိုးမရှိ၊ မှိန်ကွယ်ကွယ်ကြသည်။ အဲဒီ တေးထဲက စစ်သားအိုကြီးအတိုင်းပါပဲ၊ ကျွန်တော့် စစ်မှုထမ်းသက် အဆုံးသတ်လိုက်ပါပြီ။ တဖြည်းဖြည်း မှိန်ရာမှ ကွယ်ပါတော့မယ်။

အထူးဝေဖန်သုံးသပ်ရန် မလိုတော့ဟု ထင်ပါသည်။

♣♣♣♣♣

အခန်း(၁၀)

သမ္မတရုစဗဲ့၏ လွပ်လပ်ရေးလေးခု မိန့်ခွန်း

President Roosevelt's "Four Freedoms" Speech

သမ္မတရုစဗဲ့

ဖရင်ကလင် ဒီလင်နိုရုစဗဲ့သည် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်ဒီမိုကရေစီ အင်အားစုများဖက်မှ ထိပ်တန်းကမ္ဘာ့ခေါင်းဆောင်ကြီးဖြစ်သည်။ အမေရိကန်သမ္မတအဖြစ် လေးနှစ်သက်တမ်း လေးကြိမ်ရွေးကောက်ခံရသည်။ သူ သမ္မတအဖြစ် ပထမရွေးကောက်ခံရချိန်တွင် ကမ္ဘာ့စီးပွားရေး ကပ်ဆိုက်နေသည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေး အလွန်ဖရိဖရဲဖြစ်ပြီး လူတွေသန်းနဲ့ချီ အလုပ်လက်မဲ့ ဖြစ်ကုန်သည်။ အလုပ်ရုံများပိတ်ရသည်။ သူဌေးများ မွဲကုန်သည်။ ဤအခြေအနေမှ လွတ်မြောက်ရန် သမ္မတရုစဗဲ့၏ အစိုးရက အပေးအယူသစ်(New Deal) ဟု အမည်တွင်သော အစိုးရလမ်းစဉ်ချမှတ်ပြီး ဖြေရှင်းပေးသည်။

ဂျပန်က ပါးဟာဘာ ရေတပ်စခန်းကို အလစ်ဝင်တိုက်ချိန်မှစပြီး အမေရိကန်က ဂျပန်နှင့်လည်းကောင်း ဂျာမဏီ၊ အီတလီ နာဇီဖက်ဆစ်နိုင်ငံများနှင့်လည်းကောင်း စစ်ကြေငြာပြီး ဒုတိယကမ္ဘာစစ်ထဲ ပါဝင်လိုက်သည်။ ဗြိတိန်မှ ချာချီ၊ ရုရှားမှ စတာလင်တို့နှင့် ရုစဗဲ့က လက်တွဲပြီး ဒုတိယကမ္ဘာစစ်တွင် ထိပ်တန်းခေါင်းဆောင်ဖြစ်သည်။ မြန်မာပြည်တွင် ဂျပန်ဖက်ဆစ်တပ်များ ဝင်ရောက်လာချိန် ၁၉၄၂ ခုတွင် ရုစဗဲ့က ဝိုလ်ချုပ်စတီးဝဲဉီးဆောင်သော အမေရိကန်တပ်များ မြန်မာပြည်သို့ စေလွှတ်ခဲ့သည်။

အတ္ထုပ္ပတ္တိ

ဖရင်ကလင် ဒီလင်နိုရုစဗဲ့ကို ၁၈၈၂ ခုနှစ်တွင် နယူးယောက်ပြည်နယ် ဟိုက်ပတ်၌ မွေးဖွားသည်။ မိဘများသည် ချမ်းသာကြွယ်ဝသော လူကုံထံများဖြစ်၏။ ငယ်စဉ်က အိမ်တွင် သီးသန့်ဆရာနှင့် ပညာသင်ရသည်။ နောက် ပုဂ္ဂလိကကျောင်းဆက်နေပြီး ၁၉၀၃ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရသည်။ ဆက်လက်ပြီး ကိုလံဗီယာတက္ကသိုလ်တွင် ဥပဒေပညာသင်သည်။ ၁၉၀၇ ခုနှစ်တွင် ဥပဒေဘွဲ့ရသည်။ အသက် ၂၃ နှစ်အရွယ်တွင် ဆွေးမျိုးနီးစပ်ထဲမှ အင်နာအဲလီနာရုစဗဲ့နှင့် လက်ထပ်သည်။ သားသမီး ၆ယောက် ထွန်းကား၏။

နိုင်ငံရေးဘဝ

ရုစဗဲ့သည် ဒီမိုကရက်တစ်ပါတီဝင်ဖြစ်၏။ နယူးယောက်ပြည်နယ် ဆီးနိတ်တွင် ပြည်နယ်အမတ်အဖြစ် စတင်ထမ်းဆောင်သည်။ ထို့နောက် ၁၉၁၃-၂၀ တွင် ရေတပ် ဒုတိယဝန်ကြီးဖြစ်၏။ ၁၉၂၀ တွင် သမ္မတလောင်း ဂျိမ်းကောက်၏မိတ်ဖက် ဒုတိယသမ္မတလောင်းအဖြစ် ရွေးကောက်ပွဲဝင်သည်။ ပါတီက သူတို့ကို မရွေးသဖြင့် ပဏာမအဆင့်၌ပင် ရှုံး၏။

၁၉၂၁ ခုနှစ်တွင် ရုစဗဲ့သည် ပိုလီယိုရောဂါ ခံစားရပြီး ခြေနှင့်လက် ကြွက်သားသေသွားသည်။ သို့သော် ဘီးတပ်ထိုင်ခုံမှာ ထိုင်ပြီး နိုင်ငံရေးဆက်လုပ်၏။ ၁၉၂၈ ခုနှစ်တွင် ရုစဗဲ့ နယူးယောက်ပြည်နယ် အကြီးအကဲ (ဂါဗနာ)အဖြစ် အရွေးခံရသည်။

၁၉၂၃ ခုနှစ်တွင် အစိုးရနှင့်ပြည်သူ အပေးအယူသစ်(New Deal) လုပ်မည် ကြွေးကြော်ပြီး သမ္မတအဖြစ် အရွေးခံသည်။ လက်ရှိသမ္မတ ဟားဘတ်ဟူးဗားနှင့်ပြိုင်အရွေးခံရာ ရုစဗဲ့ နိုင်၏။

ရုစဗဲ့၏ သမ္မတအဖြစ် ပထမစွမ်းဆောင်ချက်သည် ပြိုပျက်နေသော နိုင်ငံစီးပွားရေးနှင့်အတူ ကမ္ဘာ့စီးပွားရေး နာလန်ထူအောင် ရှေ့တန်းမှဦးဆောင်မှုပေးခြင်းဖြစ်၏။ ပြည်တွင်းတွင် အလုပ်လက်မဲ့များကို အစိုးရက စီမံကိန်းလုပ်ငန်းများ ချမှတ်ပြီးအလုပ်ပေးသည်။ လယ်ယာမြေ ပေါ်လစီသစ်ချပြီး စိုက်ပျိုးရေးကို အားပေးသည်။ စိုက်ပျိုးရေးဖြစ်ထွန်းပြီး လူတွေလည်း အလုပ်ရသဖြင့် ဝယ်နိုင်ခြမ်းနိုင်လာသည်။ ထို့ကြောင့် စက်ရုံများ ကုန်စည်ပြန်၍ ထုတ်လုပ်နိုင်သည်။

၁၉၃၆ ခုနှစ်တွင် သမ္မတအဖြစ် ပြန်လည်အရွေးခံရ၏။ ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ ရုစဗဲ့နှင့်ချာချီပူးတွဲပြီး အတ္တလန်တိတ်ကြေငြာစာတမ်း(Atlantic Charter) ကို ထုတ်ပြန်သည်။ အဖိနှိပ်ခံကိုလိုနီနိုင်ငံများ လွတ်လပ်ရေးအတွက် အားထားစရာမူဝါဒ ကြေငြာချက်ကြီးဖြစ်သည်။ ၁၉၄၀ ပြည့်တွင် ရုစဗဲ့ တတိယအကြိမ် သမ္မတအဖြစ် ထပ်မံအရွေးခံရသည်။ ၁၉၄၄ ခုတွင် မကြုံစဖူး စတုတ္ထအကြိမ် သမ္မတအရွေးခံရ၏။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ စစ်ခေါင်းဆောင်အဖြစ် ဒုတိယကမ္ဘာစစ်အောင်နိုင်ရေး ဦးဆောင်သည်။ အဲလဗတ်အိုင်းစတိုင်း ဦးဆောင်သော သိပ္ပံပညာရှင်များက အနုမြူဗုံးတီထွင်ရန် ဖြစ်နိုင်ချရှိကြောင်း ရုစဗဲ့ထံ တင်ပြသည်။ ရုစဗဲ့က အနုမြူဗုံးပြုလုပ်ရန် ငွေကြေးအမြောက်အမြား အကုန်ခံပြီး မန်ဟတ်တန် စီမံကိန်း(Manhattan Project) ခေါ် အနုမြူဗုံး စီမံကိန်းကြီးလုပ်ဆောင်စေဟု အမိန့်ချ၏။ သုံးနှစ်အတွင်း ထိုစီမံကိန်း အောင်မြင်၏။

သို့သော် ဒုတိယကမ္ဘာစစ်မပြီးမီ ၁၉၄၅ ဧပြီလ ၁၂ ရက်နေ့တွင် ရုတ်တရက် ရုတ်တရက်ကွယ်လွန်၏။ သူကွယ်လွန်ချိန်၌ ဒုတိယကမ္ဘာစစ် ပြီးဆုံးလုနီးနေပြီ။ ဂျာမဏီက လက်နက်ချပြီးဖြစ်၏။ ဂျပန်သာ လက်နက်မချပဲ ကျန်နေသည်။

စကားပြောကောင်းသူ ရုစဗဲ့

သမ္မတရုစဗဲ့သည် စကားပြော၊ အပြောအဟောကောင်းသူအဖြစ် နာမည်ရ၏။ ဤစာအုပ်တွင် ရုစဗဲ့၏ မိန့်ခွန်းနှစ်ခုကို ဖော်ပြထားပါသည်။ လွတ်လပ်ခြင်းလေးရပ် အမည်တွင်သော မိန့်ခွန်းကို ၁၉၄၁ ခုတွင်ပြောသည်။ ကျုပ်တို့ကြောက်စရာဆိုလို့ ကြောက်စိတ်ပဲရှိတယ် အမည်တွင်သော မိန့်ခွန်းကို ၁၉၃၃ ခုတွင် ပြောသည်။ နောက် မိန့်ခွန်းကို ရှေ့ကဖော်ပြသည့် အကြောင်း ရှိပါသည်။ ထိုမိန့်ခွန်းက ကမ္ဘာအတွက် ပိုပြီးအရေးကြီးသောကြောင့် ကမ္ဘာ့လူထုကို စိတ်အားတက်စေသောကြောင့် ဖြစ်ပါသည်။

လွတ်လပ်ခြင်းလေးရပ် မိန့်ခွန်း

၁၉၄၁ ခု ဇန်နဝါရီ ၆ ရက်နေ့တွင် သမ္မတရုစဗဲ့က အမေရိကန်ကွန်ဂရက် လွှတ်တော်ကို အစီရင်ခံ ပြောကြားသော မိန့်ခွန်းဖြစ်ပါသည်။ ဤမိန့်ခွန်းပြောချိန်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေသည်မှာ တစ်နှစ်ကျော်ကြာနေပြီ။ အမေရိကန်စစ်ထဲ မပါဝင်သေး။ သို့သော် အင်္ဂလိပ်နှင့် ပြင်သစ်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများဖက်မှ ရပ်တည်ပေးလျက်ရှိသည်။ ကိုယ်တိုင် စစ်မတိုက်သေးသော်လည်း အင်္ဂလိပ်၊ ပြင်သစ်ကို စစ်လက်နက်ပစ္စည်းထောက်ပံ့ပေးနေသည်။ နိုင်ငံရေးအရလည်း အားပေးနေသည်။

အရှေ့ဖက် ပစိဖိတ်စစ်မျက်နှာတွင် ဂျပန်က စစ်ထဲမပါသေးသော်လည်း တရုတ်ပြည်ကို ကျူးကျော်နေသည်မှာ လေးနှစ်ကျော်ပြီ။ အမေရိကန်က တရုတ်ကို အားပေးကူညီသည်။ ဂျပန်က အမေရိကန်ကို ရန်စောင်နေသည်။

ဥရောပတိုက်ကို နာဇီဂျာမဏီနှင့် ဖက်ဆစ်အီတလီတို့က သိမ်းပိုက်ထားသည်။ ဥရောပနိုင်ငံ အားလုံးနီးပါး ဖက်ဆစ်-နာဇီအာဏာရှင် စနစ်အောက် ကျရောက်နေသည်။ ပြိတိန်တစ်နိုင်ငံသာ အာခံတိုက်ပွဲဝင်ဆဲဖြစ်၍ အမေရိကန်က အားပေးနေရသည်။

ဤသို့သော အခြေအနေတွင် ယခုဖော်ပြသော လွတ်လပ်ခြင်းလေးရပ် မိန့်ခွန်းကို သမ္မတဖရင်ကလင်ဒီလင်နိုရုစဗဲ့က ပြောကြားလိုက်ခြင်းဖြစ်၏။ ရုစဗဲ့၏ စကားကြောင့် လောလောလတ်လတ် နာဇီဖက်ဆစ်အာဏာရှင် သိမ်းပိုက်ခံရသော နိုင်ငံများသာမက နှစ်ပေါင်းကြာမြင့်စွာ လွတ်လပ်ရေးဆုံးရှုံးနေသော အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် အာဖရိကမှ ကိုလိုနီနိုင်ငံများတွင် ပြည်သူများအားတက်လာသည်။ ရုစဗဲ့က နိုင်ငံအားလုံး၏ လွတ်လပ်ရေးအတွက် ရပ်တည်ကြောင်း ကတိသစ္စာဆိုသောကြောင့် ဖြစ်၏။ အထူးသဖြင့် ဥရောပတိုက်သားတို့ မျက်နှာငယ်နေပြီး အမေရိကန်၏အားပေးကူညီမှုကို မျှော်ကိုးနေရချိန်ဖြစ်သောကြောင့် ရုစဗဲ့၏စကားက သူတို့ကို အားတက်စေသည်။

F.D. Roosevelt's "Four Freedoms" Speech,

January 6, 1941

To The Congress Of The United States:

I address you, the Members of the Seventy-seventh Congress, at a moment unprecedented in the history of the Union. I use the word "unprecedented," because at no previous time has American security been as seriously threatened from without as it is today..... It is true that prior to 1914 the United States often had been disturbed by events in other Continents. We had even engaged in two wars with European nations and in a number of undeclared wars in the West Indies, in the Mediterranean and in the Pacific for the maintenance of American rights and for the principles of peaceful commerce. But in no case had a serious threat been raised against our national safety or our continued independence.

What I seek to convey is the historic truth that the United States as a nation has at all times maintained clear, definite opposition, to any attempt to lock us in behind an ancient Chinese wall while the procession of civilization went past. Today, thinking of our children and of their children, we oppose enforced isolation for ourselves or for any other part of the Americas.

Even when the World War broke out in 1914, it seemed to contain only small threat of danger to our own American future. But, as time went on, the American people began to visualize what the downfall of democratic nations might mean to our own democracy. We need not overemphasize imperfections in the Peace of Versailles. We need not harp on failure of the democracies to deal with problems of world reconstruction. We should remember that the Peace of 1919 was far less unjust than the kind of "pacification" which began even before Munich, and which is being carried on under the new order of tyranny that seeks to spread over every continent today. The American people have unalterably set their faces against that tyranny.

Every realist knows that the democratic way of life is at this moment being' directly assailed in every part of the world--assailed either by arms, or by secret spreading of poisonous propaganda by those who seek to destroy unity and promote discord in nations that are still at peace. During sixteen long months this assault has blotted out the whole pattern of democratic life in an appalling number of independent nations, great and small. The assailants are still on the march, threatening other nations, great and small.

Therefore, as your President, performing my constitutional duty to "give to the Congress information of the state of the Union," I find it, unhappily, necessary to report that the future and the safety of our country and of our democracy are overwhelmingly involved in events far beyond our borders. Armed defense of democratic existence is now being gallantly waged in four continents. If that defense fails, all the population and all the resources of Europe, Asia, Africa and Australasia will be dominated by the conquerors. Let us remember that the total of those populations and their resources in those four continents greatly exceeds the sum total of the population and the resources of the whole of the Western Hemisphere-many times over.

In times like these it is immature--and incidentally, untrue--for anybody to brag that an unprepared America, single-handed, and with one hand tied behind its back, can hold off the whole world. No realistic American can expect from a dictator's peace international generosity, or return of true independence, or world disarmament, or freedom of expression, or freedom of religion -or even good business. Such a peace would bring no security for us or for our neighbors.

"Those, who would give up essential liberty to purchase a little temporary safety, deserve neither liberty nor safety."

As a nation, we may take pride in the fact that we are softhearted; but we cannot afford to be soft-headed. We must always be wary of those who with sounding brass and a tinkling cymbal preach the "ism" of appeasement.

We must especially beware of that small group of selfish men who would clip the wings of the American eagle in order to feather their own nests.

I have recently pointed out how quickly the tempo of modern warfare could bring into our very midst the physical attack which we must eventually expect if the dictator nations win this war.

There is much loose talk of our immunity from immediate and direct invasion from across the seas. Obviously, as long as the British Navy retains its power, no such danger exists. Even if there were no British Navy, it is not probable that any enemy would be stupid enough to attack us by landing troops in the United States from across thousands of miles of ocean, until it had acquired strategic bases from which to operate.

But we learn much from the lessons of the past years in Europe-particularly the lesson of Norway, whose essential seaports were captured by treachery and surprise built up over a series of years.

The first phase of the invasion of this Hemisphere would not be the landing of regular troops. The necessary strategic points would be occupied by secret agents and their dupes- and great numbers of them are already here, and in Latin America. As long as the aggressor nations maintain the offensive, they-not we--will choose the time and the place and the method of their attack.

That is why the future of all the American Republics is today in serious danger. That is why this Annual Message to the Congress is unique in our history. That is why every member of the Executive Branch of the Government and every member of the Congress faces great responsibility and great accountability.

The need of the moment is that our actions and our policy should be devoted primarily-almost exclusively--to meeting this foreign peril. For all our domestic problems are now a part of the great emergency. Just as our national policy in internal affairs has been based upon a decent respect for the rights and the dignity of all our fellow men within our gates, so our national policy in foreign affairs has been based on a decent respect for the rights and dignity of all nations, large and small.

And the justice of morality must and will win in the end.

Our national policy is this:

First, by an impressive expression of the public will and without regard to partisanship, we are committed to all-inclusive national defense.

Second, by an impressive expression of the public will and without regard to partisanship, we are committed to full support of all those resolute peoples, everywhere, who are resisting aggression and are thereby keeping war away from our Hemisphere. By this support, we express our determination that the democratic cause shall prevail; and we strengthen the defense and the security of our own nation.

Third, by an impressive expression of the public will and without regard to partisanship, we are committed to the proposition that principles of morality and considerations for our own security will never permit us to acquiesce in a peace dictated by aggressors and sponsored by appeasers.

We know that enduring peace cannot be bought at the cost of other people's freedom.

In the recent national election there was no substantial difference between the two great parties in respect to that national policy. No issue was fought out on this line before the American electorate. Today it is abundantly evident that American citizens everywhere are demanding and supporting speedy and complete action in recognition of obvious danger.

Therefore, the immediate need is a swift and driving increase in our armament production. ..... Our most useful and immediate role is to act as an arsenal for them as well as for ourselves. They do not need man power, but they do need billions of dollars worth of the weapons of defense.

....Let us say to the democracies: "We Americans are vitally concerned in your defense of freedom. We are putting forth our energies, our resources and our organizing powers to give you the strength to regain and maintain a free world. We shall send you, in ever-increasing numbers, ships, planes, tanks, guns. This is our purpose and our pledge."

In fulfillment of this purpose we will not be intimidated by the threats of dictators that they will regard as a breach of international law or as an act of war our aid to the democracies which dare to resist their aggression.

Such aid is not an act of war, even if a dictator should unilaterally proclaim it so to be.

When the dictators, if the dictators, are ready to make war upon us, they will not wait for an act of war on our part. They did not wait for Norway or Belgium or the Netherlands to commit an act of war.

Their only interest is in a new one-way international law, which lacks mutuality in its observance, and, therefore, becomes an instrument of oppression.

The happiness of future generations of Americans may well depend upon how effective and how immediate we can make our aid felt. No one can tell the exact character of the emergency situations that we may be called upon to meet.

The Nation's hands must not be tied when the Nation's life is in danger.

We must all prepare to make the sacrifices that the emergency-almost as serious as war itself--demands. Whatever stands in the way of speed and efficiency in defense preparations must give way to the national need.

A free nation has the right to expect full cooperation from all groups. A free nation has the right to look to the leaders of business, of labor, and of agriculture to take the lead in stimulating effort, not among other groups but within their own groups.

The best way of dealing with the few slackers or trouble makers in our midst is, first, to shame them by patriotic example, and, if that fails, to use the sovereignty of Government to save Government.

As men do not live by bread alone, they do not fight by armaments alone.

Those who man our defenses, and those behind them who build our defenses, must have the stamina and the courage which come from unshakable belief in the manner of life which they are defending. The mighty action that we are

calling for cannot be based on a disregard of all things worth fighting for. The Nation takes great satisfaction and much strength from the things which have been done to make its people conscious of their individual stake in the preservation of democratic life in America. Those things have toughened the fibre of our people, have renewed their faith and strengthened their devotion to the institutions we make ready to protect.

Certainly this is no time for any of us to stop thinking about the social and economic problems which are the root cause of the social revolution which is today a supreme factor in the world. There is nothing mysterious about the foundations of a healthy and strong democracy.

The basic things expected by our people of their political and economic systems are simple. They are:

Equality of opportunity for youth and for others.

Jobs for those who can work.

Security for those who need it.

The ending of special privilege for the few.

The preservation of civil liberties for all. The enjoyment of the fruits of scientific progress in a wider and constantly rising standard of living.

These are the simple, basic things that must never be lost sight of in the turmoil and unbelievable complexity of our modern world. The inner and abiding strength of our economic and political systems is dependent upon the degree to which they fulfill these expectations. Many subjects connected with our social economy call for immediate improvement.

As examples: We should bring more citizens under the coverage of old-age pensions and unemployment insurance. We should widen the opportunities for adequate medical care. We should plan a better system by which persons deserving or needing gainful employment may obtain it.

I have called for personal sacrifice. I am assured of the willingness of almost all Americans to respond to that call.

In the future days, which we seek to make secure, we look forward to a world founded upon four essential human freedoms.

The first is freedom of speech and expression--everywhere in the world.

The second is freedom of every person to worship God in his own way--everywhere in the world.

The third is freedom from want--which, translated into world terms, means economic understandings which will secure to every nation a healthy peacetime life for its inhabitants-everywhere in the world.

The fourth is freedom from fear--which, translated into world terms, means a world-wide reduction of armaments to such a point and in such a thorough fashion that no nation will be in a position to commit an act of physical aggression against any neighbor--anywhere in the world.

That is no vision of a distant millennium. It is a definite basis for a kind of world attainable in our own time and generation. That kind of world is the very antithesis of the so-called new order of tyranny which the dictators seek to create

with the crash of a bomb.

To that new order we oppose the greater conception--the moral order.

A good society is able to face schemes of world domination and foreign revolutions alike without fear. Since the beginning of our American history, we have been engaged in change -- in a perpetual peaceful revolution -- a revolution which goes on steadily, quietly adjusting itself to changing conditions--without the concentration camp or the quicklime in the ditch. The world order which we seek is the cooperation of free countries, working together in a friendly, civilized society. This nation has placed its destiny in the hands and heads and hearts of its millions of free men and women; and its faith in freedom under the guidance of God. Freedom means the supremacy of human rights everywhere. Our support goes to those who struggle to gain those rights or keep them. Our strength is our unity of purpose. To that high concept there can be no end save victory.

♣♣♣♣♣

ဘာသာပြန်

အက်(ဖ) ဒီ ရုစဗဲ့၏ "လွတ်လပ်ခြင်းလေးရပ်" မိန့်ခွန်း။

၁၉၄၁ ခု ဇန်နဝါရီလ ၆ ရက်

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်သို့

ခုနစ်ဆယ့်ခုနစ်ကြိမ်မြောက် ကွန်ဂရက်အမတ်မင်းများခင်ဗျား၊ ပြည်ထောင်စုကြီး မကြုံစဖူး ကြုံတွေ့နေရတဲ့ အခြေအနေမှာ ကျွန်တော်အစီရင်ခံ တင်ပြပါတယ်။ မကြုံစဖူးဆိုတဲ့စကား ကျွန်တော်သုံးပါတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးမှာ ဒီနေ့ဒီအချိန်လောက် ဘယ်တုန်းကမှ ပြင်ပရန် မကြုံခဲ့ဖူးလို့ ဖြစ်ပါတယ်။ မှန်ပါတယ်။ ၁၉၁၄ ခု(ပထမကမ္ဘာစစ်စတင်) မတိုင်မီကလည်း အမေရိကန်ပြည်ထောင်စုဟာ တခြားတိုက်များပေါ်မှာ ဖြစ်တဲ့ အဖြစ်အပျက်တွေကြောင့် ကသိကအောင့်ဖြစ်ခဲ့ရဖူးပါတယ်။ ဥရောပနိုင်ငံ နှစ်နိုင်ငံနဲ့တောင် ကျွန်တော်တို့ စစ်မက်ဖြစ်ခဲ့ရပါတယ်။ ဒီပြင်လည်း အမေရိကန်ရဲ့ အခွင့်အရေးကို ကာကွယ်ဖို့နဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့် မူဝါဒအတွက် အနောက်အိန္ဒိယကျွန်းစုမှာ မက်ဒီတာရေနီယံနဲ့ ပစိဖိတ်ဒေသမှာ မကြေငြာပဲ စစ်တွေတိုက်ခဲ့ရပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ နိုင်ငံရဲ့လုံခြုံရေးနဲ့ လွတ်လပ်မှုကို အပြင်းအထန် ခြိမ်းခြောက်တာဆိုလို့ တစ်ခုမှ မရှိခဲ့ပါဘူး။

ယဉ်ကျေးမှု အစဉ်ကြီး ဆက်လက်ဖြစ်ပေါ်နေဆဲမှာ အမေရိကန်ပြည်ထောင်စုကို ရှေးတရုတ်တံတိုင်းကြီး နောက်ကွယ်ပျိုပြီး ပိတ်လှောင်ထားဖို့ အားထုတ်မှုမှန်သမျှကို ကျွန်တော်တို့အမြဲဆန့်ကျင်ခဲ့ပါတယ်။ ဒါဟာ တကယ့်သမိုင်းဖြစ်ရပ်ဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ အခုတော့ ကျွန်တော်တို့သားသမီးတွေ၊ သူတို့သားသမီးတွေရဲ့ နောင်ရေးကို တွေးပြီး ကျွန်တော်တို့ကို အထီးကျန်ဖြစ်အောင် ဖွတ်လုပ်တာကို ကျွန်တော်တို့ဆန့်ကျင်တယ်။ အမေရိကတိုက် နှစ်တိုက်ရဲ့ ဘယ်ဒေသကိုမဆို ဒီလိုအထီးကျန်အောင် ပိတ်ဆို့ရင် ဆန့်ကျင်မယ်။

၁၉၁၄ ခု ကမ္ဘာစစ်ကြီး ဖြစ်တုန်းကတောင် ကျွန်တော်တို့ အမေရိကန်နိုင်ငံအတွက် အန္တရာယ်နည်းနည်းပဲရှိခဲ့တယ်လို့ ယူဆရပါတယ်။ သို့သော်လည်း အချိန်ကြာလာတော့ ဒီမိုကရေစီနိုင်ငံတွေ ကျဆုံးသွားရင် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီ ဘာဖြစ်သွားလေမလဲဆိုတာ အမေရိကန်တွေက တွေးမိမြင်မိလာပြီ။ ဗာဆိုင်းငြိမ်းချမ်းရေး(Versailles Treaty) ရဲ့ အားနည်းချက်တွေကို ကျွန်တော်တို့ သိပ်ပြီးပြောနေစရာမလိုပါဘူး။ ကမ္ဘာကြီးကို ဖျက်ဆီးမည့်ကိစ္စကို ကိုင်တွယ်ရာမှာ ဒီမိုကရေစီအင်အားစုများရဲ့ ပျက်ကွက်မှုတွေကို ထပ်ခါတလဲလဲ ပြောနေစရာမလိုတော့ပါဘူး။ ၁၉၁၉ ခု ငြိမ်းချမ်းရေး(ဗာဆိုင်းအရ ငြိမ်းချမ်းရေးကို ဆိုလိုသည်) က မြူးနစ်(မြူးနစ်မြို့တွင်

၁၉၃၈ ခုနှစ်က အင်္ဂလိပ်ဝန်ကြီးချုပ် ချိန်ဘာလိန်နှင့် ဂျာမဏီဟစ်တလာတို့ သဘောတူညီချက်ကိုဆိုလိုသည်) မတိုင်မီထဲက ရရှိထားတဲ့ ငြိမ်ဝပ်ပိပြားရေး နဲ့စာရင် မတရားမှု အလွန်နည်းတဲ့အကြောင်း ကျွန်တော်တို့ သတိရပါတယ်။ ဒီငြိမ်ဝပ်ပိပြားရေးကို တိုက်ကြီးအားလုံးသို့ ပျံ့နှံ့အောင် ဒီနေ့ လက်သစ်မားမိုးအုပ်စိုးရေးဝါဒီ (ဂျာမဏီမှ နာဇီဟစ်တလာနှင့် အီတလီဖက်ဆစ် မူဆိုလီနီတို့ကို ဆိုလိုသည်) တွေက လုပ်ကိုင်နေပါတယ်။ အမေရိကန်ပြည်သူတွေက အဲဒီမားမိုးစနစ်ကို အပြတ်ဆန့်ကျင်ဖို့ သန္နိဋ္ဌာန်ပြုပြီး ဖြစ်နေပါပြီ။

ကမ္ဘာအရပ်ရပ်မှာ ဒီမိုကရေစီစနစ်ကို ဖြောင့်ထိုးနက်တိုက်ခိုက်နေကြောင်း ယထာဘူတကျကျ စဉ်းစားသူတိုင်း သိပါတယ်။ လက်နက်နဲ့တိုက်တာက တစ်မျိုး၊ ငြိမ်းချမ်းနေဆဲ နိုင်ငံတွေအချင်းချင်း သဘောကွဲအောင် ညှိညှဉ်းရေးပျက်ပြားအောင် လုပ်ချင်သူတွေက အဆိပ်ပြင်းတဲ့ လျှို့ဝှက်ဝါးဖြန့်ချိမှုနဲ့တိုက်တာက တစ်ဖုံ။ တစ်ဆယ့်ခြောက်လ(၁၉၃၉ ခုဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်မှ ဤမိန့်ခွန်းပြောချိန်ထိ ကြာသောကာလဖြစ်သည်) အတွင်းမှာ ဒီတိုက်ခိုက်မှုကြောင့် ဒီမိုကရေစီလူမှုဘဝ ပျက်သုဉ်းခဲ့ရတဲ့ လွတ်လပ်တဲ့နိုင်ငံ ကြီးကြီးရော ငယ်ငယ်ပါ အရေအတွက်က ထိတ်လန့်စရာကောင်းအောင်ပဲ များပြားလာပါတယ်။ တိုက်ခိုက်သူတွေက ဆက်ပြီး ချီတက်နေဆဲ၊ နိုင်ငံကြီးရော နိုင်ငံငယ်ကိုပါ ခြိမ်းခြောက်နေဆဲ ဖြစ်ပါတယ်။

ဒါကြောင့် သမ္မတအနေနှင့် အခြေခံဥပဒေအရ တာဝန်ရှိတဲ့အတိုင်း (အမေရိကန်အခြေခံဥပဒေအရ သမ္မတက နိုင်ငံတော်အခြေအနေကို ကွန်ဂရက်လွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်) ကွန်ဂရက်ကို ပြည်ထောင်စုကြီး၏ အခြေအနေ ကျွန်တော်တင်ပြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်နဲ့လုံခြုံရေး၊ ပြီးတော့ ကျွန်တော်တို့ ဒီမိုကရေစီအရေးဟာ ကျွန်တော်တို့ရဲ့ နယ်နမိတ် ဟိုဖက်ရပ်ဝေးဒေသများမှာ(ဥရောပနှင့် အာရှကိုဆိုလိုသည်) ဖြစ်ပျက်သမျှတွေနဲ့ အလွန်ပဲ ရောထွေးပတ်သက်နေကြောင်း ကျွန်တော်တင်ပြပါတယ်။ တိုက်ကြီးလေးတိုက်ပေါ်မှာ ဒီမိုကရေစီ လူမှုဘဝကို လက်နက်ကိုင်ပြီး ရဲရဲဝံ့ဝံ့ ခုခံကာကွယ်နေပါပြီ။ အဲဒီခုခံမှုသာ ကျဆုံးသွားခဲ့ရင် ပြည်သူတွေအားလုံးနဲ့ ဥရောပ၊ အာရှ၊ အာဖရိကနဲ့ သြစတြေလျ-အာရှဒေသက သယံဇာတအားလုံးကို အောင်နိုင်သူတွေက ထိန်းချုပ်တော့မယ်။ အဲဒီပြည်သူတွေရဲ့ လူဦးရေနဲ့ သယံဇာတတွေက အားလုံးခြိုလိုက်ရင် အနောက်ဖက်ခြမ်း ကမ္ဘာ့လူဦးရေနဲ့ သယံဇာတတွေထက် အများကြီး အများကြီးပိုတယ်။

ဒီလိုဖြစ်နေချိန်မှာ ဘာမှ အသင့်မဖြစ်တဲ့ အမေရိကန်က လက်တစ်ဖက်တည်းနဲ့ သူ့လက်တစ်ဖက်ကို ကျောနောက်မှာ အတုပ်နှောင်ခံပြီး တစ်ကမ္ဘာလုံးကို ထိန်းထားနိုင်မယ်လို့ ကြွားဝါနေရမယ့် အချိန်မဟုတ်ပါဘူး။ ဒီလိုထင်ထားရင် မှားနေပြီခင်ဗျာ။ လက်တွေ့ကျကျတွေးတောတဲ့ အမေရိကန်ဆိုရင် အာဏာရှင်က တစ်ကမ္ဘာလုံးအပေါ် ရက်ရောလိမ့်မယ်လို့ ဘယ်သူမှ မမျှော်လင့်ပေဘူး။ တကယ့်လွတ်လပ်ရေး ပေးလိမ့်မယ်၊ သို့မဟုတ် တစ်ကမ္ဘာလုံးလက်နက်ဖျက်သိမ်းလိမ့်မယ်လို့ မမျှော်လင့်နိုင်ဘူး။ ပြီးတော့ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်ရမယ်လို့ ဘယ်သူမှ မမျှော်လင့်နိုင်ဘူး။ ကုန်ကုန်ပြောရရင် အရောင်းအဝယ်တောင် ကောင်းကောင်းလုပ်ခွင့်ရမှာ မဟုတ်ဘူး။ အဲဒီငြိမ်းချမ်းရေးမျိုးက ကျွန်တော်တို့နိုင်ငံကို လုံခြုံမှုပေးမှာ မဟုတ်ဘူး။ အိမ်နီးချင်းတွေအတွက်လည်း အတူတူပါပဲ။

"ယာယီဘေးကင်းလုံခြုံရေးကလေးကို ဝယ်ယူဖို့အတွက် မရှိမဖြစ် လွတ်လပ်ရေးကို စွန့်မယ့်သူတွေဟာ လွတ်လပ်ရေးနဲ့ မတန်ဘူးခင်ဗျာ။ လုံခြုံဘေးကင်းရေးလည်း သူတို့နဲ့ မတန်ပါဘူး။"

တစ်နိုင်ငံလုံးအနေနဲ့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အသည်းပျော့ သူတွေအဖြစ် ဂုဏ်ယူချင်သူပါ။ ဒါပေမဲ့ တကယ် အသည်းပျော့လို့တော့ မဖြစ်ဘူးနော်။ ခရာတွေတုတ်၊ မောင်းတွေထု၊ လင်ကွင်းတွေတီးပြီး ရွှေပြည်အေးဝါဒ ဟောပြောသူတွေကို ကျွန်တော်တို့ လုံးဝလုံးဝ လက်မခံမှ ဖြစ်မယ်။

အဲဒီ အတ္ထသများ လူနည်းစုကလေးကို ကျွန်တော်တို့အမြဲတမ်း သတိထားရလိမ့်မယ်။ အမေရိကန် လင်းယုန်ကြီး(အမေရိကန်၏နိုင်ငံတော် အမှတ်တံဆိပ်သည် လင်းယုန်ဖြစ်၏) ကို အတောင်ပံဖြတ်ပြီး ကိုယ့်အသိုက်ကိုငှက်မွေးနဲ့ တန်ဆာဆင်မယ့် လူစားတွေခင်ဗျ။

မကြာသေးမီကပဲ ကျွန်တော်ခေတ်သစ်စစ်ပွဲတွေအကြောင်း ပြောခဲ့သေးတယ်။ စစ်ရဲ့အရှိန်အဟုန်ကြောင့် ဘယ်လောက်မြန်မြန်ဆန်ဆန် ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု ကျွန်တော်တို့နယ်ထဲ ရောက်လာနိုင်တယ်ဆိုတာ ပြောခဲ့ပါတယ်။ အာဏာရှင်စိုးမိုးတဲ့ နိုင်ငံတွေသာ ဒီစစ်ကြီးနိုင်သွားရင် ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ကျွန်တော်တို့ မျှော်လင့်ထားရမှာပါ။

ပင်လယ်ကိုဖြတ်ပြီး ကျွန်တော်တို့ကို လာမတိုက်နိုင်ပေဘူး၊ ချက်ချင်းလာပြီး ကျူးကျော်လို့မရပါဘူး စသည်ဖြင့် လက်လွယ်စပယ်ပြောဆိုနေတာ အတော်များနေတယ်ခင်ဗျာ့။ ရှင်းပါတယ်။ ဗြိတိသျှရေတပ်အင်အား ခိုင်မြဲနေသေးသမျှတော့ အဲဒီ အန္တရာယ်မရှိပါဘူး။ ဗြိတိသျှရေတပ်မရှိဘူးထားဦး၊ မိုင်ပေါင်းထောင်ချီတဲ့ သမုဒ္ဒရာကိုဖြတ်ပြီး အမေရိကန်ပြည်ထောင်စုကို

ကုန်းတက်တပ်တွေ လွှတ်ပြီး တိုက်ခိုက်လောက်အောင် မိုက်မဲတဲ့ရန်သူတော့ မရှိလောက်ပါဘူး။ သူပိုင် မဟာဗျူဟာမြောက် အခြေစိုက်စခန်းတွေ မရှိသေးဘဲတော့ ဒီလိုမလုပ်ပေဘူး။

ဒါပေမဲ့ ကုန်ခဲ့တဲ့နှစ်တွေမှာ ကျွန်တော်တို့ဥရောပက အတွေ့အကြုံတွေ အများကြီးရထားတယ်။ အထူးသဖြင့်တော့ နော်ဝေးက သင်ခန်းစာဗျာ။ နော်ဝေးက အရေးကြီးတဲ့ ဆိပ်ကမ်းတွေကို အကောက်ဉာဏ်နဲ့ အကွက်ဆင်ပြီး အငိုက်ဖမ်းသိမ်းပိုက်လိုက်တယ်။ အဲဒါ နှစ်ပေါင်းများစွာ ကြိုတင်ကြံစည်ပြီး အကွက်ဆင်ထားတာခင်ဗျ။

ဒီကမ္ဘာ့ခြမ်း(ကမ္ဘာ့အနောက်ခြမ်း ၊ တောင်နှင့်မြောက် အမေရိကတိုက်) ကို သိမ်းပိုက်ဖို့ ပထမခြေလှမ်းအဖြစ် အမြဲတမ်းတပ်တွေ ကုန်းပေါ်တက်လာတာတော့ မဖြစ်နိုင်လောက်ဘူး။ အရေးကြီးတဲ့ ဗျူဟာမြောက်တဲ့ နေရာတွေကို လျှို့ဝှက်ထောက်လှမ်းရေးတွေ၊ ဒလန်တွေက အရင်ဝင်လိမ့်မယ်။ အဲဒီကောင်တွေ အတော်များများ ဒီကိုရောက်တောင်နေပြီ။ လက်တင်အမေရိကကိုလည်း ရောက်နေပြီ။ အကြမ်းဖက်တဲ့ နိုင်ငံတွေက ထိုးစစ်ဆင်နိုင်စွမ်းရှိနေဆဲကာလမှာ သူတို့စိတ်ကြိုက်အချိန်ကို ရွေးပြီး ကြိုက်တဲ့နေရာကို တွယ်လိမ့်မယ်။ ကျွန်တော်တို့က ရွေးခွင့်ရမှာမဟုတ်ဘူး။ တိုက်ပုံတိုက်နည်းလည်း သူတို့ပဲ ရွေးမယ်။

ဒါကြောင့်ပဲ ခုချိန်မှာ အမေရိကနှစ်တိုက်ရှိ ပြည်ထောင်စုနိုင်ငံအားလုံးရဲ့ အနာဂတ်ဟာ အန္တရာယ်ကြီးနဲ့ ရင်ဆိုင်နေရပြီ။ ဒါကြောင့်ပဲ ကွန်ဂရက်ကို ယခုတင်ပြတဲ့ နှစ်လည်အစီရင်ခံချက်ဟာ သမိုင်းမှာ မကြုံဖူးတာဖြစ်နေပါတယ်ခင်ဗျာ။ ဒါကြောင့်ပဲ အစိုးရအဖွဲ့ဝင်အားလုံးနှင့်တကွ ကွန်ဂရက်အမတ်မင်း အားလုံးပါ ကြီးလေးတဲ့ တာဝန်ကြီးနဲ့ တိုးနေပါပြီ။ တကယ်တာဝန်သိဖို့လည်း လိုအပ်လာပါပြီ။

လတ်တလော လိုအပ်ချက်က ကျွန်တော်တို့လုပ်ကိုင်နေတာတွေရော၊ ချမှတ်ထားတဲ့ ပေါ်လစီပါ အဓိကအားဖြင့် ပြည်ပအန္တရာယ်ကို ရင်ဆိုင်ဖို့ပဲ။ ဒါဆိုဒါပဲ အဓိကထားရမယ်။ ကျွန်တော်တို့ ပြည်တွင်းရေးကိစ္စအားလုံးဟာ ဒီအရေးပေါ်ကိစ္စကြီးမှာ အကျုံးဝင်နေလို့ ဒီလိုပြောရတာပါ။ ပြည်တွင်းရေးမှာ ကျွန်တော်တို့နိုင်ငံရဲ့ဝါဒက နိုင်ငံသားများရဲ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို ရှိသေလေးစားမှုနဲ့ ဂုဏ်တင်ပေးတဲ့အပေါ် အခြေခံထားပါတယ်။ ဒီအတိုင်းပဲ နိုင်ငံခြားရေးရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပေါ်လစီက နိုင်ငံအားလုံးရဲ့ အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို တလေးတစား သိဒ္ဓိတင်ပေးတဲ့ ကျင့်စဉ်ပေါ် အခြေခံပါတယ်။ နိုင်ငံကြီးသည် ငယ်သည် မရွေးပါဘူး။

ဒီတော့ ဖြောင့်မတ်မှန်ကန်တဲ့ ကိုယ်ကျင့်သီလပဲ အဆုံးအောင်ပွဲ ရကိုရရမယ်။ ရလည်း ရမှာ ဇကန်ပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ဝါဒကို ပြောပြပါမယ်။

ပထမ- လူထုသဘောထားကို ထင်ရှားသိသာစွာ ဖော်ပြပြီး၊ ပါတီရေးကိစ္စတွေမပါပဲ ကျွန်တော်တို့နိုင်ငံကာကွယ်ရေးကို ဖူလုံအောင် ဇောက်ချလုပ်ကိုင်ကြမယ်။

ဒုတိယ- လူထုသဘောထားကို ထင်ရှားသိသာစွာ ဖော်ပြပြီး ပါတီရေးကိစ္စတွေမပါပဲ အကြမ်းဖက်မှုကို ဖွဲကြီးကြီးနဲ့ ရင်ဆိုင်ခုခံနေတဲ့ ပြည်သူအားလုံးကို ဘယ်နိုင်ငံပဲဖြစ်ဖြစ် ကျွန်တော်တို့ အစွမ်းကုန် အားပေးထောက်ခံမယ်။ ဒီလိုလုပ်မှလည်း စစ်ဘေးကို ကျွန်တော်တို့ကမ္ဘာ့ခြမ်းမှ ဝေးအောင် တားဆီးနိုင်ပါလိမ့်မယ်။ ဒီလိုထောက်ခံအားပေးခြင့်ဖြင့် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအရေး အောင်ပွဲခံဖို့ သန္နိဋ္ဌာန်ချထားကြောင်း သိမြင်နိုင်အောင် ပြသရာ ရောက်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လုံခြုံရေးနဲ့ ကာကွယ်ရေးကို အင်အားတောင့်တင်းအောင် ဖြည့်ဆည်းရာလည်း ရောက်ပါတယ်။

တတိယ- လူထုသဘောထားကို ထင်ရှားသိသာစွာဖော်ပြပြီး ပါတီရေးကိစ္စတွေမပါပဲ အကြမ်းဖက်သမားတွေက အမိန့်ပေးပြီး ရွှေပြည်အေးဆရာတွေ ထောက်ခံတဲ့ ငြိမ်းချမ်းရေးမျိုးကို ဘယ်တော့မှ ကျွန်တော်တို့ လက်ခံလိမ့်မည်မဟုတ်ကြောင်း သန္နိဋ္ဌာန်ပြုပါတယ်။ ဒါကလည်း ကျွန်တော်တို့ကိုင်စွဲတဲ့ ကိုယ်ကျင့်သိက္ခာနှင့် လုံခြုံရေးအတွက် လိုအပ်ချက်တွေအရ ဒီလိုအဓိဋ္ဌာန်ပြုတာပါ။ တည်တံ့တဲ့ ငြိမ်းချမ်းရေးကို တခြားပြည်သူတွေရဲ့ လွတ်လပ်မှုစတေးပြီး ဝယ်လို့မရကြောင်း ကျွန်တော်တို့နားလည်တယ်။

မကြာမီက နိုင်ငံတစ်ဝှမ်းရွေးကောက်ပွဲမှာ ယခုတင်ပြတဲ့ နိုင်ငံတော်မူဝါဒနဲ့ ပတ်သက်ပြီး ပါတီကြီးနှစ်ခုကြား ကြီးကြီးမားမား ကွဲလွဲတာ မရှိပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်မဲဆန္ဒရှင်များသာ ဆုံးဖြတ်ပါတော့လို့ လွှဲအပ်ရတဲ့ ပြဿနာမရှိခဲ့ပါဘူး။ ခုချိန်မှာတော့ ထင်းနေတဲ့ ဘေးအန္တရာယ်ကြီး ရှိနေတာကို အမြန်ဆုံး အသိအမှတ်ပြုပြီး လိုအပ်သမျှ အကုန်လုပ်ဖို့ အမေရိကန်နိုင်ငံသား အားလုံးက တောင်းဆိုနေကြောင်း အင်မတန်မှ သိသာပေါ်လွင်နေပါပြီ။

ဒါကြောင့် ကျွန်တော်တို့ ချက်ချင်းလုပ်ရမှာက စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကို ချက်ချင်း အရှိန်မြှင့်ရမယ်။.... အရာလည်းရောက် လက်ငင်းလည်းလိုအပ်နေတဲ့ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍက သူတို့ (နာဇီနှင့်ဖက်ဆစ်ကို ဆန့်ကျင်တိုက်ခိုက်နေသော နိုင်ငံများ)အတွက်ရော ကျွန်တော်တို့အတွက်ပါ လက်နက်တိုက်ကြီး ထူထောင်ထားဖို့ပါပဲ။ သူတို့က လူအင်အားမလိုဘူးခင်ဗျ။ သူတို့တကယ်လိုတာက စစ်လက်နက်ပါ။ ဒေါ်လာဘီလီယံနဲ့ချီပြီး တန်တဲ့ လက်နက်ပစ္စည်းလိုပါတယ်။

ဒီမိုကရေစီနိုင်ငံများကို ကျွန်တော်တို့ ပြောကြားပါရစေ။ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ကာကွယ်စောင့်ရှောက်တဲ့အရေးကို အသက်တမျှအရေးကြီးတယ်လို့ ကျွန်တော်တို့ အမေရိကန်တွေက မှတ်ယူထားပါတယ်။ ခင်ဗျားတို့တစ်တွေ အင်အားကောင်းပြီး လွတ်လပ်သော ကမ္ဘာကြီးကို ပြန်လည်ရရှိအောင်၊ ရပြီးရင်လည်း ထိန်းသိမ်းထားနိုင်အောင် ကျွန်တော်တို့အစွမ်းကုန် လုပ်ကိုင်နေပါတယ်။ ရှိသမျှ သယံဇာတတွေသုံးပြီး ၊ စည်းရုံးစီမံမှု စွမ်းရည်တွေသုံးပြီး လုပ်နေပါတယ်။ သဘော်၊ လေယာဉ်ပျံ၊ တင့်ကား၊ အမြောက်တွေ ခင်ဗျားတို့အတွက် ပို့ပေးမယ်။ အရေအတွက်လည်း တိုးပြီးရင်းတိုးပြီး ပို့ပေးပါမယ်။ ဒါ ကျွန်တော်တို့ ရည်ရွယ်ချက်ပါ။ ဒါ ကျွန်တော်တို့ ကတိစကားပါခင်ဗျာ။

ဒီရည်မှန်းချက်အတိုင်း လုပ်ဆောင်ရာမှာ အကြမ်းဖက်သမားကို တော်လှန်ရဲသူတွေကို ကျွန်တော်တို့က ကူညီတာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်တယ်၊ ရန်မူရာရောက်တယ်ဆိုပြီး အာဏာရှင်တွေက ခြိမ်းခြောက်လာမှာကို ကျွန်တော်တို့မကြောက်ပါဘူး။ ဒီအတွက် ကျွန်တော်တို့ ဟန့်သွား တန့်သွားလိမ့်မယ် မဟုတ်ပါဘူး။

ခုလို ကူညီတာဟာ အကြမ်းဖက်တိုက်ခိုက်တာ မဟုတ်ပါဘူး။ အာဏာရှင်တစ်ယောက်က ဒါကို စစ်ပြုတာပဲလို့ တစ်ဖက်သတ် စွပ်စွဲပြောဆိုလာပေမဲ့ ဒါ စစ်တိုက်တာ မဟုတ်ပါဘူး။

အာဏာရှင်က ကျွန်တော်တို့ကို တိုက်ခိုက်ဖို့ အသင့်ဖြစ်ရင် ကျွန်တော်တို့က စစ်ပြုလာသည်အထိ သူတို့က စောင့်နေမှာ မဟုတ်ပါဘူးခင်ဗျာ။ နော်ဝေးတုန်းက သူတို့ စောင့်မနေဘူးနော်။ ဘယ်လဂျီယံလည်း မစောင့်ဘူး။ နယ်သာလန်ကိုလည်း မစောင့်ဘူးဗျာ စစ်ဆင်တာပဲ။

သူတို့အကြိုက်က တစ်ဖက်သတ်ကျင့်သုံးမည့် နိုင်ငံတကာ ဥပဒေအသစ်ခင်ဗျာ့။ ဒီတစ်ခုပဲ သူတို့ကြိုက်တယ်။ အပြန်အလှန်လိုက်နာဖို့ မလိုတဲ့ ဥပဒေပေါ့။ ဒါမှ သူတို့အတွက် ဖိနှိပ်စရာ လက်နက်ရမှာပေါ့။

အနာဂတ် အမေရိကန်မျိုးဆက်များရဲ့ ဘဝပျော်ရွှင်မှုက ကျွန်တော်တို့ပေးတဲ့ အကူအညီ ဘယ်လောက်ထိရောက်မှုရှိသလဲ အဲဒီကျေးဇူး ဘယ်လောက်မြန်မြန်ဆန်ဆန် ဖြစ်ပေါ်သလဲဆိုတဲ့ အချက်တွေပေါ်မှာ အများကြီးမူတည်ပါလိမ့်မယ်။ ကျွန်တော်တို့ကြုံရမယ့် အရေးပေါ်အခြေအနေတွေက ဘယ်လိုဖြစ်လာမယ်ဆိုတာ ဘယ်သူမှ တိတိကျကျ ပြောလို့မရပါဘူး။

နိုင်ငံတော်ရဲ့ အသက်အန္တရာယ်ရှိနေတဲ့ အခိုက်မှာ နိုင်ငံတော်ရဲ့ လက်တွေကို တုပ်နှောင်ခံလို့ မဖြစ်ဘူးခင်ဗျာ။ အရေးပေါ်အခြေအနေက စစ်ဖြစ်သလောက်ကို သည်းနေလို့ အဲဒီအတွက် လိုအပ်သလောက် စွန့်ကြဖို့ ကျွန်တော်တို့ အသင့်ပြင်ကြရမယ်။

ကာကွယ်ရေးအတွက် ပြင်ဆင်ရမှာ နှောင့်နှေးအောင် လုပ်နေတာတွေ၊ မထိရောက်အောင် ဟန့်တားနေတာတွေ အားလုံးကို ဘေးဖယ်ပြီး နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို ဦးစားပေးရပါလိမ့်မယ်။ လွတ်လပ်တဲ့နိုင်ငံက အဖွဲ့ပေါင်းစုံရဲ့ ပူးပေါင်းကူညီမှုကို ရယူဖို့ မျှော်လင့်တောင်းခံခွင့် ရှိပါတယ်။

လွတ်လပ်တဲ့ နိုင်ငံက စီးပွားရေးခေါင်းဆောင်တွေ ၊ အလုပ်သမားခေါင်းဆောင်တွေ၊ တောင်သူလယ်သမားခေါင်းဆောင်တွေကို သူများအဖွဲ့ထဲမှာထက် ကိုယ့်အဖွဲ့ထဲမှာ အားတက်သရော လုပ်ကိုင်လာအောင် လှုံ့ဆော်ပေးကြပါလို့ တောင်ခံပိုင်ခွင့်ရှိပါတယ်။ ရေသာခို အချောင်လိုက်သမားကတော့ နည်းနည်းပါးပါးရှိမှာပဲ။ သူတို့ကို ကိုင်တွယ်ဖို့ အကောင်းဆုံးနည်းက-

ပထမ- မျိုးချစ်စိတ်နဲ့ လုပ်ကိုင်ပြပြီး သူတို့ရှက်သွားအောင်လုပ်ဖို့။ အဲဒီနည်း မအောင်မြင်ရင် အစိုးရက နိုင်ငံတော်အာဏာ သုံးစွဲပြီး အစိုးရကိုကာကွယ်ဖို့ပဲဖြစ်ပါတယ်။

လူတွေ ပေါင်မုန့်စားရုံနဲ့ အသက်မရှင်သလိုပဲ သေနတ်နဲ့ချည်း တိုက်ပွဲဝင်ကြတာမဟုတ်ပါဘူး။

ကျွန်တော်တို့ကာကွယ်ရေးကို လုပ်ကိုင်နေသူတွေရော၊ သူတို့နောက်မှာ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်နေသူတွေပါ ဖွဲ့သတ္တိမွေးကြရမယ်။ သူတို့ကာကွယ်စောင့်ရှောက်နေတဲ့ လူနေမှုဘဝရဲ့ တန်ဖိုးကို မမှိတ်မသုန် ယုံကြည်တဲ့စိတ်မှ ပေါက်ဖွားတဲ့ ဖွဲ့သတ္တိကို မွေးရမယ်။ ကျွန်တော်တို့တောင်းခံနေတဲ့ အင်နဲ့အားနဲ့ လှုပ်ရှားမှုကြီး ပြုလုပ်ရာမှာ တိုက်ယူလောက်အောင် တန်ဖိုးရှိတဲ့ အရာအားလုံးကို မေ့မေ့လျော့လျော့ လုပ်လို့ မဖြစ်ဘူး။ အမေရိကန်မှာ ဒီမိုကရေစီ တည်တံ့ခိုင်မြဲတာ သူတို့ကိုယ်ကျိုးစီးပွားအတွက် ဖြစ်တယ်ဆိုတာ ပြည်သူတွေ သတိရှိဖို့လိုတယ်။ အဲဒီလို သတိရှိကြဖို့ လုပ်ကိုင်ခဲ့သမျှတွေအတွက် နိုင်ငံက ကျေနပ်မှုလည်းရတယ်။ အဲဒီအတွက် အားလည်းတက်တယ်။ အဲဒီလို လုပ်ခဲ့တာတွေကြောင့်လည်း ပြည်သူတို့ စိတ်ဓာတ်ခိုင်မာလာတယ်။ သူတို့ရဲ့ ခံယူချက်လည်း အသစ်ဖြစ်ထွန်းတယ်။ သူတို့ ကာကွယ်စောင့်ရှောက်ဖို့ အသင့်ပြင်ထားတဲ့ ထုံးတမ်းစဉ်လာတွေအပေါ် ယုံကြည်စိတ်ပွားများတယ်။

ဒီနေ့ကမ္ဘာမှာ လူမှုတော်လှန်ရေးဟာ အရေးကြီးတဲ့ ကိစ္စဖြစ်နေတယ်။ ခုချိန်မှာ အဲဒီလူမှုတော်လှန်ရေးရဲ့ ပင်မအကြောင်းရင်းဖြစ်တဲ့ လူမှုရေးနဲ့စီးပွားရေး ပြဿနာတွေအကြောင်း မစဉ်းစားပဲ ဘေးချိတ်ထားရမည့် အခါသမယမဟုတ်ဘူး။ ကြုံခိုင်ရှင်သန်တဲ့ ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေနဲ့ ပတ်သက်လို့ ဘာမှရှုပ်ရှုပ်ထွေးထွေး မရှိပါဘူး။

နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်ထဲက ပြည်သူတွေ မျှော်မှန်းထားတဲ့ အခြေခံတရားတွေက အလွန်ရိုးရှင်းပါတယ်ခင်ဗျာ။ သူတို့လိုချင်တာက

♣ လူငယ်တွေနဲ့ အခြားသူများအတွက် အခွင့်အလမ်းတူညီဖို့

♣ အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိဖို့

♣ လုံခြုံရေးလိုအပ်သူတွေ လုံခြုံအေးချမ်းဖို့

♣ အခွင့်ထူးခံ လူနည်းစု ကွယ်ပျောက်ဖို့

♣ လူထု၏ လွတ်လပ်ခွင့် ရေရှည်တည်တံ့ဖို့

♣ သိပ္ပံပညာ၏ အသီးအပွင့်ကို လူအများ ခံစားခွင့်ရရှိပြီး လူနေမှုအဆင့်အတန်း မပြတ်တိုးတက်နေဖို့ပဲ ဖြစ်ပါတယ်။

မျက်မှောက်ကမ္ဘာကြီးက ဗလောင်ဆူပြီး မယုံနိုင်လောက်အောင် ထွေပြားနေပေမဲ့ ရိုးရှင်းတဲ့ ဒီအခြေခံတရားတွေကို ဘယ်တော့မှ ကျွန်တော်တို့ မျက်ခြေပြတ် မခံနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးစနစ်မှာ စွဲစွဲမြဲမြဲရှိမည့် အတွင်းအား ဘယ်လောက်ရှိမလဲ။ အဲဒါက မျှော်မှန်းချက်တွေကို ဘယ်လောက်ဖြည့်ဆည်း ပေးနိုင်မှာလဲဆိုတဲ့ အချက်ပေါ် မူတည်တယ်။ လူထုကြီးရဲ့ စီးပွားရေးကဏ္ဍ အတော်များများမှာ အဆောတလျင် တိုးတက်အောင်လုပ်ဖို့ လိုနေပါတယ်။

ဥပမာအနေနဲ့

♣ သက်ကြီးပင်စင်နဲ့ အလုပ်လက်မဲ့ ထောက်ပံ့ကြေး ခံစားခွင့် ရသူဦးရေ ပိုများအောင် ကျွန်တော်တို့ လုပ်သင့်တယ်။

♣ ကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်အောင် လုပ်သင့်တယ်။

♣ အလုပ်နဲ့ ထိုက်တန်သူ၊ သို့မဟုတ် အလုပ်အကိုင်လိုအပ်နေသူကို အကျိုးရှိမည့်အလုပ်အကိုင် ပေးနိုင်ဖို့ ပိုပြီးကောင်းတဲ့ စနစ်တစ်ခု စီမံသင့်တယ်။

ကိုယ်ကျိုးစွန့်ကြစမ်းပါလို့ ကျွန်တော်တိုက်တွန်းခဲ့တယ်။ ဒီတိုက်တွန်းချက်ကို အမေရိကန်များက လိုလိုလားလားရှိကြောင်း ကျွန်တော်အသေအချာ တွေ့ရပါပြီ။ အနာဂတ်ကာလကို အနှစ်ရာယ်ကင်းတဲ့ ခေတ်ဖြစ်အောင် ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ အနာဂတ်ကမ္ဘာကို မရှိမဖြစ်တဲ့ လူသား၏ လွတ်လပ်ခြင်းလေးမျိုး ပေါ် အခြေခံရပါလိမ့်မယ်။

ပထမအနေနဲ့ လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့်။ ကမ္ဘာ့ဘယ်နေရာမှာမဆို ဒီအခွင့်အရေး ရရှိစေရမယ်။

ဒုတိယအနေနဲ့ လွတ်လပ်စွာ ကိုယ်ကြိုက်သလို ယုံကြည်ကိုးကွယ်ခွင့်။ ကမ္ဘာ့ဘယ်နေရာမှာမဆို ဒီအခွင့်အရေး ရရှိစေရမယ်။

တတိယအနေနဲ့ လိုချင်တာမရသောဘဝမှ လွတ်လပ်ခွင့်။ တစ်ကမ္ဘာလုံးအတွက် ဒီအချက်ရဲ့ ဆိုလိုရင်းက နိုင်ငံတိုင်းမှာ နိုင်ငံသားများ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေထိုင်ခွင့်ကို ရရှိစေနိုင်မည့် စီးပွားရေးအစီအမံရှိရမည်လို့ အဓိပ္ပါယ်ရပါတယ်။ ကမ္ဘာ့ဘယ်နေရာမှမဆို

ဒီအခွင့်အရေး ရရှိစေရမယ်။

စတုတ္ထအနေနဲ့ ထိတ်လန့်နေရသောဘဝမှ လွတ်လပ်ခြင်း။ တစ်ကမ္ဘာလုံးအတွက် ဒီအချက်ရဲ့ ဆိုလိုရင်းက တစ်ကမ္ဘာလုံး စစ်လက်နက်လျော့ချရေး ဖြစ်ပါတယ်။ ဘယ်လောက်အထိ လျော့ချရမလဲ၊ ဘယ်လိုစနစ်တကျ လုပ်ရမလဲဆိုတော့ ဘယ်နိုင်ငံမှ အိမ်နီးချင်း ဘယ်နိုင်ငံကိုမဆို ကိုယ်ထိလက်ရောက် အကြမ်းဖက် တိုက်ခိုက်ခြင်းမပြုနိုင်တဲ့ အတိုင်းအတာအထိ ဖြစ်စေရမယ်။ ကမ္ဘာ့ဘယ်နေရာမှာမဆို ဒီအခွင့်အရေးကို ရရှိစေရမယ်။

အခုပြောခဲ့တာက ဟိုအဝေးကြီးက ထောင်စုနှစ်အတွက် မျှော်မှန်းချက်မဟုတ်ဘူးခင်ဗျာ။ ကျွန်တော်တို့ခေတ် ကျွန်တော်တို့လက်ထက်မှာ ရရှိနိုင်တဲ့ ကမ္ဘာ့ပုံစံအတွက် အခြေခံတွေ ဖြစ်ပါတယ်ခင်ဗျာ။ ဒီလို ကမ္ဘာမျိုးဟာ အာဏာရှင်တွေက ဗုံးလက်နက်သုံးစွဲပြီး တည်ဆောက်ချင်တဲ့ လောကသစ်လို့ ပြောနေကြတဲ့ အကြမ်းပတမ်းလောကနဲ့တော့ ဆန့်ကျင်ဖက်ပဲခင်ဗျ။ အဲဒီလောကသစ်ကိုတော့ ကျွန်တော်တို့က ပိုပြီးကြီးမြတ်တဲ့ မူဝါဒနဲ့ ရင်ဆိုင်တိုက်ခိုက်မယ်။ အဲဒါကတော့ စာရိတ္တဗလ ပါပဲ။

ကောင်းမြတ်တဲ့ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံတဲ့ နိုင်ငံတစ်နိုင်ငံက တိုင်းတစ်ပါးရန်သူကို ရင်ဆိုင်နိုင်တယ်။ နိုင်ငံခြားက တော်လှန်ရေးတွေ ကူးစက်မည့်ဘေးကိုလည်း ရင်ဆိုင်နိုင်တယ်။ကျွန်တော်တို့အမေရိကန်နိုင်ငံက သမိုင်းစတင်ချိန်ကစပြီးအပြောင်းအလဲတွေလုပ်နေတယ်။ ငြိမ်ငြိမ်အေးအေးနဲ့ မပြတ်တမ်း တော်လှန်ရေးလုပ်နေတယ်။ ဒီတော်လှန်ရေးက မှန်မှန်ကြီး ခရီးဆက်နေပါတယ်။ ပြောင်းလဲနေတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေအောင်လည်း အေးအေးဆေးဆေးနဲ့ အလိုက်သင့် လုပ်နေတယ်။ ဒီလိုခရီးဆက်ရာမှာ လူတွေကို စုပြုံချုပ်နှောင်တဲ့ အကျဉ်းစခန်းတွေ မရှိဘူး။ ထုံးကျောက်တူးတဲ့ အလုပ်ကြမ်းစခန်းလည်း မရှိပါဘူး။ ကျွန်တော်တို့ အလိုရှိတဲ့ ကမ္ဘာမှာ လွတ်လပ်တဲ့နိုင်ငံတွေချင်း ရင်းနှီးချင်ခင်ပြီး လက်တွဲနေထိုင်တဲ့ ယဉ်ကျေးတဲ့ လူ့လောက ပေါ်ထွန်းစေချင်တယ်။ ကျွန်တော်တို့နိုင်ငံက ကိုယ့်ဘဝရဲ့အနာဂတ်ကို လွတ်လပ်သော ယောကျ်ားမိန်းမ သန်းပေါင်းများစွာရဲ့ လက်၊ ဦးခေါင်းနဲ့ နှလုံးသားမှာ မြှုပ်နှံတယ်။ လွတ်လပ်ခွင့်အပေါ် ယုံကြည်မှုမှာလည်း ဘုရားသခင်၏ လမ်းညွှန်မှု ခံယူပါတယ်။

လွတ်လပ်တယ်ဆိုတာ နေရာတကာမှာ လူ့အခွင့်အရေးကို ဦးထိပ်ပန်ဆင်ကြမှ ဖြစ်မယ်။ ဒီအခွင့်အရေးတွေရဖို့ တိုက်ပွဲဝင်နေသော ပြည်သူအားလုံးကို ကျွန်တော်တို့ ထောက်ခံအားပေးမယ်။ ရည်ရွယ်ချက်တူညီတာ ကျွန်တော်တို့ရဲ့ ခွန်အားပဲ။ အဲဒီ မွန်မြတ်သော ခံယူချက်ကို လိုက်နာကျင့်သုံးမယ်ဆိုရင် လမ်းဆုံးတယ်လို့ မရှိပေဘူး။ ကျွန်ဘဝရောက်မှပဲ လမ်းဆုံးရှိမယ်။

♣♣♣♣♣

ဝေဖန်သုံးသပ်ချက်

ဤမိန့်ခွန်းတွင် အစပိုင်း၌ ရုစဗဲ့က ကမ္ဘာ့နိုင်ငံရေးနှင့် အမေရိကန်နိုင်ငံ၏ အနေအထားကို တင်ပြသည်။ အမေရိကန်နိုင်ငံ၏ လုံခြုံရေးသည် မကြုံစဖူး အန္တရာယ်ကြုံနေရပြီဖြစ်ကြောင်း တင်ပြသည်။ လေအေးအေးနှင့် အကျိုးအကြောင်း တင်ပြခြင်းဖြစ်၏။

သို့သော် ရှင်းလင်းပြတ်သားသည်။ "unprecedented" (မကြုံစဖူး)ဆိုသော စကားလုံးကို သုံးရသည့်အကြောင်းကို သမိုင်းအကျဉ်းချုပ်နှင့် တင်ပြသည်။ ပထမပိုင်းတွင် ရုစဗဲ့သုံးသော စကားဥပမာ ဥပစာများသည် မှတ်သားလောက်အောင် ထူးခြားဏ်။ ဥပမာ-

♣ attempt to lock us behind an ancient Chinese wall.(ကျုပ်တို့ကို ရှေးတရုတ်တံတိုင်းကြီး နောက်ကွယ်မှာ ပိတ်လှောင်ထားဖို့ ကြိုးပမ်းမှုများ..)

♣ Thinking of our children and their children.... (သားသမီးမြေးတို့အရေးကို မျှော်တွေးပြီး...)

♣ The democratic way of life at this moment is being directly assailed..., assailed by arms, or by secrect spreading of poisonous propaganda.... (ဒီမိုကရေစီစနစ်ကို ကမ္ဘာ့အရပ်ရပ်မှာ ပြောင်ထိုးနှက်တိုက်ခိုက်လာတယ်။ လက်နက်နဲ့ကတစ်မျိုး၊ အဆိပ်ပြင်းတဲ့ လှုံ့ဖွက်ဝါဒ ဖြန့်ချိမှုကတစ်ဖုံ...)

♣ an appalling number of nations, great and small.....threatening other nations, great and small. (ကြီးငယ်မဟူ နိုင်ငံအစုံဖြစ်ကြောင်း တင်ပြချက်...)

♣ an unprepared America, single-handed, and with one hand tied behind its back... (ဘာမှ အသင့်မပြင်ထားတဲ့

အမေရိကန်နိုင်ငံက လက်တစ်ဖက်ကို ကျောနောက်မှာ အတုပ်နှောင်ခံပြီး လက်တစ်ဖက်တည်းနဲ့...)

♣ အာဏာရှင်ထံမှ ဘာမျှမျှော်လင့်စရာ မရှိကြောင်းကို "No realistic American can expect from a dictator's peace international generosity, or return of...., or world..., or freedom of..., or freedom of..., or even... (or ငါးလုံးသုံးပြီး မရနိုင်တာ ၆ မျိုးတင်ပြသည်။ ဘာမျှမျှော်လင့်စရာမရှိဟု ဆိုလိုချက် ပေါ်လွင်စေ၏။)

♣ men who would clip the wings of the American eagle to feather their own nests. (အမေရိကန် လင်းယုန်ကြီးကို အတောင်ပံဖြတ်ပြီး ကိုယ့်အသိုက်ကို ငှက်မွှေးနဲ့ တန်ဆာဆင်မယ့် လူစားတွေ...)

မိန့်ခွန်းအလယ်ပိုင်းတွင် နိုင်ငံတော်၏ မူဝါဒကို ကြေငြာသည်။ Our national policy is this ဟု စတင်လိုက်ပြီး အချက်သုံးချက် တင်ပြရာ၌

♣ First, by an impressive expression of public will and without regard to partisanship ဟု ပြောဆိုပြီး ပထမ မူဝါဒပြောသည်။

♣ Second မှာ ထပ်တူစကားလိုက်ပြီး နောက်မူဝါဒတစ်ရပ် ပြောသည်။

♣ Third မှာလည်း ဤစကားကိုပင် ထပ်ပြီး နောက်အကြောင်းတစ်ခု။

သုံးကြိမ်သုံးခါ လူထုသဘောထားကို ထင်ရှားသိသာအောင် ဖော်ပြပြီး ပါတီရေးကိစ္စမပါပဲ...လုပ်ကိုင်ဖို့ အလေးအနက် ပြောဆိုသည်။

ထို့နောက် လက်နက်များများမြန်မြန်ထုတ်ပြီး အာဏာရှင်ကျူးကျော်မှုကို ခုခံနေရသော နိုင်ငံများအား ထောက်ခံအားပေးမည်။ လက်နက်နှင့် ကူညီမည်ဟု ပြောကြားသည်။

♣ The immediate need is a swift and driving increase in our armament production...immediate(ချက်ချင်း), swift (အလျင်အမြန်), driving(အရှိန်မြှင့်/တွန်းတင်) ဤဝေါဟာရများက အချင်းချင်း အားဖြည့်ပုံကို သတိပြုပါ။

♣ They do not need manpower. They do need billions of dollar worth of weapons..(သူတို့က လူအင်အားမလိုဘူး၊ ဘီလီယံဒေါ်လာတန် လက်နက်တွေလိုတယ်)

♣ We shall send you, in ever increasing numbers, ships, planes, tanks, guns. ဟု ပြောပြီး This is our purpose and our pledge. အာဏာရှင် ကျူးကျော်မှုကို မနိုင့်တနိုင် တွန်းလှန်နေရသော နိုင်ငံများအတွက် လက်နက်မျိုးစုံ အကူအညီပေးမည့် ကတိစကား၊ shall ကို သုံးသဖြင့် ယုံစားလောက်သော ကတိစကားဖြစ်သည်။

ရုစဗဲ့၏ မိန့်ခွန်းတွင် အကောင်းဆုံးအပိုဒ်သည် နိဂုံးပိုင်း၌လာ၏။ The foundations of a healthy and strong democracy (ကောင်းမွန်ခိုင်မာသော ဒီမိုကရေစီစနစ်အတွက် အုတ်မြစ်အခြေခံများ) ကို ပြောကြားရာ၌

♣ They are: equality of opportunity...; jobs for those who can work; the ending of special previlege for the few;... စသည်ဖြင့် လူထုအကြိုက်တွေ့ချည်း ပြောသွားသည်။ ပြီးတော့ old age pensions and unemployment insurance,...adequate medical care .. စသည်ဖြင့် ပြည်သူလူထု လိုလားချက်များကို လုပ်ကိုင်သင့်ကြောင်း ပြောသည်။ ပြည်သူလူထု မကြိုက်ပဲ ဘယ်မှာရှိမည်နည်း။

နောက်ဆုံး လွတ်လပ်ခြင်းလေးမျိုး ကို အရဖော်ဆောင်ရန် ပြောသည်။

♣ Freedom of speech and expression..

♣ Freedom to worship God in his own way...

♣ Freedom from want...

♣ Freedom from fear....

Everywhere in the world ကို လွတ်လပ်ခြင်းလေးမျိုးနှင့်တွဲပြီး လေးကြိမ်လေးခါ ပြောသည်။ သူနိုင်ငံမှာသာမဟုတ် ကမ္ဘာပေါ်က ဘယ်အရပ်ဒေသမှာမဆို ဤလွတ်လပ်ခြင်းလေးမျိုးကို ရရှိအပ်ပါသည်။ လေးနက်စေသော ထပ်ကျော့စကားဖြစ်၏။ ရုစဗဲ့က

ကမ္ဘာ့ပြည်သူလူထုကို စည်းရုံးသော မူဝါဒ ကြေငြာချက် ဖြစ်ပေသည်။

နောက်ဆုံး- This nation has placed its destiny in the hands and heads and hearts of its million of free man and women; (ဤကား ပြည်သူလူထုကို အရေးပါသူများ အဖြစ် ပြောဆိုစကားဖြစ်သည်။) ပြီးတော့ and its faith in freedom under the guidance of God. (လွတ်လပ်ခြင်းကို တန်ဖိုးထားပြီး ဘုရားကို ဦးထိပ်ပန်ဆင်သော စကားပေတည်း)

ခြုံငုံလိုက်သော်-

(၁) ယခု ပြန်လည်ဖော်ပြသော စကားအားလုံး လူထုနှုတ်ဖျားတွင် စွဲကျန်ရစ်သည်။

(၂) အရေးကြီးသော စကားကို ထပ်ခါထပ်ခါပြောပြီး လေးနက်စေသည်။

(၃) မှတ်လောက်သားလောက် ဥပမာ၊ ဥပစာစကားကို သုံးသည်။

(၄) အရေးကြီးဆုံးနေရာများတွင် လွယ်ရှင်းစကားလုံးများ သုံးသည်။

(၅) တင်ပြချက် အစီအစဉ်ကောင်းသည်။

(၆) နိဂုံးကောင်းသည်။

(၇) လွှတ်တော်ကို အစီရင်ခံသော မိန့်ခွန်းတစ်ခုအနေနှင့် အကြောင်းအရာ စုံလင်ရသဖြင့် အနည်းငယ်ရှည်သည် ထင်ရ၏။ သို့သော် မရှည်လွန်းပါ။ မိန့်ခွန်းတွင် စကားလုံး ၂၅၀၀ ဝန်းကျင်သာ ပါဝင်သည်။ ပြောချိန် ၁၅-၂၀ မိနစ်ခန့်သာ ကြာမည်။

♣♣♣♣♣

အခန်း(၁၁)

သမ္မတဖရင်ကလင် ဒီ ရုစဗဲ့၏

ပထမအကြိမ် ရာထူးလက်ခံပွဲမိန့်ခွန်း

"ကျုပ်တို့ကြောက်စရာဆိုလို့ ကြောက်စိတ်တစ်ခုပဲ ရှိတယ်"

၁၉၃၃ ခု မတ်လ ၄ ရက်နေ့တွင် ရုစဗဲ့ ကျမ်းသစ္စာကျိန်ဆိုပြီး သမ္မတရာထူးကို လက်ခံသည်။ ထိုပွဲ၌ ပြောကြားသော မိန့်ခွန်းသည် သမိုင်းတွင်သော မိန့်ခွန်းဖြစ်၏။

၁၉၃၀ ပြည့်လွန်တွင် ကမ္ဘာ့စီးပွားရေးဆုတ်ကပ်ကြီး ဆိုက်လျက်ရှိရာ အမေရိကန်များလည်း ဒုက္ခရောက်နေသည်။ စတော့ဈေးကွက်ပျက်ခဲ့သည်။ သွေရင်းမြှုပ်နှံသူတွေ အရှုံးပေါ်၏။ သူဌေးတွေ ဒေဝါလီခံရသည်။ စက်ရုံတွေ ပိတ်ရသည်။ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်၏။ လယ်ယာထွက်ကုန်များ ဈေးကျပြီး တောင်သူလယ်သမားများလည်း ဒုက္ခရောက်နေသည်။

နိုင်ငံသားများ စိတ်ဓာတ်ကျနေသည့်အချိန်တွင် သမ္မတသစ်တက်လာသည်။ သူ၏ကြွေးကြော်သံက "New Deal" အပေးအယူသစ်ဖြစ်၏။ အစိုးရနှင့် ပြည်သူတွေ အပေးအယူလုပ်ပြီး စီးပွားရေးအပျက်ကို ပြင်ကြမည်ဟုဆို၏။ တိုင်းပြည်ကို စိတ်သစ်မွေးပြီး အားသစ်လောင်းစေသော မိန့်ခွန်းဖြစ်သည်။

Franklin D. Roosevelt

First Inaugural Address

Saturday, March 4, 1933

I AM certain that my fellow Americans expect that on my induction into the Presidency I will address them with a candor and a decision which the present situation of our Nation impels. This is preeminently the time to speak the truth, the whole truth, frankly and boldly. Nor need we shrink from honestly facing conditions in our country today. This great Nation will endure as it has endured, will revive and will prosper. So, first of all, let me assert my firm belief that the only thing we have to fear is fear itself—nameless, unreasoning, unjustified terror which paralyzes needed efforts to convert retreat into advance. In every dark hour of our national life a leadership of frankness and vigor has met with that understanding and support of the people themselves which is essential to victory. I am convinced that you will again give that support to leadership in these critical days.

In such a spirit on my part and on yours we face our common difficulties. They concern, thank God, only material things. Values have shrunken to fantastic levels; taxes have risen; our ability to pay has fallen; government of all kinds is faced by serious curtailment of income; the means of exchange are frozen in the currents of trade; the withered leaves of industrial enterprise lie on every side; farmers find no markets for their produce; the savings of many years in thousands of families are gone.

More important, a host of unemployed citizens face the grim problem of existence, and an equally great number toil with little return. Only a foolish optimist can deny the dark realities of the moment.

Yet our distress comes from no failure of substance. We are stricken by no plague of locusts. Compared with the perils which our forefathers conquered because they believed and were not afraid, we have still much to be thankful for. Nature still offers her bounty and human efforts have multiplied it. Plenty is at our doorstep, but a generous use of it languishes in the very sight of the supply. Primarily this is because the rulers of the exchange of mankind's goods have failed, through their own stubbornness and their own incompetence, have admitted their failure, and abdicated. Practices of the unscrupulous money changers stand indicted in the court of public opinion, rejected by the hearts and minds of men.

True they have tried, but their efforts have been cast in the pattern of an outworn tradition. Faced by failure of credit they have proposed only the lending of more money. Stripped of the lure of profit by which to induce our people to follow their false leadership, they have resorted to exhortations, pleading tearfully for restored confidence. They know only the rules of a generation of self-seekers. They have no vision, and when there is no vision the people perish.

The money changers have fled from their high seats in the temple of our civilization. We may now restore that temple to the ancient truths. The measure of the restoration lies in the extent to which we apply social values more noble than mere monetary profit.

Happiness lies not in the mere possession of money; it lies in the joy of achievement, in the thrill of creative effort. The joy and moral stimulation of work no longer must be forgotten in the mad chase of evanescent profits. These dark days will be worth all they cost us if they teach us that our true destiny is not to be ministered unto but to minister to ourselves and to our fellow men.

Recognition of the falsity of material wealth as the standard of success goes hand in hand with the abandonment of the false belief that public office and high political position are to be valued only by the standards of pride of place and personal profit; and there must be an end to a conduct in banking and in business which too often has given to a sacred trust the likeness of callous and selfish wrongdoing. Small wonder that confidence languishes, for it thrives only on honesty, on honor, on the sacredness of obligations, on faithful protection, on unselfish performance; without them it cannot live.

Restoration calls, however, not for changes in ethics alone. This Nation asks for action, and action now.

Our greatest primary task is to put people to work. This is no unsolvable problem if we face it wisely and courageously. It can be accomplished in part by direct recruiting by the Government itself, treating the task as we would treat the emergency of a war, but at the same time, through this employment, accomplishing greatly needed projects to stimulate and reorganize the use of our natural resources.

Hand in hand with this we must frankly recognize the overbalance of population in our industrial centers and, by engaging on a national scale in a redistribution, endeavor to provide a better use of the land for those best fitted for the land. The task can be helped by definite efforts to raise the values of agricultural products and with this the power to purchase the output of our cities. It can be helped by preventing realistically the tragedy of the growing loss through foreclosure of our small homes and our farms. It can be helped by insistence that the Federal, State, and local governments act forthwith on the demand that their cost be drastically reduced. It can be helped by the unifying of relief activities which today are often scattered, uneconomical, and unequal. It can be helped by national planning for and supervision of all forms of transportation and of communications and other utilities which have a definitely public character. There are many ways in which it can be helped, but it can never be helped merely by talking about it. We

must act and act quickly.

Finally, in our progress toward a resumption of work we require two safeguards against a return of the evils of the old order; there must be a strict supervision of all banking and credits and investments; there must be an end to speculation with other people's money, and there must be provision for an adequate but sound currency.

There are the lines of attack. I shall presently urge upon a new Congress in special session detailed measures for their fulfillment, and I shall seek the immediate assistance of the several States.

Through this program of action we address ourselves to putting our own national house in order and making income balance outgo. Our international trade relations, though vastly important, are in point of time and necessity secondary to the establishment of a sound national economy. I favor as a practical policy the putting of first things first. I shall spare no effort to restore world trade by international economic readjustment, but the emergency at home cannot wait on that accomplishment.

The basic thought that guides these specific means of national recovery is not narrowly nationalistic. It is the insistence, as a first consideration, upon the interdependence of the various elements in all parts of the United States—a recognition of the old and permanently important manifestation of the American spirit of the pioneer. It is the way to recovery. It is the immediate way. It is the strongest assurance that the recovery will endure.

In the field of world policy I would dedicate this Nation to the policy of the good neighbor—the neighbor who resolutely respects himself and, because he does so, respects the rights of others—the neighbor who respects his obligations and respects the sanctity of his agreements in and with a world of neighbors.

If I read the temper of our people correctly, we now realize as we have never realized before our interdependence on each other; that we can not merely take but we must give as well; that if we are to go forward, we must move as a trained and loyal army willing to sacrifice for the good of a common discipline, because without such discipline no progress is made, no leadership becomes effective. We are, I know, ready and willing to submit our lives and property to such discipline, because it makes possible a leadership which aims at a larger good. This I propose to offer, pledging that the larger purposes will bind upon us all as a sacred obligation with a unity of duty hitherto evoked only in time of armed strife.

With this pledge taken, I assume unhesitatingly the leadership of this great army of our people dedicated to a disciplined attack upon our common problems.

Action in this image and to this end is feasible under the form of government which we have inherited from our ancestors. Our Constitution is so simple and practical that it is possible always to meet extraordinary needs by changes in emphasis and arrangement without loss of essential form. That is why our constitutional system has proved itself the most superbly enduring political mechanism the modern world has produced. It has met every stress of vast expansion of territory, of foreign wars, of bitter internal strife, of world relations.

It is to be hoped that the normal balance of executive and legislative authority may be wholly adequate to meet the unprecedented task before us. But it may be that an unprecedented demand and need for undelayed action may call for temporary departure from that normal balance of public procedure.

I am prepared under my constitutional duty to recommend the measures that a stricken nation in the midst of a stricken world may require. These measures, or such other measures as the Congress may build out of its experience and wisdom, I shall seek, within my constitutional authority, to bring to speedy adoption.

But in the event that the Congress shall fail to take one of these two courses, and in the event that the national emergency is still critical, I shall not evade the clear course of duty that will then confront me. I shall ask the Congress for the one remaining instrument to meet the crisis—broad Executive power to wage a war against the emergency, as great as the power that would be given to me if we were in fact invaded by a foreign foe.

For the trust reposed in me I will return the courage and the devotion that befit the time. I can do no less.

We face the arduous days that lie before us in the warm courage of the national unity; with the clear consciousness of seeking old and precious moral values; with the clean satisfaction that comes from the stern performance of duty by old and young alike. We aim at the assurance of a rounded and permanent national life.

We do not distrust the future of essential democracy. The people of the United States have not failed. In their need they have registered a mandate that they want direct, vigorous action. They have asked for discipline and direction under leadership. They have made me the present instrument of their wishes. In the spirit of the gift I take it.

In this dedication of a Nation we humbly ask the blessing of God. May He protect each and every one of us. May He guide me in the days to come.

ဘာသာပြန်

ကျွန်တော် သမ္မတရာထူး လက်ခံချိန်မှာ အခြေအနေအရ တိုင်းပြည်က လိုအပ်နေတဲ့ ဆုံးဖြတ်ချက်အကြောင်း ဘွင်းဘွင်းပြောဖို့ နိုင်ငံသားများက မျှော်လင့်ထားမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်။ ခုချိန်ဟာ အမှန်ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း၊ ရဲရဲရင့်ရင့် ပြောရမယ့် တကယ့်အချိန်ခင်ဗျ။ ဒီနေ့ နိုင်ငံက ကြုံတွေ့နေတဲ့ အခြေအနေကို ရိုးရိုးဖြောင့်ဖြောင့် ရင်မဆိုင်ပဲ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေရမဲ့ အခါမဟုတ်ဘူး။ ဒီနိုင်ငံကြီးဟာ ရှေးက ခံနိုင်ရည်ရှိခဲ့သလို ရှေ့ဆက်ပြီးလည်း ခံနိုင်ရည်ရှိမှာပါ။ နာလန်ထူမှာပါ။ ကြီးပွားတိုးတက်ဦးမှာပါ။ ဒါကြောင့် ပထမဆုံး ကျွန်တော်အလေးအနက် ယုံကြည်တာကို ပြောပါရစေ။

ကျွန်တော်တို့ ကြောက်စရာဆိုလို့ ကြောက်စိတ်ပဲရှိတယ်ခင်ဗျာ။ နာမည်တပ်မရတဲ့ တစေ ္ဆခင်ဗျ။ ဆင်ခြင်တုံတရားမရှိလို့ အကြောင်းမဲ့သက်သက် တစေ ္ဆအခြောက်ခံနေရတာပါ။ နောက်ဆုတ်နေရာက ရှေ့ပြန်မလှည့်နိုင်အောင် ဘာမှကြိုးစားမရအောင် အဲဒီတစ္ဆေက ဇိကုပ်ထားတယ်ခင်ဗျ။ နိုင်ငံမှာ အမှောင်ကျသည့်အခါတိုင်း လူထုရဲ့ နားလည်မှုနဲ့ အားပေးထောက်ခံမှုကို ခေါင်းဆောင်များက ရစမြဲဖြစ်ပါတယ်။ အောင်ပွဲရဖို့ ဒီနားလည်မှုနဲ့ ထောက်ခံမှုလိုပါတယ်။ ခုလို အရေးပေါ်နေချိန်မှာ ခေါင်းဆောင်များကို ခင်ဗျားတို့တတွေက အားပေးကြမယ်၊ ထောက်ခံကြမယ်ဆိုတာ ကျွန်တော် မမှိတ်မသုန် ယုံကြည်ပါတယ်။

ကျွန်တော့်ဖက်ကရော ခင်ဗျားတို့ဖက်ကပါ ဒီစိတ်ဓာတ်ကို နှလုံးသွင်းပြီး အတူကြုံနေကြတဲ့ ပြဿနာကို ရင်ဆိုင်ကြရအောင်။ ပြဿနာတွေက ဘုရားကျေးဇူးတော်ကြောင့်ပေါ့လေ။ ရုပ်ဝတ္ထုပိုင်းနဲ့ပဲ သက်ဆိုင်ပါတယ်။ ကုန်ပစ္စည်းတွေက ဈေးတက်လိုက်တာ၊ မယုံနိုင်အောင်ပဲဗျာ။ အခွန်အထုပ်တွေကကြီးပဲ့။ ကျွန်တော်တို့ပေးနိုင်တာက နည်းနေပြန်ရော။ အစိုးရဌာနပေါင်းစုံလည်း ရံပုံငွေတွေ ဖြတ်တောက်ခံရပြီ။ ငွေကြေးဖလှယ်မှုကလည်း ကုန်သွယ်ရေးနဲ့အတူ ရပ်တန့်သွားပြီ။ စက်မှုလုပ်ငန်းတွေလည်း လမ်းဘေးသစ်ရွက်ခြောက်လို ပြန့်ကျဲနေပြီ။ တောင်သူလယ်သမားတွေ ရောင်းချစရာ လယ်ယာထွက်ကုန်ဈေးကွက် ပိတ်နေပြီ။ သိန်းသောင်းချီတဲ့ မိသားစုတွေ နှစ်ပေါင်းများစွာ စုဆောင်းထားတဲ့ စုငွေတွေလည်း သွားပြီခင်ဗျာ။

ပိုအရေးကြီးတာက အလုပ်လက်မဲ့တွေ တပြုံကြီးရဲ့ ဘဝရပ်တည်ရေး ခင်ဗျာ့။ ခု အခက်ကြုံနေကြတယ်။ အဲသလောက် များပြားတဲ့ လူတွေခမျာ ကျူးရုံးလုပ်နေကြပေမဲ့ ဝင်ငွေက မဖြစ်စလောက်။ လူမိုက်အကောင်းမြင်သမားပဲ လက်ရှိအခြေအနေကို ဆိုးကိုမဆိုးပါဘူးလို့ ဘူးကွယ်လိမ့်မယ်။

ဒါပေမဲ့ ဒုက္ခကြုံနေကြရတာက ပြောလောက်အောင် ချွတ်ယွင်းပျက်ကွက်ကြလို့ဖြစ်ရတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သီးနှံဖျက်ပိုးအုပ်ကြီး အတွယ်မခံရပါဘူး။ ကျွန်တော်တို့ ဘိုးဘေးတွေ ကြုံခဲ့ဖူးတဲ့ ဒုက္ခသုက္ခတွေနဲ့စာတော့ ကျွန်တော်တို့က အများကြီးခံသာပါတယ်။ ဘိုးဘေးတွေကတော့ ယုံကြည်စိတ်လည်းရှိတယ်။ ကြောက်လည်းမကြောက်တတ်ဘူး။ သဘာဝသယံဇာတတွေ အများကြီးရှိနေတယ်။ လူစွမ်းပကားနဲ့ အဲဒီ သယံဇာတတွေကို ကုန်ပစ္စည်းဖြစ်အောင်လုပ်တယ်။ အိမ်ရှေ့မှာ တပုံတပင်ကြီးရှိတယ်ဗျာ။ ဒါပေမဲ့ သုံးမယ်လုပ်တော့ ရောင်းနေတာကို တွေ့နေရပေမဲ့ ပေါပေါများများ ဝယ်မသုံးနိုင်ကြဘူး။ ဒီလိုဖြစ်ရတာက ကုန်စည်ရောင်းဝယ်တဲ့ ကုန်သွယ်ရေးလောကကို ဦးဆောင်သူတွေ အချိုးမကျလို့ဖြစ်ရတာ။ ဒီလူတွေက ခေါင်းမာသလားမပြောနဲ့။ လုပ်ရည်ကိုင်ရည်ကလည်း ညံ့ဗျာ။ ခုတော့ ဒီကိစ္စကြီးကို သူတို့မနိုင်ပါဘူးလို့ ဝန်ခံလိုက်ပြီ။ လက်လျော့သွားပြီ။ သိက္ခာမဲ့တဲ့ ငွေပွဲစားတွေ ပြည်သူ့ခုံရုံးရောက်ကုန်ပြီ။ ပြည်သူ့သဘောထားက သူတို့ကိုစီရင်ပြီ။ သူတို့ကို ပြည်သူ အော့ကြောလန်သွားပြီခင်ဗျာ။

မှန်ပါတယ်။ သူတို့ကြိုးကြိုးစားစား လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့လုပ်ပုံက ခေတ်နောက်ပြန်နေတယ်။ ငွေကြေးအခက်ကြုံလာတော့ ထပ်ပြီး ငွေချေးဖို့ပဲ သူတို့က တောင်းလာတယ်။ အမြတ်အစွန်းတွေက မလာတော့ဘူး။ ပြည်သူတွေကို အမြတ်ပြပြီး မျှားလို့မရတော့ဘူး။ ဒီတော့ သူတို့က ပြောလာတယ်။ အမလေး မျက်ရည်ခံထိုးပြီး ဆင်ခြေဆင်လက်တွေနဲ့ဗျာ၊ ဩဝါဒတောင် ပါလိုက်သေး။ သူတို့ကို ယုံကြည်ပါတဲ့။ ငိုဘ သမား မျိုးဆက်တစ်ဆက် ဖွင့်ခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေပဲ သူတို့သိတာကိုး။ သူတို့က အမြော်အမြင်မှမရှိတာ။ သူတို့ အမြော်အမြင်မရှိတော့ ပြည်သူတွေ ဒုက္ခရောက်ပြီလေ။

ခုတော့ ငွေပွဲစားတွေ ဘုံဗိမာန်ကြီး(စတော့အိတ်ချိန်း)ပေါ်က ဆင်းပြေးကြပြီ။ အဲဒီဗိမာန်ကြီးကို ရှေးထုံးသစ္စာတရားနဲ့ ကိုက်ညီအောင် ပြင်ဆင်ချင်ရင် ပြင်ဆင်လို့ရပါပြီ။ ဘယ်လောက်အထိ ပြင်ဆင်နိုင်မလဲ။ ဒါကတော့ ငွေကြေးအမြတ်အစွန်းထက် လူထုအကျိုးစီးပွားကို ဘယ်လောက်အထိ လုပ်ပေးမလဲဆိုတဲ့ အချက်ပေါ် မူတည်ပါတယ်။

ပိုက်ဆံရှိရုံနဲ့ ချမ်းသာပီတိမရဘူးခင်ဗျာ။

လူစွမ်းလူစပြနိုင်မှ ပီတိဖြစ်ဖို့ကောင်းတာ၊

ကိုယ်ကလုပ်ပြနိုင်မှ စိတ်လှုပ်ရှားစရာဖြစ်တာ၊ အဲဒါမှ ကြည်နူးဖို့ကောင်းတာ။

ငွေနောက်တကောက်ကောက်လိုက်နေရင်တော့ ကိုယ်လုပ်တဲ့ အလုပ်ကို ကိုယ်ကြည်နူးရကောင်းမှန်းမသိပေဘူး။ အလုပ်အတွက် စိတ်အားတက်ရတာမျိုး မဖြစ်နိုင်ဘူး။ ငွေရရင် ကျန်တာအကုန်မေ့ မဖြစ်သင့်ပါဘူး။ တကယ့်ကုသိုလ်ဆိုတာ သူများလုပ်ပေးလို့ရတာ မဟုတ်ဘူးခင်ဗျ။ ကာယကံမြောက်လုပ်မှ အတ္တပရကုသိုလ် အကျိုးပေးမယ့်ကံ မြောက်ပါတယ်။ ခုလို အမှောင်ဖုံးနေတဲ့ ရက်တွေကြောင့် ကျွန်တော်တို့ အသိတရားရမယ်ဆိုရင်တော့ ဒီရက်တွေမှာ ပေးဆပ်ရတာ တန်ပါတယ်။

ဥစ္စာမနက္ခြယ်ဝတာက အောင်မြင်မှုရဲ့ သင်္ကေတမဟုတ်ပါဘူးခင်ဗျာ။ ဒီအသိတရားနှင့်အတူ ရာထူးရာခံတွေ နိုင်ငံရေးရာထူးတွေရရင် ဂုဏ်ရှိတယ်။ ကိုယ်ကျိုးစီးပွားဖြစ်ထွန်းမယ်ဆိုတဲ့ လွဲမှားတဲ့အမြင်ကို ရှောင်ရှားကြဖို့ လိုပါတယ်။ ဒီပြင် ဘဏ်လုပ်ငန်းနဲ့ ကုန်သွယ်မှုမှာ ယုံကြည်အပ်နှံတာကို လက်လွတ်စပယ်လုပ်တာမျိုး၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်တာမျိုး ဒါတွေ ရပ်တန်းကရပ်ကြမှဖြစ်မယ်။ ယုံကြည်မှုကျဆင်းတာ အံ့သြစရာမဟုတ်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ယုံကြည်မှုက ရိုးသားမှုရှိမှ ဖြစ်ထွန်းနိုင်တယ်။ သိက္ခာရှိမှဖြစ်ထွန်းနိုင်တယ်။ ကတိတည်မှဖြစ်ထွန်းနိုင်တယ်။ သစ္စာရှိရှိ ကာကွယ်စောင့်ရှောက်မှ ဖြစ်ထွန်းနိုင်တယ်။ ကိုယ်ကျိုးမငဲ့ပဲ လုပ်ပြမှ ဖြစ်ထွန်းနိုင်တယ်။ သို့မဟုတ်လျှင်တော့ ဘယ်ကလာ ယုံကြည်မှုဖြစ်မလဲ။

ယုံကြည်မှုပြန်လည်ရရှိဖို့က ကျင့်ဝတ်သိက္ခာပိုင်းပြင်ရုံနှင့် မရနိုင်ဘူး။ လုပ်ပြဖို့ တစ်နိုင်ငံလုံးက တောင်းဆိုနေပြီ။ ချက်ချင်းလက်ငင်း လုပ်ကြရမှာခင်ဗျာ။ ကျွန်တော်တို့လုပ်ရမဲ့ အကြီးမားဆုံး အခြေခံအကျဆုံးလုပ်ငန်းကတော့ ပြည်သူတွေကို အလုပ်ရှာပေးဖို့ပါပဲ။ အမြော်အမြင်ရှိရှိ သတ္တိရှိရှိနဲ့ ကိုင်တွယ်ရင် ဒါက ရှင်းမရတဲ့ ပြဿနာမဟုတ်ပါဘူး။ ဒီပြဿနာရှင်းပေးဖို့ အစိုးရကိုယ်တိုင်က တိုက်ရိုက်အလုပ်ပေးနိုင်ပါတယ်။ စစ်မက်ဖြစ်ပွားတဲ့ အရေးပေါ် အခြေအနေမျိုးသဘောထားပြီး လုပ်ရမှာပါ။ သို့သော် ဒီအလုပ်တွေပေးပြီး လိုအပ်နေတဲ့ စီမံကိန်းကြီးတွေကို အကောင်အထည်ဖော်ပြီး သယံဇာတ ထုတ်ယူသုံးစွဲမှုကို ပြန်လည်ထူထောင်ရမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ရင်းနဲ့ တစ်ဖက်က ကျွန်တော်တို့ စက်မှုလုပ်ငန်းခွင်တွေမှာ လူများလွန်းနေတဲ့ ကိစ္စကို ရိုးရိုးသားသားရှင်းပြီး အသိအမှတ်ပြုဖို့လိုပါတယ်။ ဒီတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပိုနေတဲ့လူတွေကို လိုနေတဲ့နေရာ ပို့ပေးရမယ်။ ရှိတဲ့လယ်ယာကို လယ်ယာနဲ့ ထိုက်တန်သူတွေကို လုပ်ခွင့်ပေးရမယ်။ မြေကိုအကျိုးရှိအောင် သုံးရမယ်။ ဒီလုပ်ငန်းအောင်မြင်ဖို့

လယ်ယာထွက်ကုန်သီးနှံတွေကို စျေးနှုန်းတက်ပေးနိုင်အောင် တကယ်လုပ်ရလိမ့်မယ်။ ဒီလိုလုပ်ပေးမှ တောင်သူလယ်သမားတွေ ဝင်ငွေတိုးပြီး မြို့ကြီးပြကြီးက ထွက်ကုန်တွေကို ပိုမိုဝယ်ယူနိုင်ကြမယ်။

အဲဒီကိစ္စအောင်မြင်ဖို့ အကြွေးဝယ်ထားတဲ့ အိမ်ကလေးတွေ လယ်ယာမြေကွက်ကလေးတွေကို ငွေမပြေမီ ထိုးအပ်ရတဲ့ အဖြစ်ဆိုး မကျရောက်အောင် ကာကွယ်ပေးရလိမ့်မယ်။ အဲဒီကိစ္စအောင်မြင်ဖို့ ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တွေကို ကုန်ကျစရိတ်တွေလျော့ပေါ့အောင် ပြည်သူတွေကတောင်းဆိုပြီး၊ အဲဒီ တောင်းဆိုချက်ကို ချက်ချင်းလိုက်လျောအောင် လုပ်ရလိမ့်မယ်။ အဲဒီလုပ်ငန်း အောင်မြင်ဖို့ ဒီနေ့လုပ်နေကြတဲ့ ကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေ ပြန့်ကျဲပြီး ငွေကုန်ကျီးမနပ်၊ ရသင့်သူမရ၊ မရသင့်သူရ ဖြစ်နေတာကို ပြန်လည်စုစည်းပြီး ပြင်ဆင်လုပ်ဆောင်ရလိမ့်မယ်။ အဲဒီလုပ်ငန်းအောင်မြင်ဖို့ အများပြည်သူသုံးဖြစ်တဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေကို နိုင်ငံတော်က စီမံကိန်းချမှတ်ပြီး ကြီးကြပ်စီမံပေးရလိမ့်မယ်။ ဒီလုပ်ငန်းအောင်မြင်ဖို့ လုပ်ပေးနိုင်တာတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ လေနဲ့လုပ်နေရုံကတော့ ဘာမှဖြစ်လာစရာ မရှိပါဘူးခင်ဗျာ။ ကျွန်တော်တို့လုပ်မှဖြစ်မယ်။ ချက်ချင်းကိုလုပ်ရမှာ။

နောက်ဆုံးအနေနဲ့ အလုပ်အကိုင်တွေ ပြန်လည်ရရှိအောင် လုပ်ဆောင်ရာမှာ ရှေးစနစ်ဟောင်းကြောင့်ဖြစ်တဲ့ အနိဋ္ဌာရုံတွေ မပေါ်ပေါက်ရအောင် အကာအကွယ်နှစ်မျိုး လုပ်ဆောင်ပေးရပါမယ်။ ဘဏ်လုပ်ငန်း ငွေပေးငွေယူအလုပ်နဲ့ ရင်းနှီးမြှုပ်နှံမှုကို တိတိကျကျ စည်းကမ်းကလနားနဲ့ ကြီးကြပ်ပေးရမယ်။ သူများငွေကိုင်ပြီး အမြတ်ရချင်ဇောနဲ့ ပုံအောတဲ့အလုပ် ရပ်တန်းကရပ်အောင် လုပ်ရမယ်။ ပြီးတော့ ငွေကြေးခိုင်မာတောင့်တင်းအောင် လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေ ဥပဒေတွေ ပြဋ္ဌာန်းပေးရမယ်။

လုပ်ကိုင်နိုင်တဲ့နည်းလမ်းတွေ အများကြီးပါ။ ဒီကိစ္စတွေအတွက် အသေးစိတ်လုပ်ငန်းစဉ်ချမှတ်နိုင်အောင် အသစ်ရွေးကောက်ထားတဲ့ ကွန်ဂရက်လွှတ်တော်က အထူးအစည်းအဝေးကျင်းပပြီး လုပ်ဆောင်ပေးဖို့ ကျွန်တော် အမြန်ဆုံးတိုက်တွန်းနှိုးဆော်ပါမယ်။ ပြီးတော့ ပြည်နယ်များကလည်း ဝိုင်းဝန်းကူညီကြဖို့ ကျွန်တော်တောင်းခံပါတယ်။

ဒီအစီအစဉ်တိုင်း လုပ်ဆောင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး တည်ငြိမ်လာပြီး အရန်အသုံး ထေမိလာမယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးက အလွန်အရေးကြီးတာမှန်ပါတယ်။ သို့ပေမဲ့ ဒီနေ့အခြေအနေမှာတော့ သူက ဒုတိယနေရာယူပြီး အမျိုးသားစီးပွားရေး အခြေခိုင်အောင်လုပ်ဖို့က ပထမဖြစ်ပါတယ်။ လက်တွေ့ကျတဲ့ မူဝါဒအနေနဲ့ အရင်ဟာအရင်လုပ်တာကိုပဲ ကျွန်တော်လိုလားတယ်။ ကမ္ဘာ့ကုန်သွယ်ရေး ပြန်လည်ဖြစ်ထွန်းအောင် နိုင်ငံစုံ စီးပွားရေး ညှိနှိုင်းပြီး အားပေးဖို့ ကျွန်တော်အစွမ်းကုန်လုပ်ပါမယ်။ သို့သော် ကိုယ့်ပြည်တွင်းအရေးပေါ် ဖြစ်နေတာကြောင့် အဲဒီကိစ္စကို စောင့်မနေနိုင်ပါဘူး။

နိုင်ငံစီးပွားရေး နာလန်ထူအောင် လုပ်ရာမှာ လမ်းစဉ်ချပေးတဲ့ အခြေခံတွေးခေါ်စဉ်းစားပုံက ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒပေါ် မူတည်လို့ မဖြစ်ပါဘူး။

တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ မူဝါဒရေးရာမှာတော့ ကျွန်တော်တို့နိုင်ငံကို အိမ်နီးချင်းကောင်းပီသသူအဖြစ် ကျင့်သုံးသွားပါမယ်။ မိမိကိုယ်မိမိ ရှိသေလေးစားတဲ့ အိမ်နီးချင်းအဖြစ် ဒီလိုကျင့်တဲ့အတွက် သူတစ်ပါးရဲ့ အခွင့်အရေးကိုလည်း လေးစားရှိသေသူဖြစ်အောင် ကိုယ့်ဘက်က တာဝန်ကို လေးစားကျေပွန်ပြီး တစ်ကမ္ဘာလုံးနဲ့ရေ အိမ်နီးချင်းတွေနဲ့ပါ ကိုယ်ထားရှိတဲ့ ကတိဝတ်တွေကို ဦးထိပ်ပန်ဆင်ပြီး လုပ်ကိုင်သွားမယ့် အိမ်နီးချင်းဖြစ်ပါတယ်။

လူထုရဲ့စိတ်သဘောကို ကျနော်အကဲခတ်တာ မှန်မယ်ဆိုရင်ပေါ့လေ။ ကျွန်တော်တို့တစ်တွေ တစ်ဦးပေါ်တစ်ဦး အပြန်အလှန် အမီသဟဲ ပြုနေကြရတယ်ဆိုတာ အခုသိလာကြပါပြီ။ ရှေးကသိပုံနဲ့ မတူတဲ့ အသိပါ။ ကိုယ်ကချည်းယူနေလို့ မဖြစ်ဘူး၊ ကိုယ်ကလည်း ပေးရလိမ့်မယ်ဆိုတာ သိလာကြပါပြီ။ ကျွန်တော်တို့ ရှေ့သို့တက်လှမ်းမယ်ဆိုရင် ကျင့်သားရပြီး သစ္စာစောင့်သိတဲ့ စစ်တပ်ကြီးလို ချီကြရလိမ့်မယ်။ အားလုံးအတူတကွ စည်းကမ်းရှိအောင် စွန့်လွှတ်ချင်စိတ် လိုလိုလားလားရှိရမယ်။ ဘာကြောင့်ဆိုတော့ စည်းကမ်းမဲ့ရင် ဘာတိုးတက်မှုမှ မရရှိနိုင်ဘူး။ ဘယ်ခေါင်းဆောင်မှ အရာရောက်အောင် ရှေ့မဆောင်နိုင်တဲ့အတွက်ပါပဲ။ ကျွန်တော်သိပါတယ်။ အဲဒီလို စည်းကမ်းရှိကြဖို့ ကိုယ့်ဘဝနဲ့စည်းစိမ်ကို စွန့်ဖို့ လိုလိုလားလား ရှိနေကြပါပြီ။ ဘာကြောင့်တုန်းဆိုတော့ ဒီလိုလုပ်ခြင်းဖြင့် အားလုံးကောင်းစားဖို့ရှေ့ဆောင်တဲ့ခေါင်းဆောင်ရဲ့ လုပ်ငန်းအောင်မြင်မှာမို့ဖြစ်ပါတယ်။ ဒီလိုပဲ လုပ်ကိုင်သွားမယ်လို့ ကျွန်တော်တင်ပြရင်း

စစ်ဖြစ်ချိန်မှာသာ ဖြစ်ပေါ်တတ်တဲ့ စည်းလုံးညီညွတ်မှုမျိုးနဲ့ ကြီးမြတ်တဲ့ ရည်မှန်းချက်ပေါက်မြောက်ဖို့ မွန်မြတ်သောတာဝန်က ကျွန်တော်တို့အားလုံးကို စည်းလုံးညီညွတ်အောင် စုစည်းပါစေသတည်းလို့ ကျွန်တော် သစ္စာပြုဆုတောင်းပါတယ်။

ယခု ကျွန်တော် ကျမ်းသစ္စာကျိန်ဆိုပြီး ဘုံပြဿနာကို ရင်ဆိုင်ကျော်လွှားဖို့၊ စည်းကမ်းသေဝပ်စွာ ကျင့်ကြံကြမယ့် လူထုကြီးရဲ့ ခေါင်းဆောင်အဖြစ် တာဝန်ကြီးကို ဦးလည်မသုန် ထမ်းဆောင်ဖို့ လက်ခံလိုက်ပါပြီ။

ကျွန်တော်တို့ ဘိုးဘေးများထံမှာ အမွေခံထားတဲ့ ယခုအစိုးရပုံစံမျိုးနဲ့ ယခုပြောတဲ့ ရည်မှန်းချက်နဲ့ပန်းတိုင်ကို အရောက်ချီနိုင်ပါတယ်။ ကျွန်တော်တို့ အခြေခံဥပဒေက အလွန်ရိုးရှင်းပြီး လက်တွေ့ကျပါတယ်။ ထူးထူးခြားခြား လိုရင်လိုသလို မူရင်းပုံစံမပျောက်အောင် ထိန်းပြီး အလေးပေးနိုင် စီမံနိုင်ပါတယ်။ ဒါကြောင့်ပဲ ကမ္ဘာမှာ ပေါ်ထွက်ခဲ့သမျှ အခြေခံဥပဒေများအနက် ကျွန်တော်တို့အခြေခံဥပဒေက ထူးထူးခြားခြား သက်တမ်းရှည် နိုင်ငံရေးနည်းစနစ် ဖြစ်နေပါတယ်။ နယ်မြေအကျယ်ကြီး ချဲ့ထွင်လို့ ပေါ်ပေါက်တဲ့ ပြဿနာအားလုံးကို ရှင်းနိုင်ခဲ့တယ်။ နိုင်ငံခြားနဲ့ စစ်မက်ဖြစ်ခဲ့တာတွေကိုလည်း ရင်ဆိုင်နိုင်ခဲ့တယ်။ ပြည်တွင်းအပြင်းအထန် ပဋိပက္ခကိုလည်း ကျော်လွှားခဲ့တယ်။ ကမ္ဘာ့နိုင်ငံများနဲ့ ဆက်ဆံရေးမှာလည်း ပြဿနာတွေ ပြေလည်ခဲ့တယ်။

ကျွန်တော်တို့ မကြုံစဖူးရင်ဆိုင်နေရတဲ့ ပြဿနာကို ဖြေရှင်းဖို့ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေး အာဏာခွဲဝေပေးထားပုံဟာ ပုံမှန်ရှိမြဲအတိုင်းပဲ လုံလောက်လိမ့်မယ်လို့ ယူဆရပါတယ်။ သို့သော်လည်း မကြုံစဖူး လိုအပ်ချက်ပေါ်လာလို့ ပုံမှန်အာဏာမျှဝေပြီး ပြည်သူ့ရေးရာဆောင်ရွက်တာကို လုပ်ရိုးလုပ်စဉ်နည်းလမ်းက သွေဖယ်လုပ်ကိုင်ဖို့လည်း မနေးအမြန် လိုအပ်ချင် လိုအပ်လာပေလိမ့်မယ်။

အထိနာနေတဲ့ကမ္ဘာမှာ အထိနာနေတဲ့ နိုင်ငံအတွက် အခြေခံဥပဒေအရ ကျွန်တော့်မှာတာဝန်ရှိသည့်အတိုင်း လုပ်စရာတွေလုပ်ပေးပါလို့ ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီလုပ်သင့်တာတွေလုပ်ဖို့ သို့မဟုတ် ကွန်ဂရက်က သူ့အတွေ့အကြုံ အမြော်အမြင်ရှိသည့်အတိုင်း ချမှတ်မည့်လုပ်ငန်းစဉ်များကို အမြန်ဆုံး ဆုံးဖြတ်ပြဋ္ဌာန်းပေးရန် အခြေခံဥပဒေအရ ကျွန်တော်ရဲ့လုပ်ပိုင်ခွင့် ဘောင်ထဲကနေပြီး လုပ်ဆောင်သွားပါမယ်။

သို့ပေမဲ့ တကယ်လို့ ကွန်ဂရက်က ဒီလမ်းနှစ်သွယ်အနက် ဘယ်လမ်းကိုမှ မလိုက်ဖူး။ ပြီးတော့နိုင်ငံရဲ့ အရေးပေါ်အခြေအနေကလည်း သိပ်ပြီး သည်း နေပြီဆိုလျှင်တော့ ကျွန်တော့်မှာ တာဝန်ရှိတဲ့အတိုင်း လုပ်စရာရှိတာလုပ်ဖို့ ကျွန်တော်တွန့်ဆုတ်မှာ မဟုတ်ပါဘူး။ အရေးပေါ်အခြေအနေကို ကိုင်တွယ်ဖို့ အခွင့်အာဏာကို ကျွန်တော်ကွန်ဂရက်မှ တောင်းခံပါမယ်။ အရေးပေါ်အခြေအနေကို တိုက်ပွဲဆင်နိုင်ဖို့ စီမံခန့်ခွဲမှု အာဏာများများ တောင်းမယ်။ တိုင်းတစ်ပါးက ဝင်ရောက်ကျူးကျော်တဲ့ အချိန်မျိုးမှာ ကျွန်တော့်ကို ပေးအပ်မည့်အာဏာမျိုးကို ပေးပါလို့ တောင်းခံပါတယ်။

ကျွန်တော့်အပေါ် ယုံကြည်ကိုးစားတဲ့အတွက် ကျွန်တော်က ပြန်လည်ပြီး အချိန်အခါနှင့်လိုက်အောင် သတ္တိရှိရှိ ဦးဆွေးဆံမြည့် ထမ်းဆောင်သွားပါမယ်။ ကျွန်တော် ဒီလိုမလုပ်လို့ ဘယ်ဖြစ်မလဲခင်ဗျာ။

ရှေ့လျှောက်ပြီး ကျုံးရုံးလုပ်ကြကိုင်ကြရမှာမို့ သတ္တိရှိရှိ၊ တစ်နိုင်ငံလုံး ညီညီညွတ်ညွတ် လုပ်ကြရပါလိမ့်မယ်။ စိတ်ရှင်းရှင်းထားပြီး အမြတ်တနိုးထားအပ်တဲ့ စာရိတ္တတန်ဖိုးတက်အောင် လုပ်ကြရမယ်။ လူကြီးရော လူငယ်ပါ ကိုယ့်တာကိုယ်လုံအောင် လုပ်ဆောင်ပြီး ငါတော့ တာဝန်ကျေပွန်ပေပြီလို့ နှစ်သိမ့်ကျေနပ်နိုင်အောင် လုပ်ကြပါ။ အဖက်ဖက်က ပြည့်စုံပြီး တည်မြဲတဲ့ နိုင်ငံဖြစ်အောင် မျှော်မှန်းစွမ်းဆောင်ကြပါ။

မရှိမဖြစ်တဲ့ ဒီမိုကရေစီရဲ့ အနာဂတ်ရေးကို ကျွန်တော်တို့ မယုံမကြည် မဖြစ်ပါဘူး။ အမေရိကန်ပြည်ထောင်စု နိုင်ငံသားများဘက်က ပျက်ကွက်တာ မရှိပါဘူး။ လိုအပ်လာချိန်မှာ ထိထိရောက်ရောက် စွမ်းစွမ်းတမံ လုပ်ကိုင်ပေးစေလိုကြောင်း ဆန္ဒသဘောထားကို ပြသပြီးဖြစ်တယ်။ စည်းကမ်းရှိကြဖို့ ခေါင်းဆောင်က လမ်းညွှန်ပြသပြီး ရှေ့ဆောင်ဖို့လိုလားကြောင်း ပြသပြီးဖြစ်ပါတယ်။ သူတို့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ကျွန်တော့်ကို တာဝန်ပေးလိုက်ပါပြီ။ စေတနာနဲ့ ကမ်းလာတာဆိုတော့ ကျွန်တော်က စေတနာနဲ့ တုံ့ပြန်ပြီး တာဝန်ကို လက်ခံပါတယ်။

နိုင်ငံတော်အတွက် ယခုပြုအပ်သော ကတိသစ္စာကို ခံယူရင်း ဘုရားစောင်မဖို့ ကျွန်တော်ဆုတောင်းပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတိုင်းကို ဘုရားစောင့်ရှောက်ပါစေသတည်း။ ကြုံလာမည့်နေ့ရက်များတွင် ကျွန်တော့်အား ဘုရားလမ်းညွှန်ပြသပါစေသတည်း။

♣♣♣♣♣

ဝေဖန်သုံးသပ်ချက်

စီးပွားရေးဆုတ်ယုတ်ပြီး နိုင်ငံက စိတ်ဓာတ်ကျနေချိန်၌ ရုစဗဲ့က ဤမိန့်ခွန်းကို ပြောဆိုခြင်းဖြစ်သည်။ အားတက်စေမည့် စကားနှင့်ဖွင့်သည်။ ပွင့်ပွင့်လင်းလင်း မခြွင်းမချန်ပြောပါမည်ဟု စတင်ပြီး "... the only thing we have to fear is fear itself.." ဟု မိန့်ခွန်း အစပိုင်းတွင် ကြောက်စိတ်ဖြေပေးလိုက်သည်။ အားဆေးမိန့်ခွန်းအဖြစ်တွင်၏။

ရင်ဆိုင်နေရသော ပြဿနာများကို ဝါကျတိုတို စကားလုံးလွယ်လွယ်နှင့် ဆက်တိုက်ပြောသည်။

Values have shrunken to fantastic levels;

taxes have risen;

our ability to pay has fallen;

the savings of many years in thousands of families are gone.

ဝါကျတိုတိုတွေကို ဆက်ထားသော ဝါကျရှည်ဖြစ်သည်။ အဓိပ္ပာယ်ရှင်းသည်။ လွယ်လွယ်ဝေါဟာရတွေ သုံးသောကြောင့် အဓိပ္ပာယ်ပီပြင်သည်။ သို့သော် ဤဒုက္ခသုက္ခများ ဖြစ်ရသည်က ပြည်သူတို့ကြောင့် ဖြစ်ရသည်မဟုတ်။ ဝိုဘ သမား ငွေရှင်ကြေးရှင်တို့ကြောင့် ဖြစ်သည်ဟုဆိုသည်။ They have no vision အမြော်အမြင်မရှိသူတွေဟု ဝေဖန်လိုက်၏။ ငွေကြေးလောကဏ္ဍ ဖရိုဖရဲကို ပြောပြပြီးနောက် ဘဝအောင်မြင်မှုကို ပိုက်ဆံနှင့် မတိုင်းတာအပ်ကြောင်း၊ အခြေအနေကို ပြင်ဖို့လုပ်ပြရန် တိုင်းပြည်က တောင်းဆိုနေပြီ၊ ချက်ချင်းလုပ်ရမည်။

The Nation asks for action, and action now.

ဟု အရေးတကြီး လုပ်ကိုင်စရာရှိကြောင်း ဆော်သြ၏။ အလွန်ထိရောက်သော ဝါကျတိုနှစ်ခု ဖြစ်၏။ ဆက်လက်ပြီး အလုပ်လက်မဲ့သူတွေကို အလုပ်ရှာပေးရမည့်အကြောင်း၊ လုပ်ကိုင်နိုင်မည့်နည်းလမ်းများကိုပါ ပြောပြသည်။

The task can be helped .. နှင့် စတင်ပြီး

It can be helped.....

It can be helped.....

.....

ငါးကြိမ်ငါးခါ It can be helped .. နှင့် လုပ်သင့်လုပ်အပ်သော လုပ်ငန်းများကို ပြောသည်။ ပြီးတော့ We must act and act quickly ဖြင့် ထိုအကြောင်းအရာကို ပိတ်သည်။ အထက်တွင် The Nation asks for action, and action now ဟု ပြောခဲ့ပြီးဖြစ်သဖြင့် ယခုပြောသော We must act and act quickly သည် အလွန်လေးနက်သွား၏။ ဝါကျတိုသဖြင့် ထိရောက်သော တောင်းဆိုမှုကို နှစ်ကြိမ်တောင်းဆိုခြင်းလည်းဖြစ်၏။ act နှင့် action ကို ထပ်ခါထပ်ခါ ပြောသည်ကို သတိပြုသင့်ပေသည်။

ထို့နောက် ဘဏ်နှင့် ငွေကြေးစနစ်ပြုပြင်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးကိုပြော၏။ ကျဉ်းမြောင်းသော အမျိုးသားရေး စိတ်ဓာတ်အပေါ် အခြေမခံပါဟု ဆို၏။ I would dedicate this Nation to the policy of good neighbour ဟု ဆိုပြီး အိမ်နီးချင်းကောင်းကျင့်ဝတ်ကို ပြောဆိုပြန်၏။ နောက် အခြေခံဥပဒေနှင့်မူဝါဒရေးရာ ပြောင်းစရာပြင်စရာမလိုပါ။ သင့်တင့်အောင် အဓိပ္ပာယ်ဖွင့်ပြီး အသုံးချ၍ရနိုင်ကြောင်း၊ လိုအပ်လျှင် ကွန်ဂရက်က သူ့ကို အာဏာပိုပေးဖို့ တောင်းခံသည်။

အာဏာကို ယုံကြည်အပ်နှံသည့်အတွက် သတ္တိရှိရှိ သစ္စာရှိရှိ တာဝန်ထမ်းရွက်ပါမည်ဟု ကတိပြုလေသည်။ နောက်ဆုံး ဘုရားထံ ဆုတောင်းခန်းနှင့် နိဂုံးချုပ်သည်။ အကြောင်းအရာအနေနှင့် သမ္မတသစ်က လူတိုင်းအားရှိစရာ ကတိစကားဆိုသဖြင့် ကောင်းသောစကား ဖြစ်ပေသည်။

အသုံးအနှုန်းနှင့် စကားလုံးဖွဲ့နွဲ့ပုံကလည်း တစ်မူထူးပေသည်။ အောက်ပါ စကားများ မှတ်သားဖွယ်ကောင်း၏။

♣ the time to speak the truth, the whole truth. (truth ကို နှစ်ခါထပ်ပြီး အလေးအနက်ပြုရုံမက နာမဝိသေသန whole ကပါ အားဖြည့်သည်)

♣ This great Nation will endure as it has endured (endure ကို နှစ်ခါသုံးသည်)

♣ The only thing we have to fear is fear itself (fear ကို verb လိုတစ်ခါ noun လိုတစ်ခါ သုံးပြသည်- ဤစကားသည် သမိုင်းဝင်ရုစဲ့စကား ဖြစ်လာလေသည်)

♣ They have no vision, and when there is no vision the people perish.

♣ .... confidence languishes, for it thrives only on honesty, on honor, on the sacredness of obligations, on faithful... on ကို ၅ ကြိမ်ဆက်သုံးသည်။ confidence ဖြစ်ပေါ်ခြင်း အခြေခံငါးပါးအကြောင်း ဝါကျ ၅ခု ဖြစ်၏။ သို့သော် ဝါကျတစ်ခုတည်းအဖြစ် ဆက်စပ်လိုက်၏။

♣ This Nation asks for action, and action now. (ၚင်းကို နောက်ထပ်ပြောသော We must act and act quickly က ပိုမိုလေးနက်စေသည်)

♣ The task can be helped... It can be helped ..... It can be helped ကို ငါးကြိမ်ငါးခါပြောသည်။ လေးနက်ပေါ်လွင်စေသည်။

♣ ... the policy of the good neighbour --the neighbour who resolutely respects himself and , because he does so, respects the rights of others -- the neighbour who respects his obligation and respects ... (respects ကို အလေးပေးပုံ သတိပြုရန်)

♣... I shall seek ... I shall not evade .... I shall ask ... စသည်တွင် shall ကို ထပ်ခါထပ်ခါသုံးသဖြင့် သန္နိဋ္ဌာန်ခိုင်မာမှု ပေါ်လွင်စေသည်။ အားရှိသော အသုံးအနှုန်းဖြစ်သည်။

♣ In the spirit of the gift I take it (လှပယဉ်ကျေးသော အသုံးအနှုန်းဖြစ်မည်)

♣♣♣♣♣

အခန်း(၁၂)

မာတင် လူသာကင်း၏ "ကျူပ် အိပ်မက်မက်တယ်" မိန့်ခွန်း

မာတင်လူသာကင်း

အမေရိကန်နိုင်ငံသာ လူမည်းခေါင်းဆောင်ဖြစ်သည်။ လူ့အခွင့်အရေးတောင်းဆိုရာ၌ ခေါင်းဆောင်ဖြစ်၏။ ၁၉၆၄ ခု ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရသည်။ အမေရိကန် ဘက်ပတစ် ခရစ်ယာန်ဂိုဏ်းဝင် ဘုန်ကြီးဖြစ်၏။ အာလာဘားမားနယ် မောင်ဂိုမာရီမြို့ ဘတ်စ်ကားလိုင်းက လူမည်းအတွက်၊ လူဖြူအတွက် ထိုင်ခုံနေရာများ ခွဲခြားသည့်စနစ်ကို ၁၉၅၅-၅၆ ခုတွင် ဆန့်ကျင်ကန့်ကွက်ကြရာမှ ဘတ်စ်ကားလိုင်းကို သပိတ်မှောက်ရန် မာတင်လူသာကင်းက ခေါင်းဆောင်သည်။ ၁၉၅၇ ခုတွင် တောင်ပိုင်း ခရစ်ယာန်ခေါင်းဆောင်များ ကွန်ဖရင့်ကို ဦးစီးတည်ထောင်သည်။ လူ့အခွင့်အရေးတိုက်ပွဲကို ဦးဆောင်သော အစည်းအရုံးဖြစ်၏။

၁၉၆၃ ခု မတ်လ ၂၈ ရက်နေ့တွင် ဝါရှင်တန်မြို့တော်၌ လူထုဆန္ဒပြပွဲကြီး ကျင်းပပြီး လူမည်းအခွင့်အရေးတောင်းဆိုသည်။ နိုင်ငံအနှံ့ ရပ်ဝေးဒေသများမှ လူထုအင်အား နှစ်သိန်းခွဲပါဝင်ဆန္ဒပြသော လူမည်းတို့၏ အနုနည်းတိုက်ပွဲဖြစ်၏။ ထိုဆန္ဒပြပွဲတွင် မာတင်လူသာကင်းက ကျူပ် အိပ်မက်မက်တယ် အမည်တွင်သော မိန့်ခွန်းကို ပြောကြားခဲ့သည်။

မာတင်လူသာကင်း(ဂျူနီယာ)ကို ၁၉၂၉ ခုတွင် အတ္တလန်တာမြို့၌ မွေးဖွားသည်။ ဖခင် မာတင်လူသာကင်း စီနီယာသည် အတ္တလန်တာမြို့ အခြေစိုက် ဘက်ပတစ်ဘုန်ကြီးဖြစ်၏။ မိခင်အယ်လဘာတာ ဝီလီယံကင်း ဖြစ်၏။ ငယ်စဉ်က လူမည်းကျောင်းသားချည်း လက်ခံသော ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

ဖခင်တရားဟောဆရာအဖြစ် လုပ်ကိုင်သော အက်ဇင်နီဇာ ဘက်ပတစ်ဘုရားကျောင်းတွင် ငယ်စဉ်ကပင် တရားဟောပြောပုံကို ဆည်းပူးလေ့လာခဲ့၏။ အထက်တန်းကျောင်းတွင် ၉ တန်းမှ ၁၂တန်းကို ကျော်တက်ပြီး ၁၅ နှစ်သားတွင် မာတင်လူသာကင်း အတ္တလန်တာမြို့ရှိ မိုးဟောက်(စ)ကောလိပ်တွင် ဝင်ရောက်ပညာသင်ယူသည်။ ပညာရေးတွင် ထူးချွန်သော အရိပ်လက္ခဏာ မပြခဲ့ချေ။ ဘွဲ့မရမီကပင် ဖခင်၏လက်ထောက်အဖြစ် ခမ္မကထိကဆရာလုပ်ပြီး ဘက်ပတစ် ဘုန်းကြီးအဖြစ် သိက္ခာတင်သည်။ ပင်ဆီဗေးနီးယားပြည်နယ် ချက်စတာမြို့ရှိ ဂရိဇာကျမ်းစာသင်ကျောင်း သုံးနှစ်တက်ရောက်ပြီး Bachelor of Divinity (ဘာသာရေးဝိဇ္ဇာဘွဲ့) ယူသည်။ ထိုကျောင်းသည် လူဖြူကျောင်းသားအများစု ပညာသင်သောကျောင်းဖြစ်၏။ ၁၉၅၁ ခုနှစ်တွင် B.Div ဘွဲ့ရသည်။ ပညာရေးထူးချွန်သူအဖြစ်လည်း ထင်ပေါ်၏။

ထို့နောက် ဘော်စတွန်တက္ကသိုလ်တွင် ဘာသာရေးစာပေ ဆက်လက်သင်ယူပြီး ၁၉၅၅ ခုတွင် Ph.D(Divinity) ဘွဲ့ရရှိ၏။ Ph.D ဘွဲ့မရမီ ၁၉၅၃ ခုနှစ်တွင် ကော်ရက်တာစကော့နှင့် အကြောင်းပါ၏။ ၁၉၅၄ ခုနှစ်တွင် မာတင်လူသာကင်းက မောင်ဂိုမာရီမြို့ ဒက်စတာအဇင်နယူး ဘက်ပတစ်ဘုရားကျောင်းတွင် ခမ္မကထိကဘုန်ကြီးအဖြစ် ကျောင်းထိုင်သည်။ ထိုမြို့တွင် ၁၉၅၅ ခုနှစ်၌ ရိုဇာပတ်(ခ)အမှုဖြစ်၏။ ရိုဇာပတ်(ခ)အမည်ရှိ လူမည်းအမျိုးသမီးက ဘတ်စ်ကားပေါ်တွင် လူဖြူအတွက် သီးသန့်နေရာ၌ ဝင်ထိုင်ပြီး ဇွတ်အတင်းဖယ်ခိုင်းသော်လည်း ဖယ်မပေးပဲနေ၏။ ရိုဇာပတ်(ခ)အဖမ်းခံရပြီး ထောင်ဒဏ်အပြစ်ပေးခံရသည်။ ထို့နောက် မကြာမီ မာတင်လူသာကင်းသည် မောင်ဂိုမာရီမြို့ တိုးတက်ရေးအသင်း ဥက္ကဋ္ဌဖြစ်လာ၏။ သူကိုလူဖြူများက ခြိမ်းခြောက်သတိပေးခံရ၏။ သူ့အိမ်ကို ပုံးအခွဲခံရ၏။ သို့သော် သူကမမှု၊ အကြမ်းမဖက် ဆန္ဒပြရန် ဆော်သြသည်။

တစ်နှစ်အတွင်း မောင်ဂိုမာရီမြို့က လူဖြူလူမည်းခွဲခြားသော ဥပဒေကို ရုတ်သိမ်းရန် အမေရိကန်နိုင်ငံ တရားရုံးချုပ်က ဆုံးဖြတ်၏။ အောက်ရုံး၏စီရင်ချက်ကို ပယ်ဖျက်ပြီး ထိုသို့စီရင်ခြင်းဖြစ်၏။ ထိုအဆုံးအဖြတ်ကို ရရှိပြီးနောက် မောင်ဂိုမာရီမြို့တိုးတက်ရေးအသင်း၏ လုပ်ငန်းများ ရပ်ဆိုင်းလိုက်သည်။ သမ္မတ ဂျွန်ဖစ်ဂျရဲ့ ကနေဒီကလည်း ဗဟိုအစိုးရက ဥပဒေပြုပြီး လူမည်းလူ့ပ်ရှားမှုကို ထောက်ခံအားပေးရန် ကတိပြုလာ၏။

၁၉၆၃ ခုနှစ်တွင် လူ နှစ်သိန်းခွဲ တက်ရောက်သော ဝါရှင်တန် လူထုဆန္ဒပြပွဲကြီး ကျင်းပသည်။ မာတင်လူသာကင်း ထိုအစည်းအဝေး၌ မိန့်ခွန်းပြောသည်။ ကျူပ် အိပ်မက် မက်တယ် အမည်ဖြင့် မိန့်ခွန်းနာမည်ကျော်သွား၏ ၁၉၆၄ ခုတွင် မာတင်လူသာကင်း

နိဗယ်လ်ငြိမ်းချမ်းရေးဆု ရသည်။

ထို့နောက် လူမျိုးရေးတရားမျှတမှု၊ နေအိမ်တိုးတက်ကောင်းမွန်ရေး၊ ကျောင်းများတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးအတွက် မာတင်လူသာကင်း ဆက်လက်ကြိုးပမ်းသည်။ ၁၉၆၇ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲ၌ အမေရိကန်ပါဝင်မှုကို လူသိရှင်ကြား မာတင်လူသာကင်းက ဝေဖန်ရှုတ်ချ၏။ လူမွဲတိုက်ပွဲ(Poor People's Campaign) ကို ဦးဆောင်၏။ သို့သော် ထိုတိုက်ပွဲသည် ဗီယက်နမ်စစ်ပွဲကြောင့် လူထုထောက်ခံမှု သိပ်မရခဲ့ချေ။

၁၉၆၈ ခုနှစ်တွင် မင်းဖစ်မြို့ သန့်ရှင်းရေးအလုပ်သမား လူမည်းသပိတ်ကို အားပေးရန် သွားရောက်စဉ် သေနတ်သမား၏ ပစ်ခတ်သတ်ဖြတ်ခြင်းခံရပြီး အနိစ္စရောက်ရှာသည်။ ၁၉၈၃ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်က မာတင်လူသာကင်းမွေးနေ့အထိမ်းအမှတ်အဖြစ် ဇန်နဝါရီလ တတိယပတ် တနင်္လာနေ့ကို နိုင်ငံတော်ရုံးပိတ်ရက်အဖြစ် ပြဋ္ဌာန်းလျက် မာတင်လူသာကင်းကို ဂုဏ်ပြုလေသည်။

♣♣♣♣♣

I Have a Dream

by Martin Luther King

August 28th 1963

Five score years ago, a great American, in whose symbolic shadow we stand signed the Emancipation Proclamation. This momentous decree came as a great beacon light of hope to millions of Negro slaves who had been seared in the flames of withering injustice. It came as a joyous daybreak to end the long night of captivity.

But one hundred years later, we must face the tragic fact that the Negro is still not free. One hundred years later, the life of the Negro is still sadly crippled by the manacles of segregation and the chains of discrimination. One hundred years later, the Negro lives on a lonely island of poverty in the midst of a vast ocean of material prosperity.

One hundred years later, the Negro is still languishing in the corners of American society and finds himself an exile in his own land. So we have come here today to dramatize an appalling condition. In a sense we have come to our nation's capital to cash a check. When the architects of our republic wrote the magnificent words of the Constitution and the declaration of Independence, they were signing a promissory note to which every American was to fall heir. This note was a promise that all men would be guaranteed the inalienable rights of life, liberty, and the pursuit of happiness. It is obvious today that America has defaulted on this promissory note insofar as her citizens of color are concerned. Instead of honoring this sacred obligation, America has given the Negro people a bad check which has come back marked "insufficient funds." But we refuse to believe that the bank of justice is bankrupt. We refuse to believe that there are insufficient funds in the great vaults of opportunity of this nation. So we have come to cash this check -- a check that will give us upon demand the riches of freedom and the security of justice. We have also come to this hallowed spot to remind America of the fierce urgency of now. This is no time to engage in the luxury of cooling off or to take the tranquilizing drug of gradualism. Now is the time to rise from the dark and desolate valley of segregation to the sunlit path of racial justice. Now is the time to open the doors of opportunity to all of God's children. Now is the time to lift our nation from the quicksands of racial injustice to the solid rock of brotherhood.

It would be fatal for the nation to overlook the urgency of the moment and to underestimate the determination of the Negro. This sweltering summer of the Negro's legitimate discontent will not pass until there is an invigorating autumn

of freedom and equality. Nineteen sixty-three is not an end, but a beginning. Those who hope that the Negro needed to blow off steam and will now be content will have a rude awakening if the nation returns to business as usual. There will be neither rest nor tranquility in America until the Negro is granted his citizenship rights. The whirlwinds of revolt will continue to shake the foundations of our nation until the bright day of justice emerges. But there is something that I must say to my people who stand on the warm threshold which leads into the palace of justice. In the process of gaining our rightful place we must not be guilty of wrongful deeds. Let us not seek to satisfy our thirst for freedom by drinking from the cup of bitterness and hatred.

We must forever conduct our struggle on the high plane of dignity and discipline. We must not allow our creative protest to degenerate into physical violence. Again and again we must rise to the majestic heights of meeting physical force with soul force. The marvelous new militancy which has engulfed the Negro community must not lead us to distrust of all white people, for many of our white brothers, as evidenced by their presence here today, have come to realize that their destiny is tied up with our destiny and their freedom is inextricably bound to our freedom. We cannot walk alone.

And as we walk, we must make the pledge that we shall march ahead. We cannot turn back. There are those who are asking the devotees of civil rights, "When will you be satisfied?" We can never be satisfied as long as our bodies, heavy with the fatigue of travel, cannot gain lodging in the motels of the highways and the hotels of the cities. We cannot be satisfied as long as the Negro's basic mobility is from a smaller ghetto to a larger one. We can never be satisfied as long as a Negro in Mississippi cannot vote and a Negro in New York believes he has nothing for which to vote. No, no, we are not satisfied, and we will not be satisfied until justice rolls down like waters and righteousness like a mighty stream.

I am not unmindful that some of you have come here out of great trials and tribulations. Some of you have come fresh from narrow cells. Some of you have come from areas where your quest for freedom left you battered by the storms of persecution and staggered by the winds of police brutality. You have been the veterans of creative suffering. Continue to work with the faith that unearned suffering is redemptive.

Go back to Mississippi, go back to Alabama, go back to Georgia, go back to Louisiana, go back to the slums and ghettos of our northern cities, knowing that somehow this situation can and will be changed. Let us not wallow in the valley of despair.

I say to you today, my friends, that in spite of the difficulties and frustrations of the moment, I still have a dream. It is a dream deeply rooted in the American dream.

I have a dream that one day this nation will rise up and live out the true meaning of its creed: "We hold these truths to be self-evident: that all men are created equal."

I have a dream that one day on the red hills of Georgia the sons of former slaves and the sons of former slaveowners will be able to sit down together at a table of brotherhood.

I have a dream that one day even the state of Mississippi, a desert state, sweltering with the heat of injustice and oppression, will be transformed into an oasis of freedom and justice.

I have a dream that my four children will one day live in a nation where they will not be judged by the color of their skin but by the content of their character.

I have a dream today.

I have a dream that one day the state of Alabama, whose governor's lips are presently dripping with the words of interposition and nullification, will be transformed into a situation where little black boys and black girls will be able to join hands with little white boys and white girls and walk together as sisters and brothers.

I have a dream today.

I have a dream that one day every valley shall be exalted, every hill and mountain shall be made low, the rough places will be made plain, and the crooked places will be made straight, and the glory of the Lord shall be revealed, and all flesh shall see it together.

This is our hope. This is the faith with which I return to the South. With this faith we will be able to hew out of the mountain of despair a stone of hope. With this faith we will be able to transform the jangling discords of our nation into a beautiful symphony of brotherhood. With this faith we will be able to work together, to pray together, to struggle together, to go to jail together, to stand up for freedom together, knowing that we will be free one day.

This will be the day when all of God's children will be able to sing with a new meaning, "My country, 'tis of thee, sweet land of liberty, of thee I sing. Land where my fathers died, land of the pilgrim's pride, from every mountainside, let freedom ring."

And if America is to be a great nation this must become true. So let freedom ring from the prodigious hilltops of New Hampshire. Let freedom ring from the mighty mountains of New York. Let freedom ring from the heightening Alleghenies of Pennsylvania!

Let freedom ring from the snowcapped Rockies of Colorado!

Let freedom ring from the curvaceous peaks of California!

But not only that; let freedom ring from Stone Mountain of Georgia!

Let freedom ring from Lookout Mountain of Tennessee!

Let freedom ring from every hill and every molehill of Mississippi. From every mountainside, let freedom ring.

When we let freedom ring, when we let it ring from every village and every hamlet, from every state and every city, we will be able to speed up that day when all of God's children, black men and white men, Jews and Gentiles, Protestants and Catholics, will be able to join hands and sing in the words of the old Negro spiritual, "Free at last! free at last! Thank God Almighty, we are free at last!"

♣♣♣♣♣

မာတင်လူသာကင်း၏

ကျေပ် အိပ်မက် မက်ရတယ်မိန့်ခွန်း (ဘာသာပြန်)

နှစ်ပေါင်းတစ်ရာက ကြီးမြတ်သော အမေရိကန်ကြီး(သမ္မတကြီးလင်ကွန်း)တစ်ယောက်ရဲ့ အားလုံးလွတ်လပ်စေ(လင်ကွန်းထုတ်ပြန်သော Emancipation Proclamation အမိန့်ပြန်တမ်းဖြစ်သည်) အမိန့်ပြန်တမ်းကို လက်မှတ်ထိုးကြေငြာခဲ့ပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးရဲ့ အရိပ်အာဝါသမှာ ကျုပ်တို့တွေ ခိုလှုံနေကြရတာ။ သန်းဂဏန်းရှိတဲ့ နီဂရိုးများ မတရားမီးလျှံမှာ အမြှိုက်ခံနေကြရာက ဒီအမိန့်ဒီဂရီက လမ်းပြမီးရောင်ဖြစ်လာပါတယ်။ အချုပ်အနှောင်ခံထားရတဲ့ ညဉ့်တာကုန်ပြီး မိုးသောက်ယံကို မြင်တွေ့ရသလိုပါပဲ။

သို့ပေမဲ့ နှစ်တစ်ရာသာ ကြာခဲ့တယ် နီဂရိုးတွေ မလွတ်မြောက်သေးဘူးခင်ဗျာ။ ဝမ်းနည်းဖွယ်အဖြစ်ပါပဲ။ နှစ်တစ်ရာသာ ကြာခဲ့တယ် နီဂရိုးရဲ့ဘဝက ခွဲခြားဆက်ဆံမှုဆိုတဲ့ လက်ထိပ်ခတ်ပြီး မတူသလို မတန်သလိုလုပ်တဲ့ သံကြိုးအနှောင်ခံရဆဲဖြစ်နေတယ်။ နှစ်တစ်ရာသာ ကြာခဲ့တယ်။ သူဌေးတွေကြားမှာ နီဂရိုးက တစ်ကျန်းစံ လို မွဲတေတဲ့ ဘဝမှာ ရှိနေသေးတယ်။

နှစ်တစ်ရာ ကြာခဲ့ပေမဲ့ နီဂရိုးဟာ အမေရိကန်ပြည်ရဲ့ ချောင်ကြိုချောင်ကြားမှာ လိုအင်မပြည့်တဲ့ ဆင်းဆင်းရဲရဲဘဝက မလွတ်သေးပါဘူး။ သူနိုင်ငံမှာ သူနယ်နှင်ခံနေရပါတယ်။ ဒါကြောင့် ထိတ်လန့်ဖွယ် ဒီအခြေအနေဆိုးကြီးရဲ့ အဖြစ်သနစ်ကိုပြောဖို့ ကျွန်တော်တို့ ဒီနေရာ ရောက်လာတာပါ။ တစ်နည်းပြောရရင်တော့ ကျွန်တော်တို့ရထားတဲ့ ချက်လက်မှတ်နဲ့ ငွေထုတ်ယူဖို့ ရွှေမြို့တော်ကိုတက်လာတာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ဝိသုကာကြီးများကအခြေခံဥပဒေနဲ့လွတ်လပ်ရေးကြေငြာစာတမ်းကြီးကိုပြောင်မြောက်တဲ့စာသားတွေနဲ့ရေးခဲ့တယ်။ အဲဒီတုန်းက နိုင်ငံသားတိုင်း အမွေဆက်ခံခွင့်ရှိတဲ့ ကတိစာချုပ်ကို သူတို့လက်မှတ်ထိုးခဲ့ပါတယ်။ လူတိုင်းအသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နဲ့ သုခချမ်းသာကို ရပိုင်ခွင့်ရှိတယ်လို့ အဲဒီကတိစာချုပ်က အာမခံထားပါတယ်။ ငြင်းပယ်ခွင့်မရှိ၊ ပြန်လည်ရုတ်သိမ်းလို့မရတဲ့ အခွင့်အရေးတွေပါ။ အခုတော့ အသားအရောင်ရှိတဲ့ နိုင်ငံသားများအပေါ်မှာ အမေရိကန်နိုင်ငံက ဒီကတိကို ဖောက်ဖျက်နေကြောင်း ထင်ရှားပေါ်လွင်နေပြီ။ ကတိမတည်တဲ့အပြင် အမေရိကန်နိုင်ငံက နီဂရိုးကို ငွေထုတ်မရတဲ့ ချက်လက်မှတ်ပေးလိုက်တယ်။ ချက်လက်မှတ်ကို ဘဏ်ကပြန်ပေးတယ်။ ပေးစရာငွေမရှိဘူးတဲ့။ ဒါပေမဲ့ တရားမျှတရေးဘဏ်ကြီးမွဲနေပြီ။ ဒေဝါလီခံရပြီလို့ ကျုပ်တို့မယုံနိုင်ဘူး။ ဒီနိုင်ငံရဲ့ အခွင့်အလမ်းတွေနဲ့ တည်ဆောက်ထားတဲ့ မီးခံတိုက်ကြီးထဲမှာ ငွေမရှိဘူးဆိုတာ ကျုပ်တို့မယုံဘူးဗျာ။ ဒါကြောင့် ဒီချက်လက်မှတ်နဲ့ ငွေထုတ်ဖို့ လာခဲ့တယ်။ ဒီချက်လက်မှတ်ပြပြီး တောင်းလာရင် လွတ်လပ်ခွင့်နဲ့တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု ပေးကိုပေးရမယ်။ မပေးမနေရ အော်ဒီမန်(On Demand - အင်္ဂလိပ်ခေတ်က မြန်မာတို့က အော်ဒီမန် စာချုပ်ဟုခေါ်သည်) စာချုပ်ခင်ဗျ။ ဘာမှတ်လဲ။ မြတ်သော ဤဌာနကို ကျွန်တော်တို့ ရောက်လာရတဲ့ အကြောင်းရင်း နောက်တစ်ခု ရှိပါသေးတယ်။ အခုဖြစ်နေတဲ့ အရေးပေါ်အခြေအနေ(၁၉၆၃ တစ်ဝိုက်တွင် လူမည်းအခွင့်အရေးတိုက်ပွဲကြောင့် အဓိကရုဏ်း အရေးအခင်းထူပြောသော အခြေအနေကို ဆိုလိုသည်) ဟာ အလွန်ကြောက်ရွံ့ဖွယ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံကို သတိပေးနှိုးဆော်ဖို့ဖြစ်ပါတယ်။ အေးသွားမှာပါ၊ ငြိမ်းသွားမှာပါဆိုပြီး ဇိမ်မပျက်နေရမယ့်အခါ မဟုတ်ဘူးခင်ဗျ။ တဖြည်းဖြည်းတော့ အေးသွားမှာပါဆိုတဲ့ မူးယစ်ဆေးနဲ့တူတဲ့ ဝါဒကိုင်စွဲပြီး မှိန်းမနေကြပါနဲ့။ လူမျိုးခွဲခြားတဲ့ မဲမှောင်တောင်ကြားက ထွက်ပြီး လူမျိုးရေးတရားမျှတတဲ့ နေခြည်လင်းသော လမ်းပေါ်တက်ဖို့ အချိန်တန်ပါပြီခင်ဗျာလို့ နှိုးဆော်ပါရစေ။ ဘုရားသခင်သားသမီးအားလုံး အခွင့်အလမ်းရဖို့ တံခါးကြီးကိုဖွင့်ရန် အချိန်တန်ပါပြီ။ ကျုပ်တို့နိုင်ငံကြီး လူမျိုးရေး မတရားမှုဆိုတဲ့ သဲပြင်မှာ နစ်နေရာက ညီရင်းအကိုတွေပါဆိုတဲ့ ကျောက်သားပေါ် အရောက်တွန်းတင်ရန် အချိန်တန်ပါပြီခင်ဗျာ။

လက်ရှိဖြစ်နေတဲ့ အရေးပေါ်အခြေအနေကို ဂရုမစိုက်ပဲ နီဂရိုးရဲ့သန္ဓိဌာန်ကို အထင်သေးရင်တော့ နိုင်ငံဘေးတွေ့လိမ့်မယ်ဗျို့။ နီဂရိုးက မကျေမချမ်းဖြစ်နေတယ်။ ရသင့်ရထိုက်တာ မရလို့ခင်ဗျာ။ သူ့စိတ်ဟာ နွေခေါင်ခေါင်လို ပူနေတယ်။ လန်းဆန်းစေမယ့် ဆောင်းဦးအအေးမာတ် မလာမချင်းတော့ အဲဒီအပူ အေးငြိမ်းမှာ မဟုတ်ဘူးခင်ဗျာ။ ၁၉၆၃ ခု(ဤမိန့်ခွန်းပြောကြားချိန်) သည် ဇာတ်သိမ်းချိန်မဟုတ်ပါ။ ဇာတ်ဝင်ချိန်သာ ဖြစ်ပါတယ်ခင်ဗျာ။ နီဂရိုးက ပြောချင်တာ ပြောပေ့စေ။ ပြောလို့အားရရင် အေးသွားမှာပါလို့ ထင်မြင်သူတွေရှိရင်တော့ အမှားကြီးမှားနေပြီဗျို့။ နိုင်ငံပုံမှန်ဖြစ်လာရင် ဒီအမှားကြီးကို မြင်ပါလိမ့်မယ်။ နီဂရိုးက သူနိုင်ငံသားအခွင့်အရေးတွေ မရမချင်း ငြိမ်မှာမဟုတ်ဘူး။ အေးအေးနေမှာ မဟုတ်ဘူး။ တရားဥပဒေရဲ့ အလင်းရောင် မထွန်းလင်းသေးသမျှ တော်လှန်ပုန်ကန်မှုတွေနဲ့ ဗလောင်ဆူနေဦးမယ်။ နိုင်ငံရဲ့အုတ်မြစ်ကစပြီး သိမ့်သိမ့်ခါနေမယ်။ တန်းတူညီမျှမှု ဗိမာန်ကြီးရဲ့ အပေါက်ဝကိုရောက်ရှိနေတဲ့ ကျွန်တော့်အမျိုးအဆွေများကို ပြောစရာရှိပါတယ်။ ကိုယ်နဲ့တန်တဲ့နေရာကို ရှာတဲ့အခါ အမှားမလုပ်မိဖို့ အရေးကြီးပါတယ်။ အပြစ်မကင်းတဲ့အလုပ် မလုပ်ရဘူး။ လွတ်လပ်ရေး အာသာပြေချင်လို့ အမုန်းတရားထည့်ထားတဲ့ အခါးရည်ခွက်ကို မော့လို့ဘယ်ဖြစ်မလဲခင်ဗျာ။

ဂုဏ်သိက္ခာနဲ့စည်းကမ်းကို ဦးထိပ်ပန်ဆင်ပြီး ကျွန်တော်တို့တိုက်ပွဲကို ဆင်နွှဲရလိမ့်မယ်။ အပြုသဘောနဲ့ ကန့်ကွက်ဆန္ဒပြပွဲမှာ ကိုယ်ထိလက်ရောက်ကျူးလွန်မှု မလုပ်ရဘူး။ ကျွန်တော်တို့ လက်ရုံးရည်ကို နှလုံးရည်နဲ့ အကြိမ်ကြိမ် အံတုကြရမယ်။ နီဂရိုးလူသိုက်ဟာ အံ့သြလောက်အောင် ရဲစိတ်ရဲမာန်တက်နေပါတယ်။ ဒီရဲစိတ်ကြောင့် လူဖြူဆိုလျှင် ယုံကိုမယုံဘူး ဆိုတာမျိုးတော့ မဖြစ်ပါစေနဲ့ ခင်ဗျာ။

ကျွန်တော်တို့ရဲ့ ညီတော်နောင်တော် လူဖြူတွေ အများကြီးရှိပါတယ်။ ဒီအခမ်းအနားကို တက်ရောက်လာသူတွေကို ကြည့်ကြစမ်းပါ။ သူတို့ဘဝနဲ့ ကျွန်တော်တို့ဘဝ ခွဲမရဘူးဆိုတာ သူတို့သိလာကြပြီခင်ဗျာ။ သူတို့ရဲ့လွတ်လပ်မှုနဲ့ ကျွန်တော်တို့ရဲ့လွတ်လပ်မှု ဒွန်တွဲနေတာ သူတို့သိလာပြီ။ ကျွန်တော်တို့ချည်း ရှေ့ခရီးဆက်လို့မရဘူးနော်။ အတူတူရှေ့သို့ချီမယ်လို့ ကျွန်တော်တို့ သန္နိဋ္ဌာန်နဲ့ သွားကြရမှာ။ နောက်ပြန်ဆုတ်လို့မှ မရတာ။ ပြည်သူ့အခွင့်အရေး မြတ်နိုးသူတွေကို မေးတဲ့လူတွေက ရှိသေးသဗျာ။ "နင်တို့ လိုဘ ဘယ်တော့မှ ပြည့်မှာတုန်း" တဲ့။ ကျုပ်တို့တွေ ခရီးပန်းလှပြီခင်ဗျာ။ လမ်းမကြီးပေါ်က မိုတယ်တွေ၊ မြို့ကြီးပေါ်က ဟော်တယ်တွေမှာ တည်းခိုခွင့် မရမချင်း ကျွန်တော်တို့လိုအင် ပြည့်မှာ မဟုတ်ဘူးခင်ဗျာ။ နီဂရိုးက ဆင်းရဲသားရပ်ကွက်ကလေးကနေ ဆင်းရဲသား ရပ်ကွက်ကြီးကို ရွှေ့ပြောင်းနေထိုင်ရုံနဲ့တော့ ကျေနပ်မှာ မဟုတ်ဘူး။ မစ္စစ္စပီက နီဂရိုးက မဲပေးခွင့် မရသေးဘူး။ နယူးယောက်က နီဂရိုးက မဲဆန္ဒပေးစရာ ဘာအကြောင်းမှ မရှိသေးဘူးဆိုရင်လည်း ကျွန်တော်တို့လိုအင် ပြည့်မှာ မဟုတ်ဘူး။ တကယ် တကယ်ပါ။ ကျွန်တော်တို့ မကျေနပ်သေးဘူး။ တရားဥပဒေက တောင်ကျရေလို သမာဓိတရားက တသွင်သွင်စီးတဲ့ စမ်းရေလို မစီးမချင်းမကျေနပ်ဘူး။

ခင်ဗျားတို့ထဲက တချို့လူတွေ တကယ့်ဒုက္ခသုက္ခတွေကြားက ဒီနေရာကို အရောက်လာခဲ့ကြောင်း ကျွန်တော်သတိမပြုမိ မရှိပါဘူး။ ခင်ဗျားတို့ထဲက တစ်ချို့တွေဆိုရင် အကျဉ်းထောင်မှာ တိုက်ပိတ်ခံခဲ့ရက လောလောလတ်လတ် ထွက်လာရတာ။ ခင်ဗျားတို့ထဲက တစ်ချို့တွေဆိုရင် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လို့ အနှိပ်စက်ခံရ၊ ရဲ(ပုလိပ်)က ရက်ရက်စက်စက် နှိပ်ကွပ်တဲ့ အရပ်ဒေသတွေက လာကြတယ်။ ခင်ဗျားတို့တွေက ကိုယ့်ဇာတ်ကိုယ်ကပြီး ညှဉ်းပန်းနှိပ်စက်ခံခဲ့တဲ့ ရဲဘော်ဟောင်းကြီးတွေပါပဲ။ အနာခံတဲ့အတွက် တစ်ချိန်မှာ ကုသိုလ်အကျိုးပေးမယ်ဆိုတဲ့ ခံယူချက်နဲ့ ဆက်လက်ကြိုးပမ်းကြပါခင်ဗျာ။

ဒီအခြေအနေဆိုးကြီးကို တစ်နည်းနည်းနဲ့ ပြောင်းလဲနိုင်ပါတယ်။ ပြောင်းကိုပြောင်းလဲလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်ကို နှလုံးသွင်းပြီး မစ္စစ္စပီကို ပြန်ကြပါ။ အာလာဘားမားကို ပြန်ကြပါ။ ဂျော်ဂျီယားကို ပြန်ကြပါ။ လူဝီစီယားနားကို ပြန်ကြပါ။ မြောက်ပိုင်းမြို့ကြီးတွေက ဆင်းရဲသားရပ်ကွက် ကျူးကျော်ရပ်ကွက်တွေဆီ ပြန်ကြပါ။ သောကညွှန်ပြည့်နေတဲ့ အိုင်ထဲမှာ ကျွန်တော်တို့ ဝက်လို လူးလှမ့်မနေကြပါစို့နဲ့။

မိတ်ဆွေများခင်ဗျာ။ အခက်အခဲတွေကြုံ စိတ်ပျက်နေရပေမဲ့ ခုထိ ကျနော် အိပ်မက်သေးတယ်ဆိုတာ ပြောပါရစေ။ အမေရိကန်နိုင်ငံသားတွေမက်တဲ့ အိပ်မက်နဲ့ တစ်ထေရာတည်းပါခင်ဗျာ။

ကျွန်တော့်အိပ်မက်ထဲမှာ တစ်နေ့တော့ ဒီနိုင်ငံကြီး နိုးထလာလိမ့်မယ်။ "ဤသစ္စာတရားတို့ ထင်ရှားပေါ် လွင်ပြီဟု ကျွန်ုပ်တို့ ယုံကြည်သည်။ လူတိုင်း တန်းတူညီမျှ ဖန်ဆင်းထားသည်ဟု ယုံကြည်သည်။" လို့ ကြေငြာထားတဲ့ မူဝါဒကို တကယ့် အဓိပ္ပာယ်နှင့်ညီအောင် ကျင့်သုံးလိမ့်မယ်။

ကျွန်တော့် အိပ်မက်အရ တစ်နေ့တော့ ကျော်ဂျီးယားနယ် မြေနီတောင်ကုန်းတွေမှာ ရှေးကကျေးကျွန်သားတွေနဲ့ ကျေးကျွန်ပိုင်ရှင့်သားတွေ ညီရင်းအကိုလို တစ်စားပွဲတည်းမှာ အတူထိုင်ကြလိမ့်မယ်။

ကျွန်တော့်အိပ်မက်အရ မတရားမှုတွေ၊ ဖိနှိပ်မှုတွေ လောင်မြိုက်လို့ ကွန္ဒာရဖြစ်နေတဲ့ မစ္စစ္စပီပြည်နယ်ကြီး လွတ်လက်မှုနဲ့ တရားမျှတမှုတွေ ဝေစည်တဲ့ အိုအေစစ် ဖြစ်လာလိမ့်မယ်။

ကျွန်တော့်အိပ်မက်အရ ကျွန်တော့်သားသမီးလေးယောက်လုံး သူတို့ရဲ့အသားအရောင်မကြည့်ပဲ သူတို့ရဲ့ ကိုယ်ကျင့်သိက္ခာကိုသာ ကြည့်ပြီး လူကဲဖြတ်တဲ့ နိုင်ငံမှာ နေထိုင်ကြလိမ့်မယ်။

ကျွန်တော် ဒီနေ့ အိပ်မက်မက်တယ်။

ကျွန်တော့်အိပ်မက်အရ အာလာဘားမားပြည်နယ်က အသွင်ပြောင်းပြီး အသားမည်းကောင်ကလေး ကောင်မကလေးတွေနဲ့ အသားဖြူကောင်ကလေး ကောင်မလေးတွေ လက်တွဲပြီး ညီအကိုမောင်နှမတွေလို အတူနေထိုင်ကြလိမ့်မယ်။ အခုတော့ အဲဒီပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ နှုတ်ဖျားက တားဆီးပိတ်ပင်အမိန့်တွေ အခွင့်အရေး ပယ်ဖျက်သံတွေ တစီစီမြည်နေဆဲပါခင်ဗျာ။

ကျွန်တော် ဒီနေ့ အိပ်မက်မက်တယ်။

ကျွန်တော့်အိပ်မက်အရ ရှိသမျှချိုင့်တွေကိုဖို့၊ မောက်နေတဲ့ ကမ္ဘတွေအကုန်ဖြို၊ မညီတဲ့နေရာတွေညှိ၊ ကောက်နေတာတွေကို ဖြောင့်အောင်လုပ်ပြီး ဘုရားသခင် တန်ခိုးပြတာကို လူတိုင်းမြင်တွေ့ရလိမ့်မယ်။

ဒါ ကျွန်တော်တို့ ယုံကြည်ချက်ပါ။ ဒီယုံကြည်ချက်ကို ခံယူပြီး ကျွန်တော်တောင်ပိုင်းကို ပြန်မှာပါ။ ဒီယုံကြည်ချက်ကို ကိုင်စွဲပြီး တောင်လောက်ကြီးတဲ့ ဒုက္ခအပုံကြီးမှ မျော်လင့်ချက်ဆိုတဲ့ ကျောက်သားကို ဖဲ့ထုတ်နိုင်ပါလိမ့်မယ်။ ဒီယုံကြည်ချက်ကို ကိုင်စွဲပြီး စိတ်ဝမ်းကွဲသံတွေ ဆူညံနေတဲ့ ကျွန်တော်တို့နိုင်ငံကို တေးသံသာတဲ့ သံစုံတီးဝိုင်းကြီးဖြစ်လာအောင် ပြောင်းလဲနိုင်ပါလိမ့်မယ်။ ဒီယုံကြည်ချက်ကို ကိုင်စွဲပြီး တစ်နေ့တော့ ကျွန်တော်တို့ လွတ်လပ်မှာပဲဆိုတဲ့အသိနဲ့ ကျွန်တော်တို့ အတူတူအလုပ်လုပ်ကိုင်နိုင်မယ်။ အတူဘုရားဝတ်ပြုနိုင်မယ်။ အတူလက်တွဲတိုက်ပွဲဝင်နိုင်မယ်။ ထောင်တန်းအတူကျခံနိုင်မယ်။ လွတ်လပ်ရေးကို အတူတောင်းဆိုနိုင်မယ်။ "ဒါတို့မြေ၊ လွတ်လပ်တဲ့မြေ၊ မြတ်နိုးလို့ တေးဆိုသလေ။ ဘိုးဘေး တို့မြေ၊ သူတော်စင်တို့မြေ၊ တောင်ကမ်းပါးယံတွေက လွတ်လပ်ရေးပဲ့တင်သံ ညံစေ ...." သီချင်းကို ဘုရားသားသမီးတိုင်းက အဓိပ္ပာယ်သစ်နဲ့ သီဆိုနိုင်သော တစ်နေ့မှာ အဲဒီအချိန်အခါ ရောက်ပါလိမ့်မယ်။

အမေရိကန်နိုင်ငံကြီးရယ်လို့ ကြီးမြတ်လာမယ်ဆိုရင် ဒါတွေဖြစ်ကိုဖြစ်ရမယ်။ ဒါကြောင့် နယူးဟမ့်ရှိုင်းယားနယ်က ဇရာမတောင်ကုန်းတွေမှာ လွတ်လပ်ရေးသံ ဟိန်းပါစေသား။ နယူးယောက်နယ် တောင်တန်းများမှ လွတ်လပ်ရေးသံ ဟိန်းပါစေသား။ ပင်စီဗေးနီးယားနယ် အလက်ဂနီတောင်တန်းမြင့်ထက်ဝယ်မှ လွတ်လပ်ရေးသံ ဟိန်းပါစေသား။ ကော်လာရေးဒို ရော့ကီးတောင်တန်းမှ လွတ်လပ်ရေးသံ ဟိန်းပါစေသား။ ကာလီဖိုးနီးယားနယ်က တောင်တွန့်ထိပ်ချွန်များမှာ လွတ်လပ်ရေးသံ ဟိန်းပါစေသား။ ဤမျှမက ဇေ ဂျ်ဂျီးယားကျောက်တောင်တန်းမှလည်း လွတ်လပ်ရေးသံ ဟိန်းပါစေသား။ တင်နက်ဆီးနယ်က လာလော့ကြည့်လော့ တောင်တန်းမှ လွတ်လပ်ရေးသံ ဟိန်းစေသား။ မစ္စစ္စပီနယ်က တောင်ပို့မကျန် ရှိသမျှတောင်ကုန်းမှ လွတ်လပ်ရေးသံ ဟိန်းပါစေသား။

တောင်ကမ်းပါးယံဟူသမျှမှလည်း လွတ်လပ်ရေးသံ ဟိန်းပါစေသား။

ရပ်တကာ ရွာတကာ၊ ပြည်နယ်အစုံ၊ မြို့ရှိသမျှမှာ လွတ်လပ်ရေးသံ ဟိန်းစေသတည်းလို့ ဟစ်ကြွေးလိုက်တဲ့အခါမှာ ခပ်သိမ်းကုန်သော ဘုရားသားသမီးအပေါင်း လူမည်းရော လူဖြူပါ၊ ဂျူးရော ဂျူးမဟုတ်သူပါ၊ ပရိုတက်စတင့်ရော ကက်သလစ်ပါ အားလုံးလက်တွဲညီညီနှင့် "အဆုံးမတော့ လွတ်လပ်ပြီ၊ အဆုံးမတော့ လွတ်လပ်ပြီ။ ဘုရားကျေးဇူးတော်၊ အဆုံးမတော့ ဒို့ လွတ်လပ်ပြီ" ဆိုတဲ့ ရှေးနီဂရိုး သူတော်စင်၏တေးကို သံပြိုင်ဟစ်ကြွေးနိုင်မည့်အချိန်သည် မဝေးတော့သည် အမြန်ဖြစ်လတ္တံ့သည် မုချမသွေတည်း။

♣♣♣♣♣

ဝေဖန်သုံးသပ်ချက်

ဤမိန့်ခွန်းကို ၁၉၆၃ ခု ဩဂုတ်လ ၂၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ၏ မြို့တော်ဝါရှင်တန်၌ ကျင်းပသော လူမည်းလွတ်လပ်ရေး လူထုစည်းဝေးပွဲကြီးတွင် မာတင်လူသာကင်း ပြောကြားခြင်းဖြစ်၏။ ဥပဒေအရပေးပြီး လူ့အခွင့်အရေးကို လူမည်းတို့မရသေးသဖြင့် တောင်းဆိုခြင်းဖြစ်၏။

အဖွင့်စကားသည် အချိန်အခါနေရာနှင့် ကိုက်ညီဆီလျော်၏။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာက သမ္မတကြီး အေဗရာဟင်လင်ကွန်း ထုတ်ပြန်ကြေငြာခဲ့သော "အားလုံးလွတ်လပ်စေ"ပြန်တမ်းကြီးကို သူက ရည်ညွှန်းပြောဆို၏။ လင်ကွန်းကို အမည်မပြောပဲ "a great American" ဟု သူက ရည်ညွှန်းသည်။ အမည်ပြောရန်မလိုလောက်အောင် လူသိများသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီး ကြေငြာသော ပြန်တမ်းသည်လည်း အလားတူ လူသိများသည်။ နီဂရိုးကို ငွေဝယ်ကျွန်ဘဝမှ လွတ်လပ်သော အမေရိကန်နိုင်ငံသားဖြစ်စေဟု အမိန့်အာဏာက ဆိုသည်။ နီဂရိုး၏ဘဝကို "seared in the flame of withering injustice" (မတရားမှုမီးလျှံမှာ အမြိုက်ခံရသဖြင့် နွမ်းလျသောဘဝ) ဟု လှလှပပ စကားနှင့် တင်စားလိုက်သည်။

နှစ်ပေါင်းတစ်ရာကြာခဲ့သော်လည်း နီဂရိုး၏ ဘဝအကြောင်း မထူးသေးပုံကို ပီပြင်စွာ ဖော်ပြသည်။ ပြီးတော့ နိုင်ငံတည်ထောင်စက နိုင်ငံဝိသုကာကြီးများ လက်မှတ်ထိုးခဲ့သော လွတ်လပ်ရေး ကြေငြာစာတမ်းကြီးနှင့် အခြေခံဥပဒေကို ငွေထုတ်မရသော ချက်လက်မှတ် နှင့်ခိုင်းနှိုင်းလိုက်သည်။ တောင်းလျှင် ငွေ ပေးကိုပေးရမည့် အော်ဒီမန်စာချုပ် ခင်ဗျ။ အခု အဲဒီလက်မှတ်နဲ့ ရစရာရှိတာကို လာတောင်းတာပါ ဆိုသော စကားသည် အလွန်အဓိပ္ပာယ်လေးနက်လှ၏။ တောင်းတာမရလျှင် ကျေနပ်မှာ မဟုတ်ကြောင်း ခပ်ပေါ့ပေါ့လုပ်နေလျှင် တိုင်းပြည် ဆူဆူပူပူ ဖြစ်လိမ့်မည်ဟု သတိပေးစကားဆိုသည်။

သို့သော် သူ့အမျိုး လူမည်းများကိုလည်း ကိုယ်နှင့်တန်တဲ့ နေရာရာရာမှာ အမှားမလုပ်မိဖို့ သတိပေးသည်။ နှလုံးရည်တိုက်ပွဲ ဆင်နွှဲရန် တိုက်တွန်းသည်။ လူဖြူများကိုလည်း ဝါးလုံးရှည်နှင့် မရိုက်ရန် သတိပေးသည်။ ညီရင်းအကိုပမာ လူဖြူတွေရှိကြောင်း သတိပေး၏။

"နင်တို့လိုဘတွေ ဘယ်တော့ပြည့်မှာတုန်း"ဟု မေးသူတွေအတွက် မာတင်လူသာကင်းပေးသော အဖြေက "ကျုပ်တို့တွေ ခရီးပန်းလှပြီခင်ဗျာ။ လမ်းမကြီးတွေပေါ် က မိုတယ်တွေ၊ မြို့ကြီးတွေက ဟိုတယ်တွေမှာ တည်းခိုခွင့် မရမချင်း ကျွန်တော်တို့လိုအင်ပြည့်မှာ မဟုတ်ဘူးခင်ဗျာ " ဖြစ်သည်။ အလွန်ထိသော စကားပါပေ။ အဘယ်ကြောင့်နည်း - အမေရိကန်နိုင်ငံတွင် မိုတယ်၊ ဟိုတယ်တွေမှာ လူမည်း နီဂရိုးတည်းခိုခွင့် မပြုသောကြောင့်။ ခွဲခြားဆက်ဆံသောကြောင့်။ ဤကန့်သတ်မှုမျိုး ရှိနေသေးလျှင် မကျေနပ်နိုင်သေးဟု ဆိုလိုက်သည်။

ပြီးတော့ အစည်းအဝေးကြီးကို တက်ရောက်လာသော လူထုကြီး နိုင်ငံအဝှမ်း ဒေသအစုံမှဖြစ်ကြောင်း ပေါ် လွင်အောင်၊ ... ယုံကြည်ချက်ကို နလုံးသွင်းပြီး မစ္စစ္စပီကို ပြန်ကြပါ။ အာလာဘားမားကို ပြန်ကြပါ..... ပြန်ကြပါ ... ပြန်ကြပါ။ နိုင်ငံနှင့်အဝန်း သက်ဆိုင်နေသော ပြဿနာကြီးဖြစ်ကြောင်း မီးမောင်းထိုးသော စကားဆို၏။

အကောင်းဆုံးက သူ့အိပ်မက်အကြောင်းဖြစ်သည်။ သူဖြစ်စေချင်တာတွေကို သူက အိပ်မက် မက်လိုက်သည်။ အိပ်မက်အရ တစ်နေ့သောအခါ ဖြစ်လာစရာတွေကို အကြိမ်ကြိမ်ပြောပြသည်။

"ကျွန်တော် ဒီနေ့ အိပ်မက် မက်တယ်" ဟု ထပ်တလဲလဲ ဆို၏။

မာတင်လူသာကင်းသည် ဘာသာရေးခေါင်းဆောင်၊ ဓမ္မကထိက ဖြစ်၏။ ဓမ္မကထိကလည်း ပီသပါပေသည်။ သူ၏ တရားကို ခရစ်ယာန်တို့ ထုံးစံအတိုင်း ဆုတောင်းနှင့်ပိတ်၏။ လွတ်လပ်ရေးသံ ဟိုမှ ဟိန်းပါစေသား၊ ဒီမှ ဟိန်းပါစေသား ဟိန်းရမည့်အရပ် စုံလင်သည်။

"ရပ်တကာ ရွာတကာ၊ ပြည်နယ်အစုံ၊ မြို့ရှိသမျှမှာ လွတ်လပ်ရေးသံ ဟိန်းစေသတည်း" နောက်မှ နီဂရိုး၏ အသည်းစွဲသီချင်း "အဆုံးမတော့ လွတ်လပ်ပြီ .... ဘုရား ကျေးဇူးတော် ...." တေးကို သီကြွေးရမည့်အချိန် မဝေးတော့ပြီဟု မျှော်လင့်ချက်ပေးပြီး မိန့်ခွန်းပိတ်၏။

အဖွင့်စကား လှပသည်။ သူနေရာနှင့်သူ အံဝင်သည်။ အလယ်ပိုင်းမှာ လိုရင်းကို စကားအလင်္ကာနှင့် ပီပြင်စွာ ပြောသည်။ နိဂုံးချုပ်ပုံကလည်း ကောင်းပါပေသည်။

စကားအသုံးအနှုန်း

မိန့်ခွန်းကိုဖွင့်သော ဝါကျသည် အေဘရာဟင်လင်ကွန်းကို ရည်ညွှန်းကြောင်း အထက်တွင် ဖော်ပြခဲ့ပြီ။ ထိုဝါကျ၏ ပထမ phrase ဖြစ်သော Five score years ago, သည် လင်ကွန်းစတိုင်ဖြစ်ကြောင်း သတိပြုမိသည်။ လင်ကွန်း၏ နာမည်ကျော်မိန့်ခွန်းကိုလည်း Four score and seven years ago နှင့် ဖွင့်သည် မဟုတ်ပါလား။

မာတင်လူသာကင်းက စကားပြောရာတွင် စကားလုံးကို တင်စားမှုဖြင့် ဝေဝေဆာဆာ တန်ဆာဆင်သည်။ ဝေါဟာရလည်း အလွန်ကြွယ်၏။ ဥပမာ အချို့ကို ကြည့်ပါ။ (အားလုံးမဖော်ပြပါ။ နမူနာ အချို့သာ ဖော်ပြပါမည်။)

♣ a great beacon light of hope

♣ flames of withering injustice

♣ a joyous daybreak to end the long night of captivity

♣ manacles of segregation and chains of discrimination

♣ island of poverty .... vast ocean of material prosperity

♣ the luxury of cooling off

♣ oasis of freedom and justice

♣ hew out of the mountain of despair a stone of hope

အလွန်ထူးခြားပေါ်လွင်သော တင်စားမှု နှစ်ခုတွေ့ရသည်။ ပထမ In a sense we have come to our nation's capital to cash a check(မြို့တော်ကို ကျွန်တော်တို့တက်လာတာ ချက်လက်မှတ်နဲ့ ငွေထုတ်ယူဖို့ပါ) ဖြစ်၏။ အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေနှင့် လွတ်လပ်ရေးကြေငြာစာတမ်းကြီးကို ချက်လက်မှတ်နှင့် ပမာနှိုင်းထားသည်။ ထိုအထဲတွင်ပါဝင်သော လူအခွင့်အရေးများကို နိဂရိုးတို့ မရရှိသောကြောင့် a bad check (ငွေထုတ်မရသော ချက်လက်မှတ်) ဟု ထပ်မံတင်စားပြန်သည်။

ဒုတိယ အထင်ကရ တင်စားမှုသည် စကားပမာဟု ပြောချင်ပြောနိုင်သလို တကယ့်ပစ္စည်းလည်းဖြစ်နေ၏။ We can never be satisfied as long as our bodies, heavy with fatigue of travel, cannot gain lodging in the motel of the highways and the hotels of the cities ဤဝါကျက နီဂရိုး၏ လူ့အခွင့်အရေး ပိတ်ပင်မှုကို ပေါ်လွင်စေသည်။

မတူယှဉ်တွဲ

နားထောင်သူ အမှတ်ရစေသော မတူသည်ချင်း ယှဉ်တွဲပြသည့် ဆန့်ကျင်အတွဲတွေလည်း တွင်တွင်တွေ့ရသည်။ ဥပမာ --

♣ day break .... long night

♣ island of poverty ..... ocean of prosperity

♣ quick sands .... solid rock

♣ sweltering summer ..... invigorating autumn

♣ not an end ... a beginning

♣ Physical force .... soul force

ဤသို့သော နှိုင်းယှဉ်မှုများ အလွန်များပြားပါသည်။ စေ့စပ်စွာ ပြန်လည်ဖတ်ရှုလျှင် သတိပြုမိပါလိမ့်မည်။ ဤတွင် အကုန်မဖော်ပြတော့ပါ။

ထိရောက်သော ဝါကျတိုများ

♣ We cannot walk alone.

♣ We cannot turn back.

♣ I have a dream today.

♣ This is our hope.

♣ This is the faith with which I return to the South.

အစရှိသော ဝါကျတိုများသည် တိုတိုနှင့် အဓိပ္ပာယ်လေးနက်သည်။

ထပ်ခါထပ်ခါ

အပြောအဟောကောင်းသူများ ထုံးစံအတိုင်း မာတင်လူသာကင်းလည်း ထပ်ခါတလဲလဲပြောသည်။ အရေးကြီးသောအချက် လေးနက်စေဖို့ ဖြစ်သည်။ ဥပမာများ ကြည့်ပါဦး --

♣ One hundred years later (၄ ကြိမ်) လင်ကွန်း၏ လွတ်လပ်စေ အမိန့်ကြီးထုတ်ပြန်ပြီး အနှစ်တစ်ရာသာ ကြာသွားသည်။ နီဂရိုးက ဘာလွတ်လပ်ခွင့်မှ မရသေးကြောင်း လေးနက်စေလိုသောကြောင့် One hundred years later ကို ထပ်ခါထပ်ခါ ပြောသည်။

♣ We refuse to believe (၂ ကြိမ်)

♣ Now is the time to (၃ ကြိမ်) -- လုပ်သင့်တာတွေလုပ်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း လေးနက်စေရန်ဖြစ်သည်။

♣ We can never be satisfied ... We cannot be satisfied ... We can never be satisfied .... No, no we are not satisfied, and we will not be satisfied ....(နီဂရိုးအခွင့်အရေး တောင်းခံနေသည်။ မရလျှင် ကျေနပ်လိမ့်မည်မဟုတ်ကြောင်း လေးနက်စေရန် အမျိုးမျိုးလှည့်ပြီး ၅ ကြိမ်ကျော့ပြီး ထပ်ခါထပ်ခါ ပြောသည်။)

♣ Go back to Mississippi, go back to Alabama, go back to ..., go back to ... (ပရိသတ်က နိုင်ငံအဝန်း ဒေသအစုံမှ တစ်ခဲနက် တက်ရောက်လာသူတွေဖြစ်သည်။ ပရိသတ်စုံလင်ခြင်းကို ပေါ်လွင်စေရန် နယ်တစ်ခုစီကို အမည်ဖော်ပြီး ပြန်ကြပါလေ ပြန်ကြပါလေဟု ထပ်ခါထပ်ခါ ပြောသည်။)

♣ I have a dream ကို (၉) ကြိမ် (၉)ခါ ပြောသည်။ သူမျှော်လင့်ချက်များ၊ သူဖြစ်စေချင်တာတွေ များသည်။ အလွန်လည်း ဖြစ်လာစေချင်သည်။

♣Let freedom ring ကို (၁၁) ကြိမ်ထပ်တလဲလဲပြောသည်။ မိန့်ခွန်းတစ်ခုလုံး၏ အနှစ်သာရက နီဂရိုး၏ လွတ်မြောက်ရေးဖြစ်သောကြောင့်။ မလွတ်လပ်သေးသော နီဂရိုးများ နေထိုင်ရာ နယ်တွေက များပြားသောကြောင့်။ အရေးကြီးသောကြောင့်။

အကိုးအကား

မာတင်လူသာကင်းက လူတိုင်းသိပြီးသားဖြစ်သော လင်ကွန်း၏ လွတ်မြောက်စေ ပြန်တမ်းကို ရည်ညွှန်းပြီး မိန့်ခွန်းကို ဖွင့်သည်။ ပြီးတော့ အခြေခံဥပဒေကြီး နှင့် လွတ်လပ်ရေးကြေငြာစာတမ်းကြီးကို ရည်ညွှန်းပြောဆိုသည်။ inalienable rights of life, liberty and pursuit of happiness သည် လွတ်လပ်ရေးကြေငြာစာတမ်းပါ စာသားဖြစ်၏။ သူပြောစကား သူတောင်းဆိုချက် ခိုင်မာစေရန် ကိုးကားခြင်းဖြစ်သည်။ "We hold these truths to be self-evident : that all men are created equal" သည်လည်း လွတ်လပ်ရေး ကြေငြာစာတမ်း၏ အဖွင့်အနှစ်သာရဖြစ်သည်။

ပြီးတော့ "My country, tis of thee ... let freedom ring " တေးကို ဆိုသည်။ လူတိုင်းနှုတ်ဖျားက တေးဖြစ်သည်။ နောက်ဆုံး "Free at last.." သီချင်းနှင့် မိန့်ခွန်းကို အဆုံးသတ်သည်။ "Free at last " ကို သုံးကြိမ်ရွတ်ပြီး ဘုရားကျေးဇူးတော်နှင့် နိဂုံးချုပ်သည်။ သာဓု သုံးကြိမ်ခေါ်သည်နှင့် တူပေသည်။

မိန့်ခွန်းအရှည်

စကားလုံး ၁၆၀၀ ခန့်ပါသည်။ ပြောချိန် ၁၅-၁၇ မိနစ်ခန့်ကြာမည်။ မရှည်လွန်း မတိုလွန်းဖြစ်၏။ လူငါးသိန်းအင်အားရှိ ပရိသတ်ကြီး မငြီးငွေ့အောင် ထိန်းနိုင်သောအစွမ်းရှိသည်။ ဤသည်လည်း ကောင်းခြင်းအင်္ဂါတစ်ရပ်ဖြစ်ပေသည်။

♣♣♣♣♣

အခန်း(၁၃)

ပက်ထရစ်ဟင်နရီ

လွတ်လပ်ရေးပေးရင်ပေး၊ မပေးရင် အသေခံမယ်

Patrick Henry: Give me liberty, or give me death

ပက်ထရစ်ဟင်နရီ၏ အတ္ထုပ္ပတ္တိ

၁၇၃၆ ခုဖွား ၁၇၉၉ ခု ကွယ်လွန်သူ ပက်ထရစ်ဟင်နရီသည် အမေရိကန် လွတ်လပ်ရေးတော်လှန်ရေးတွင် ထင်ရှားသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၁၇၆၅ ခုတွင် ဗာဂျီးနီးယားနယ် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်(အမတ်) အဖြစ် ရွေးကောက်ခံရသည်။ ထိုလွှတ်တော်က ဗြိတိန်ဘုရင်ပြဋ္ဌာန်းသော စာပို့တံဆိပ်ခေါင်းခွန် ဥပဒေ ကို လက်မခံရန် ဟင်နရီက တိုက်တွန်းသည်။ သူ့အဆိုအတိုင်း လွှတ်တော်က ဆုံးဖြတ်သည်။ ၁၇၇၄ ခု ပထမအကြိမ် ကျင်းပသော အမေရိကန်ပြည်နယ်အားလုံး၏ စုံညီအစည်းအဝေးဖြစ်သော Continental Congress တွင် ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ၁၇၇၅ ခုတွင် ဗာဂျီးနီးယားနယ်၌ တော်လှန်ရေးအစည်းအဝေး ကျင်းပရာ ပက်ထရစ်ဟင်နရီက မိန့်ခွန်းပြောပြီး ညှိနှိုင်းရေးမလုပ်ပဲ စစ်တိုက်ရန် ဆော်သြသည်။ ထိုမိန့်ခွန်း၏ နိဂုံးဝါကျ "Give me Liberty, or Give me death" သည် ပြောစမှတ်ပြုလောက်အောင် လူတွေနှုတ်ဖျားခဲ့ စွဲကျန်ရစ်၏။ မိန့်ခွန်းပြောချိန်၌ သူ့အသက် ၃၈ သာ ရှိသေး၏။

ပက်ထရစ် ဟင်နရီသည် ရှေ့နေအဖြစ် လုပ်ကိုင်ရာမှ ဗာဂျီးနီးယားနယ် အုပ်ချုပ်ရေးမှူး(ဂါဗနာ) အဖြစ် ၁၇၇၆-၇၉ တွင် တာဝန်ယူ၏။ ၁၇၈၈ ခုတွင် ရေးဆွဲသော အမေရိကန်ပြည်ထောင်စု အခြေခံဥပဒေကို သူက အပြင်းအထန်ကန့်ကွက်သည်။ ပြည်နယ်နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် ဗဟိုအစိုးရ (ဖက်ဒရယ် အစိုးရ) ၏ အာဏာ များလွန်းသည်ဟု သူက သဘောရသောကြောင့်ဖြစ်သည်။ သို့သော် အခြေခံဥပဒေ အတည်ဖြစ်လာသောအခါ ပက်ထရစ် ဟင်နရီက "ပြည်သူ့အခွင့်အရေး ဥပဒေ" (Bill of Rights) ပြဋ္ဌာန်းရေးကို ရှေ့ဆောင်ဆော်သြသည်။

နောက်ခံသမိုင်း

၁၇၇၃ ခု ဒီဇင်ဘာလတွင် ဘော်စတွန်တီးပါတီ (Boston Tea Party) အမည်ရှိသော ဆန္ဒပြမှုဖြစ်ပေါ်သည်။ ထိုအချိန်က အမေရိကန်ပြည်နယ်များကို အင်္ဂလန်ပြည်ဘုရင့်အစိုးရကအုပ်စိုးသည်။ကိုလိုနီနယ်များဖြစ်၏။အခွန်အတုပ်ကောက်ခံမှုကိုမကျေနပ်သော ကိုလိုနီနယ်သားများက အင်္ဂလိပ်ပိုင် သင်္ဘောပေါ် ဖွတ်အတင်းတက်ပြီး သင်္ဘောပေါ်ပါသော လက်ဖက်ခြောက်သေတ္တာများကို ရေထဲပစ်ချကြသည်။ ဘော်စတွန်ဆိပ်ကမ်းတွင် ဖြစ်သောကြောင့် "ဘော်စတွန်တီးပါတီ"တွင်၏။ ဘော်စတွန်ပုန်ကန်မှုကို အကြောင်းပြုပြီး အင်္ဂလန်ပါလီမန်က နှိပ်ကွပ်သော ဥပဒေတစ်ခုပြီးတစ်ခု ပြဋ္ဌာန်းသည်။

၁၇၇၄ ခု မေလတွင် ဗြိတိသျှစစ်တပ်ကို ဗိုလ်ချုပ်ထောမတ်ဂေ့(ချ)ကွပ်ကဲပြီး ဘော်စတွန်မြို့သို့ ရောက်လာသည်။ နောက်ထပ် ဗြိတိသျှတပ်ရင်း (၄)ရင်း ရောက်လာ၏။ ၁၇၇၄ ခု နွေနှောင်းရာသီတွင် ဖီလာဒဲဖီးယားမြို့၌ ပထမအကြိမ် ကွန်တင်နင်တယ်ကွန်ဂရက် အစည်းအဝေးကြီး ကျင်းပ၏။ အမေရိကန်ကိုလိုနီနယ်များမှ ကိုယ်စားလှယ် ၅၆ ဦးတက်သည်။ ဂျော်ဂျီးယားတစ်နယ်သာ ကိုယ်စားလှယ်မပါပဲကျန်၏။ စက်တင်ဘာ(၁၇) ရက်တွင် ကွန်ဂရက်က ပါလီမန်၏ နှိပ်ကွပ်ဥပဒေများကို ဆန့်ကျင်ကြောင်း ကြေငြာ၏။ ထိုဥပဒေများကို လိုက်နာရန်မလိုဟု ဆုံးဖြတ်ပြီး ဒေသန္တရပြည်သူ့စစ်များ ဖွဲ့စည်းရန်လည်း ဆုံးဖြတ်၏။

ဤသို့ဖြင့် ကိုလိုနီနယ်များနှင့် ဗြိတိသျှအစိုးရကြား စီးပွားရေးနှင့် စစ်ရေးတင်းမာမှု ဖြစ်ပေါ်လာသည်။ ၁၇၇၅ ခုတွင် ပြည်နယ်ကွန်ဂရက်အစည်းအဝေးတစ်ရပ် မက်ဆာချူးဆက်နယ်၌ ကျင်းပသည်။ ဤအတောအတွင်း ဂျွန်ဟင်ကော့နှင့် ဂျီးဇက်ဝါရင်တို့က စစ်ဖြစ်လာလျှင် အသင့်ဖြစ်ရန် ပြည်သူ့စစ်ဖွဲ့ပြီး ကာကွယ်ရေး ပြင်ဆင်ကြသည်။ ထိုအခါ အင်္ဂလိပ်ပါလီမန်က မက်ဆာချူးဆက်နယ်တွင်

ပုန်ကန်မှုဖြစ်ပွားနေပြီဟု ကြေငြာချက် ထုတ်ပြန်လေသည်။

၁၇၇၅ ခု မတ်လ ၂၃ ရက်တွင် အမေရိကန်၌ အကြီးဆုံးပြည်နယ်ဖြစ်သော ဗာဂျီးနီးယားနယ် ရစ်(ချ)မွန်မြို့တွင် ကိုလိုနီနယ်များမှာ ကိုယ်စားလှယ်များစည်းဝေးကြပြန်သည်။ဆုံးဖြတ်ရန်အဆိုကိုပက်ထရစ်ဟင်နရီကတင်သွင်းသည်။"ဗာဂျီးနီးယားနယ်သည်မိမိကိုယ်မိမိ ကာကွယ်ရမည့် အနေအထားရောက်နေသည်။ လက်နက်တပ်ဆင်ပြီး လိုအပ်သော စည်းကမ်းများနှင့်အညီ လူအင်အားလိုသလောက် ဆင့်ဆိုစုရုံးရန်" အဆိုဖြစ်၏။ အဆိုကို မဲမခွဲမီ ပက်ထရစ်ဟင်နရီက ယခုဖော်ပြမည့် မိန့်ခွန်းကိုပြောပြီး ကိုယ်စားလှယ်များက စစ်ရေးကို လက်ခံကြရန် တိုက်တွန်း၏။

ဟင်နရီက မှတ်စုမှတ်ရာမပါပဲ လက်တန်းပြောဆို၏။ ပြောရင်းပြောရင်း သူ့အသံသည် ကျယ်ပြီးရင်းကျယ်လာ၏။ အဆုံးဝါကျတွင် အခေါင်ခိုက်လေသည်။ ထိုဝါကျသည် ယခုအခါ ထင်ရှားကျော်ကြားနေလေပြီ။ သူ့မိန့်ခွန်းအပြီး မဲခွဲကြသည်။ ပက်ထရစ်ဟင်နရီက ပွတ်ကာသီကာ မဲအနိုင်ရသွား၏။ ဗာဂျီးနီးယားနယ်လည်း အမေရိကန်တော်လှန်ရေးတွင် ပါဝင်သွားလေသည်။

♣♣♣♣♣

Patrick Henry: Give Me Liberty or Give Me Death

No man thinks more highly than I do of the patriotism, as well as abilities, of the very worthy gentlemen who have just addressed the House. But different men often see the same subject in different lights; and, therefore, I hope it will not be thought disrespectful to those gentlemen if, entertaining as I do, opinions of a character very opposite to theirs, I shall speak forth my sentiments freely, and without reserve.

This is no time for ceremony. The question before the House is one of awful moment to this country. For my own part, I consider it as nothing less than a question of freedom or slavery; and in proportion to the magnitude of the subject ought to be the freedom of the debate. It is only in this way that we can hope to arrive at truth, and fulfil the great responsibility which we hold to God and our country. Should I keep back my opinions at such a time, through fear of giving offence, I should consider myself as guilty of treason towards my country, and of an act of disloyalty toward the majesty of heaven, which I revere above all earthly kings.

Mr. President, it is natural to man to indulge in the illusions of hope. We are apt to shut our eyes against a painful truth, and listen to the song of that siren till she transforms us into beasts. Is this the part of wise men, engaged in a great and arduous struggle for liberty? Are we disposed to be of the number of those who, having eyes, see not, and, having ears, hear not, the things which so nearly concern their temporal salvation?

For my part, whatever anguish of spirit it may cost, I am willing to know the whole truth; to know the worst, and to provide for it.I have but one lamp by which my feet are guided; and that is the lamp of experience. I know of no way of judging of the future but by the past. And judging by the past, I wish to know what there has been in the conduct of the British ministry for the last ten years, to justify those hopes with which gentlemen have been pleased to solace themselves, and the House?

Is it that insidious smile with which our petition has been lately received? Trust it not, sir; it will prove a snare to your feet. Suffer not yourselves to be betrayed with a kiss. Ask yourselves how this gracious reception of our petition comports with these war-like preparations which cover our waters and darken our land. Are fleets and armies necessary to a work of love and reconciliation? Have we shown ourselves so unwilling to be reconciled, that force must be called

in to win back our love? Let us not deceive ourselves, sir. These are the implements of war and subjugation; the last arguments to which kings resort. I ask, gentlemen, sir, what means this martial array, if its purpose be not to force us to submission? Can gentlemen assign any other possible motive for it? Has Great Britain any enemy, in this quarter of the world, to call for all this accumulation of navies and armies?

No, sir, she has none. They are meant for us; they can be meant for no other. They are sent over to bind and rivet upon us those chains which the British ministry have been so long forging. And what have we to oppose to them? Shall we try argument? Sir, we have been trying that for the last ten years. Have we anything new to offer upon the subject? Nothing.

We have held the subject up in every light of which it is capable; but it has been all in vain. Shall we resort to entreaty and humble supplication? What terms shall we find which have not been already exhausted? Let us not, I beseech you, sir, deceive ourselves longer.

Sir, we have done everything that could be done, to avert the storm which is now coming on. We have petitioned; we have remonstrated; we have supplicated; we have prostrated ourselves before the throne, and have implored its interposition to arrest the tyrannical hands of the ministry and Parliament.

Our petitions have been slighted; our remonstrances have produced additional violence and insult; our supplications have been disregarded; and we have been spurned, with contempt, from the foot of the throne. In vain, after these things, may we indulge the fond hope of peace and reconciliation. There is no longer any room for hope.

If we wish to be free if we mean to preserve inviolate those inestimable privileges for which we have been so long contending if we mean not basely to abandon the noble struggle in which we have been so long engaged, and which we have pledged ourselves never to abandon until the glorious object of our contest shall be obtained, we must fight! I repeat it, sir, we must fight! An appeal to arms and to the God of Hosts is all that is left us!

They tell us, sir, that we are weak; unable to cope with so formidable an adversary. But when shall we be stronger? Will it be the next week, or the next year? Will it be when we are totally disarmed, and when a British guard shall be stationed in every house? Shall we gather strength by irresolution and inaction? Shall we acquire the means of effectual resistance, by lying supinely on our backs, and hugging the delusive phantom of hope, until our enemies shall have bound us hand and foot?

Sir, we are not weak if we make a proper use of those means which the God of nature hath placed in our power. Three millions of people, armed in the holy cause of liberty, and in such a country as that which we possess, are invincible by any force which our enemy can send against us. Besides, sir, we shall not fight our battles alone. There is a just God who presides over the destinies of nations; and who will raise up friends to fight our battles for us.

The battle, sir, is not to the strong alone; it is to the vigilant, the active, the brave. Besides, sir, we have no election. If we were base enough to desire it, it is now too late to retire from the contest. There is no retreat but in submission and slavery! Our chains are forged! Their clanking may be heard on the plains of Boston! The war is inevitable and let it come! I repeat it, sir, let it come.

It is in vain, sir, to extenuate the matter. Gentlemen may cry, Peace, Peace but there is no peace. The war is actually begun! The next gale that sweeps from the north will bring to our ears the clash of resounding arms! Our brethren are already in the field! Why stand we here idle? What is it that gentlemen wish? What would they have? Is life so dear,

or peace so sweet, as to be purchased at the price of chains and slavery? Forbid it, Almighty God! I know not what course others may take; but as for me, give me liberty or give me death!

Patrick Henry - March 23, 1775

♣♣♣♣♣

ဘာသာပြန်

ပက်ထရစ် ဟင်နရီ။ ။ လွတ်လပ်ရေးပေးရင်ပေး မပေးရင် အသေခံမယ်။

ယခု လွတ်တော်အစည်းအဝေးမှာ ဆွေးနွေးတင်ပြသွားတဲ့ လူကြီးမင်းများရဲ့ မျိုးချစ်စိတ်နဲ့ လုပ်ရည်ကိုင်ရည်ကို ကျွန်တော်လောက် တန်ဖိုးထားသူ မရှိပါဘူးခင်ဗျာ။ သို့သော်လည်း တစ်ခုတည်းသော အကြောင်းအရာကို ရှုမြင်ရာမှာ လူချင်းတူပေမဲ့ အမြင်ချင်း မတူတတ်ပါဘူး။ ဒါကြောင့် ကျွန်တော့်အမြင်က လူကြီးမင်းများနှင့်မတူ ဆန့်ကျင်နေမယ်၊ အဲဒီ အမြင်ကို ယုံကြည်တဲ့အတိုင်း လွတ်လွတ်လပ်လပ် မချွင်းမချန် ကျွန်တော်ပြောဆိုလျှင် လူကြီးမင်းများအပေါ် မရိုမသေ မထေမဲ့မြင် ပြောတယ်လို့ အထင်မရောက်ပေဘူးလို့ ကျွန်တော် ယူဆပါတယ်။

ခုချိန်ဟာ ကိန်းကြီးကိန်းခမ်း လုပ်ရမယ့်အချိန် မဟုတ်ပါဘူး။ ယခု လွှတ်တော်က ကြုံနေတဲ့ပြဿနာက တိုင်းပြည်အတွက် အလွန်ဆိုးတဲ့ အခြေအနေပါ။ ကျွန်တော့်အနေနဲ့တော့ ကျွန်ဖြစ်မှာလား၊ လွတ်လပ်မှာလားဆိုတဲ့ ပြဿနာကြီးပါပဲ။ ဒီထက်ကြီးတဲ့ ပြဿနာမရှိပါဘူး။ ဒီတော့ ပြဿနာက ကြီးလေးသလိုပဲ အခြေအတင် ပြောဆိုဆွေးနွေးကြရာမှာ လွတ်လွတ်လပ်လပ် ပြောဆိုခွင့်လိုပါတယ်။ ပြဿနာနဲ့လိုက်တဲ့ လွတ်လပ်ခွင့် ရှိသင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ အမှန်တရားရှာလို့ရမယ်။ ဒါမှလည်း ကျွန်တော်တို့ ဘုရားအတွက် နိုင်ငံအတွက် ထမ်းရွက်နေတဲ့ တာဝန်ကို ကျေပွန်ပါလိမ့်မယ်။ အငြိုငြင်ခံရမှာစိုးပြီး ကျွန်တော်က ဆိုအပ်သော စကားကို မဆိုခဲ့ရင် နိုင်ငံအပေါ် သစ္စာဖောက်ရာရောက်ပါလိမ့်မယ်။ နိဗ္ဗာန်ဘုံ၏ ဂုဏ်ကျက်သရေကို မထေမဲ့မြင်လုပ်ရာ ရောက်ပါလိမ့်မယ်။ နိုင်ငံနဲ့ နိဗ္ဗာန်ဘုံကို ဒီလောကမှာရှိသမျှ ဘာနဲ့မှမတူအောင် ကျွန်တော်လေးစားမြတ်နိုးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ - မဖြစ်နိုင်တာကို မျှော်လင့်တာ တွေဝေတတ်တာ လူ့သဘာဝပါ။ ခံရခက်မည့် အမှန်တရားကို မသိချင်ဘူး။ မျက်စေ့မှိတ်ထားမယ်။ ဒုက္ခကြုံတော့မယ်လို့ အချက်ပေးတဲ့ ဥဩသံကို ဂီတသံထင်ပြီး နားထောင်နေမယ်။ လူတွေ သရဲသဘက်လို ဖြစ်သည်အထိ ဥပေက္ခာပြုလိမ့်မယ်။ လွတ်လပ်ရေးအတွက် အပြင်းအထန် တိုက်ပွဲဝင်နေတဲ့ ပညာရှိလူကြီးများ ဒီလိုလုပ်နေသင့်ပါသလားခင်ဗျာ။ မျက်စေ့ရှိလျက် ကန်းသူ၊ နားရှိလျက် ပင်းသူတွေလားခင်ဗျာ။ ကျွန်တော်တို့ လောကီလွတ်မြောက်ရေးအတွက် ကြည့်စရာ ကြားစရာတွေ ရှိနေပါတယ်။

ကျွန်တော်အနေနဲ့တော့ ဘယ်လောက် စိတ်ဆင်းရဲဆင်းရဲ အမှန်ကို အမှန်အတိုင်းသိချင်ပါတယ်။ ဆိုးရင်လည်း အဆိုးဆုံးကို ရင်ဆိုင်ဖို့ ပြင်ဆင်ရမှာပေါ့။ ကျွန်တော်လျှောက်မည့်လမ်းကို အလင်းပြဖို့ ဖန်မီးအိမ်တစ်လုံးပဲ ရှိပါတယ်။ အတွေ့အကြုံဆိုတဲ့ ဖန်မီးအိမ်ပါပဲ။ အနာဂတ်ကို အကဲခတ်ဖို့ ကျွန်တော်တစ်နည်းပဲမြင်ပါတယ်။ အတိတ်ကို ကြည့်ပြီး အနာဂတ်ကို အကဲခတ်ရမှာပါ။ ဒီတော့ အတိတ်ကို ပြန်ကြည့်ရင် ကုန်ခဲ့တဲ့ (၁၀)နှစ်အတွင်း လူကြီးမင်းများရော ဤလွှတ်တော်ပါ ဖြေသိမ့်စရာ မျှော်လင့်ချက်ကလေးတွေကို ပြိတိသျှအစိုးရက ဘာများလုပ်ပေးခဲ့ပါသလဲ။ ကျွန်တော်သိချင်တယ်ဗျာ၊ သူတို့ ဘာများပေးခဲ့သလဲ။

အကောက်ဉာဏ်ကို ဖုံးထားတဲ့ အပြုံးနဲ့(အမေရိကန်ပြည်နယ်များက တင်သော အသနားခံလွှာကို တတိယမြောက် ဂျော့ဘုရင်က ဖတ်ရှုပြီး ပြုံးသည်ဟု အဆိုရှိ၏။) ကျွန်တော်တို့ရဲ့ အသနားခံလွှာကို တုံ့ပြန်တာ ဖြေသိမ့်စရာလားခင်ဗျာ။ မယုံကြပါနဲ့ဗျို့၊ မယုံကြပါနဲ့။ အဲဒါ ကျော့ကွင်းခင်ဗျ။ ခြေထောက်ကို စွပ်မိမယ့် ကျော့ကွင်း။ ချစ်လို့နမ်းတယ်များ မထင်ကြလေနဲ့။ အခု စစ်ပြင်လာပြီ။ ရေပြင်မှာ အပြည့်။ မြေပြင်မှာလည်း မည်းမှောင်နေပြီ။ ကျွန်တော်တို့ အသနားခံလွှာကို ဒီလိုတုံ့ပြန်တာ ကောင်းသလားဗျာ။ ကိုယ့်ကိုယ်ကို မေးကြပါ ကောင်းသလားလို့။ မေတ္တာအရင်းခံပြီး အချင်းချင်း သင့်မြတ်အောင်လုပ်ရာမှာ ရေတပ်စစ်သင်္ဘောကြီးတွေ လိုသလားခင်ဗျာ။ ပြန်လည်သင့်မြတ်ဖို့ အရေးမှာ ကျွန်တော်တို့ဖက်က တင်းလွန်းနေသလားဗျာ။ မသင့်မြတ်ချင်ဘူးလို့ ထင်စရာဖြစ်နေလို့များ အင်အားသုံးဖို့ ပြင်ဆင်နေတာလား။ ကိုယ့်ကိုယ်ကိုယ် မလှည့်စားကြပါနဲ့ခင်ဗျာ။ အခုဟာတွေက စစ်လက်နက်တွေခင်ဗျ။ ဖိနှိပ်ဖို့ လက်နက်တွေပါ။ ရှင်ဘုရင်တွေ နောက်ဆုံးသုံးလေ့ရှိတဲ့ လက်နက်။ လူကြီးမင်းများခင်ဗျာ - ကျွန်တော်မေးပါရစေ။ ကျွန်တော်တို့ကို

ဒူးထောက်ခိုင်းဖို့မဟုတ်ရင် ဒီစစ်အင်အားက ဘာအတွက်လဲခင်ဗျ။ တခြားဘာရည်ရွယ်ချက်ဖြစ်နိုင်သလဲ။ လူကြီးမင်းများ ပြောကြပါ။ ကမ္ဘာ့ဒီဒေသမှာ ဒီလောက်ကြီး ရေတပ်တွေ ကြည်းတပ်တွေ စေလွှတ်ရအောင် ဂရိတ်ဗြိတိန်မှာ ရန်သူရှိနေလို့လားဗျာ။

မရှိပါဘူးဗျာ။ ဘာရန်သူမှ မရှိပါဘူး။ ဘယ်သူ့အတွက်မှ မဟုတ်ဘူး။ ကျွန်တော်တို့ကို တွယ်ဖို့ပါ။ ဗြိတိသျှအစိုးရက အကြောကြီး ပန်းပဲထုလုပ်ကိုင်ထားတဲ့ သံချိန်းကြိုးကို ကျွန်တော်တို့ကိုယ်မှာစွပ်ပြီး သံမှိန့်ဖို့ပါ။ ကျွန်တော်တို့ကို ချုပ်နှောင်ဖို့ပါ။ ကဲဒီတော့ ကျွန်တော်တို့က ဘယ်လိုတုံ့ပြန်ကြမှာတုန်း။ အခြေအတင်စကား ဆိုနေကြဦးမှာလား။ လူကြီးမင်းများခင်ဗျာ။ အပြန်အလှန် ပြောဆိုလာခဲ့တာ (၁၀)နှစ်ရှိပါပြီ။ နောက်ထပ် ကျွန်တော်တို့ဘက်က ပြောစရာ ဘာရှိသေးလို့လဲ။ ဘာမှ မရှိဘူးခင်ဗျာ။

ဒီပြဿနာကြီးကို ရှင်းဖို့ ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံ ကျွန်တော်တို့က တင်ပြခဲ့ပြီးပြီပဲ။ ဒါပေမဲ့ အားလုံးအချည်းအနှီး ဖြစ်သွားပြီ။ ထပ်ပြီး အလေးအနက် တောင်းခံဦးမှာလား။ တိုးလျှိုးတောင်းပန်ဦးမှာလား။ နောက်ထပ်များ ဘာတွေရစရာ ရှိသေးလို့လဲ။ ကျွန်တော်တောင်းပန်ပါရစေခင်ဗျာ။ ကိုယ့်ကိုယ်ကိုယ် ဆက်ပြီး လှည့်စားမနေကြပါနဲ့။

လူကြီးမင်းတို့ - ယခုဆင်နေတဲ့ မုန်တိုင်း ကြီးထွားမလာအောင် ကျွန်တော်တို့က အစွမ်းကုန်လုပ်ပြီးပါပြီ။ အသနားလည်း ခံခဲ့ပြီ။ ကျွန်တော်တို့ ကန့်ကွက်လည်း ကန့်ကွက်ခဲ့ပြီ။ တိုးလျှိုးတောင်းပန်စာလည်း တင်ခဲ့ပြီ။ ရာဇပလ္လင်ရှေ့မှောက်မှာ ဝပ်ပြားလည်းနေခဲ့ပြီ။ အစိုးရနှင့် ပါလီမန်က အကြမ်းဖက်နေတာကို ရှင်ဘုရင်က ကြားဝင်ဟန့်တားပေးဖို့လည်း အလေးအနက် ပန်ကြားခဲ့ပြီးပြီ။

ကျွန်တော်တို့အသနားခံခဲ့သမျှတွေကို မထေမဲ့မြင် လုပ်ခဲ့ပါပြီ။ ကျွန်တော်တို့က ကန့်ကွက်ပြောဆိုပြန်တော့ တိုးလို့သာ ဆိုးဝါးလာတယ်။ နိုင်ထက်စီးနင်း စော်စော်ကားကားဗျာ။ ကျွန်တော်တို့ တင်ပြသမျှကို ဂရုမစိုက်ဘူးလေ။ ကျွန်တော်တို့ ရာဇပလ္လင်ခြေရင်းကနေ မောင်းထုတ်ခံခဲ့ရပြီ။ စော်စော်ကားကား နှင်ထုတ်တယ်လေ။ ကျွန်တော်တို့လုပ်ခဲ့သမျှ သဲထဲရေသွန်ပဲ။ ကျွန်တော်တို့က ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးကို တမ်းတမ်းတတ လုပ်နေလို့လည်း အလကားပါပဲခင်ဗျာ။ နောက်ထပ်မျော်လင့်စရာ မကျန်တော့ပါဘူး။

ကျွန်တော်တို့ လွတ်လပ်ချင်တယ်ဆိုရင် ကျွန်တော်တို့ အချိန်ကြာတိုက်ပွဲဝင်ခဲ့တဲ့ အဖိုးတန်အခွင့်အရေးတွေကို အထိပါးမခံချင်ရင်၊ ကျွန်တော်တို့ ဘယ်တော့မှ လက်မလျော့ပါဘူး မစွန့်လွှာပါဘူးလို့ သစ္စာဆိုထားတဲ့ မွန်မြတ်သော တိုက်ပွဲကို မစွန့်လွှာဘူး အညံ့မခံဘူးဆိုရင် - အဲဒီ အဖိုးတန်ပန်းတိုင် မရောက်မချင်း ခရီးဆက်ကြမယ်ဆိုရင် ကျွန်တော်တို့ တိုက်ရလိမ့်မယ်။ ကျွန်တော်ထပ်ပြောဦးမယ်။ တိုက်ရမယ်ခင်ဗျာ။ ကျွန်တော်တို့ လုပ်စရာဆိုလို့ လက်နက်ကိုင်ပြီး သမ္မာဒေဝနတ်များ စောင့်ရှောက်ပါစေသတည်းလို့ ဆုတောင်းရုံပဲ ရှိတော့တယ်။

သူတို့ပြောပုံက ကျုပ်တို့မှာ အင်အားမရှိဘူးတဲ့။ ဒီလိုရန်ဖက်မျိုးကို အံတုနိုင်စွမ်း မရှိပါဘူးတဲ့။ ဒီလိုဆိုရင် ကျုပ်တို့က ဘယ်တော့ အင်အားရှိမှာလဲ။ နောက်အပတ်လား။ နောက်နှစ်လား။ ကျုပ်တို့ လုံးလုံး လက်နက်မဲ့ဖြစ်ပြီး အိမ်တိုင်းစေ့ ဗြိတိသျှတပ်သား ကင်းစောင့်မဲ့ အချိန်ကျမှလား။ မပြတ်မသားနဲ့ ဘာမှမလုပ်ပဲနေလို့ အင်အားတော့လာမှာလား။ ကျုပ်တို့က မရှိတဲ့ မျော်လင့်ချက်ကြီး ဖက်တွယ်ပြီး ကျောခင်းနေလို့ကတော့ အရာရောက်တဲ့ ခုခံနိုင်စွမ်းရမှာလား။ ရန်သူက ကျုပ်တို့လက်တွေ ခြေတွေ တုပ်နှောင်ပြီးသည်အထိ ဒီလိုပဲ နေတော့မှာလားခင်ဗျာ။

လူကြီးများခင်ဗျာ- ကျွန်တော်တို့အင်အား မပျော့ပါဘူး။ သဘာဝအတိုင်း ဘုရားပေးသမျှ ကိုယ်ပိုင်သမျှကို သေသေချာချာ အသုံးချရင်ပေါ့လေ။ လူဦးရေ သုံးသန်းဗျာ။ လွတ်လပ်ရေးအရေးတော်ပုံဆိုတဲ့ မြတ်သောလက်နက် ကိုင်တွယ်ထားတယ်ဗျာ။ ပြီးတော့ ဒီလိုနိုင်ငံမျိုးမှာ အခြေစိုက်ထားတယ်ဗျာ။ ရန်သူက တိုက်ခိုက်ဖို့ လွှတ်လိုက်တဲ့တပ်ကို ကျုပ်တို့ရှိတဲ့ အင်အားကဖြုံစရာမလိုပါဘူး။ ဒီပြင်လည်း ပြောပါရစေဦး။ ကျွန်တော်တို့ချည်း ထီးတည်းတိုက်ရမည့်စစ် မဟုတ်ဘူးဗျ။ သမာသမတ်တဲ့ ဘုရားသခင် ရှိတယ်ဗျာ။ နိုင်ငံတွေရဲ့ကံကြမ္မာကို စောင့်ကြည့်နေတော်မူတယ်။ ကျုပ်တို့ဖက်က ဝင်တိုက်ပေးမည့် မဟာမိတ်အဆွေတော်တွေ ဘုရားက လွှတ်ပေးမှာပါ။

လူကြီးများခင်ဗျာ - စစ်ဆိုတာ အားကြီးသူနိုင်ကြေးမဟုတ်ပါဘူး။ သတိဝီရိယကြီးသူ၊ မြန်သူ သွက်သူ၊ ရဲဝံ့သူ နိုင်မြဲပါ။ လူကြီးများခင်ဗျား - ပြဿနာကြီးကို မကြီးဘူးထင်အောင် အကြောင်းရှာ ပြောလို့ အကျိုးမရှိပါဘူး။ လူကြီးမင်းများက ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးဆိုပြီး တကြော်ကြော် ကြွေးကြော်ချင်ကြော်မယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးမရှိဘူးခင်ဗျ။ စစ်က တကယ်ဖြစ်စပြုနေပါပြီ။ နောက်တစ်ကြိမ်မြောက်လေပင့်ရင် (အမေရိကန်ပြည်၏ မြောက်ဖက် ကနေဒါနယ်ကို အင်္ဂလိပ်ပိုင်သည်။ ကနေဒါဘက်မှ အင်္ဂလိပ်တပ်များ ဝင်တိုက်မည်ဟု ဆိုလိုသည်) ပစ်ခတ်သံတွေ ကျွန်တော်တို့ ကြားရလိမ့်မယ်။ ကျွန်တော်တို့ ညီတော် နောင်တော်တွေ စစ်မြေပြင်ထဲရောက်နေပြီ။ ကျွန်တော်တို့က ဒီမှာ ဘာလို့ အပျင်းထူနေရမလဲဗျာ။ လူကြီးမင်းတို့ အလိုရှိတာက ဘာတုန်း။ သူတို့ကရော

ပေးစရာဘာရှိသတုန်း။ ချိန်းကြိုးအတုပ်ခံ ၊ ကျွန်အဖြစ်ခံပြီး ငြိမ်းချမ်းရေးလိုချင်ရအောင် အဲဒီငြိမ်းချမ်းရေးက သည်လောက်ကြီး အရသာချိုမြိန်သလားဗျာ။ ပြီးတော့ အသက်က သည်လောက်အဖိုးထိုက်သလားဗျာ။ ဘုရား ဘုရား - သည်အတိုင်းတော့ မဖြစ်ပါရစေနဲ့။ တခြားလူတွေ ဘယ်လမ်းလိုက်မယ်တော့ ကျွန်တော်မသိ။ ကျွန်တော့်အနေနဲ့တော့ လွပ်လပ်ရေး ပေးရင်ပေး မပေးရင် အသေခံမယ်။

♣♣♣♣♣

သုံးသပ်ချက်

ပက်ထရစ်ဟင်နရီ ဤမိန့်ခွန်းပြောဆိုချိန်၌ အစည်းအဝေးတက်သူများ သဘောထားကွဲနေသည်။ လွတ်လပ်ရေးအတွက် စစ်တိုက်ချင်သူများက တစ်ဖက်၊ စစ်မလိုလားသူများက တစ်ဖက်ဖြစ်သည်။ ထို့ကြောင့် ဟင်နရီက လူကြီးမင်းများ၏ မျိုးချစ်စိတ်ကို ကျွန်တော်လေးစားပါသည်။ မလေးမစံုပြောဆိုခြင်းမဟုတ်ပါ။ ကျွန်တော့်အမြင် ပြောပါရစေဟု တိုးလျှိုးတောင်းပန်စကားနှင့် မိန့်ခွန်းဖွင့်သည်။ ချဉ်းကပ်ပုံ သိမ်မွေ့ပေသည်။

ထို့နောက် တိုင်းပြည်ရင်ဆိုင်နေရသော ကြီးလေးသည့် ပြဿနာအကြောင်းပြောသည်။ လွတ်လပ်မှာလား ကျွန်ဖြစ်မှာလား - ဒီထက်ကြီးတဲ့ ပြဿနာမရှိပါ။ nothing else than a question of freedom or slavery ဟု တင်ပြပြီး၊ ဤပြဿနာမျိုးအတွက် ပွင့်လင်းစွာ ဆွေးနွေးအပ်ကြောင်းတင်ပြသည်။တိုင်းပြည်ဒုက္ခကြုံကိန်းဆိုက်နေပြီ။ခေါင်းဆောင်လုပ်သူတို့ကမသိချင်ယောင်ဆောင်နေကြမှာလားဟု မေးခွန်းထုတ်၏။ having eyes, see not, and having ears, hear not .... မျက်စေ့ရှိလျှက် မမြင်၊ နားရှိလျှက်မကြား .... ဖြစ်မနေကြရန် တိုက်တွန်း၏။

အတိတ်က ဘုရင်နှင့် အစိုးရထံ အသနားခံလျှောက်ထားခဲ့သမျှ အချည်းအနှီးဖြစ်ခဲ့ပုံကို သတိပေးသည်။ မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးပြီး ပြိတိန်၏ အကြမ်းဖက်ဝါဒကို ပေါ်လွင်အောင် မီးမောင်းထိုးပြသည်။ အလွန်ထိသော မေးခွန်းများ ဖြစ်ပေသည်။

"Has Great Britain any enemy ...? ဟုမေးခွန်းထုတ်ပြီး "No, Sir, she has none. They are meant for us; they can be meant for no other ...." ဝါကျတိုတိုနှင့် ဒိုးဒိုးဒေါက်ဒေါက် ဖြေလိုက်သည်။ လိုရင်းပေါ်လွင်၏။

ထို့နောက် "If we wish to be free ... we must fight! I repeat it, sir, we must fight!" ကို ကြည့်ပါ။ we must fight ကိုလေးနက်အောင် ထပ်ပြောလိုက်သည်။ စစ်တိုက်ရန် အင်အားရှိမရှိ မတွေဝေကြရန် မေးခွန်းတွေ ထပ်ခါထပ်ခါ မေးပြီး အဖြေထုတ်သည်။ "But when we shall be stronger? Will it be next week, or the next year?" .... ဆက်ခါ ဆက်ခါ မေးပြီး " Sir, we are not weak,.." ဟု ကောက်ချက် ဆွဲပြသည်။

နိဂုံးပိုင်းသည် အထိရောက်ဆုံးဖြစ်သည်။ ရိုးရှင်းသော စကားလုံးများ၊ တိုတုတ်ဝါကျနှင့် လိုရင်းကို ရောက်သည်။ ထိသည်။

"Gentlemen may cry,"Peace,Peace" - but there is no peace." စကားကြီးစကားကျယ်မပါ၊ စကားပြောမရှည်သော ဝါကျဖြစ်သည်။ အလားတူ ဝါကျတွေ ဆက်ခါဆက်ခါ လာသည်။

"The war is actually begun!"

"Our brethern are already in the field"

စစ်ကအခုပဲ ဖြစ်နေပြီခင်ဗျ။ ကျုပ်တို့ညီတော်နောင်တော်တွေ စစ်ကွင်းထဲ ရောက်နေပြီလေ။

ပြီးတော့ တာသွားသော မေးခွန်းတို့များ-

"Why stand we here idle?"

"What is it that gentlemen wish? "

ဘာကြောင့် ကျုပ်တို့ ရီးတီးယားတား လုပ်နေသတုန်း၊ လူကြီးမင်းများ ဘာလိုချင်တာလဲ ခင်ဗျာ

..... မေးခွန်းလေးခု ဆက်တိုက်မေးလိုက်သည်။ ဖြေလျှင် ဘာလုပ်သင့်သည် ရှင်းသွား၏။

နောက်ဆုံးပိတ် ဝါကျတို သုံးခုလာ၏။

"I know not what others may take;

but as for me , give me liberty or give me death."

; ခံသော နေရာအထိ know not what others may take သည် ဝါကျတစ်ခု။ ရိုးရိုးအရပ်သုံး ပြည်သူတို့ နားယဉ်သော ဝေါဟာရချည်း ပါဝင်သည်။ စကားလုံး ခုနစ်လုံးသာ ပါသည်။ နောက်ဆုံးဝါကျက as for me , give me liberty or give me death စကားလုံး ၉ လုံးသာ ပါသည်။ ကြီးကြီးကျယ်ကျယ် ခက်ခက်ခဲခဲ စကားမပါ။ အလွန် အသံကျယ်သော ရဲရဲတောက်စကားဖြစ်ပေသည်။ ဆင်ခြင်ရန် အကြောင်းအရာကို မေးခွန်တာသီကြီးမေးပြီး အဖြေထုတ်ခိုင်းသည်။ အဖြေစုံသောအခါ ကျုပ်ကတော့ လွတ်လပ်ရေး ရရင်ရ မရရင် အသေခံမယ် ဟု ရဲရဲတောက် စကားနှင့် နိဂုံးပိတ်သဖြင့် တွေဝေနေသူများ စိတ်ပြောင်းလာသည်။ ပြောသူဖက် တိမ်းညွတ်လာသည်။

ပက်ထရစ်ဟင်နရီ၏ စကားကြောင့် မဲခွဲသောအခါ သူတို့ဖက်က ပွတ်ကာသီကာ အနိုင်ရသွားလေသည်။

Give me liberty, or give me death လည်း သမိုင်းတွင်ရစ်သော စကားဖြစ်လာလေသည်။

စကားအသုံးအနှုန်း

မေးခွန်းနှင့် ဒိုးဒိုးဒေါက်ဒေါက် အဖြေသည် ဟင်နရီ၏ ပြောဟန်တွင် ကောင်းသော လက္ခဏာဖြစ်၏။ စကားအသုံးအနှုန်းတွင်လည်း အပြောကောင်းသူတို့ ထုံးစံအတိုင်း ဆန့်ကျင်ဖက် အတွဲများ သုံးသည်ကို တွေ့ရသည်။ လေးနက်မှုအတွက် ထပ်ခါထပ်ခါသုံးသော ဝေါဟာရ သို့မဟုတ် ဝေါဟာရအစုကို တွေ့ရသည်။ ဥပမာ အချို့သာဖော်ပြပါမည်။

♣ those who, having eyes, see not, and having ears, hear not (not ထပ်ကျော့အသုံး)

♣ to know the whole truth - to know the worst ... (to know ထပ်ကျော့အသုံး)

♣ I know of no way of judging the future but by the past (future နှင့် past ဆန့်ကျင်ဒွန်တွဲ)

♣ They are meant for us; they can be meant for no other (meant ထပ်ကျော့အသုံးနှင့် us နှင့် no other ယှဉ်တွဲ)

♣ Have we anything to offer on the subject? Nothing (anything နှင့် nothing ဆန့်ကျင်ဒွန်တွဲ)

♣ Sirs, we have done everything..... We have petitioned; we have remonstrated; we have supplicated; we have prostrated ourselves .. (we have ကို အကြိမ်ကြိမ် ထပ်ကျော့အသုံး)

♣ Our petitions ...; our remonstrances ...; our supplications ... (our ကို ထပ်ကျော့အသုံး)

♣ If we wish .. if we mean to .... if we mean not ...., we must fight! I repeat it, sir, we must fight. (if we ကို အထပ်ထပ်ပြောပြီး we must fight ကို နှစ်ခါထပ်ပြီး အပြတ်ပြောသည်။)

မိန့်ခွန်းအရှည်

စကားလုံး ၁၂၀၀ ခန့်သာ ပါဝင်သည်။ ပြောချိန် ၈ မိနစ် ၉ မိနစ်ခန့်သာ ကြာမည်။ အာရုံစိုက် နားစွင့်နေဆဲ လိုရင်းကို ပြောချလိုက်သဖြင့် ငြီးငွေ့ရန် အချိန်မရတော့ချေ။ မရှည်လွန်းခြင်းသည် ကောင်းသော အင်္ဂါတစ်ရပ် ဖြစ်ပေသည်။

♣♣♣♣♣

အခန်း (၁၄)

အင်နီဘေးဆန့်၏ သက်သတ်လွတ်တရား

Annie Besant on Vegetarianism

အင်နီဘေးဆန့် (၁၈၄၇-၁၉၃၃)

အင်နီဘေးဆန့်သည် အင်္ဂလိပ်အမျိုးသမီး လူမှုပြုပြင်ရေး ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ဖြစ်၏။ သီယိုဆိုဖီခေါ် လောကုတ္တရာရေးရာ ပညာရှင်အဖြစ်လည်းကောင်း အိန္ဒိယလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သူအဖြစ်လည်းကောင်း ထင်ရှားသူဖြစ်၏။ လူထု၏လွတ်လပ်ရေးနှင့် အမျိုးသမီးအခွင့်အရေး တောင်းဆိုရာ၌ ရှေ့ဆောင်သူဖြစ်၏။ သူနှင့် ရင်းနှီးခင်မင်သူ ဂျော့ဘားနတ်ရှော (အင်္ဂလိပ်ပြဇာတ်ဆရာ၊ စာရေးဆရာကြီး) က အင်နီဘေးဆန့်သည် သူ့ခေတ်အခါတွင် တရားဟောအကောင်းဆုံးအမျိုးသမီး ဖြစ်ပါပေသည်ဟု ချီးကျူး၏။

အင်နီဘေးဆန့်ကို ၁၈၄၇ ခုနှစ်တွင် မွေးဖွားသည်။ (အပျိုဘဝနာမည် အင်နီဝတ် ဖြစ်၏)။ ငယ်စဉ်က ဖခင်ကွယ်လွန်၏။ ဖခင်က မိသားစုအတွက် စီးပွားဥစ္စာ လုံလုံလောက်လောက် ချန်ထားခဲ့သော်လည်း အမွေထိန်း၏ စီမံမှုညံ့သဖြင့် ပစ္စည်းဥစ္စာ အမြန်ကုန်သွားသည်။ အင်နီဘေးဆန့်သည် ပုဂ္ဂလိက ကျောင်းတွင် ပညာသင်ကြားခဲ့ရ၏။ ငယ်ရွယ်စဉ်က ဘာသာသာသနာ ကိုင်းရှိုင်းသူ အင်ဂလီကန် ခရစ်ယာန်ဘာသာဝင်ဖြစ်၏။ ဘာသာရေးစာပေ လိုက်စားခဲ့၏။ အသက် ၂၀ အရွယ်တွင် အင်ဂလီကန်ဂိုဏ်းဝင် ဘုန်းကြီး ဖရင့်ဘေးဆန့်နှင့် လက်ထပ်သည်။ သို့သော် အိမ်ထောင်ရေး အဆင်မပြေ။ အန်နီ၏ ဘာသာရေးအမြင်ကလည်း သူ့ခင်ပွန်းနှင့် ကွဲပြားလာသည်။ ထို့ကြောင့် အိမ်ထောင်သက် (၇) နှစ်တွင် ခင်ပွန်းနှင့် ကွာရှင်း၏။

ထို့နောက် ချားဘရက်လော်က်(Charles Bradlaugh) အမည်ရှိ (ထာဝရ) ဘုရားမရှိဟု ယုံကြည်သူ (atheist) နှင့် အဆက်အသွယ်ရပြီး National Secular Society (လောကီရေးအမျိုးသားအသင်းကြီး) တွင် ပါဝင်လုပ်ကိုင်၏။ အင်နီဘေးဆန့်၏ အပြောအဟော နာမည်ရလာသည်။ ရှေး ၄၅ နှစ်က အမေရိကန် ဆရာဝန်တစ်ယောက် ရေးသားခဲ့သော လိင်မှုပညာနှင့် ပဋိသန္ဓေတားဆီးရေး ပညာပေးစာအုပ်ကို အင်နီနှင့် ဘရက်လော်က ထုတ်ဝေသဖြင့် နှစ်ယောက်တွဲ တရားမဝင် စာပေထုတ်ဝေမှုဖြင့် ရုံးတင်စစ်ဆေးခံရ၏။ သို့သော် အထက်ရုံးက အပြစ်မရှိဟု စီရင်ချက်ရ၏။

လောကီရေးနှင့် ဘုရားမဲ့ဝါဒကို ဖြန့်ချိမှုလုပ်ကိုင်ရင်း ဖေဘီယန်အသင်း(ဆိုရှယ်လစ်ဝါဒ နှစ်သက်သောအသင်း) ဝင်ဖြစ်လာသည်။ Fabian Essays စာအုပ်တစ်အုပ် ရေးသားရာ နာမည်ရလာ၏။

ဘားနတ်ရှောက အင်နီဘေးဆန့်ကို စာအုပ်ဝေဖန်စာ ရေးသားရန် The Secret Doctrine by Petrovna Blavatsky စာအုပ်ကို ပေးအပ်သည်။ ထိုစာအုပ်၏ သြဇာကြောင့် အန်နီဘေးဆန့်သည် သီယိုဆိုဖီခေါ် လောကုတ္တရာရေးရာ ဝါဒသစ်သို့ ကူးပြောင်းလာ၏။ အရှေ့တိုင်းဘာသာရေးနှင့် ခရစ်ယာန်အယူကိုလိုက်ထိုက်အောင်ဖွင့်ဆိုသောအယူဖြစ်၏။ သီယိုဆိုဖီစာတမ်းအမြောက်အများရေးသားပြီး အင်နီဘေးဆန့်သည် ၁၉၀၇ ခုနှစ်တွင် သီယိုဆိုဖီအသင်းကြီး၏ ဥက္ကဋ္ဌ ဖြစ်လာပြီး သေသည်အထိ ဆောင်ရွက်သွား၏။

၁၈၉၃ ခုတွင် အင်နီဘေးဆန့် အိန္ဒိယသို့ သွားသည်။ ထိုအခါမှ စတင်ပြီး အိန္ဒိယပြည်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးအတွက် အင်နီဘေးဆန့်က ပြောဟောတိုက်ပွဲဝင်သည်။ ဗာရာဏသီမြို့တွင် ဗဟို ဟိန္ဒူကောလိပ်(Central Hindu College) တည်ထောင်ရာ၌ ပါဝင်ကူညီခဲ့၏။ ခေါင်းဆောင်ကြီး ဂျဝါဟာလားနေရူးနှင့်လည်း ခင်မင်ရင်းနှီး၏။ ၁၉၁၇ ခုနှစ်တွင် မဒရပ်နယ် အဒ္ဒယာအရပ်၌ အန်နီဘေးဆန့်ကွယ်လွန်သည်။

♣♣♣♣♣

Annie Besant (1847-1933)

On Vegetarianism from a speech given at Manchester UK, 18 October 1897

When we recognise that unity of all living things, then at once arises the question - how can we support this life of ours with least injury to the lives around us; how can we prevent our own life adding to the suffering of the world in which we live?

We find amongst animals, as amongst men, power of feeling pleasure, power of feeling pain; we see them moved by love and by hate; we see them feeling terror and attraction; we recognize in them powers of sensation closely akin to our own, and while we transcend them immensely in intellect, yet, in mere passional characteristics our natures and the animals' are closely allied. We know that when they feel terror, that terror means suffering. We know that when a wound is inflicted, that wound means pain to them. We know that threats bring to them suffering; they have a feeling of shrinking, of fear, of absence of friendly relations, and at once we begin to see that in our relations to the animal kingdom a duty arises which all thoughtful and compassionate minds should recognize - the duty that because we are stronger in mind than the animals, we are or ought to be their guardians and helpers, not their tyrants and oppressors, and we have no right to cause them suffering and terror merely for the gratification of the palate, merely for an added luxury to our own lives.

. . there is one other thought closely allied to this. What of our duties to our fellow-men? And here I appeal particularly to my own sex, because women are supposed to be rather the standard in the community of refinement, of gentleness, of compassion, of tenderness, of purity. But no one can eat the flesh of a slaughtered animal without having used the hand of a man as slaughterer. Suppose that we had to kill for ourselves the creatures whose bodies we would fain have upon our table, is there one woman in a hundred who would go to the slaughterhouse to slay the bullock, the calf, the sheep or the pig? . . . But if we could not do it, nor see it done; if we are so refined that we cannot allow close contact between ourselves and the butchers who furnish this food; if we feel that they are so coarsened by their trade that their very bodies are made repulsive by the constant contact of the blood with which they must be continually besmirched; if we recognize the physical coarseness which results inevitably from such contact, dare we call ourselves refined if we purchase our refinement by the brutalization of others, and demand that some should be brutal in order that we may eat the results of their brutality? We are not free from the brutalizing results of that trade simply because we take no direct part in it.

ဘာသာပြန်

အန်နီဘေးဆန့်

သက်သတ်လွတ်တရား

(၁၈၉၇ ခု အောက်တိုဘာ ၁၈ ရက်၊ မန်ချက်စတာမြို့၌ ပေးပြောချက်)

သတ္တလောကရဲ့ သဟဇာတဖြစ်ပုံကို ထောက်ရှုတဲ့အခါ ကျွန်မတို့ဖြစ်ရာ မေးခွန်းတစ်ပုဒ် ရုတ်ကနဲ ပေါ်လာပါတယ်။ ကျွန်မတို့ ပတ်ဝန်းကျင်က သတ္တဝါများအပေါ် နာကျင်ထိခိုက်မှုမဖြစ်စေဘဲ ကျွန်မတို့ဘဝ ဘယ်လို ရပ်တည်နိုင်မလဲ။ ကျွန်မတို့ အသက်ရှင်ဖို့အရေးအတွက် ကျွန်မတို့တည်မှီရာ ဤလောကကို မထခိုက်ရလေအောင် ဘယ်လိုလုပ်ဆောင်လို့ရမလဲ။

လူတွေလိုပဲ တိရစ္ဆာန်များလည်း သုခချမ်းသာ ခံစားနိုင်စွမ်းရှိကြောင်း ဒုက္ခဝေဒနာ ခံစားနိုင်စွမ်းရှိကြောင်း သိရှိရပါတယ်။ တိရစ္ဆာန်တွေလည်း ချစ်တာ မုန်းတာကို သိတယ် တုံ့ပြန်တယ်။ ကြောက်စရာ လန့်စရာတွေ့ရင် ကြောက်လန့်မယ်။ စွဲမက်ဖွယ်တွေ့ရင် စွဲမက်တယ်။ အာရုံခံစားနိုင်စွမ်းမှာလည်း ကျွန်မတို့နဲ့ အတော်ကြီးတူတာကို တွေ့ရပါတယ်။ ကျွန်မတို့က ဉာဏ်ပညာအရာမှာ အများကြီးသာပေမဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုမှာတော့ ကျွန်မတို့သဘာဝနဲ့ တိရစ္ဆာန်များရဲ့ သဘာဝတွေက အလွန်နီးစပ်ပါတယ်။ သူတို့ကြောက်ဖွယ်ကြုံရင် ဒုက္ခဝေဒနာခံစားရကြောင်း ကျွန်မတို့ သိရပါတယ်။ ဒဏ်ရာရရင်လည်း အဲဒီ ဒဏ်ရာက နာကျင်ခြင်း ဒုက္ခဝေဒနာ ဖြစ်ကြောင်း သိရပါတယ်။ ဘေးအန္တရာယ်က ခြိမ်းခြောက်လာတဲ့အခါ ဒုက္ခခံစားရပါတယ်။ သူတို့တွေ ရုံ့သွားမယ် လန့်ဖျတ်မယ် ခင်ခင်မင်မင် ဆက်ဆံလိုစိတ်ပျောက်မယ်။ ဒီတော့ လူနဲ့သတ္တလောက ဆက်ဆံရေးမှာ ကိုယ်ချင်းစာစိတ်ရှိတဲ့၊ ဂရုဏာစိတ်ရှိတဲ့သူတိုင်း စောင့်စည်းအပ်တဲ့ တာဝန်တစ်ရပ်ရှိနေကြောင်း သတိပြုစရာ ပေါ်လာပါတယ်။ အဲဒီတာဝန်ကတော့ ကျွန်မတို့က တိရစ္ဆာန်တွေထက် ဉာဏ်အားကြီးသူဖြစ်လို့ သူတို့ကို ကာကွယ်စောင့်ရှောက်သူ၊ ဖေးမကူညီသူအဖြစ် ရပ်တည်ပေးဖို့ပါပဲ။ သူတို့အပေါ် နိုင်ထက်စီးနင်းသူ၊ ညှဉ်းပမ်းနှိပ်စက်သူ မဖြစ်ဖို့ပါ။ ပြီးတော့ ကျွန်မတို့ ခံတွင်းအာသာပြေဖို့ တိရစ္ဆာန်တွေကို ညှဉ်းပမ်းတာ သတ်ဖြတ်တာတွေ မလုပ်အပ်ပါဘူး။ လုပ်ခွင့်မရှိပါဘူး။ ကျွန်မတို့ စည်းစိမ်တို့ဖို့ သက်သက်အတွက် သူတို့အပေါ် ဒီလိုလုပ်ခွင့်မရှိပါဘူး။

ဒီကိစ္စနဲ့ အလွန်နီးနွယ်နေတဲ့ အကြောင်းတစ်ရပ်လည်း ဆင်ခြင်သုံးသပ်စရာရှိနေပါတယ်။ လူအချင်းချင်းအပေါ်မှာရော ကျွန်မတို့ ဘာတာဝန်တွေ ရှိပါသလဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမျိုးသမီးချင်းပဲ ကျွန်မတောင်းပန်ပြောကြားချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယဉ်ကျေးမှုအရာမှာ၊ သိမ်မွေနူးညံ့မှုမှာ၊ မေတ္တာဂရုဏာမှာ၊ ကြင်နာသနားရာမှာ၊ စင်ကြယ်ရာမှာ အမျိုးသမီးများက လူ့လောကမှာ စံပြမဟုတ်ပါလား။ သို့သော် ယောကျ်ားတစ်ယောက်ရဲ့လက်မပါပဲ သတ်ဖြတ်ထားတဲ့ သတ္တဝါရဲ့အသားကို ဘယ်သူမှ မစားရပါဘူး။ စိတ်ကူးကြည့်လိုက်ပါ။ ကိုယ်စားဖို့ သတ္တဝါအသား စားပွဲပေါ်မှာ တင်ထားတယ်လို့ စိတ်ကူးပြီး ကိုယ်စားဖို့ ကိုယ်တိုင်သတ်ရမယ်ဆိုပါစို့။ သားသတ်ရုံသွားပြီး နွား၊ နွားကလေး၊ သိုး သို့မဟုတ် ဝက်ကို ကိုယ်တိုင်သတ်မဲ့ မိန်းမရယ်လို့ တစ်ရာမှာ တစ်ယောက်ရှိပါသလား။ ဒီပါဏာတိပါတာကို ကျွန်မတို့ အမျိုးသမီးများက မလုပ်နိုင်ဘူး၊ ကြည့်လည်းမကြည့်ချင်၊ မြင်လည်းမမြင်ချင်ဘူးဆိုရင် ကျွန်မတို့က ယဉ်ကျေးသိမ်မွေ့သူတွေမို့ ဒီအစားအစာကို ထုတ်လုပ်သူ သားသတ်သမားနဲ့ ကိုယ်ချင်းအထိမခံနိုင်ဘူးဆိုရင် သားသတ်သမားက အလုပ်သဘာဝအလျောက် သွေးစွန်းပြီး စိတ်ကြမ်းကိုယ်ကြမ်း နိုင်လွန်းလို့ သူတို့ကို တစ်သက်လုံး လူရာမသွင်းတော့ဘူးဆိုရင်၊ အဲဒီထိတွေ့မှုကြောင့် မလွဲမသွေ ကိုယ်ကြမ်းသူဖြစ်တယ်လို့ သဘောရရင်၊ ကျွန်မတို့ ယဉ်ကျေးသိမ်မွေ့တယ်ဆိုတာ တစ်ပါးသူရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ ဝယ်ရတာဖြစ်နေတယ်။ ကျွန်မတို့ စားသောက်ဖို့ကိုလည်း သတ်ဖြတ်ပေးဖို့ ရက်စက်ကြမ်းတမ်းသူ တစ်ဦးတစ်ယောက် ရှိအပ်တယ်လို့ လက်ခံယုံကြည်ခဲ့ရင် ကျွန်မတို့ကိုယ်ကို ယဉ်ကျေးသိမ်မွေ့သူတွေပါလို့ ပြောဝံ့ဦးမလားရှင့်။ ကိုယ်တိုင်ကာယကံမြောက် မကျူးလွန်ရုံနဲ့တော့ အဲဒီ ရက်စက်ကြမ်းကြုတ်တဲ့ ပရိယေသနနဲ့ ကျွန်မတို့ မကင်းကြဘူးနော်။

♣♣♣♣♣

အခန်း (၁၅)

မာဂရက်ဆန်းဂါး၏ ကလေးတို့ခေတ်

Margaret Sanger's The Children's Era

မာဂရက်ဆန်းဂါးသည် အမေရိကန်နိုင်ငံသူ လူဦးရေထိန်းချုပ်ရေး(birth control) ရှေ့ဆောင်ပုဂ္ဂိုလ်ဖြစ်၏။ သားဆက်ခြားရေး အရေးကြီးပုံကို ဟောပြောသူ ရေးသားသူဖြစ်၏။

မာဂရက်ဆန်းဂါးကို ၁၈၈၃ ခုနှစ်တွင် နယူးယောက်ပြည်နယ် ကွန်းနင်းမြို့၌ မွေးဖွားသည်။ မိုက်ခဲနှင့် အန်းပါဝဟစ်ဂင်း ဇနီးမောင်နှံ မွေးဖွားသော သားသမီး (၁၁) ယောက်အနက် ဆဋ္ဌမမြောက်ဖြစ်၏။ Claverack College တွင် ပညာသင်ကြားပြီးနောက် နယူးယောက် White Plains ဆေးရုံနှင့် မန်ဟတ္တန်မျက်စေ့နား ဆေးရုံများတွင် သူနာပြု အတတ်သင်ယူခဲ့သည်။ ၁၉၀၀ ပြည့်တွင် ဗိသုကာ ဝီလီယံ ဆန်းဂါးနှင့် လက်ထပ်၏။ သို့သော် ဆန်းဂါးနှင့် အိမ်ထောင်ပျက်ပြီး စက်မှုလုပ်ငန်းရှင် နိအာစလီးနှင့် အိုးသစ် အိမ်သစ် ထူထောင်၏။

မာဂရက်ဆန်းဂါးသည် သားဖွားဆရာမအဖြစ် လုပ်ကိုင်ရင်း ၁၉၁၂ ခုတွင် ဝမ်းနည်းဖွယ် ဖြစ်ရပ် ကြုံတွေ့လေသည်။ အသက်အရွယ် ငယ်ရွယ်သူ မိခင်တစ်ဦး သူလက်ပေါ်တွင် အသက်ထွက်သည်ကို ကြုံတွေ့ရ၏။ ကလေးမသည် သူကိုယ်တိုင် သန္ဓေဖျက်သဖြင့် အဖြစ်ဆိုး ကြုံတွေ့ခြင်းဖြစ်လေသည်။ မာဂရက်က အမျိုးသမီးများ မမွေးချင်သော ကိုယ်ဝန်ကို လွတ်လပ်စွာ ဖျက်ချခွင့်ရသင့်သည်ဟု ယုံကြည်၏။ ၁၉၁၃ ခုနှစ်တွင် မာဂရက် ဥရောပသို့သွားသည်။ ပဋိသန္ဓေတားနည်းပညာ ဥရောပတွင် ပိုမိုတိုးတက်နေသောကြောင့် လေ့လာရန်ဖြစ်၏။ ၁၉၁၆ ခုနှစ်တွင် မာဂရက်ဆန်းဂါးက အမေရိကန်နိုင်ငံတွင် ပထမဆုံး သားဆက်ခြားဆေးခန်းကို ဖွင့်လှစ်သည်။ နယူးယောက်ပြည်နယ် ဥပဒေကို အာခံပြီး ဖွင့်လှစ်ခြင်းဖြစ်၏။ မာဂရက်ဆန်းဂါး အဖမ်းခံရပြီး ထောင်ကျသည်။ သို့သော် သူက ထိုလုပ်ငန်းကို ဆက်လုပ်၏။ စာရွက်စာတမ်းများ ရေးသားထုတ်ဝေခြင်း ဟောပြောခြင်းဖြင့် သူနှင့် သဘောထားတူညီသူများ တိုးပွားလာလေသည်။ Planned Parenthood Federation of America အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းရာ၌ ဦးဆောင်ခဲ့၏။ ၁၉၂၇ ခုတွင် နိုင်ငံစုံ သားဆက်ခြား ကွန်ဂရက်ကို ကျင်းပရန် စည်းရုံးလှုံ့ဆော်၏။

Birth Control စကားလုံးကို မာဂရက်ဆန်းဂါးက အဦးအစ တီထွင် သုံးနှုန်းခဲ့ခြင်းဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် မာဂရက်ဆန်းဂါး ကွယ်လွန်သည်။

♣♣♣♣♣

The Children's Era

by Margaret Sanger

March 1925

New York,

Mr. Chairman, Ladies and Gentlemen: My subject is "The Children's Era." The Children's Era! This makes me think of Ellen Key's book -- The Century of the Child. Ellen Key hoped that this twentieth century was to be the century of the child. The twentieth century, she said, would see this old world of ours converted into a beautiful garden of children.

Well, we have already lived through a quarter of this twentieth century. What steps have we taken toward making it the century of the child? So far, very, very few.

Why does the Children's Era still remain a dream of the dim and the distant future? Why has so little been accomplished? -- in spite of all our acknowledged love of children, all our generosity, all our good-will, all the enormous spending of millions on philanthropy and charities, all our warm-hearted sentiment, all our incessant activity and social consciousness? Why?

Before you can cultivate a garden, you must know something about gardening. You have got to give your seeds a proper soil in which to grow. You have got to give them sunlight and fresh air. You have got to give them space and the opportunity (if they are to lift their flowers to the sun), to strike their roots deep into that soil. And always -- do not forget this -- you have got to fight weeds. You cannot have a garden, if you let weeds overrun it. So, if we want to make this world a garden for children, we must first of all learn the lesson of the gardener.

So far we have not been gardeners. We have only been a sort of silly reception committee, a reception committee at the Grand Central Station of life. Trainload after trainload of children are coming in, day and night -- nameless refugees arriving out of the Nowhere into the Here. Trainload after trainload -- many unwelcome, unwanted, unprepared for, unknown, without baggage, without passports, most of them without pedigrees. These unlimited hordes of refugees arrive in such numbers that the reception committee is thrown into a panic -- a panic of activity. The reception committee arouses itself heroically, establishes emergency measures: milk stations, maternity centers, settlement houses, playgrounds, orphanages, welfare leagues, and every conceivable kind of charitable effort. But still trainloads of children keep on coming -- human weed crop up that spread so fast in this sinister struggle for existence, that the overworked committee becomes exhausted, inefficient, and can think of no way out.

When we protest against this immeasurable, meaningless waste of motherhood and child-life; when we protest against the ever-mounting cost to the world of asylums, prisons, homes for the feeble-minded, and such institutions for the unfit, when we protest against the disorder and chaos and tragedy of modern life, when we point out the biological corruption that is destroying the very heart of American life, we are told that we are making merely an «emotional» appeal. When we point the one immediate practical way toward order and beauty in society, the only way to lay the foundations of a society composed of happy children, happy women, and happy men, they call this idea indecent and immoral.

It is not enough to clean up the filth and disorder of our overcrowded cities. It is not enough to stop the evil of Child Labor -- even if we could! It is not enough to decrease the rate of infantile mortality. It is not enough to open playgrounds, and build more public schools in which we can standardize the mind of the young. It is not enough to throw millions upon millions of dollars into charities and philanthropies. Don›t deceive ourselves that by so doing we are making the world «Safe for Children.»

Those of you who have followed the sessions of this Conference must, I am sure, agree with me that the first real stop toward the creation of a Children›s Era must lie in providing the conditions of healthy life for children not only before birth but even more imperatively before conception. Human society must protect its children -- yes, but prenatal care is most essential! The child-to-be, as yet not called into being, has rights no less imperative.

We have learned in the preceding sessions of this Conference that, if we wish to produce strong and sturdy children, the embryo must grow in a chemically healthy medium. The blood stream of the mother must be chemically normal.

Worry, strain, shock, unhappiness, enforced maternity, may all poison the blood of the enslaved mother. This chemically poisoned blood may produce a defective baby -- a child foredoomed to idiocy, or feeble-mindedness, crime, or failure.

Do I exaggerate? Am I taking a rare exception and making it a general rule? Our opponents declare that children are conceived in love, and that every new-born baby converts its parents to love and unselfishness. My answer is to point to the asylums, the hospitals, the ever-growing institutions for the unfit. Look into the family history of those who are feeble-minded; or behind the bars of jails and prisons. Trace the family histories; find out the conditions under which they were conceived and born, before you attempt to persuade us that reckless breeding has nothing to do with these grave questions.

There is only one way out. We have got to fight for the health and happiness of the Unborn Child. And to do that in a practical, tangible way, we have got to free women from enforced, enslaved maternity. There can be no hope for the future of civilization, no certainty of racial salvation, until every woman can decide for herself whether she will or will not become a mother, and when and how many children she cares to bring into the world. That is the first step.

I would like to suggest Civil Service examinations for parenthood! Prospective parents after such an examination would be given a parenthood license, proving that they are physically and mentally fit to be the fathers and mothers of the next generation.

This is an interesting idea -- but then arises the questions «Who is to decide?» «Would there be a jury, like a play jury?» Would a Republican administration give parenthood permits only to Republicans -- or perhaps only to Democrats? The more you think of governmental interference, the less it works out. Take this plan of civil service examination for parenthood. It suggests Prohibition: there might even be bootlegging in babies!

No, I doubt the advisability of governmental sanction. The problem of bringing children into the world ought to be decided by those most seriously involved -- those who run the greatest risks; in the last analysis -- by the mother and the child. If there is going to be any Civil Service examination, let it be conducted by the Unborn Child, the Child-to-be.

Just try for a moment to picture the possibilities of such an examination. When you want a cook or housemaid, you go to an employment bureau. You have to answer questions. You have to exchange references. You have to persuade the talented cook that you conduct a proper well-run household. Children ought to have at least the same privilege as cooks.

Sometimes in idle moments I like to think it would be a very good scheme to have a bureau of the Child-to-be. At such a bureau of the unborn, the wise child might be able to find out a few things about its father -- and its mother. Just think for a moment of this bureau where prospective parents might apply for a baby. Think of the questions they would be asked by the agent of the unborn or by the baby itself.

First: «Mr. Father, a baby is an expensive luxury. Can you really afford one?»

«Have you paid for your last baby yet?»

«How many children have you already? Six? You must have your hands full. Can you take care of so many?»

«Do you look upon children as a reward -- or a penalty?»

«How are you ductless glands -- well balanced?»

Can you provide a happy home for one! A sunny nursery? Proper food?»

«What›s that you say? Ten children already? Two dark rooms in the slums?»

«No, thank you! I don›t care to be born at all if I cannot be well-born. Good-bye!»

And if we could organize a society for the prevention of cruelty to unborn children, we would make it a law that children should be brought into the world only when they were welcome, invited, and wanted; that they would arrive with a clean bill of health and heritage; that they would possess healthy, happy, well-mated, and mature parents.

And there would be certain conditions of circumstances which would preclude parenthood. These conditions, the presence of which would make parenthood a crime, are the following:

1. Transmissible disease

2. Temporary disease

3. Subnormal children already in the family

4. Space out between births

5. Twenty-three years as a minimum age for parents

6. Economic circumstances adequate

7. Spiritual harmony between parents.

In conclusion, let me repeat: We are not trying to establish a dictatorship over parents. We want to free women from enslavery and unwilling motherhood. We are fighting for the emancipation for the mothers of the world, of the children of the world, and the children to be. We want to create a real Century of the Child -- usher in a Children›s Era. We can do this by handling the terrific gift of life in bodies fit and perfect as can be fashioned. Help us to make this Conference, which as aroused so much interest, the turning point toward this era. Only so can you help in the creation of the future.

♣♣♣♣♣

ကလေးတို့ခေတ်

မာဂရက်ဆန်းဂါး နယူးယောက်မြို့၌ ၁၉၂၅ ခု မတ်လ ပြောကြားသော မိန့်ခွန်း

သဘာပတိကြီးရှင့် အမျိုးသမီးကြီးများနှင့် လူကြီးမင်းများရှင့်

ကျွန်မပြောမယ့်အကြောင်းအရာကကလေးတို့ခေတ်၊ကလေးတို့ခေတ်အကြောင်းပြောပါမယ်။ဒီလိုပြောမယ်ဆိုတော့အယ်လင်ကီးရေးတဲ့ ကလေးရာစုနှစ် စာအုပ်ကို ပြေးသတိရမိပါတယ်။ နှစ်ဆယ်ရာစုဟာ ကလေးရဲ့ရာစုနှစ် ဖြစ်ရမယ်လို့ ဒီစာအုပ်က ဆိုထားတာကိုး။

သူရေးထားတာက နှစ်ဆယ်ရာစုမှာ ကျွန်မတို့ကမ္ဘာဟောင်းကြီး ကလေးတို့အတွက် လှပတဲ့ ဥယျာဉ်ကြီးဖြစ်လာလိမ့်မယ်တဲ့။ သို့ပေမဲ့ နှစ်ဆယ်ရာစုက နှစ်အစိတ် ကျိုးခဲ့ပြီ။ ဒီရာစုကို ကလေးအတွက်ဆိုပြီး ကျွန်မတို့ဘာတွေ လုပ်ခဲ့ပြီလဲ။ ခုထိတော့ လုပ်ခဲ့တာ အလွန့်အလွန်ကို နည်းပါတယ်။

ကလေးတို့ခေတ်က ဘာကြောင့် အိပ်မက်ဖြစ်နေရတာလဲ၊ ဘာကြောင့် အလှမ်းဝေးနေသေးတာလဲ။ ဘာကြောင့် သိပ်မလုပ်ပေးနိုင်ရသလဲ။ ကလေးတွေအပေါ် ထားတဲ့ မေတ္တာတွေ၊ စေတနာတွေ၊ စိတ်ကောင်းနှလုံးကောင်းတွေနဲ့ သန်းပေါင်းများစွာ ပေးကမ်းလှူဒါန်းထားပါလျက်နဲ့ စိတ်ဆန္ဒလည်း ရှိပါရဲ့၊ မနေမနားလည်း လုပ်နေပါရဲ့၊ လူမှုရေးအသိလည်း ရှိပါရဲ့။ ဒါပေမဲ့ မယ်မယ်ရရ မဖြစ်မြောက်သေးဘူး။ ဘာကြောင့်တုန်း။

ကျွန်မတို့ ဥယျာဉ်စိုက်ပျိုးမယ်ဆိုရင် ဥယျာဉ်ပန်းမန်အကြောင်းတော့ အတော်အသင့်သိရမှာပေါ့။ မျိုးစေ့ကို အပင်ဖြစ်ထွန်းနိုင်မယ့်မြေမှာ ချရမယ်။ နေရောင်နဲ့ လေရအောင် လုပ်ပေးရမယ်။ အခြေအနေပေးရမယ်။ ပြီးတော့ ပေါင်းသင်ပေးရမယ်။ ဒါမေ့ထားလို့ မရဘူးနော်။ ပေါင်းထူနေရင် ဘယ်ဥယျာဉ်ဖြစ်ပါ့မလဲ။ ဒါကြောင့် ကျွန်မတို့ကမ္ဘာကို ကလေးတွေအတွက် ဥယျာဉ်ကြီးလုပ်ပေးချင်သပဆိုလျှင် ဥယျာဉ်မှူးအတတ်ကို လေ့လာရမယ်ရှင့်။

ခုထိတော့ ကျွန်မတို့ ဥယျာဉ်မှူးမဟုတ်သေးပါဘူး။ ကျွန်မတို့က တောင်နားမလည် မြောက်နားမလည်နဲ့ လောကဇာတ်ခုံ ဘူတာကြီးမှာ ဧည့်ခံကြိုဆိုရေး ကော်မတီလိုဖြစ်နေတယ်။ ကလေးတွေ မွေးလိုက်ကြတာ တပြွတ်ပြွတ်၊ နေ့ရော ညရော။ ဘယ်ဆီဘယ်ဝယ်က လာတယ်မသိရ။ ဒုက္ခသည်တွေ ဒီအရပ်ကို ရောက်လာတယ်။ တစ်စင်းပြီးတစ်စင်း မီးရထားနဲ့သယ်လာသလား အောက်မေ့ရတယ်။ အကြိုဆိုမခံရသူတွေက အများကြီး။ လက်ခံမည့်သူ မရှိသူတွေက အများကြီး။ သူတို့အတွက် ဘာမှ အသင့်မရှိပါ။ ဘယ်သူဘယ်ဝါ ရောက်လာတယ်မသိရ။ သူတို့နဲ့လည်း ဘာအထုပ်အပိုးမှပါမလာ။ ပတ်စပို့မပါလာသူတွေ၊ မိဘမျိုးရိုး မသိရသူတွေလည်း ပါရဲ့။ ကြိုဆိုရေးကော်မတီ ဘာလုပ်ရမယ်မသိဖြစ်နေပြီ။ လုပ်ရင်း ကယောင်ချောက်ချားဖြစ်နေပြီ။ ကြိုဆိုဧည့်ခံရေးကော်မတီက စွမ်းစွမ်းတမံရှိပါရဲ့။ အရေးပေါ်အစီအမံတွေလုပ်ပါတယ်။ နို့ပေးဝေစခန်းတွေ၊ မိခင်ကလေးစောင့်ရှောက်ရေးဌာနတွေ၊ နေအိမ်နဲ့ ကစားကွင်းတွေ၊ မိဘမဲ့ ဂေဟာတွေ၊ လူမှုဝန်ထမ်းအဖွဲ့တွေ ကုသိုလ်ဖြစ်လုပ်ငန်း အမျိုးစုံရှိပါတယ်။ ဒါပေမဲ့ ကလေးတွေက မီးရထားအပြည့်နဲ့ တစ်စင်းပြီးတစ်စင်း ရောက်နေဆဲ။ လူပေါင်းပင်တွေ ပေါက်လာပြီ၊ ပြန့်လာပြီ၊ ဘဝရပ်တည်ရေး ကြပ်လာပြီ။ ဧည့်ခံကြိုဆိုရေးကော်မတီ မနိုင်ဝန်ထမ်းနေရပြီ၊ ဘာလုပ်ရမှန်းမသိတော့ဘူး။

မိခင်တွေ ကလေးတွေ မရေမတွက်နိုင်အောင် သေနေတယ်။ အကြောင်းမဲ့သေနေတာ။ အဲဒါကို ကျွန်မတို့က မလိုလားကြောင်း ပြောဆိုတယ်။ အကျဉ်းထောင်တွေ၊ စိတ်ရောဂါဂေဟာတွေ၊ ခိုကိုးရာမဲ့ဂေဟာတွေအတွက် ကုန်ကျစရိတ်တွေကလည်း တိုးပြီးရင်းတိုးနေတယ်။ ဒါမဖြစ်သင့်ဘူးလို့ ကျွန်မတို့က ပြောဆိုပါတယ်။ ခေတ်သစ်လူမှုဘဝ ကသောင်းကနင်းဖြစ်နေတယ်။ ဝမ်းနည်းဖွယ်ပါပဲ။ ဒါမဖြစ်သင့်ဘူးလို့ ကျွန်မတို့ပြောဆိုပါတယ်။ အမေရိကန်ပြည်ရဲ့ အသက်ကို အန္တ ရာယ်ဖြစ်လော်အောင် ဇီဝလောကယိုယွင်းနေပါတယ်။ဒါမဖြစ်သင့်ကြောင်းကျွန်မတို့က ပြောဆိုပါတယ်။ဒါတွေကိုကျွန်မတို့က မလိုလားကြောင်းကန့်ကွက်ပြောဆိုလေတိုင်း ကျွန်မတို့ ပြန်အပြောခံရတာက စိတ်အဟာရအတွက် ပြောနေကြတာပါတဲ့။ လူလောက သာယာလှပဖို့၊ ကလေးတွေ ၊ မိန်းမတွေ၊ ယောကျ်ားတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်တဲ့ လောကကို ထူထောင်ဖို့ အုတ်မြစ်ချနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းကို ကျွန်မတို့က တင်ပြပါတယ်။ အဲဒီနည်းလမ်းကို မလုပ်အပ်ဘူးတဲ့၊ လူကျင့်ဝတ်နဲ့ မညီဘူးတဲ့ ကျွန်မတို့ကို ပြန်ပြောကြတယ်ရှင့်။

လူတွေကျပ်ညပ်နေတဲ့ ဗရုတ်သုက္ခ မြို့ကြီးတွေကို သန့်ရှင်းရေးလုပ်ပေးရုံနဲ့ ကိစ္စမပြီးဘူးရှင့်။ ကလေးကို အလုပ်ခိုင်းစေတဲ့ အဖြစ်ဆိုးကို ရပ်တန့်ရုံနှင့် ဒါကိုလုပ်နိုင်တယ်ထားဦး ကိစ္စက မပြီးပါဘူး။ ကလေးသေနှုန်း လျော့ကျအောင် လုပ်လို့လည်း ကိစ္စက မပြီးပါဘူး။ ကစားကွင်းတွေဆောက်ပေး အစိုးရကျောင်းတွေထောင်ပြီး ကလေးတွေ တစ်ပုံစံတည်း တွေးခေါ်လာအောင် လုပ်ပေးလို့လည်း ကိစ္စက မပြီးပါဘူး။ ဒေါ်လာတွေ သန်းနှင့်ချီပြီး ပေးလှူလို့ ကလေးတို့ဘဝ လှလာမယ်လို့များ မထင်ကြပါနဲ့ရှင်။

ဒီကွန်ဖရင့် ဆွေးနွေးခန်းတွေမှာ ပါဝင်ခဲ့သူတွေ ကျွန်မနဲ့ သဘောထား တိုက်ဆိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ ကလေးတို့ခေတ် ထူထောင်ဖို့ ပထမခြေလှမ်းဟာ ကလေးမမွေးဖွားမီက စပြီး ကျန်းမရေးစောင့်ရှောက်ရုံမျှမက ပဋိသန္ဓေမနေခင် ကြိုတင်စီမံထားအပ်ကြောင်း သိသာထင်ရှားတယ်ဆိုတာ ကျွန်မနည်းတူ ယုံကြည်ကြမယ်လို့ ယူဆပါတယ်။ ကလေးတွေကို ပြုစုစောင့်ရှောက်ကြရမယ်။ မှန်ပါတယ်။ ဒါပေမဲ့ မမွေးမီ ကြိုတင်စောင့်ရှောက်ဖို့ မလုပ်မဖြစ် လိုအပ်ပါတယ်။ မွေးလာမယ့် ကလေး မမွေးသေးပေမဲ့ သူ့မှာလည်း ငြင်းမရတဲ့ ရပိုင်ခွင့်တွေ ရှိပါတယ်။

ဒီကွန်ဖရင့်မှာ ဆွေးနွေးပြီးသမျှထဲက သတိရလာတာတစ်ခုက သန်မာကြံ့ခိုင်တဲ့ ကလေးမွေးဖွားဖို့ မာတုပတ်ဝန်းကျင်ကောင်းလိုအပ်တယ်ဆိုတဲ့ အချက်ပါပဲ။ မိခင်ရဲ့သွေးသားဟာ မာတ်သဘောအားဖြင့် မူမှန်ရမယ်။ ပူပင်သောက စိတ်ဒုက္ခမျိုးစုံအပြင် မလိုချင်ပဲဖြစ်ရတဲ့ မိခင်လောင်းဘဝက မိခင်လောင်းရဲ့သွေါ်ကို အဆိပ်သင့်စေပါတယ်။ မိခင်သွေးက မာတ်ဖောက်ပြန်တဲ့အခါ မွေးလာတဲ့ကလေး ကျပ်မပြည့်ဖြစ်တတ်ပါတယ်။ ထုံထိုင်းတဲ့ကလေး ဖြစ်နိုင်တယ်။ ရာဇဝတ်ကောင် ဖြစ်လာနိုင်တယ်။ သို့မဟုတ် လူတန်းမစေ့တဲ့လူ ဖြစ်လာနိုင်တယ်။

ကျွန်မက တစ်စိတ်တစ်အိတ် လုပ်ပြောနေသလား။ ဖြစ်တောင့်ဖြစ်ခဲကို ဖြစ်လေ့ရှိတဲ့ ယေဘုယျနိယာမအဖြစ် ပြောနေတာလား။ ကျွန်မတို့နဲ့ ဆန့်ကျင်ဖက်သားတွေက ပြောပါတယ်။ ကလေးတိုင်း မေတ္တာက ပေါက်ဖွားတာတဲ့။ မွေးဦးစကလေးက မိဘနှစ်ပါးကို မေတ္တာရှင်၊ ဂရုဏာရှင်တွေဖြစ်အောင် အတ္တကင်းသူတွေဖြစ်အောင် လုပ်ပေးပါတယ်တဲ့။ ကျွန်မပြန်ပြောလိုက်မယ်။ ဂေဟာတွေကို ကြည့်ပါ။ ဆေးရုံတွေကို ကြည့်ပါရှင့်။ လူစဉ်မမီသူတွေထားဖို့ ဂေဟာတွေ တိုးတိုးပြီး ဖွင့်နေရတာကို ကြည့်ပါရှင့်။ ကျပ်မပြည့်သူတွေ၊ အချုပ်ထဲထောင်ထဲ ရောက်နေသူတွေရဲ့ မိသားစု အဖြစ်သနစ်ကို ပြန်ကြည့်ကြပါဦးရှင့်။ ဒီအဖြစ်ဆိုးတွေနဲ့ ကလေးတွေ မွေးချင်တိုင်းမွေးနေတာ ဘာမှမပတ်သက်ပါဘူးလို့ ကျွန်မတို့ကို ပြောလာသူတွေကို ပြန်ပြောပါရစေ။ အဲဒီဘဝကံခေသူတွေ ပဋိသန္ဓေနေခဲ့ရတဲ့ ဘဝနဲ့ မွေးဖွားလာပုံကို ပြန်ကြည့်ကြပါဦးလို့ သူတို့ရဲ့ မိသားစုဘဝကို နောက်ကြောင်းပြန်ကောက်ကြည့်ပါဦးလို့ပဲ ပြောပါရစေရှင်။

ဒီအဖြစ်ဆိုးက လွတ်မြောက်ဖို့ တစ်လမ်းပဲရှိပါတယ်။ မမွေးသေးတဲ့ကလေး ကျန်းမာပျော်ရွှင်အောင် ကြိုးစားကြဖို့ပါပဲ။ အဲဒီအလုပ်ကို ဖြစ်မြောက်စေဖို့ လက်တွေ့ကျတဲ့ ဖြစ်မြောက်နိုင်တဲ့ နည်းကတစ်နည်းပဲ ရှိပါတယ်။ မိန်းမသားကို မလိုချင်တဲ့ ကိုယ်ဝန်မဆောင်ရအောင် လွတ်လပ်ခွင့်ပေးဖို့ပါပဲ။ မိန်းမတိုင်းက ကလေးယူချင်သည် မယူချင်သည် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့် မရသေးသရွေ့၊ ကလေးဘယ်နှစ်ယောက် သူ မွေးဖွားယုယချင်တယ်ဆိုတာ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့် မရသေးသရွေ့တော့ လူလောကရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်မရှိပေဘူး။ လူမျိုးတည်တံ့ဖို့ အခွင့်အလမ်းမသာပေဘူး။ ဒါ ပထမလှမ်းရမယ့် ခြေလှမ်းပါပဲ။

မိဘဘဝ အရည်အချင်းစစ်စာမေးပွဲတွေ အစိုးရက ကျင်းပပေးဖို့ ကျွန်မ အကြံပေး တင်ပြချင်ပါတယ်။ မိဘဖြစ်ချင်သူတွေ အဲဒီစာမေးပွဲအောင်ခဲ့ရင် မိဘဖြစ်ခွင့် လိုင်စင်ပေးမယ်။ မျိုးဆက်သစ်ရဲ့ မိခင်ဖခင်ဖြစ်ဖို့ အရည်အချင်း ပြည့်မီသူတွေဖြစ်ကြောင်း သက်သေခံလက်မှတ်ပေါ့ရှင့်။

ဒီကိစ္စ အလွန်စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ ဒါပေမဲ့ "ဘယ်သူက ဒိုင်လူကြီးလုပ်မလဲ" မေးစရာ ပေါ်လာတယ်။ "အားကစားပွဲမှာ ခုံသမာဓိထားသလိုမျိုး ထားမလား"။ ရိပတ်ပလီကန်အစိုးရက ရိပတ်ပလီကန်ပါတီဝင်မှ မိဘဖြစ်ခွင့် လိုင်စင်ပေးမလား။ သို့မဟုတ် ဒီမိုကရက်မှ ပေးမှာလား။ အစိုးရက ဝင်လုပ်မှာကို တွေးလေလေ ဒီလိုမျိုးလုပ်ရင် ဟန်မကျပေဘူးဆိုတာ ပေါ်လွင်လေပါပဲ။ ခုပြောတဲ့ အစိုးစစ် မိဘဖြစ်ခွင့် အရည်အချင်းစစ် စာမေးပွဲဖြေမလား။ တားဆီးပိတ်ပင်ရာ ရောက်နေပါတယ်။ ဒီတိုင်းဆိုရင် ကလေးမှောင်ခိုရောင်းဝယ်မှုတောင် ဖြစ်လာနိုင်တယ်ရှင့်။

ကျွန်မဒီလို မဖြစ်စေချင်ပါဘူး။ အစိုးရ အမိန့်အာဏာနဲ့ ဝင်လုပ်တာကို ကျွန်မ မလိုလားပါဘူး။ ကလေးတွေ မွေးဖွားတဲ့ကိစ္စကို အသက်ဆိုင်ဆုံး ပုဂ္ဂိုလ်များကသာ ဆုံးဖြတ်သင့်ပါတယ်။ အန္တ ရာယ်ကို အများဆုံး ရင်ဆိုင်ရသူတွေကသာ ဆုံးဖြတ်ဖို့ ကောင်းပါတယ်။ အသေအချာ ဝေဖန်သုံးသပ်လိုက်တော့ မိခင်နဲ့ ကလေးပါပဲ။ အစိုးရစစ် စာမေးပွဲရယ်လို့ လုပ်ကြမယ်ဆိုလျှင် အဲဒီစာမေးပွဲကို မမွေးသေးတဲ့ကလေး၊ မွေးလာတဲ့ကလေး ကပဲ စစ်ဆေးသင့်ပါတယ်။

အဲဒီလို စာမေးပွဲစစ်မယ့် ပုံစံကို တဆိတ်လောက် စဉ်းစားကြပါဦး။ အိမ်မှာ ထမင်းချက်ဖြစ်စေ၊ အိမ်ဖော်ဖြစ်စေ၊ လိုအပ်တဲ့အခါ အလုပ်ပွဲစားထံ သွားတယ်မဟုတ်လား။ သူတို့ စုံစမ်းမေးမြန်းတာတွေ ဖြေရတယ်။ သူ့အကြောင်း ကိုယ့်အကြောင်း ထောက်ခံချက်တွေ ဖလှယ်ရတယ်။ ကိုယ့်ဖက်ကလည်း ကိုယ်က အိမ်ထောင်ကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းသူဖြစ်ကြောင်း စားဖိုမှူးကောင်းကယုံကြည်လာအောင် ပြောပြရမယ်။ ကလေးတွေလည်း ယုတ်စွအဆုံး စားဖိုမှူးလောက်တော့ အခွင့်အရေးရှိသင့်ပါတယ်ရှင့်။

ကျွန်မလေ တစ်ခါတစ်ခါ စိတ်လေလေရှိတိုင်း အတွေးပေါက်မိတယ်။ မွေးလာမည့် ကလေးများဌာန ရယ်လို့ ရှိရင် ကောင်းလေမလားလို့ စဉ်းစားမိတယ်။ မမွေးသေးတဲ့ကလေးက အဲဒီဌာနသွားပြီး သူ့အဖေအကြောင်း၊ အမေအကြောင်း သိချင်တာလေးတွေ မေးမြန်းစုံစမ်းနိုင်မယ်။ ကလေးလိုချင်တဲ့ မိဘတွေ အဲဒီဌာနကိုသွားပြီး ကလေးလျှောက်လွှာတင်ပြီလို့ စဉ်းစားကြည့်ပါ။ မမွေးသေးတဲ့ကလေးဖက်က ကိုယ်စားလှယ်ကဖြစ်စေ ကလေးကိုယ်တိုင်ကဖြစ်စေ မေးလာမယ့် မေးခွန်းတွေ တွေးကြည့်ရအောင်။

ပထမမေးခွန်း - "ဖခင် - ကလေးဆိုတာ အဖိုးထိုက်ရတနာပါ။ ခင်ဗျားက မွေးဖို့ တကယ်တတ်နိုင်သလား"။

"နောက်ဆုံးမွေးတဲ့ ကလေးအတွက်ကော ကြွေးကျေအောင် ပေးပြီးပြီလား"

"ကလေး ဘယ်နှစ်ယောက်ရှိပြီလဲ"

"ခြောက်ယောက် ဟုတ်လား"

"အဖေ့မှာ ကလေးများလွန်းနေပြီ၊ ဒီလောက်များများ ကျွေးမွေးဖို့ တတ်နိုင်လို့လား"

"ကလေးတွေကို ဖေဖေက ရတနာလို့ထင်သလား၊ ကျိန်စာလို့ ထင်သလား"

"ကလေးအတွက် သာယာတဲ့အိမ် စီမံပေးနိုင်သလား၊ ကလေးခန်းနဲ့ အစာရေစာ ဟန်ကျပန်ကျ လုပ်ပေးဖို့ တတ်နိုင်သလား"

"ဘာပြောတယ် ။ ခုတောင် ဆယ်ယောက်ရှိနေပြီ။ ကျူးကျော်ရပ်ကွက်ထဲကအိမ်၊ မှောင်မဲမဲ အခန်းနှစ်ခန်းပဲရှိတယ် ဟုတ်လား"

"ဒီကိုလာတဲ့အတွက် ကျေးဇူးပါပဲ။ ဝမ်းနည်းပါတယ်။ ဒါပေမဲ့ ကောင်းကောင်း မွေးမြူခံရမှာမဟုတ်ရင် ကျွန်မက အမွေးမခံလိုပါဘူးရှင့်။ ဘိုင့် ဘိုင်"

ဒီတော့ အခုလို အဖွဲ့အစည်းမျိုးနဲ့ မမွေးသေးတဲ့ ကလေးအပေါ် ရက်စက်မှု ကာကွယ်ရေးလုပ်မယ်ဆိုရင် စည်းကမ်းဥပဒေတစ်ရပ် ပြဋ္ဌာန်းရပါလိမ့်မယ်။ ကလေးကို လိုလိုချင်ချင်ရှိမှ၊ ကလေးရယ်လာပါတော့ ဖိတ်ခေါ်မှ၊ စောင့်ကြိုဆိုမှသာ ကလေးကို မွေးရမယ်ဆိုတဲ့ စည်းကမ်းဥပဒေ ထုတ်ရပါလိမ့်မယ်။ ပြီးတော့ မွေးလာတဲ့ကလေးဟာ ကျန်းမာရမယ်၊ မျိုးရိုးစစ်ရမယ်။ မိဘနှစ်ပါးက ကျန်းမာပျော်ရွှင်ပြီး ဘက်ညီတဲ့ ရင့်ကျက်တဲ့ စုံတွဲဖြစ်ရမယ်။

ပြီးတော့ မိဘဖြစ်ခွင့် မပြုနိုင်တဲ့ ပုဒ်မတစ်ချို့လည်း ထည့်သွင်းရလိမ့်မယ်။ ဒီပုဒ်မတစ်ခုခုနဲ့ ငြိစွန်းပြီး မိဘဖြစ်လာရင် ရာဇဝတ်သင့်စေရမယ်ရှင့်။ ပုဒ်မတွေကတော့ -

၁။ ကူးစက်ရောဂါစွဲကပ်ခြင်း

၂။ ယာယီရောဂါဝေဒနာစွဲကပ်ခြင်း

၃။ မိသားစုထဲမှာ လူစဉ်မမီကလေးရှိပြီးဖြစ်ခြင်း

၄။ သားဆက်နီးကပ်ခြင်း

၅။ မိဘနှစ်ပါး အသက်အနည်းဆုံး ၂၃ နှစ်ထက် ငယ်ခြင်း

၆။ စီးပွားဥစ္စာမဖူလုံခြင်း

၇။ မိဘနှစ်ပါး ဘာသာအယူကိစ္စတွင် သဘောမတူညီခြင်း

နိဂုံးချုပ်အနေနှင့် ကျွန်မပြောပါရစေ။ ကျွန်မတို့လုပ်နေတာ မိဘတွေအပေါ် အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ဖို့ မဟုတ်ရပါဘူး။ စိတ်မပါပဲ မိခင်ဖြစ်ရတဲ့အဖြစ်၊ မိခင်ဘဝမှာ ကျွန်ခံရတဲ့အဖြစ်မှ အမျိုးသမီးများ ကင်းလွတ်ခွင့်ရစေချင်တာ ကျွန်မတို့ဆန္ဒပါပဲ။ ကမ္ဘာ့မိခင်များ လွတ်မြောက်ရေးအတွက် ကျွန်မတို့အရေးဆိုနေတာပါ။ ကမ္ဘာ့ကလေးများရော မွေးလာမယ့် ကလေးများပါ လွတ်မြောက်ရေးကို ကျွန်မတို့ တောင်းဆိုနေတာပါ။ ကလေးတို့ ရာစုနှစ် အစစ်ဖြစ်ပေါ်အောင် ကျွန်မတို့ ဖော်ဆောင်ချင်ပါတယ်။ ကလေးတို့ခေတ် ကိုရောက်အောင် လမ်းပြချင်ပါတယ်။ ဒီဟာ ဖြစ်ပေါ်ဖို့ ခြောက်ပြစ်ကင်းတဲ့ ကိုယ်ခန္ဓာအတွင်းမှာ ကိန်းအောင်းမယ့် အဖိုးထိုက် သက်ရှိရတနာကို အမြတ်တနိုး မွေးမြူရမှာပါ။ လူအများ စိတ်ဝင်စားအောင် စေ့ဆော်ပေးတဲ့ ဒီကွန်ဖရင့်ကို ခေတ်ပြောင်းချိန်အဖြစ် မှတ်တိုင်စိုက်နိုင်အောင် ဝိုင်းဝန်းကူညီကြပါ။ ဒီလိုလုပ်ပေးမှသာ အနာဂတ်ကို ပုံဖော်ပေးနိုင်ကြမှာ ဖြစ်ကြောင်းပါရှင့်။

♣♣♣♣♣